www.dhammaransi.com



စုဒ္ဓသမရွှေကျင်သာသနာပိုင်

## သက်တော်ရှည် ဇယမေဒနီ ဝါဆိုဆရာတော်ဘုရားကြီး၏

# ဩဝါဒဓမ္မပေါင်းချုပ်

ဇယမေဒနီအရှင်နန္ဒိယနှင့်ဥက္ကာကျော်တို့စီစဉ်ပူဇော်သည်။

၂၅၅၇ ၁၃၇၅ ၂၀၁၃

www.dhammaransi.com



၁၃၀၀ ပြည့်နှစ်က ကျဆုံးခဲ့သော

အာဇာနည် ၁၇ ဦးတို့၏ အထိမ်းအမှတ် ဂုဏ်ပြုပွဲကို

၇၄ နှစ်မြောက် ဒီအချိန်အခါရောက်မှ

ပေါ်ပေါက်လာသည်ကိုလည်း

အံ့သြ ချီးကျူးရပါ၏။

ကျွန်အဖြစ်ဖြင့် နေခဲ့ရသော

မြန်မာနိုင်ငံတော်ကြီးကို

၆၂ နှစ်မျှဖြင့် အရှင်သခင်နိုင်ငံ

ပြန်လည်ထွန်းသစ်လာခြင်းသည်

မြန်မာပြည်သူပြည်သားတို့၏

ညီညွတ်ခြင်းကြောင့်သာ ဖြစ်သည်ကို

နားလည်စေလိုပါတယ်။

၁၃၇၅ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၄၊ ၅၊ ၆ ရက်

www.dhammaransi.com

စုဒ္ဒသမ ရွှေကျင်သာသနာပိုင်

သက်တော်ရှည် ဇာယမေဒနီ ဝါဆိုဆရာတော်ဘုရားကြီး၏

# ဩဝါဒဓမ္မပေါင်းချုပ်



ဆရာတော်ဘုရားကြီး၏ သက်တော်(၉၆)နှစ်ပြည့်
မွေးနေ့အထိမ်းအမှတ်အဖြစ်
ဇာယမေဒနီအရှင်နန္ဒိယ နှင့် ဥက္ကာကျော်တို့ စီစဉ်ပူဇော်သည်။

၂၅၅၇ ၁၃၇၅ ၂၀၁၃

www.dhammaransi.com

ဒုတိယအကြိမ်ပုံနှိပ်ခြင်း
၂၀၁၃ ခုနှစ်၊ မေလ၊ အုပ်ရေ ၁၀၀၀

မျက်နှာဖုံးပန်းချီ
သိန်းထွေး

မျက်နှာဖုံးနှင့်အတွင်းဒီဇိုင်း
ရဲဝင်းဌေး(ယော)

ကွန်ပျူတာ
အေးပြည့်ပြည့်

မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ
ဦးဇော်မြင့်ဝင်း (ကာလာဖုံပုံနှိပ်တိုက်)
၁၈၄၊ ၃၀ လမ်း၊ ရန်ကုန်မြို့။

www.dhammaransi.com



# ဩဝါဒ ဓမ္မ ပေါင်းချုပ်

## ကောင်းမှုရှင်

မန္တလေးမြို့၊ ဈေးချိုတော်
ဗမာ့ဂုဏ်ရည် ပရဆေးရောင်းဝယ်ရေး
ရွှေကျင်ငါးတိုက်
သုခါဝဟနီလာအုင်္ဌကျောင်း
ကျောင်းဒကာ ဦးမောင်နီ + ကျောင်းအမ ဒေါ်မာလာ တို့ကို
ဂုဏ်ပြုပူဇော်သောအားဖြင့်
သား သမီးများဖြစ်ကြသော
ကိုကျော်ကျော်အောင်+မစန်းစန်းကြူ
ကိုလှမျိုးအောင်+မကြွယ်ကြွယ်စန်း
ယောဂီဒေါ်နီလာအေး မောင်နှမတစ်စု
(မိသားစု)တို့က
စာအုပ်ရေ (၁၀၀၀)
ဓမ္မဒါနပြုသည်။
၁၃၇၅ ခုနှစ်၊ ဦးတန်ခူးလပြည့်ကျော် ၁၀ ရက်နေ့
ဝါဆိုဆရာတော်ဘုရားကြီး၏ ၉၇ နှစ်ရောက်
မွေးနေ့မင်္ဂလာပွဲ၌ ပူဇော်သည်။

www.dhammaransi.com





ဆရာတော်ဘုရားကြီး ကိုးလနှင့်အပြီးပြုပြင်ခဲ့သော
လင်းယဥ်ရွာဘုရားကုန်းမှ စေတီကိုးဆူ



www.dhammaransi.com




ရွှေကျင်သာသနာပိုင်ဆရာတော်ကြီး၊ သီတဂူဆရာတော်ကြီး၊ တိဗက်ရဟန်းမင်းကြီးနှင့်
ဒေါက်တာမျိုးမြင့်တို့ အိန္ဒိယနိုင်ငံ နယူးဒေလီမြို့ လလိတဟိုတယ်၌ ၂၈-၁၁-၂၀၁၁ တွေ့ဆုံဆွေးနွေးစဉ်



www.dhammaransi.com




လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် လာရောက်ပူဇော်ကန်တော့စဉ်



၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင်များ လာရောက်ဖူးမြော်ကြစဉ်

www.dhammaransi.com



# ဆရာတော်ဘုရား၏ ကောင်းမှုဖြင့် ပြုပြင်တည်ဆောက်ခဲ့သော ကျောင်းများ




ထေရာသန အုတ်ကျောင်း




အမြတ်ဒါန သံဃိကဆေးကုသဆောင်

www.dhammaransi.com


# ဆရာတော်ဘုရား၏ ကောင်းမှုဖြင့် ပြုပြင်တည်ဆောက်ခဲ့သော ကျောင်းများ




သုဝဏ္ဏဝတီအုတ်ကျောင်း



အ-ထ-က ကျောင်းခွဲ လင်းယဉ်ရွာ

www.dhammaransi.com





ဆရာတော်ဘုရားကြီး ဦးဆောင်မှုဖြင့် ပြုပြင်ဖောက်လုပ်ဆဲဖြစ်သော ဆားတောင်-လင်းယဉ်ရွာသွား ကတ္တရာကားလမ်းလုပ်ငန်းခွင်အား ဤသို့ ကိုယ်တော်တိုင် ကြည့်ရှုညွှန်ကြား



www.dhammaransi.com




ဆရာတော်ဘုရားကြီး ဦးဆောင်မှုဖြင့် ပြုပြင်ဖောက်လုပ်ဆဲဖြစ်သော ဆားတောင်-လင်းယဥ်ရွာသွား ကတ္တရာကားလမ်းလုပ်ငန်းခွင်အား ဤသို့ ကိုယ်တော်တိုင် ကြည့်ရှုညွှန်ကြား



www.dhammaransi.com



### မဟာဝိသုဒ္ဓါရုံတိုက်သစ်

# အောင်မြေသာစည် ထေရာသနတိုက်ကျောင်း

~ သာသနာဝင် မော်ကွန်းစာ ~

ဤ အောင်မြေသာစည် ထေရာသနတိုက်ကျောင်းတည်ရာ မဟာဝိသုဒ္ဓါရုံတိုက်သစ်ကို မြန်မာနှစ်-၁၂၆၅-ခုနှစ်တွင် စတင်တည်ထောင်သည်၊ ရာဇဂုရု ရာဇာဓိ ရာဇဂုရု အဲ့တံဆိပ်တော်ရ ကျေးမှုးရှင် ပထမ မဟာဝိသုဒ္ဓါရုံဆရာတော်ဘုရားကြီးသည် အရှေ့ပြင် မဟာဝိသုဒ္ဓါရာမကျောင်းတိုက်မှ အနောက်ပြင် ဤမဟာဝိသုဒ္ဓါရုံတိုက်သစ်သို့ ထိုနှစ် ဝါဆိုလတွင် ကြွရောက်သီတင်းသုံးတော်မူသည်။ မဟာဝိသုဒ္ဓါရုံဆရာတော်ကြီး စတင် ဝါဆိုသီတင်း-သုံးသည့်ကျောင်းမှာ ဝါဆိုကျောင်းဖြစ်သည်၊ မဟာဝိသုဒ္ဓါရုံဆရာတော်ဘုရားကြီးသည် ဝါဆိုကျောင်းတွင် ၁၂၆၅၊ ၁၂၆၆၊ ၁၂၆၇၊ ၁၂၆၈ ခုနှစ်တို့၌ လေးဝါတိုင်တိုင် သီတင်းသုံးတော်မူသည်။ ၁၂၆၉-ခုနှစ်တွင် ညောင်ရင်ကျောင်း ကျောင်းအမကြီး၏ကောင်းမှုဖြစ်သော အောင်မြေသာစည်ထေရာသနတိုက်ကျောင်းကြီးပြီးစီးသဖြင့် မဟာဝိသုဒ္ဓါရုံဆရာတော်ဘုရားကြီးသည် ၁၂၆၉-ခုနှစ်မှစ၍ အောင်မြေသာစည် ထေရာသန တိုက်ကျောင်းကြီး၌ ပြောင်းရွှေ့သီတင်းသုံးတော်မူသည်။ မဟာဝိသုဒ္ဓါရုံတိုက်သစ် အောင်မြေသာစည် အလယ်တိုက်ကြီးမှာ ၁၂၇၅-ခုနှစ်တွင် ပြီးသဖြင့် ထိုအလယ်တိုက်ကြီး၌ အဋ္ဌမ ရွှေကျင်သာသနာပိုင်လောင်းလျာ တိုက်ကြပ် ကနီ ဆရာတော် အရှင်-ကောသလ္လ ကို သီတင်းသုံးစေသည်။ အောင်မြေသာစည် ထေရာသနတိုက်ကျောင်းကြီး၌ ပထမ-မဟာဝိသုဒ္ဓါရုံဆရာတော်ဘုရားကြီး၊ တတိယမြောက် ရွှေကျင်သာသနာပိုင် ဒီပဲရင်း ဆရာတော်၊ စတုတ္ထမြောက် ရွှေကျင်သာသနာပိုင် အလုံဆရာတော်၊ သတ္တမမြောက် ရွှေကျင်သာသနာပိုင် ကျိုက်လတ်ဆရာတော်၊ အဋ္ဌမမြောက် ရွှေကျင်သာသနာပိုင် ကနီဆရာတော်၊ နဝမမြောက် ရွှေကျင်သာသနာပိုင် စံကင်း ဆရာတော်၊ ဒသမမြောက် ရွှေကျင်သာသနာပိုင် မြောင်းမြဆရာတော်၊ ကောဒသမမြောက် ရွှေကျင်သာသနာပိုင် ကြေးမြင် ဆရာတော်၊ တေရသမမြောက် ရွှေကျင်သာသနာပိုင် ညောင်ရွှေဆရာတော်တို့ သီတင်းသုံးတော်မူကြသည်။

ယခုလက်ရှိ စုဒ္ဒသမမြောက် ရွှေကျင်သာသနာပိုင် ဝါဆိုဆရာတော်သည် ပထမ မဟာဝိသုဒ္ဓါရုံ ဆရာတော်ဘုရားကြီးကို မမီလိုက်သော်လည်း ဖော်ပြအပ်ပြီးသော ဒီပဲရင်း ဆရာတော်ကို အစပြု၍ ညောင်ရွှေ ကနီကြီး-ဆရာတော်အထိ ရွှေကျင်သာသနာပိုင် ဆရာတော်ဘုရားကြီးရှစ်ပါးတို့ ကြွရောက်သီတင်းသုံးသည့် အခါများ၌-သာမဏေဘဝ၊ ရဟန်းငယ်ဘဝ၊ ကျောင်းဘုန်းကြီးဘဝဖြင့် ဝေယျာဝစ္စကုသိုလ်များကို အနီးကပ် ပြုစုခွင့် ရရှိ-ခဲ့သည်။ ညောင်ဖုင်ကျောင်း ကျောင်းအမကြီး၏ကုသိုလ်ဖြစ်သော အောင်မြေသာစည်ထေရာသနတိုက်ကျောင်းကြီးသည် နှစ်(၁၀၀)ကြာညောင်းလာသည့်အတွက် ဟောင်းနွမ်းပျက်စီးလာခဲ့ရာ ယခုလက်ရှိ စုဒ္ဒသမ ရွှေကျင်-သာသနာပိုင် ဆရာတော်ဘုရားကြီးကမိမိနေထိုင်သီတင်းသုံးရန်လုံးဝမရည်ရွယ်ဘဲ ပန္နရသမ ရွှေကျင်သာသနာပိုင် ဆရာတော်ကိုအစပြု၍ ဆရာတော်များ ချမ်းသာစွာသီတင်းသုံးနိုင်ရန်အတွက်လည်းကောင်း၊ ရွှေကျင်ဆရာတော်ဘုရားကြီးကစ၍ အဆက်ဆက်သော ရွှေကျင်သာသနာပိုင် ဆရာတော်ဘုရားကြီးများ၊ ရွှေကျင်ဂိုဏ်းကြီးကို -စောင့်ရှောက် ထိန်းသိမ်းတော်မူလာကြသော ဂဏာရက္ခ ဂဏပါလဆရာတော်ကြီးများ၊ မဟာဝိသုဒ္ဓါရုံတိုက်သစ် သာသနာကို အစဉ်အဆက် ထိန်းသိမ်းစောင့်ရှောက်တော်မူခဲ့ကြသည့် ဆရာတော်ကြီးများနှင့် ဗုဒ္ဓမြတ်စွာ သာသနာတော်မြတ်ကြီးကို ပူဇော်သောအားဖြင့်လည်းကောင်း၊ မိမိ၏ ကပ္ပိယကာရကများ၊ ဉာတိပဝါရိက ဒါယကာ ဒါယိကာမများ၏ ပစ္စယပူဇာကိုရယူကာ ဟောင်းနွမ်းပျက်စီးလျက်ရှိသော မူလ ထေရာသနတိုက်ကျောင်းကြီးကို ၁၃၇၀-ပြည့်နှစ်တွင် ရှင်းလင်းဖြိုဖျက်စေကာ ထိုနေရာတွင် မူလ ထေရာသနတိုက်ကျောင်းကြီး၏ပမာဏအတိုင်း ခေတ်မီနည်းပညာများကို အသုံးပြုလျက် သံကွန်ကရစ်တို့ဖြင့် အခိုင်အမာဆောက်လုပ်အပ်သော ဤ အောင်မြေသာစည်ထေရာသနတိုက်ကျောင်းကြီးကို ဆောက်လုပ်လှူဒါန်းပူဇော်ပါသည်။ ဤ ထေရာသနတိုက်ကျောင်းသစ်ကြီး ဆောက်လုပ်ရာတွင် မန္တလေးမြို့-ပွဲကုန်းရပ် ဦးပြည့်စုံ(နှမ) ဒေါ်စိန်လှ(တူမ) ဒေါ်နုနုတို့က ကျပ်ငွေသိန်း(၁၀၀) မန္တလေးမြို့-ညိမ်းအထူးကုဆေးတိုက်နှင့် မြို့တော်ဆေးရုံပိုင်ရှင်များက ကျပ်ငွေသိန်း(၁၀၀)၊ မန္တလေးမြို့-စိန်ပန်းဖောင်တော်ရပ် ဦးမျိုးဝင်း+ဒေါ်ခင်မြတ်ဦး တို့ကကျပ်ငွေသိန်း(၅၀)၊ မန္တလေးမြို့-မွန်းအိုင်း အထည်ဆိုင် ဦးအောင်ထွန်း-ဒေါ်ရင်ဝတ်ရည်၊ ဦးမျိုးမျိုး-ဒေါ်မြင့်မြင့်အေး တို့က ကျပ်ငွေသိန်း(၅၀)၊ မော်ဘီမြို့-ဓမ္မဒူတ ဇေတဝန်တောရ ဓမ္မဒူတဆရာတော် ဘဒ္ဒန္တဆေကိန္ဒ က ကျပ်ငွေသိန်း(၅၀)၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက ဘိလပ်မြေအိတ်(၂၀၀)၊ မန္တလေးမြို့-ကြူကြူစတိုး ဒေါ်အေးအေးမြင့် က ဘိလပ်မြေအိတ်(၂၀၀) စသည်ဖြင့် နဝကမ္မဝတ္ထုများနှင့် ဆောက်လုပ်ရေးပစ္စည်းများကိုအများစု ပါဝင်လှူဒါန်းကြသောကြောင့် ကျပ်ငွေသိန်း(၈၀၀)အကုန်အကျခံ၍ ဆောက်လုပ်အပ်သော ဤထေရာသနတိုက်ကျောင်းကြီးသည် ပြီးစီးအောင်မြင်-ခြင်းသို့ရောက်ပါသည်။ အသစ်ဆောက်လုပ်အပ်ပြီးသော ဤ အောင်မြေသာစည်ထေရာသနတိုက်ကျောင်းကြီးကို ၁၃၇၁-ခုနှစ်-နတ်တော်လပြည့်ကျော်(၆)ရက်နေ့တွင် အာဂတာနာဂတ စာတုဒ္ဒိသ သံဃိက ရွှေကျင် ဂဏာရက္ခိတ ဇေါ်ပိတအဖြစ် မဟာဝိသုဒ္ဓါရုံတိုက်သစ် ဂဏဝါစကအဖွဲ့ထံ အပ်နှံ၍ လှူဒါန်းပါသတည်း။

www.dhammaransi.com



# မာတိကာ


ပူဇော်သူတို့စကား ၄

ဒုတိယအကြိမ်ထုတ်ဝေပုံနှင့်စာအုပ်ခေါင်းစဉ်အပြောင်းအလဲ ၇

မွေးနေ့ပွဲနှင့်စပ်လျဉ်း၍ ဆရာတော်ကြီးဩဝါဒပေးခြင်း ၉

ပုညဝဆုန လမ်းကုသိုလ်ရှင်များဝမ်းသာဖွယ် ၁၁

မေတ္တာနှင့်ကရုဏာ ၁၂

ထိုင်းနိုင်ငံသံဃရာဇာနှင့်အဖွဲ့သို့ ဩဝါဒကထာ ၂၀

အို စာသင်သား ၂၃

သီတဂူဗုဒ္ဓတက္ကသိုလ် သင်တန်းဆင်းပွဲဩဝါဒမိန့်ခွန်း ၂၄

ရွှေကျင်ဂိုဏ်းသမိုင်း ၂၉

မှော်ဘီမင်္ဂလာတိုက် ဆရာတော်ဦးသုမင်္ဂလသို့ သတုပ္ပါဒနဩဝါဒကထာ ၃၂

အင်းစိန်ရွာမ ပရိယတ္တိစာသင်တိုက် အားပေးစကားပြောကြားခြင်း ၃၅

အင်းစိန်ရွာမပရိယတ္တိစာသင်တိုက်သို့ ဥယျောဇနကထာ ၃၈

ရွှေကျင်နိကာယ နှစ်(၁၅၀)ပြည့်ပွဲသို့ သန္ဒေသကထာ ၄၁

ဝါဆိုဆရာတော်ဘုရားကြီး၏ မှတ်တမ်းတစ်ခု ၄၅

ဂိုဏ်းလုံးဝန်ဆောင်ပါဒက အစည်းအဝေးဖွင့်ဩဝါဒကထာ(ကောက်နုတ်ချက်) ၄၇

အမိန့်ညွှန်ကြားလွှာ နှင့် လုပ်ငန်းဆိုင်ရာ ညွှန်ကြားလွှာ ၅၀

ရွှေဟင်္သာစိန်ရတုမင်္ဂလဇင်းသို့ ဩဝါဒ ၅၇

ပရိယတ္တိ၊ ပဋိပတ္တိဆိုင်ရာ လမ်းညွှန်ချက်များ ဥယျောဇနကထာစာတမ်း ၆၀

ကျောက်တံခါးဆရာတော် ဘဒ္ဒန္တကောသလ္လမွေးနေ့ သန္ဒေသကထာ ၆၄

ဥက္ကံမြို့၊ ဘုရားကြီးကျောင်းတိုက် အန္တိမအင်္ဂါစျာပနသဘင် ဩဝါဒသဝဏ်လွှာ ၆၆

ဘုန်းကြီး ဦးအာစိဏ္ဏအတွက် ဩဝါဒ ၆၈

အဌာရသမ ရွှေကျင်ဂိုဏ်းလုံးကျွတ်သံဃာ့အစည်းအဝေးကြီး
အစည်းအဝေးဖွင့် နှုတ်မြွက်မိန့်ခွန်းစကားများ ၇၃

မတ္တရာ-စဉ့်ကူး နှစ်မြို့နယ် ရွှေကျင်နိကာယ ဝိနယပါလစာပြန်ပွဲ
သတိပေးဩဝါဒကထာ ၇၇

ဝိနည်းစာတော်ပြန်ပွဲ၌ ဖတ်ကြားအပ်သော ဩဝါဒကထာ ၇၉

ဝဇ္ဇာဒပ္ပဏ် ဟူသည် ၈၂

www.dhammaransi.com



တံတားဦးမြို့နယ်၊ သူငယ်တော် တောရကျောင်းသို့သြဝါဒကထာ ၈၅
ဆေးရုံအုပ်ကြီး ဒေါက်တာဦးလွင်ကိုသို့ သြဝါဒကထာ ၈၇
သတ္တရသမ (၁၇) ကြိမ်မြောက်ကျင်းပအပ်သော
ဗုဒ္ဓသာသနာတော်လုံးဆိုင်ရာ ရွှေကျင်နိကာယ ဂိုဏ်းလုံးကျွတ်
သံဃာ့အစည်းအဝေးကြီး၌ အစည်းအဝေးဖွင့် သြဝါဒကထာ ၈၉
ဖြူးမြို့ရွှေကျင်တောင်ကျောင်း ပရိယတ္တိစာသင်တိုက်သို့
အားပေးခြင်း သြဝါဒကထာ ၉၂
အရှင်အာနန္ဒာ၏ ပယ်ဆု (၄)မျိုး၊ တောင်းဆု (၄)မျိုး ၉၆
ပြည်ထောင်စုမြန်မာနိုင်ငံတော် ပဥ္စမအကြိမ်
နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ပဥ္စမအစည်းအဝေး သြဝါဒကထာ ၉၉
သတ္တရသမ (၁၇) ကြိမ်မြောက် ဆင်ယင်ကျင်းပအပ်သော
သံဃာ့အစည်းအဝေးကြီး မှတ်တမ်းစာစောင်ထုတ်ဝေရန် သြဝါဒ ၁၀၂
သာသနဒါယကာ ဥပါသကာ ဦးအောင်သန်း အသက် (၆၂) နှစ်၏
အခမ်းအနား၌ ဖတ်ကြားအပ်သော သံဝေဇနီယ + သံဝေဂ ဂီတိဂါထာ ၁၀၈
မြောင်းမြမြို့ သဒ္ဓမ္မပဇ္ဇောတာရုံကျောင်းတိုက်သို့ကမ်းလှမ်းစာ ၁၁၀
သာခုဝိလာသိနီ ဝိသုဒ္ဓါရုံ ယပ်လှဲတရားစာ ၁၁၄
နိုင်ငံတော်သံဃမဟာနာယကနှင့် နိုင်ငံတော်ဗဟိုသံဃဝန်ဆောင်
အစည်းအဝေးသို့သတိပေး သြဝါဒကထာ ၁၁၅
ဥက္ကံမြို့ ဝိနည်းစာပြန်ပွဲသို့အနုမောဒနာ သြဝါဒကထာ ၁၁၇
ညောင်ရွှေမြို့ ကန်ကြီးပရိယတ္တိစာသင်တိုက်၊
(၅၈) ကြိမ်မြောက်၊ ဝိနည်းစာပြန်ပွဲကြီးသို့ အနုမောဒနာ သြဝါဒကထာ ၁၁၉
သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် ပထမအကြိမ် ဘွဲ့နှင်းသဘင်အခမ်းအနား၌
မိန့်ကြားတော်မူအပ်သော 'သမ္မောဒနီယ၊ သာရဏီယ သြဝါဒကထာ' ၁၂၂
ထေရဝါဒကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ အစည်းအဝေး၌
မိန့်ကြားတော်မူအပ်သော 'အဖွင့် သြဝါဒကထာ' ၁၂၆
ဝေဇယန္တာပရိယတ္တိစာသင်တိုက်နှစ် (၅၀)ပြည့်စာစောင်သို့
ဥယျောဇနကထာ ၁၂၈
သာသနာ့မဏ္ဍိုင် ပါဠိတက္ကသိုလ်ကျောင်းတိုက်
နှစ်ငါးဆယ်ပြည့်ပူဇော်ပွဲသို့ သြဝါဒနှင့် ပါမောဇ္ဇကထာ ၁၃၁
မန္တလေးမြို့၊ သီတဂူဗုဒ္ဓတက္ကသိုလ် ၂၀၁၀-၁၁ ပညာသင်နှစ်
ကျောင်းဖွင့်ပွဲ သြဝါဒကထာ ၁၃၄

www.dhammaransi.com



မြစကြာကျောင်းတိုက် (၁၆)နှစ်ပြည့်အထိမ်းအမှတ် စာစောင်သို့
သာရဏီယ သြဝါဒကထာ ၁၃၉
နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဆဋ္ဌအစည်းအဝေးသို့ သြဝါဒကထာ ၁၄၂
မန္တလေးတိုင်း၊ မတ္တရာမြို့နယ် သာသနာ့ဇောတာရုံစာသင်တိုက်သို့
သြဝါဒကထာ ၁၄၃
ဆရာတော်ဘုရားကြီး၏ မှတ်တမ်းမှတ်ရာ ၁၄၅
သောဠသမအကြိမ် ရွှေကျင်ဂိုဏ်းသံဃာ့အစည်းအဝေးကြီး၏
ပဉ္စမအကြိမ် ဂိုဏ်းလုံးဝန်ဆောင်နာယကအစည်းအဝေး သြဝါဒကထာ ၁၄၉
ရွှေကျင်ဂိုဏ်းနှစ် ၁၅၀ ပြည့် သာသနပူဇော်ပွဲကျင်းပရန်
အစည်းအဝေးသြဝါဒ ၁၅၂
ဗဟိုသံဃာ့ဝန်ဆောင်အစည်းအဝေး ပထမနေ့သြဝါဒ ၁၅၇
၁၃၇၀ ခုနှစ်၊ ဝါကျွတ် ဓမ္မလက်ဆောင် သြဝါဒမိန့်ခွန်း ၁၅၉
သတ္တရသမ ဂိုဏ်းလုံးကျွတ်အစည်းအဝေး သြဝါဒကထာ(ကောက်နုတ်ချက်) ၁၆၀
သတ္တရသမ ဂိုဏ်းလုံးကျွတ် အစည်းအဝေးနိဂုံးချုပ်
သြဝါဒကထာ (ကောက်နုတ်ချက်) ၁၆၆
ရေနံ့သာ ဆည်မြောင်းမှတ်တမ်း (ဒိုင်ယာရီ) ၁၆၈
ရွှေကျင်နိကာယဂိုဏ်းလုံးဝန်ဆောင်နာယက အလုပ်အမှုဆောင်အဖွဲ့
အရေးပေါ်အစည်းအဝေးမှတ်တမ်း ၁၇၀
ရေနံ့သာရွာဦးကျောင်းပေါ်ပေါက်လာပုံ ၁၈၅
ပြဟ္မစိုရ် (ရေးသူ - မန္တလေးဘုန်းကြီး) ၁၉၇
ဒဟတ္တောဆရာတော် ပူဇော်ပွဲသတိပေး သြဝါဒတရား ၂၀၀
တောင်သမန် ကျောက်တော်ကြီးဆရာတော်သို့ဝမ်းမြောက်သဝဏ်လွှာ ၂၀၃
ဗဟိုသံဃဝန်ဆောင် အစည်းအဝေးသို့ ပေးပို့သော သြဝါဒ ၂၀၆
၇၄ နှစ်မြောက် မန္တလေးအာဇာနည် ၁၇ ဦး ဂုဏ်ပြုပွဲသြဝါဒကထာ ၂၀၈
ဝါဆိုဆရာတော်ကြီးနှင့်တိဗက်ရဟန်းမင်းကြီး ဒလိုင်းလားမား ၂၁၂
ကန်တော့ပါ၏ဘုရား ၂၁၆
ငရဲလွတ် ဂါထာ ၂၁၇
မြန်မာပြည်ငြိမ်းချမ်းရေးသြဝါဒ
(၂၀၁၃ မတ်လ ၂၆ ရက် ဒီဗွီဘီမှ အသံလွှင့်မိန့်ကြားချက်) ၂၁၈

❁ ❁ ❁ ❁ ❁

www.dhammaransi.com



# ပူဇော်သူတို့စကား

(က)

ကျေးဇူးတော်ရှင် စုဒ္ဒသမ ရွှေကျင်သာသနာပိုင် ဝါဆိုဆရာတော်ဘုရားကြီး၏ ဩဝါဒကထာ အမှတ်(၂)ကို ထုတ်ဝေလိုက်ရပြန်ပါပြီ။ ဆရာတော်ဘုရားကြီး၏ ဩဝါဒတော်များ အမှတ်(၁)အဖြစ် ဆရာတော်ဘုရား၏ သက်တော် (၉၀)ပြည့်မွေးနေ့၊ ၁၃၆၈ ခုနှစ်က ထုတ်ဝေခဲ့ပါသည်။ ထိုစဉ်က ဆရာတော်ဘုရားကြီး၏ တပည့်ရင်းများဖြစ်သော တစ်ရွာတည်းသား မိမိတို့ သူငယ်ချင်းသုံးယောက် တိုင်ပင်ကာ စာအုပ်ဖြစ်မြောက်ရန် တာဝန်ယူ ထုတ်ဝေခဲ့ပါသည်။

မိမိတို့ ရည်ရွယ်ချက်မှာ ဆရာတော်ဘုရားကြီး၏ ထိုထို ဤဤ စာစောင်တို့၌ ပျံ့နှံ့စိမ့်ဝင်နေသော ဩဝါဒသတိပေးစကားများကို၊ ပြန့်ကျဲနေသော ပန်းပွင့်ကလေးများ တစ်ပွင့်စီ တစ်ပွင့်စီ ရွေးသီ၍ ပန်းကုံးလှလှလေးဖြစ်ရန် ရည်သန်ခဲ့ကြပါသည်။

ဆရာတော်ဘုရားကြီးသည် သူမတူအောင် အလုပ်လုပ်တတ်ခြင်း၊ အသက်အရွယ် မည်သို့ကြီးရင့်လာစေကာမူ အလုပ်မလုပ်ဘဲ ကြောင့်ကြမဲ့နေလေ့ရှိတော်မမူသည့်အလျောက် အနယ်နယ်အရပ်ရပ်မှ ဆရာတော်၏ အဆုံးအမ သတိပေးစကား တောင်းခံလာသမျှ အတွန့်အဆုတ်မရှိ သင့်လျော်ရာရာ လျောက်ပတ်ရာရာ အဆုံးအမသတိပေးစကားတို့ ရေးသားချီးမြှင့်ခဲ့သည်မှာ စာမူတောင်းခံသူအပေါင်း သိနားလည်ကြပြီး ဖြစ်ပါသည်။

ဧရာဝတီမြစ်ရေသည် တသွင်သွင် စီးဆင်းမြဲ စီးဆင်းနေသလိုပင် ဆရာတော် ဘုရားကြီး၏ သတ္တဝါတို့အပေါ်၌ စီးဆင်းနေသော မေတ္တာကရုဏာ ရေအလျဉ်တို့သည် ယနေ့တိုင်ပင်ဖြစ်ပါသည်။

ထို့ကြောင့် သတ္တဝါတို့၏ကောင်းကျိုး ဆိုးပြစ်ကို ပြသညွှန်ကြားဆုံးမသော စကားတို့သည်လည်း ဆရာတော်ဘုရား သက်တော်ထင်ရှား ရှိနေ

www.dhammaransi.com



သမျှ ကုန်ဆုံးနိုင်မည်မဟုတ်ပါ။ ထိုမကုန်ဆုံးနိုင်သော ဩဝါဒ သတိပေးစာတို့ကို စာတစ်အုပ်အဖြစ် သီကုံးရန်မှာ မိမိတာဝန်သာဟု ခံယူမြဲအတိုင်း ယခုအခါ (၉၀)ပြည့်မွေးနေ့ ဩဝါဒအလွန် (၉၅)နှစ်ပြည့်မွေးနေ့၌လည်း ထိုပြန့်ကျဲနေသော ပန်းပွင့်ကလေးများကို တစ်စုတစ်စည်းတည်း မွေးပျံ့သင်းကြူသော ပန်းကုံးတစ်ကုံးဖြစ်ရန် ရှိရင်းစွဲ ယုံကြည်ချက်အတိုင်း မွမ်းမံတည်းဖြတ် ထုတ်ဝေခြင်းဖြစ်ပါသည်။

(ခ)

သို့ကြိုးစားရာ၌ မိမိလက်လှမ်းမမီလိုက်သော စာများလည်း ရှိပါလိမ့်မည်။ သို့အတွက် မိမိချို့ယွင်းချက်မျှသာဟု ခံယူပါသည်။ ထိုစကားနှင့် တစ်ဆက်တည်း ဤဩဝါဒစာမူများ မြိုင်မြိုင်ဆိုင်ဆိုင် ပါဝင်လာခြင်းသည်ပင် မိမိ၏ ညီတော်တစ်ယောက်သဖွယ်ဖြစ်သော ဇယမေဒနီ အရှင်ဝိစက္ခဏ၏ ကြိုးပမ်းမှုများကြောင့်လည်း ဖြစ်ပါသည်။ ထို့ကြောင့် အရှင်ဝိစက္ခဏအား ဤစာမျက်နှာမှနေ၍ ကျေးဇူးစကားဆိုလိုက်ပါသည်။

စာအုပ်အစီအစဉ်ကိုဆိုပါမူ ဆရာတော်ဘုရားကြီး၏ ဩဝါဒတော်များ (၂)ဟု ဆိုသော်ငြား အခြားအကြောင်းအရာကိစ္စရပ်များ ပါဝင်နေသည်ကို စာရှုသူများ ဖတ်ရှုရပါလိမ့်မည်။

လောကသည် ရှုပ်ထွေးနေ၏။ ထိုလောက၌ နေထိုင်သသူ သတ္တဝါကြီးငယ် ဟူသမျှသည်လည်း ပါဝင်ပတ်သက်နေ၏။ ထိုလောကနှင့် ဆက်နွှယ်နေသော ဆရာတော်ဘုရားကြီးသည်လည်း ပတ်သက်နေမည်သာ။

လောက၊ ဓမ္မ နှစ်ဌာနတို့၌ မည်မျှစွမ်းအားထုတ်ခဲ့ရပုံ၊ သက်တော် ကြီးမားသော်လည်း အနားမနေ ရွှေကျင်ဂိုဏ်းကြီးအတွက်၊ သာသနာတော်ကြီးအတွက်၊ လောကလူသားတို့အတွက် မည်မျှအားထုတ်ရပုံနှင့် ထိုဆရာတော်ကြီး၏ စိတ်၌ မည်မျှ ပင်ပန်းဆင်းရဲခြင်းရှိမည် စသော စိတ်ရှုခင်းများကို မြင်သာထင်သာရှိရန် ဖော်ပြခြင်းဖြစ်ပါသည်။

အထူးသဖြင့် ရေနံ့သာကိစ္စသည် များစွာခေါင်းခြောက်ရသောကိစ္စဖြစ်ပါသည်။ သို့သော် "ဩဝါဒေယျ၊ အနုသာသေယျ၊ အ သဗ္ဘာစ နိဝါရယေ" ဘုရားရှင် ဟောကြားသည့်အတိုင်း မသင့်လျော်သည်ကို တားမြစ်ပြောဆိုရမည်၊

www.dhammaransi.com



ထိုသို့ တားမြစ်ပြောဆိုခြင်းသည် မှန်ရာကိုဆိုဝံ့သော ယောကျ်ားကောင်းတို့ သတ္တိပင်မဟုတ်ပါလော။

ယခုအခါ မီဒီယာလောကသားတို့သည်ပင် မှန်ရာကို ဆိုဝံ့သောသတ္တိ၊ ဖုံးနေသည်ကို တူးဖော်ရဲသောသတ္တိ ရှိကြပြီဖြစ်ရာ မိမိတို့သည် ဗုဒ္ဓသားတော်များ ပီပီ ဝိနည်း ဓမ္မကံဆိုင်ရာ အမှန်တရားကို အဘယ်ကြောင့် ဖုံးကွယ်ထိန်ဝှက်ထားရအံ့နည်း။

ထို့ကြောင့် ဖြစ်စဉ်ကို ဖြစ်စဉ်အတိုင်း၊ ဓမ္မကို ဓမ္မ၊ အဓမ္မကို အဓမ္မ၊ ဝိနယကို ဝိနယ၊ အဝိနယကို အဝိနယဟု တင်ပြခဲ့ပါသည်။ အနောက်တိုင်း ပညာရှင်တစ်ဦးဖြစ်သူ မစ္စတာဟင်နရီကလေးကလည်း "ကျွန်ုပ်သည် သမ္မတမင်း ဖြစ်ရသည်ထက် မှန်ရာကိုလုပ်ဖို့ သာ၍နှစ်သက်၏"ဟု ဆိုခဲ့သည် မဟုတ်ပါလော။

(ဂ)

ဤစာအုပ်ကို စီစဉ်ရာ၌ အတော်အတန်အခက်အခဲ ဖြစ်ခဲ့ရပါသည်။ သို့သော် ထိုအခက်အခဲသည် လောကဓမ္မ သဘာဝသာဖြစ်သောကြောင့် မတုန်လှုပ်ခဲ့ပါ။

ဤနေရာမှနေ၍ စာအုပ်အတွက် ဝိုင်းဝန်းခဲ့ကြသော ဓာတ်ပုံဆရာများ၊ ပန်းချီဆရာများ၊ ဒီဇိုင်းဆရာများ၊ အထူးသဖြင့် ရတနာပုံဘုန်းကြီး ဦးဝေဠုရိယနှင့် ဇယမေဒနီ အရှင်ဝိစက္ခဏ စသော ကျေးဇူးတင်ထိုက်သူအားလုံးကို ကျေးဇူးတင်ပါသည်။

ဤကောင်းမှု ပဋိပတ်ဖြင့် မိမိဆရာသမား မိဘများနှင့် ရွှေကျင်သာသနာပိုင် အဆက်ဆက်ဆရာတော်ကြီးများအား ပူဇော်ကန်တော့ပါသည်။

PS မျက်နှာဖုံးရေးဆွဲသော ဆရာဦးဇော်ဝင်း(သစ်ထွင်း)မှ အချိုပင်စိုက်လျှင် အချိုစားရ၍ အခါးပင်စိုက်လျှင် အခါးသီးစားရမည်ကို ရည်ညွှန်းပါကြောင်း ပြောဆိုဖြေရှင်းထားပါသည်။

**စီစဉ်သူများ**

❁ ❁ ❁ ❁ ❁

www.dhammaransi.com



# ဒုတိယအကြိမ်ထုတ်ဝေပုံနှင့် စာအုပ်ခေါင်းစဉ်အပြောင်းအလဲ

စုဒ္ဒသမ သာသနာပိုင် ဝါဆိုဆရာတော်ဘုရားကြီး ယမန်နှစ် (၁၃၇၄) ခုနှစ်က သက်တော် (၉၅)နှစ်ပြည့် (၉၆)နှစ်ရောက် မွေးနေ့အခါသမယတွင် "ဩဝါဒတော်များ အမှတ်(၂)"အဖြစ် ထုတ်ဝေခဲ့ပါသည်။

ထိုစာအုပ်သည် ထင်မှတ်မထားဘဲ လူကြိုက်များခဲ့၏။ ရိုက်နှိပ်သည့် စာအုပ် တစ်ထောင်သည် မကြာမီပင် ကုန်သွားခဲ့၏။ လိုချင်သူ ပူဇော်ဖတ်ရှုလိုသူများက ဆရာတော်ကြီးထံသို့လည်းကောင်း၊ ဆရာတော်၏ တပည့်များထံသို့လည်းကောင်း လာရောက်တောင်းဆိုကြ၏။ သို့သော် ဖြန့်ဝေရန် မရှိတော့။

အကြိမ်ကြိမ်တောင်းဆိုလာသောအခါ ဆရာတော်ဘုရားကြီးသည် စီစဉ်သူ ကျွန်ုပ်တို့အား ခေါ်ယူ၍ ဒုတိယအကြိမ် ထပ်မံရိုက်နှိပ်ရန်နှင့် သက်တော်(၉၆) နှစ်အတွင်းမှာ ဟောပြောရေးဖြစ်သည်များကိုလည်း ဖြည့်စွက်ရိုက်နှိပ်ရန် အမိန့်ရှိလာပါသည်။

ထို့အပြင် စာအုပ် Title ကိုလည်း "ဩဝါဒဓမ္မပေါင်းချုပ်"ဟု ပြင်ဆင်ရန် အမိန့်ရှိလာပါသည်။

အမှန်မူ ကျွန်ုပ်တို့စီစဉ်သူများအနေဖြင့် သက်တော် ၉၀ ပြည့်စဉ်က "ဩဝါဒတော်များ" ပထမတစ်အုပ်၊ သက်တော်(၉၅)နှစ်ပြည့်စဉ် အမှတ်(၂) ထွက်ရှိခဲ့ရာ ယခုစာအုပ်ကို အမှတ်(၃)ဟု အမည်တပ်လိုပါ၏။ ထို့အပြင် "ဩဝါဒဓမ္မပေါင်းချုပ်"ဟု အမည်ပေးလိုက်လျှင် လွန်စွာ ကျယ်ပြန့်၍ သွားပါသည်။ အရပ်ရပ်ဩဝါဒများအပြင် ထွက်ရှိပြီးသော ဩဝါဒစာအုပ်များကိုလည်း စုစည်းပေါင်းစည်းရပါလိမ့်မည်။ ဤစာအုပ်၌မူ အမှတ်(၂) စာမူများတွင် သက်တော် (၉၆)နှစ်အတွင်း သတိပေးဆုံးမခဲ့သော ရှစ်ပုဒ်သာ တိုးခဲ့သဖြင့် ပေါင်းချုပ်နာမည်ကို မတပ်လိုပါ။

www.dhammaransi.com



သို့သော် ဆရာတော်၏ဆန္ဒကို ကျွန်ုပ်တို့ လွန်ဆန်ခြင်းငှာ မတတ်နိုင်ပါ။ ဆရာတော်ဘုရားကြီးသည် ယခင်စာအုပ်များမှ ကောင်းနိုးရာရာများကိုလည်း ပြန်လည်ထည့်သွင်းရန် ညွှန်ကြားပါ၏။ သို့သော် ထိုမျှ စီစဉ်ရန် အချိန်မရပါ။ သို့အတွက် စာရှုသူများကို ကြိုတင်တောင်းပန်အပ်ပါသည်။ ဩဝါဒဓမ္မပေါင်းချုပ် ဆိုသော်ငြား ပြည့်စုံသော ပေါင်းချုပ်မဟုတ်ပါကြောင်းနှင့် အခြေအနေပေးသော တစ်နေ့တွင် တကယ့်ပေါင်းချုပ်ကြီး ထွက်ရှိလာပါမည် ဟူ၍ . . .

**စီစဉ်သူများ**

www.dhammaransi.com



# ၁၃၇၄-ခုနှစ်၊ ကဆုန်လဆန်း ၃ ရက်နေ့ မွေးနေ့ပွဲနှင့်စပ်လျဉ်း၍ ဆရာတော်ကြီး ဩဝါဒပေးခြင်း

ယခုနှစ်ပွဲ မွေးနေ့ပွဲသည် ဝါဆိုကျောင်းပွဲမဟုတ် မဟာဝိသုဒ္ဓါရုံတိုက်၏ တိုက်ပွဲကြီးတစ်ခုဖြစ်သည်ကို တိုက်သားသံဃာအားလုံး သိနေစေခြင်ပါသည်။ သံဃာ့ဘုန်းကံအလျောက် အလိုလိုပေါ်ပေါက်လာသော အလှူအတန်း အကျွေးအမွေးတို့ကို တိုက်သံဃာတို့ ညီညွတ်စွာ လက်ခံဆောင်ရွက်ပေးဖို့ အရေးကြီးပါသည် ။

တိုက်သံဃာကျောင်းဘုန်းကြီးစသည်တို့သည် ဆရာတော်ကြီးအပေါ် စိတ်ရောကိုယ်ပါ အပ်နှံထားကြရပါမည်။ ၁၃၇၄-ခုနှစ်၊ ကဆုန်လပြည့်ကျော် ၃-ရက်နေ့အစထား၍ ၄-ရက်နေ့ တိုက်သံဃာကုန် ဖိတ်ကြားထားသူဒကာ/ဒကာမ ပရိတ်သတ်ကျွေးမွေးညှော့ခံပါမည်။

အလယ်ဒုတိယနေ့ တိုက်သံဃာအား ပထမအချီအဖြစ် ပစ္စည်းများ မဲဖောက် လှူဒါန်းပါမည်။ နောက်ဆုံးရက် တစ်ချီထပ်လှူပါမည်။ သကနိကာယ ပရနိကာယ မန္တလေးမြို့ပေါ် ပင့်သံဃာများကို ၁၀-နာရီအရောက်ပင့်၍ (က)ချက်ချင်းဆွမ်းကပ် (ခ)ချက်ချင်းလှူ (ဂ) ပြန်ကြွစေပါမည်။ သို့စသည် လုပ်ငန်းတွေများပြားသောကြောင့် သုဝဏ္ဏဝတီ ကျောင်းနေရာ ချက်ပြုတ်နေရာ သတ်မှတ်ထားပါသည်။

တောင်ဘက်ကျောင်းရှေ့ထင်းခြောက်ဝယ်ချထားပါသည်။ သုဝဏ္ဏဝတီ သံဃာများသည် လပြည့်ကျော် ၃-ရက်၊ ၄-ရက်၊ ၅-ရက် (၃-ရက်လုံး) ဝါဆိုကျောင်းနှင့် အတူစားအတူလုပ်ကြရပါမည်။

www.dhammaransi.com



သကနိကာယ အဝေးအာဂန္တုသံဃာများသုဝဏ္ဏဝတီတိုက်အပေါ်ထပ် အိပ်နေရာ အတွက်စဉ်းစားထားပါသည်။ ပုဂံခွက်ယောက်ဆေးရန် သုဝဏ္ဏဝတီ ရေတွင်းမှာ ရေစုပ်စက် တပ်ဆင်ပေးရပါမည်။ ဦးဝေဠုရိယတို့ တာဝန်ယူပါ။ အမိုးမိုးကာ များများရှာထားပါ။ ဝါးတဲ ဝါးမဏ္ဍပ်လုပ်ထားပါ။ မိုးကာ အုပ်ပါမည်။

ထမင်းချက် ဟင်းချက်သမားများအတွက် သုဝဏ္ဏဝတီတောင်ဘက် ကျောင်း အောက်ထပ် (သို့မဟုတ်)ဆွမ်းစားကျောင်းကလေးနေရာ ဘဏ္ဍာ ထားရာ သတ်မှတ်ထားပါ။ တိုက်သံဃာကျောင်းတိုက်ရှိ ထေရ်အလတ်စား များများ အမှုဆောင်အဖွဲ့ငယ် (ကောင်စီ) ဖွဲ့ပါ။

တိုက်ပွဲကြီး သပ်ရပ်တင့်တယ်မှု တိုက်အမှုဆောင် ဂဏဝါစကတို့၏ တာဝန်သာ ဖြစ်ကြောင်း သိစေအပ်ပါသည်။

စိတ်မညစ်ချင်ပါ။
စိတ်ရွှင်ချင်ပါသည်။

(ပင့်စာ ဦးအဂ္ဂညာဏ ၊ ဦးဩဒါတသိရီ ရေးပါ)
အချိန်မီ ပင့်ပါ၊ မိမိအစီအစဉ်ဖြင့် ကြွရန်

❁ ❁ ❁ ❁ ❁

www.dhammaransi.com



# ပုညဝန္မန လမ်းကုသိုလ်ရှင်များ ဝမ်းသာဖွယ်

ရွှေဘိုကားလမ်းမကြီး ဆားတောင်ရွာ လေးလမ်းဆုံမှ အရှေ့လင်းယဉ်ရွာအထက ကျောင်းခွဲအထိ ၇-မိုင်၊ ကတ္တရာလမ်းခင်းကျင်းရာ ၆-မိုင် ပြီးစီးဖြစ်၍ **ကုန်ကျငွေ -၁၈၀၀၀၀၀၀၀ိ** /(ကျပ်သိန်း တစ်ထောင့်ရှစ်ရာ) ကျော်နေပါပြီ . . . အလှူရှင် အသီးသီးမှ ပါဝင်လှူပြီးငွေ -၁၀၈၃၈၇၄၀၀ိ/ (ကျပ်သိန်း တစ်ထောင့်ရှစ်ဆယ်) ကျော်ရှိပါပြီ ....... **ဝါဆိုကျောင်းမှ စိုက်ငွေ-၇၁၆၁၂၆၀၀-ကျပ်သိန်း ဖြစ်ပါသည်။**

ဦးဝိစက္ခဏ၊ ဦးခေမာစာရ
ဦးဇနိတဒကာကြီး ဦးဝင်းဦး
ဇယမေဒနီဝါဆိုကျောင်း
မဟာဝိသုဒ္ဓါရုံတိုက်သစ်
မန္တလေး
၁၃၇၃-ခု၊ နှောင်းတန်ခူးလပြည့်ကျော် ၁၀-ရက်နေ့
(၁၆. ၄. ၂၀၁၂)

www.dhammaransi.com



# မေတ္တာနှင့်ကရုဏာ
# ငါးရာ့နှစ်ဆယ်ရှစ်သွယ် မေတ္တာ
# တစ်ရာ့သုံးဆယ်နှစ်သွယ် ကရုဏာ

ဘာဝနာနှစ်မျိုးရှိရာတွင် ဖော်ပြပါမေတ္တာနှင့်ကရုဏာသည် သမထ ဘာဝနာတွင် ပါသည်။ ကမ္မဋ္ဌာန်းလေးဆယ်ဟူ၍လည်းကောင်း၊ သမထ လေးဆယ်ဟူ၍လည်းကောင်း ဗုဒ္ဓဘာသာတို့ အကျေအညက်သိပြီး ဖြစ်ကြပါသည်။

မေတ္တာနှင့်ကရုဏာသည် မည်မျှလောက်ပင် အရေးပါသော သမထ ဖြစ်သော်လည်း တရားစခန်းပွဲများ သီးခြားဖွင့်လှစ်သောတရားထိုင်ပွဲများတွင် ယင်းမေတ္တာ (၅၂၈)၊ ယင်းကရုဏာ (၁၃၂)ကို ကဏ္ဍတစ်ခုအဖြစ် သတ်မှတ် ရှုပွားခြင်း၊ မကြားစဖူး ဖြစ်နေသောကြောင့် ဘာဝနာကုသိုလ် အလုပ် လုပ်ကြရာတွင် ဟာနေသောအချက်၊ လျော့နေသောအချက်ဟု မှတ်ယူသင့် ပါသည်။

**ဗြဟ္မဝိဟာရ** ဗြဟ္မာပြည် ဗြဟ္မာမင်းကြီးများသည် မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ လေးပါးတွင် တစ်ပါးပါးကိုသတ္တဝါတို့ အပေါ်၌ ပျံ့နှံ့ စေလျက်နေသည်ဖြစ် သောကြောင့် ထိုသို့နေခြင်းကို **ဗြဟ္မဝိဟာရ** မွန်မြတ်သော နေခြင်းဟု ဆိုရပေသည်။

www.dhammaransi.com



**ဗြဟ္မစရိယ** မြတ်သောအကျင့်ဟုဆိုရာ မြတ်သောအကျင့်ကို ကျင့်ခြင်းဟု ခေါ်ဆိုရကား ယင်းတရားလေးပါးသည် ဗြဟ္မစရိယ **'ဗြဟ္မစိုရ်'** တရားဟုလည်းခေါ်ဆိုရပေသည်။

**အပ္ပမညာ** ယင်းတရားလေးပါးကို သမထလေးဆယ်ရေတွက်ရာ၌ အပ္ပမညာ နာမည်ဖြင့် ရေတွက်ယူကြရပါသည်။

အပ္ပမညာဆိုသည်မှာ - မေတ္တာပို့သည့်အခါ၊ ကရုဏာပွားသည့်အခါ၊ မုဒိတာပို့ သည့်အခါ "ဤမျှ ဤမျှလောက်သောသတ္တဝါတို့ကိုသာ အာရုံပြု၍ ဤမျှလောက်သော သတ္တဝါတို့ကိုကား အာရုံမပြု" ဟုသတ္တဝါကိုလည်း ပိုင်းခြားကန့်သတ် ၍မထားချေ။ သတ္တဝါတစ်ယောက်ကိုအာရုံပြုခိုက်မှာလည်း "အထက်ပိုင်းကိုယ်ကိုသာ အာရုံပြု အောက်ပိုင်းကို အာရုံမပြု" စသည်ဖြင့် ကိုယ်အင်္ဂါကိုလည်းပိုင်းခြားသတ်မှတ်၍ မထားချေ။ ဤသို့ဖြင့် ပိုင်းခြား ကန့်သတ်အပ်သောပမာဏမရှိသော သတ္တဝါအပေါင်းကို **'အပ္ပမညာ'** ဟု ဆိုရ၏။

ဝိဂ္ဂဟပြုလျှင် အပ္ပမာဏေဘဝါအပ္ပမညာ - ဟုပြု၊ အပ္ပမာဏေ - ပိုင်းခြားကန့် သတ်အပ်သောပမာဏမရှိသောသတ္တဝါပညတ်၌၊ ဘဝါ - အာရုံပြုသောအားဖြင့် ဖြစ်သောတရားသည်၊ အပ္ပမညာ - အပ္ပမညာမည်၏။

ဤဓမ္မစာစောင်၌ ရေးသားဖော်ပြလိုသော မေတ္တာ၊ ကရုဏာ တရားနှစ်ပါးသည် အပ္ပမညာကမ္မဋ္ဌာန်းဖြစ်ကြောင်း သိသာပါပြီ။

## (၅၂၈)မေတ္တာပွားနည်း
## "ငါးရာ့နှစ်ဆယ်ရှစ်သွယ်မေတ္တာ"

ရှေးဦးစွာ ပထမ (၁) နှုတ်တက်အရကျက်၍ မှတ်သားထားရမည့် (၁၂) မျိုး။

- သဗ္ဗေ သတ္တာ
- သဗ္ဗေ ပါဏာ
- သဗ္ဗေ ဘူတာ
- သဗ္ဗေ ပုဂ္ဂလာ
- သဗ္ဗေ အတ္တဘာဝ ပရိယာပန္နာ
- သဗ္ဗာ ဣတ္ထိယော - အမျိုးသမီးမိန်းမ အာရုံပြု

www.dhammaransi.com



- သဗ္ဗေ ပုရိသာ - အမျိုးသား ယောကျ်ားအားလုံးပြု
- သဗ္ဗေ အရိယာ - သောတာပန်စသော အရိယာ အားလုံးပြု
- သဗ္ဗေ အနရိယာ - အရိယာမဟုတ်သော ပုထုဇဉ်အားလုံးပြု
- သဗ္ဗေ ဒေဝါ - နတ်ဗြဟ္မာအပေါင်း အားလုံးပြု
- သဗ္ဗေ မနုဿာ - လူသားအပေါင်းအားလုံးပြု
- သဗ္ဗေ ဝိနိပါတိကာ - အပါယ်ဘုံသား အပါယ်သတ္တဝါများ အားလုံးပြု

ဒုတိယ (၂) နှုတ်တက်အရကျက်ပြီး ရှုပွားရမည့်အချက် (၄) ချက် -

- အဝေရာ ဟောန္တု - ရန်ကင်းကြပါစေ
- အဗျာပဇ္ဇာ ဟောန္တု - စိတ်ဆင်းရဲကင်းကြပါစေ
- အနီဃာ ဟောန္တု - ကိုယ်ဆင်းရဲကင်းကြပါစေ
- သုခီအတ္တာနံ ပရိဟရန္တု- ကိုယ့်ကိုကိုယ်ချမ်းသာအောင် ဆောင်ရွက်နိုင်ကြပါစေ။

တတိယ (၃) အရပ်ဆယ်မျက်နှာ နှုတ်တက်ရနေပါစေ -

- ပုရတ္ထိမာယ ဒိသာယ - အရှေ့အရပ် အားလုံးပြု၍
- ပစ္ဆိမာယ ဒိသာယ - အနောက်အရပ် အားလုံးပြု၍
- ဥတ္တရာယ ဒိသာယ - မြောက်အရပ် အားလုံးပြု၍
- ဒက္ခိဏာယ ဒိသာယ - တောင်အရပ် အားလုံးပြု၍
- ပုရတ္ထိမာယ အနုဒိသာယ - အရှေ့တောင်ထောင့်အရပ် အားလုံးပြု၍
- ပစ္ဆိမာယ အနုဒိသာယ - အနောက်မြောက်ထောင့်အရပ် အားလုံးပြု၍
- ဥတ္တရာယ အနုဒိသာယ - အရှေ့မြောက်ထောင့်အရပ် အားလုံးပြု၍
- ဒက္ခိဏာယ အနုဒိသာယ - အနောက်တောင်ထောင့်အရပ် အားလုံးပြု၍
- ဟေဋ္ဌိမာယ ဒိသာယ - မြေမှ အောက်အရပ် အားလုံးပြု၍
- ဥပရိမာယ ဒိသာယ - မြေမှ အထက်အရပ် အားလုံးပြု၍

(အရပ် ၁၀ မျက်နှာ နံပတ်စဉ် - ဝိသုဒ္ဓိမဂ်ကျမ်းလာအရဖြစ်သည်)

www.dhammaransi.com



ပ- ဒု - တ (၁) (၂) (၃) ကဏ္ဍသုံးမျိုးကိုပိုင်နိုင်စွာ ဝစီနှုတ်မြွက်ဆိုတတ်ပြီးမှ စိတ် မနေ့ာဖြင့် ဘာဝနာရှုပွားရပါသည်။

ဖော်ပြပါလတ္တံ့ပါ စတုတ္ထ (၄) - အမှတ်ဖြင့်ရှုနည်းကိုဖော်ပြပါသည်။ ခဏ စူးစိုက်မှတ်ပါ။ အကြာခင်ကြေညက်ပြီး ထင်မြင်လာပါလိမ့်မည်။

- သဗ္ဗေ သတ္တာ — အဝေရာဟောန္တု၊ အဗျာပဇ္ဇာဟောန္တု၊ အနီဃာ ဟောန္တု၊ သုခီအတ္တာနံပရိဟရန္တု - ၄ - ချက်။
- သဗ္ဗေပါဏာ — အဝေရာဟောန္တု၊ အဗျာပဇ္ဇာဟောန္တု၊ အနီဃာ ဟောန္တု၊ သုခီ အတ္တာနံပရိဟရန္တု - ၄ - ချက်။
- သဗ္ဗေဘူတာ — အဝေရာဟောန္တု၊ အဗျာပဇ္ဇာဟောန္တု၊ အနီဃာ ဟောန္တု၊ သုခီ အတ္တာနံပရိဟရန္တု - ၄ - ချက်။
- သဗ္ဗေ ပုဂ္ဂလာ — အဝေရာဟောန္တု၊ အဗျာပဇ္ဇာဟောန္တု၊ အနီဃာ ဟောန္တု၊ သုခီ အတ္တာနံပရိဟရန္တု - ၄ - ချက်။
- သဗ္ဗေအတ္တဘာဝပရိယာပန္နာ — အဝေရာဟောန္တု၊ အဗျာပဇ္ဇာဟောန္တု၊ အနီဃာ ဟောန္တု၊ သုခီအတ္တာနံပရိဟရန္တု - ၄ - ချက်။
- သဗ္ဗာ ဣတ္ထိယော — အဝေရာဟောန္တု၊ အဗျာပဇ္ဇာဟောန္တု၊ အနီဃာဟောန္တု၊ သုခီ အတ္တာနံ ပရိဟရန္တု - ၄ - ချက်။
- သဗ္ဗေပုရိသာ — အဝေရာဟောန္တု၊ အဗျာပဇ္ဇာဟောန္တု၊ အနီဃာဟောန္တု၊ သုခီ အတ္တာနံပရိဟရန္တု - ၄ - ချက်။
- သဗ္ဗေ အရိယာ — အဝေရာဟောန္တု၊ အဗျာပဇ္ဇာဟောန္တု၊ အနီဃာဟောန္တု၊ သုခီ အတ္တာနံပရိဟရန္တု - ၄ - ချက်။

www.dhammaransi.com



- သဗ္ဗေ အနရိယာ — အဝေရာဟောန္တု၊ အဗျာပဇ္ဈာဟောန္တု၊ အနီဃာဟောန္တု၊ သုခီ အတ္တာနံပရိဟရန္တု - ၄ - ချက်။
- သဗ္ဗေ ဒေဝါ — အဝေရာဟောန္တု၊ အဗျာပဇ္ဈာဟောန္တု၊ အနီဃာဟောန္တု၊ သုခီ အတ္တာနံပရိဟရန္တု - ၄ - ချက်။
- သဗ္ဗေမနုဿာ — အဝေရာဟောန္တု၊ အဗျာပဇ္ဈာဟောန္တု၊ အနီဃာဟောန္တု၊ သုခီ အတ္တာနံပရိဟရန္တု - ၄ - ချက်။
- သဗ္ဗေ ဝိနိပါတိကာ — အဝေရာဟောန္တု၊ အဗျာပဇ္ဈာဟောန္တု၊ အနီဃာဟောန္တု၊ သုခီ အတ္တာနံပရိဟရန္တု - ၄ - ချက်။

## အနောဓိသ ဖရဏာမေတ္တာ (၅) မျိုး + ဩဓိသဖရဏာမေတ္တာ (၇) မျိုး

မေတ္တာလွတ်ပုံအချက် (န္တု) (တု - လေးချက်) ဖြင့်အာရုံပြု ပို့လွှတ်ရပေသည်။ အရေအတွက် ၁၂ × ၄ - လီ = **၄၈** ချက်ရပါပြီ။

ဆက်လက်၍ တတိယ (၃) အမှတ်ဖြင့်ဖော်ပြပြီးသော အရပ် ၁၀ မျက်နှာကို စိတ်ဖြင့်မှတ်ယူလျက် -

- ပုရတ္ထိမာယဒိသာယ သဗ္ဗေသတ္တာ အဝေရာ ဟောန္တု - စသည် ၄ - ချက်
- ပုရတ္ထိမာယဒိသာယ သဗ္ဗေပါဏာ အဝေရာ ဟောန္တု - စသည် ၄ - ချက်
- ထိုပုရတ္ထိမာယ ဒိသာယကိုရှေ့ကခံပြီး သဗ္ဗေဝိနိပါတိကာအထိ (န္တု) (တု - ၄ ချက်) စုံလျှင် ၁၂ × ၄ - လီ - ၄၈ - ချက်ဖြစ်ပါသည်။

ဤနည်းအတိုင်း
- ပစ္ဆိမာယ ဒိသာယ ရှေ့ကခံယူလျှက် ၄၈ - ချက် ဖြစ်ပါသည်။
- ဥတ္တရာယ ဒိသာယ ရှေ့ကခံယူလျှက် ၄၈ - ချက် ဖြစ်ပါသည်။

www.dhammaransi.com



- ဒက္ခိဏာယ ဒိသာယ ရှေ့ကခံယူလျှက် ၄၈ - ချက် ဖြစ်ပါသည်။
- ပုရတ္ထိမာယ အနုဒိသာယ ရှေ့ကခံယူလျှက် ၄၈ - ချက် ဖြစ်ပါသည်။
- ပစ္ဆိမာယ အနုဒိသာယ ရှေ့ကခံယူလျှက် ၄၈ - ချက် ဖြစ်ပါသည်။
- ဥတ္တရာယ အနုဒိသာယ ရှေ့ကခံယူလျှက် ၄၈ - ချက် ဖြစ်ပါသည်။
- ဒက္ခိဏာယ အနုဒိသာယ ရှေ့ကခံယူလျှက် ၄၈ - ချက် ဖြစ်ပါသည်။
- ဟေဋ္ဌိမာယ ဒိသာယ ရှေ့ကခံယူလျှက် ၄၈ - ချက် ဖြစ်ပါသည်။
- ဥပရိမာယ ဒိသာယ ရှေ့ကခံယူလျှက် ၄၈ - ချက် ဖြစ်ပါသည်။
- အရပ်မျက်နှာ မသုံးသပ်ပဲပို့လွှတ် **၄၈**-ချက်
- အရပ် (၁၀)မျက်နှာ သုံးသပ်လျက်ပို့လွှတ် (၄၈×၁၀) **၄၈၀**-ချက်

(၂-မျိုးပေါင်း) - စုစုပေါင်း **၅၂၈**-ဖြစ်၏။

မေတ္တာပွားပုံပြီး၏။

## ‘ကရုဏာ ဘာဝနာ’ ပွားပုံ

ကရုဏာကမ္မဋ္ဌာန်းကား - ဒုက္ခာ မုစ္စန္တု (န္တု) (တု) တစ်ချက်ထဲဖြစ်၍ လွယ်ကူ၏။

| | |
|---|---|
| - သဗ္ဗေ သတ္တာ | ဒုက္ခာ မုစ္စန္တု |
| - သဗ္ဗေ ပါဏာ | ဒုက္ခာ မုစ္စန္တု |
| - သဗ္ဗေ ဘူတာ | ဒုက္ခာ မုစ္စန္တု |
| - သဗ္ဗေ ပုဂ္ဂလာ | ဒုက္ခာ မုစ္စန္တု |
| - သဗ္ဗေ အတ္တဘာဝပရိယာပန္နာ | ဒုက္ခာ မုစ္စန္တု |

www.dhammaransi.com



- သဗ္ဗာ ကုက္ကုစ္စာ ဒုက္ခာ မုစ္စန္တု
- သဗ္ဗေ ပုရိသာ ဒုက္ခာ မုစ္စန္တု
- သဗ္ဗေ အရိယာ ဒုက္ခာ မုစ္စန္တု
- သဗ္ဗေ အနရိယာ ဒုက္ခာ မုစ္စန္တု
- သဗ္ဗေ ဒေဝါ ဒုက္ခာ မုစ္စန္တု
- သဗ္ဗေ မနုဿာ ဒုက္ခာ မုစ္စန္တု
- သဗ္ဗေ ဝိနိပါတိကာ ဒုက္ခာ မုစ္စန္တု - ကရုဏာ (၁၂) မျိုးရ၏။

ပုရတ္ထိမာယ ဒိသာယ သဗ္ဗေသတ္တာ - စသည်အရပ်ဒေသကို ရှေ့က ခံ၍ အနော ဓိသ ဩဓိသဝိနိပါတိကာအထိ အစုံပို့ပါ = ၁၂ - မျိုးစီရပါသည်။

အရပ်မျက်နှာ ၁၀ + အမျိုး ၁၂ - မျိုး = **၁၂၀** - ဖြစ်၏။

အရပ်မျက်နှာ မသုံးသပ်ပဲပို့ပြီး ၁၂ - နှင့်ပေါင်း**၁၃၂** - ဖြစ်၏။

ကရုဏာပွားပုံပြီး၏။

## အကျိုးအာနိသင်

- မေတ္တာပွားကျိုး၊ ဆဲ့တစ်မျိုးကား၊ အိပ်နိုးချမ်းသာ၊ ယုတ်မာမမက်၊ နှစ်သက် လူနတ်၊ စောင့်လတ်နတ်များ၊ ထိပါးမရှိ၊ သမာဓိမြန်၊ မုခံဆင်းလှ၊ သေကမတွေ၊ မဂ်ကင်းချေသော်၊ နတ်ပြေပြဟ္မာ၊ လားရောက်ရာသည် - မေတ္တာပွားကျိုး ဆဲ့တစ်တည်း။

- ကရုဏာပွားကျိုး၊ ဆဲ့တစ်မျိုးပြင်၊ ကင်းစင်ဝေဒနာ၊ ရောဂါမသက်၊ ကိုယ့်တွက် သူက၊ ကူညီမ၏၊ ကိုယ်ကသူ့ကို၊ ကျိုးလိုစိတ်ဖြင့်၊ တိုးမြှင့်ဖေးကူ၊ ရေးယူဆောင်ရွက်၊ အကျိုးဆက် သည်၊ ဟောမြွက်ဆရာစဉ်ဆက်တည်း။

**"မဟာဝိသုဒ္ဓါရုံလက်ာ"**

အထူးမှာကြားချက်

ထောင်တွင်းအကျဉ်းကျခံနေရသော ဆင်းရဲသူ သတ္တဝါတွေအာရုံပြု၍ ဒုက္ခာ မုစ္စန္တု **ဗဟုဝုစ်** ဖြင့်ဆိုပါ။ တစ်ဦးထဲတစ်ယောက်ထဲအာရုံပြု၍ ပို့လွှတ်လိုက ဒုက္ခမုစ္စတု - ဆင်းရဲခြင်းမှ လွတ်ကင်းပါစေဟု - **ကေဝုစ်** ဖြင့်ဆိုပါ။ နာမည်

www.dhammaransi.com



ဖော်၍လည်း ဆိုနိုင်ပါသည်။ မြန်မာဘာသာ ဖြင့် မည်သူမည်ဝါ ဆင်းရဲခြင်းမှ လွတ်ပါစေဆိုရင်လည်း ကရုဏာဘာဝနာဖြစ်၏။

ဗုဒ္ဓဘုရား အနှစ်သက်ဆုံး သမထကမ္မဋ္ဌာန်းလေးဆယ်တွင် မေတ္တာ၊ ကရုဏာ ဘာဝနာနှစ်မျိုးကို ဝေလာမသုတ္တန်၌ သမထဆိုရာတွင် မေတ္တာ၊ ကရုဏာကိုဆိုလို၏ဟု မိန့်မှာချက်တို့ရှိပါသည်။

**'ဘာဝနာကိုပို၍အားကိုးပါ၊ လုပ်ကြပါ၊ စိတ်ဆိုးချည်းမနေပါနှင့်၊ စိတ်ဆိုးမှုသည် မိမိကို ပြန်ခိုက်တတ်သည်'**ဟု ဆရာတော်ကြီး မိန့်တော်မူပါသည်။

သို့အတွက် မေတ္တာ - ၅၂၈ - ကရုဏာ - ၁၃၂ ဘာဝနာကမ္မဋ္ဌာန်းကို ဆရာတော် သံဃာတော်များသည်လည်းကောင်း လူယောဂီဥပုသ်သည် ကျား/မ ဒကာ ဒကာမတို့သည် လည်းကောင်း အရေးကြီးသော ယင်းကမ္မဋ္ဌာန်းနှစ်မျိုးကို ကျော်တက်နေကြသဖြင့် ကမ္ဘာကြီး တစ်ခုလုံး လိုကွက်၊ ဟာကွက်ဖြစ်နေသည်ဟူ၍ သက်တော်ရှည်ဆရာတော်ကြီး မကြာခဏ ညည်းတွားပြောဆိုသံကြားရ၍ ဤစာစောင်ထုတ်ဝေရသည် ဖြစ်ပါကြောင်း -

❁ ❁ ❁ ❁ ❁

www.dhammaransi.com



# ထိုင်းနိုင်ငံသံဃာရာဇာနှင့်အဖွဲ့သို့
# သြဝါဒကထာ

ယနေ့ကျောင်းပတဲ့ ဒီအခမ်းအနားမှာ ထိုင်းနိုင်ငံကကြွရောက်လာကြတဲ့ ပါမောက္ခ ချုပ်ဆရာတော်အမှူးပြုသော ထိုင်းဒါယကာ၊ ဒါယိကာမများနဲ့ မြန်မာ ဒါယကာ ဒါယိကာမ များအား သြဝါဒစကားပြောကြားလိုပါတယ်။

မြန်မာနိုင်ငံနဲ့ ထိုင်းနိုင်ငံ၊ မန္တလေးမြို့နဲ့ ဘန်ကောက်မြို့တို့ဟာ မြတ်ဗုဒ္ဓရဲ့ ထေရဝါဒဗုဒ္ဓဘာသာ အဆုံးအမအောက်မှာရှိကြတဲ့အတွက် မြတ်ဗုဒ္ဓရဲ့ တစ်ဖတည်းသားများ ဖြစ်ကြသလို၊ သာသနာရေး လူမှုရေးစတဲ့ ကဏ္ဍအသီးသီးမှာ ရင်းရင်းနှီးနှီးဆက်သွယ်မှုတွေရှိကြတာမို့ ခိုင်မြဲတဲ့မိတ်ဆွေတွေလည်း ဖြစ်ကြပါတယ်။

မြန်မာနိုင်ငံသားပဲဖြစ်ဖြစ်၊ ထိုင်းနိုင်ငံသားပဲဖြစ်ဖြစ် ဗုဒ္ဓရဲ့သာဝကများ ဖြစ်ကြတဲ့အတွက် မြတ်သောအကျင့်ကိုကျင့်သုံးနေကြတဲ့ ဗြဟ္မာစာရီပုဂ္ဂိုလ်များ ဖြစ်ကြဖို့လိုပါတယ်။

ဗြဟ္မစာရီ ပုဂ္ဂိုလ်ဆိုတာ -

၁။ ပါဏာတိပါတ ဝိရတိ = သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်သူ။
၂။ အဒိန္နာဒါန ဝိရတိ = သူတစ်ပါးဉစ္စာကိုခိုးယူခြင်းမှ ရှောင်ကြဉ်သူ။
၃။ ကာမေသုမိစ္ဆာစာရ ဝိရတိ = ကာမနှင့်စပ်၍ ဖောက်ပြန်သောအကျင့်မှ ရှောင်ကြဉ်သူ။
၄။ မုသာဝါဒ ဝိရတိ = လိမ်ညာပြောဆိုခြင်းမှ ရှောင်ကြဉ်သူ။
၅။ ပိသုဏာဝါစာ ဝိရတိ = ချစ်ခင်နေကြတဲ့ ပုဂ္ဂိုလ်တွေကို ချစ်ခင်မှု ပျက်ပြယ်အောင် ပြုလုပ်ခြင်းမှ ရှောင်ကြဉ်သူ။
၆။ ဖရုသဝါစာဝိရတိ = ကြမ်းတမ်းစွာပြောဆိုခြင်း၊ ဆဲဆိုခြင်းမှ ရှောင်ကြဉ်သူ။
၇။ သမ္ဖပ္ပလာပ ဝိရတိ = အကျိုးမရှိသောစကား ပိန်ဖျင်း သေးသိမ်သော စကားတို့ကို ပြောဆိုခြင်းမှ ရှောင်ကြဉ်သူ။

www.dhammaransi.com



၈။ အနဘိဇ္ဈာ = မတရားလိုချင်သည့် လောဘမရှိသူ။
၉။ အဗျာပါဒ = ဒေါသကင်းကွာ ချစ်ခြင်းမေတ္တာဖြင့်နေထိုင်သူ။
၁၀။ သမ္မာဒိဋ္ဌိ = မှန်ကန်သော အယူဝါဒရှိသူတို့ကို ခေါ်တာဖြစ်ပါတယ်။

ဒီလိုမြင့်မြတ်တဲ့အကျင့်ကို ကျင့်ကြတဲ့ဗြဟ္မစာရီ ပုဂ္ဂိုလ်ဖြစ်အောင် မိမိတို့ကိုယ်တိုင် နေထိုင်ကျင့်သုံးဖို့ မြတ်ဗုဒ္ဓမိန့်ကြားသလို ဒီလိုမြင့်မြတ်တဲ့အကျင့်ရှိတဲ့ ပုဂ္ဂိုလ်တွေကို ဘယ်နေရာမှာနေနေ ဘယ်နိုင်ငံဘယ်မြို့မှာနေနေ ပူဇော်ကြရမယ်လို့လည်း ဆုံးမတော်မူခဲ့ပါတယ်။

ဒီလိုမြင့်မြတ်တဲ့အကျင့်ကို ကျင့်တဲ့ပုဂ္ဂိုလ်များကို ပူဇော်ခြင်းဟာ အကောင်းဆုံး ပူဇော်ခြင်းဖြစ်တယ်ဆိုတာ အင်္ဂုတ္တရပါဠိတော် ပုဗ္ဗဏှသုတ်မှာ

သုနက္ခတ္တံ သုမင်္ဂလံ၊ သုပ္ပဘာတံ သုဟုဋ္ဌိတံ။

သုခဏော သုမုဟုတ္တော စ၊ သုယိဋ္ဌံ ဗြဟ္မစာရိသု - လို့ ဟောတော်မူခဲ့ပါတယ်။

ယသ္မိံ ဒိဝသေ - အကြင်နေ့၌။ သုစရိတဓမ္မေ - ဆယ်မျိုးသော သုစရိုက်တရား တို့ကို။ စရတိ - ကျင့်သုံး၏။ သောဒိဝသော - ထိုနေ့သည်။ သုနက္ခတ္တံ - နက္ခတ် ကောင်းနှင့် ယှဉ်သောနေ့ဖြစ်၏။ သုမင်္ဂလံ - မင်္ဂလာအပေါင်းခညောင်းသောနေ့ဖြစ်၏။ သုပ္ပဘာတံ - ကောင်းစွာ မိုးလင်းလာသောနေ့ဖြစ်၏။ သုဟုဋ္ဌိတံ - ကောင်းစွာအိပ်ရာမှနိုးထလာသောနေ့ ဖြစ်၏။ သုခဏော - ကောင်းသောခဏရှိသောနေ့ဖြစ်၏။ သုမု ဟုတ္တော - ကောင်းသော မုဟုတ်ရှိသောနေ့ဖြစ်၏။ ဗြဟ္မစာရိသု - မြတ်သောအကျင့်ကို ကျင့်သုံးကြသော ပုဂ္ဂိုလ်တို့အား။ ယိဋ္ဌံ - ပူဇော်ခြင်းသည်။ သုယိဋ္ဌံ - ချမ်းသာအမျိုးမျိုး ကောင်းကျိုးအထွေထွေရစေတတ်သဖြင့် မြင့်မြတ်သောပူဇော်ခြင်း ဖြစ်ပါပေ၏။

ဤသို့သော ဒေသနာတော်နှင့် ပူဇာစ ပူဇနေယျာနံ ဧတံ မင်္ဂလမုတ္တမံ - ဟူသော မင်္ဂလသုတ္တန်လာ ဒေသနာတော်ကို အလေးအမြတ်ထား၍ လာရောက်ပူဇော်ကြသည်ကို ရွှေကျင်နိကာယ သံဃရာဇာဆရာတော်အနေဖြင့် လက်ခံပါကြောင်း ပြောကြားလိုပေသည်။

မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံ၊ မြန်မာရွှေကျင်နိကာယ သံဃရာဇာနှင့် ထိုင်းသံဃ ရာဇာတို့သည် အချင်းချင်းမေတ္တာကူးယှက်ပြီး ဖြစ်ကြသည့်အားလျော်စွာ ထိုင်းသံဃ ရာဇာဆရာတော်နှင့်တကွ ထိုင်းနိုင်ငံသူနိုင်ငံသားတို့သည် -

www.dhammaransi.com



အဝေရာ ဟောန္တု = ဘေးရန် ကင်းကြပါစေ။

အဗျာပဇ္ဈာ ဟောန္တု = စိတ်ဆင်းရဲ ကင်းကြပါစေ။

အနီဃာ ဟောန္တု = ကိုယ်ဆင်းရဲ ကင်းကြပါစေ။

သုခီ အတ္တာနံ ပရိဟရန္တု = မိမိခန္ဓာကိုယ်ကို ချမ်းသာအောင် ရွက်ဆောင်နိုင်ကြပါစေ - ဟုမေတ္တာပြုသကဲ့သို့ ထိုင်းသံဃရာဇာဆရာတော်နှင့် တကွ ထိုင်းနိုင်ငံသူ နိုင်ငံသားတို့သည်လည်း မြန်မာရွှေကျင်နိကာယ သံဃ ရာဇာဆရာတော်နှင့်တကွ မြန်မာနိုင်ငံသားတို့အပေါ်၌ မေတ္တာပို့လွှတ်၍ နေကြ စေလိုကြောင်း ဩဝါဒစကား မိန့်ကြားအပ်သည်။

၁၃၇၃ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော်(၁၃)ရက်

၂၃. ၁၁. ၂၀၁၁(ဗုဒ္ဓဟူးနေ့)

❋ ❋ ❋ ❋ ❋

www.dhammaransi.com



## အို စာသင်သား

အို . . . စာသင်သား　　သင်စဉ်းစားလော့
ခုကားငယ်ရွယ်　　ရှင်မမယ်တည်း။
နောင်ဝယ်ကြီးပြင်း　　အလုပ်ဆင်းသော်
ဘယ်ခင်းဘယ်ခါ　　မိဘာသာနှင့်
သာသနာမှု　　မည်သို့ပြုမည်
ကြံမိပြီလော ?

လောကီဘာဝ　　ခေတ်ကာလကို
ညီမျှစေချင်　　စာပွဲဝင်လျက်
ဂုဏ်ထင်ပေါ်ရေး　　ကိုယ်ကအေးလည်း
မအေးဝန်းကျင်　　ဉာဏ်ဖက်ယှဉ်လော့
ဆွေစဉ်မျိုးပွား　　အကျိုးများဖို့
ကြိုးစားခံယူ　　စိတ်ကြည်ဖြူ၍
လူလူတစ်ယောက်　　ဆိုစလောက်အောင်
ရွက်ကျိုးဆောင်မှ　　နောက်နောင်မျိုးဆက်
တန်ခိုးထက်လိမ့်　　ဖြိုးလက်သာသနာ
ကိုယ့်ကြောင့်သာဟု　　ကိုယ်မှာကြည်လျ
လူပီသ သမို့　　ရွှင်ပျဝမ်းသာ
ထိုအခါဝယ်　　ငါးသွယ်ပီတိ
ဝမ်းဆီထိသို့　　ကိုယ်ထိစိတ်ရောက်
စခန်းပေါက်သည်　　လှမ်းရောက်ဂတိကောင်းမည်သော်

**ဝါဆိုဆရာတော်**
**စုဒ္ဒသမ**

www.dhammaransi.com



## သီတဂူဗုဒ္ဓတက္ကသိုလ် သင်တန်းဆင်းပွဲ ဩဝါဒမိန့်ခွန်း

**သာသနဿစ လောကဿ၊ ဝုဍ္ဎိ ဘဝတုသဗ္ဗဒါ။**
**သာသနမ္ပိ စ လောကဉ္စ၊ ဒေဝါရက္ခန္တု သဗ္ဗဒါ။**

ဒီဂါထာကဆုတောင်းတဲ့ဂါထာပါ သာသနာတော်ကြီးနှင့် လောက လူသား ကြီးပွားကျန်းမာချမ်းသာကြပါစေ သာသနာတော်ကြီးနှင့် လောက လူသားအပေါင်းကို နတ်အပေါင်းတို့က စောင့်ရှောက်ကြပါစေ -

BA MA ဦးဇင်းများ စာချတန်းရောက်ပြီးလို့ ဒီရောက်လာတော့ သိပြီးသားနေမှာပါ။ အာသိဗ္ဗအနက်၌ သက်သော တုဝိဘတ် အန္တဘတ်တို့ ဖြစ်ပါတယ်။ ဘာသာ သာသနာပြုမယ့် ရဟန်းတော်ကလေးများ ဟောရပြောရတာလွယ်ပါတယ်။ အခု ဤသင်တန်းတွေ တက်ရောက် သင်ကြားတယ်ဆိုတာ ဘာသာသာသနာအတွက် တတ်မြောက်အောင် သင်ကြားပြီး သာသနာရေးကိစ္စများ ဆောင်ရွက်ရမှာဆိုတော့ -

**-ဗုဒ္ဓဘာသာ သာသနာ ရောင်ဝါနေသို့ထွန်းစေသော်။**
**-မြန်မာမျိုးနွယ် ကမ္ဘာ့လယ်ဝင့်ထယ်မြင့်၍တင့်စေသော်။**

ဒါလည်းတောင့်တခြင်းအနက်၌ အာချာတ်ဝိဘတ်သက်ပြီးတော့ ဇောတေတုပုဒ် အရ ဆုတောင်းတာပါပဲ။

**-ဗုဒ္ဓဘာသာ သာသနာ ရောင်ဝါနေသို့ထွန်းစေမည်။**
**-မြန်မာမျိုးနွယ် ကမ္ဘာ့လယ်ဝင့်ထယ်မြင့်၍တင့်စေမည်။**

ဒီလိုဆိုရင် အာချာတ်ဝိဘတ်ပြောင်းရပါလိမ့်မယ် ပထမပုရိသ် နာမယောဂ - မှ ဥတ္တမ ပုရိသ်အမှယောဂ- သို့ပြောင်းပြီး ဇောတေမိ ကြိယာ ပုဒ်ဖြစ်ရပါမယ်။

ပထမပုရိသ်နာမယောဂ အာချာတ်ဝိဘတ်သဘောက ကံသုံးပါးတို့တွင် မနောကံ ပြဌာန်းပါတယ်၊ ဥတ္တမပုရိသ်အမှယောဂဆိုလျှင် ကာယကံ၊ ဝစီကံ နှစ်ပါး ပါဝင်လျက် ကံ(၃)မျိုးလုံး သက်ဆိုင်ပါတယ်။

အခု ဦးဇင်းကလေးများ ဘာသန္တရသင်တန်းမှာ တက်ရောက် သင်ကြားနေခြင်းသည် သာသနာပြုလိုသည့်စိတ်ဓာတ်ဖြင့် (ဝါ) ဘုရားအဆုံးမ

www.dhammaransi.com



သာသနာထွန်းကား ပြန့်ပွားရန်သင်ကြားခြင်းဖြစ်သောကြောင့် (၃) မျိုးလုံး ကုသိုလ်ကံဖြစ်သည်ဆိုတာ သိစေချင်ပါတယ်။

**ကုသိုလ်ရေးရာကို ငါတို့အားထုတ်နေသည် - ဟု စွဲစွဲမြဲမြဲ မှတ်ယူထားပါ။**

ဘာသာရေးကိစ္စ ဥုးဇင်းများကြိုတင်သိထားရန်ပြောချင်ပါတယ် ကမ္ဘာပေါ်မှာ ဗုဒ္ဓဘာသာ၊ ခရစ်ယာန်ဘာသာ၊ ဟိန္ဒူဘာသာ၊ အစ္စလာန် ဘာသာရယ်လို့ ဘာသာကြီး (၄) ရပ်ရှိပါတယ်။ ကမ္ဘာ့လူဦးရေသန်းပေါင်း **ခြောက်ထောင်** (၆ - ထောင်) ရှိပါတယ်။ ဗုဒ္ဓဘာသာလူအင်အား နည်းပါးသည်ကို အထောက်အထားပြချင်တာပါ။

**သန်းခြောက်ထောင်တွင် -**

- **ခရစ်ယာန်ဘာသာဝင်ဦးရေ သန်းပေါင်း ၂၁၀၀ (နှစ်ထောင့်တစ်ရာ)။**
- **အစ္စလာန်ဘာသာဝင်ဦးရေ သန်းပေါင်း ၁၃၀၀ (တစ်ထောင့်သုံးရာ)**
- **ဟိန္ဒူဘာသာဝင်ဦးရေ သန်းပေါင်း ၁၀၀၀ (တစ်ထောင်)။**
- **ဗုဒ္ဓဘာသာဝင်ဦးရေ သန်းပေါင်း ၃၇၆ သန်း** ဒီလိုအမှတ် အသား ရှိပါတယ်။

**"တော်ပါသေးတယ် လူလေးယောက်အပြေးပြိုင်ရာမှာ ဗုဒ္ဓဘာသာက စတုတ္ထစွဲ တယ်ပြောရမှာပေါ့"** နည်းနည်းနှင့် ကျဲကျဲဝိုင်းဆိုတာလို ဘာသာ သာသနာ အဆုံးအမ ရခိုင်နူန်းအပြည့်အဝရဟန်းရှင်လူတို့ လိုက်နာကြမယ်ဆိုရင် ၃၇၆ သန်း ဆိုပေမယ့် စိုးရိမ်စရာ အားငယ်စရာရှိမယ်မထင်ပါဘူး။

ခရစ်ယာန်က (လေးပုံ × တစ်ပုံ) ကျော်နေပါတယ်။

အစ္စလာန်ဘာသာက (လေးပုံ × တစ်ပုံ) မပြည့်ပါဘူး။

ဟိန္ဒူဘာသာက (ခြောက်ပုံ × တစ်ပုံ) ရှိပါတယ်။

ဗုဒ္ဓဘာသာက (၁၈ ပုံ × တစ်ပုံ) မျှလောက်ပဲရှိပါတယ်။

စစ်ကိုင်းတိုင်း၊ ကလေးမြို့နယ် ဘာသာရေးအခြေအနေ ပြောချင်ပါသေးတယ်။ ခရစ်နှစ် ၂၀၀၁ ခုနှစ်ကရခဲ့သော စာရင်းဖြစ်ပါတယ်။ ကလေးမြို့ဟာ ခရိုင်မြို့ကြီးဖြစ်ပါတယ်။ အိန္ဒိယနယ်စပ်မှာတည်ရှိ၍ ချင်းပြည်နယ်၏

www.dhammaransi.com



လမ်းဆုံ လမ်းခွမှာရှိသော ခရိုင်မြို့ကြီးဖြစ်ပါတယ်။ လူဦးရေ ၂၅၀၀၀၀ (နှစ်သိန်းငါးသောင်း) စာရင်းရှိပါတယ်။

**ခရစ်ယာန်သာသနာပြုကျောင်း (၅၀၈) ကျောင်း**

**ဗုဒ္ဓဘာသာသာသနာပြုကျောင်း (၁၄၇) ကျောင်း**

**ဟိန္ဒူဘာသာသာသနာပြုကျောင်း (၂) ကျောင်း**

**အစ္စလာန်ဘာသာ သာသနာပြုကျောင်း (၁) ကျောင်း**

မြန်မာနိုင်ငံ၊ စစ်ကိုင်းတိုင်း၊ ကလေးမြို့နယ် အခြေအနေကိုပင ဤသို့တွေ့ရပါတယ်။

လူလတ်ပိုင်းရဟန်းတော်များအားကိုး၍ ပြောပြနေခြင်းဖြစ်ပါတယ်။ သာသနာ ပြုကျောင်းအနေဖြင့်လည်းကောင်း၊ ဘာသာဝင်ဦးရေအနေဖြင့် လည်းကောင်း၊ အလွှမ်း မိုးခံနေရသော ဗုဒ္ဓဘာသာတို့၏ဆိုးဝါးချက်၊ မိုက်မှားချက်တို့ကို ပြောချင်ပါသေးတယ်။ ဦးဇင်းတို့ကို တိုင်တန်းခဲ့ပါတယ်။

ဗုဒ္ဓဘာသာတို့သည် မြတ်ဗုဒ္ဓ၏အဆုံးအမကိုမနာခံပဲ အရက်သေစာ သောက်စား မူးယစ်ကြသည်ဟု ကမ္ဘာလူသားတို့က လက်ညှိုးထိုးပြောဆို နေကြ သည်ဟု ကြားဖူးပါသည်။

ယခုခေတ်အမျိုးသမီးမိန်းမတွေကတောင် လွန်လွန်ကဲကဲ သောက်နေ ကြတယ်ဟု ကြားနေရ၊ စိတ်မကောင်းစရာ၊ လွတ်လပ်ရေးရပြီးလို့ **၁၉၄၈ ခု၊ ၁၉၄၉ ခု၊ (၁၃၀၉ ခု၊ ၁၃၁၀ ခု)** ဖဆပလခေတ်မှာ မိန်းမတွေရာခိုင်နှုန်း (၁၀၀) မှာ (၅-၆) ယောက်အလွန် ဆုံး (၁၀) ယောက်လောက်ပဲသောက်တယ်လို့ ခန့်မှန်းရပါတယ်။

တက္ကသိုလ်ပါမောက္ခအငြိမ်းစားဆရာကြီး (၂) ယောက်နှင့်ဆွေးနွေးဖူး ပါတယ်။ ယခုနှစ် သက်တမ်း (၆၀) ကျော်ကြာလာတဲ့ ယနေ့အစိုးရလက်ထက်မှာ (၁၀၀) မှာ (၄၀ - ၅၀) သောက်နေတယ်လို့ မှန်းဆကြပါတယ်။

အရက်ဆိုတာအဆိပ်ပါ။ အလွန်ပြင်းထန်တဲ့အဆိပ်တစ်မျိုးပါ။ ဒီဘဝလည်း မကောင်း၊ နောင်ဘဝအဆက်ဆက် အပြန်အလှန်ခွေးရူးဘဝ၊ လူရူး ဘဝအပြန် (၅၀၀) ဘာညာခံစားမှု နစ်နာကြမှာဆိုတော့ သိပ်ကိုပြင်းထန်တဲ့ အဆိပ်ပါပဲလို့ ဆိုကြပါတယ်။

ဒါဖြင့်ကောင်းပြီ ဒီအရက်တွေဟာ ဘယ်ကလာတာလဲ၊ ဘယ်သူက လာရောင်း တာလဲ စဉ်းစားကြည့်မိတယ် -

www.dhammaransi.com



နိုင်ငံခြားကလာတာကိုလည်းလက်ခံတယ်၊ ကိုယ်ပိုင်လည်း နိုင်ငံတော်က ချက်တယ်၊ ဘာညာကြားရတော့ သာပြီး စိတ်ညစ်သွားစရာ ဖြစ်ရပါတယ်၊ စီးပွားရေးဉူးတည်ချက်လေးရပ်ကို ဒီဘုန်းကြီးက နဂိုကတည်းကိုက အရ ကျက်ထားတာ။

ဒါနဲ့ကြည့်တယ် -

စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍအမျိုးမျိုးကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေးလို့ ပထမနံပါတ် (၁)မှာ ပါပါတယ်။

အရက်ချက်ရမယ်မပါဘူး၊ စိုက်ပျိုးရေးကိုသာအခြေခံထားပြီး ရေရဖို့ ဆည်တွေ ရှိဖို့အခုလိုတည်ဆောက်ဖို့ပဲပါတယ်၊ ဘက်စုံဆိုတဲ့အထဲ ပါသလား တော့မသိဘူး။

ဒုတိယနံပါတ် ဈေးကွက်စီးပွားရေးစနစ် ပီပီပြင်ပြင်ဖြစ်ပေါ်လာရေး ဟုဆိုရာမှာလည်း အရက်နှင့်မဆိုင်ပါဘူး။

တတိယ - "ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးကို ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး" နံပါတ် (၄) မှာတော့ "နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကိုဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏လက်ဝယ်တွင်ရှိရေး" ဟုဆိုရာ အလွန် အားရစရာကောင်းပါတယ်။ အလွန်ချစ်စရာကောင်းတဲ့ ဉူးတည်ချက် စာတမ်း များဖြစ်ပါတယ်။ စီးပွားရေးကိုစွဖန်တီးနိုင်၊ ခြယ်လှယ်နိုင်၊ ကိုင်တွယ်နိုင်တဲ့ စွမ်းအား ကိုယ့်မှာရှိနေရမယ်လို့ ညွှန်းဆိုထားပါတယ်။ နိုင်ငံတော်က မကိုင်တွယ်တဲ့အခါ မြန်မာလူမျိုးကြီးများဖြစ်တဲ့ ကချင်၊ ချင်း၊ ကရင်၊ ကယား၊ ရှမ်း၊ ပလောင်၊ ထားဝယ်၊ ရခိုင်တို့ကိုဆိုတာနဲ့တူပါတယ်။ သူတို့လက်ထဲမှာ စီးပွားရေးရှိရမယ်လို့ ဆိုလိုရိပ်ရှိပါတယ်။

စီးပွားရေးကို ဆရာတော်တို့ (ငါတို့) နားလည်လို့ပြောနေတာ မဟုတ်ပါဘူး။ အရက်ချက်၊ အရက်ရောင်းကိစ္စ၊ စီးပွားရေးဉူးတည်ချက် (၄) ရပ်ထဲပါနေသလားလို့ ရှောက်ကြည့်တာပါ။ ဒီအရက်ကိုဆရာတော်တို့၊ ဘုန်းကြီး တို့က စကားရှာပြီးပြောနေတာ မဟုတ်ပါဘူး။ ဗုဒ္ဓဘုရားကိုယ်တိုင် သိင်္ဂါလောဝါဒ သုတ္တန်မှာဟောထားတာ၊ ဆရာတော် ဉူးဗုဒ်တို့ သင်္ဂဇာဆရာတော်ကြီးများက လက်ာစီပြီးဆုံးမထားတာရှိပါတယ်။

**ဥစ္စာယုတ်ခြင်း ငြင်းခုံများစွာ**
**ရောဂါထူပြော ကျော်စောမဲ့တုံ**
**မလုံအင်္ဂါ ပညာနည်းရှား**
**ဤခြောက်ပါးကား သောက်စားသေစာ အပြစ်တည်း။**

**သေစာသောက်စား လမ်းသွားခါမှဲ့**
**ရှုငဲ့သဘင် ပျော်ရွှင်အံ့လောင်း**
**မကောင်းမိတ်ဖျင်း ပျင်းရိခြင်းကား**
**ယိုယွင်းဥစ္စာ ပျက်ကြောင်းတည်း**
**ယိုယွင်းခန္ဓာ ပျက်ကြောင်းတည်း။**

အရက်သောက်ခြင်း၏ အပြစ်၊ အရက်သောက်လို့ဥစ္စာပျက် ဘဝပျက်ပုံ၊ အသက်တိုပုံ စသည်လက်တွေ့ရှုကြည့်ပေတော့ အချိန်မရလို့ အကျယ် မပြောတော့ပါ။ အရက်ရောင်းချမှုလျှော့ပါ၊ အရက်သောက်စားမှုလျှော့ပါလို့ပဲ လူတကာတွေမေတ္တာရပ်ခံလိုရင်း ဖြစ်ပါတယ်။

သင်တန်းကိုယ်တော်လေးတွေ BA MA ဒေါက်တာတွေအောင်ပြီးလျှင် အမျိုးဘာသာ သာသနာပစ်ပယ်မထားပဲ ကြိုးစားပန်းစားဆောင်ရွက်သွားရမှာတွေ ကြိုတင်အသိပေးပြီး - နောက်ဆုံး အားလုံး ဆောင်ရွက်နိုင်ကြပါစေလို့ ပတ္ထနာဆု ပြုလိုက်ကြကုန်ရာသတည်း။

☸ ☸ ☸ ☸ ☸

www.dhammaransi.com



## ရွှေကျင်ဂိုဏ်းသမိုင်း

ပဉ္စမသင်္ဂါယနာတင် ဘဝရှင်မင်းတုန်းမင်းတရားကြီးသည် ဗုဒ္ဓသာသနာတော် စင်ကြယ်သန့်ရှင်းစွာတောက်ပစေလိုသောကြောင့် သက္ကရာဇ် ၁၂၁၇ ခုနှစ်တွင် မိမိ ထုတ်ပြန်ခဲ့သော "သာသနာပြုရာဇာအမိန့်တော်" ခေါ် "ဓမ္မဝိနယပြန်တမ်း"နှင့်အညီ သာသနာပြုနိုင်ရန် ရွှေကျင်ဆရာတော် အရှင်ဇာဂရကို မန္တလေးမြို့တော်သို့ပင့်ဆောင်၍ ဤ "မဟာဓမ္မိကာရာမ ရွှေကျင်တိုက်ကြီး" ကို တင်လှူပူဇော်ခဲ့သည်။

ရွှေကျင်ဆရာတော်သည် ၁၂၂၂ ခုနှစ်တွင် ဤမဟာဓမ္မိကာရာမ ရွှေကျင်တိုက်ကြီးသို့ ကြွရောက်ကာ ဓမ္မဝိနယနှင့်အညီ သာသနာပြုတော်မူသည်။ ဤသို့ဖြင့် ရွှေကျင်ဆရာတော်နှင့် ရွှေကျင်ဆရာတော်၏ဆုံးမသြဝါဒကို ခံယူကျင့်သုံးကြသည့် သံဃာတော်များသည် ရွှေကျင်ဂိုဏ်းဟု ထင်ရှားလာခဲ့သည်။

ထို့ကြောင့် ရွှေကျင်ဆရာတော် ဤမဟာဓမ္မိကာရာမရွှေကျင်တိုက်ကြီးသို့ ကြွရောက်သီတင်းသုံးသည့် ၁၂၂၂ ခုနှစ်ကို ရွှေကျင်ဂိုဏ်းကြီး ပေါ်ထွန်းရာနှစ်အဖြစ် "အင်ကြင်းခက်ကျိုး ရွှေကျင်ဂိုဏ်း"ဟု သမိုင်းမော်ကွန်း ထိုးခဲ့ကြသည်။

မင်းတုန်းမင်းတရားကြီးသည် ရွှေကျင်ဆရာတော်လွတ်လွတ်လပ်လပ် သာသနာပြုနိုင်ရန် သုဓမ္မာသာသနာပိုင်၏သြဇာသက်ရောက်မှု ကင်းလွတ်စေသည့် "ဂဏဝိမုတ် အမိန့်တော်" ကိုထုတ်ပြန်ကာ အထူးအားပေး စောင့်ရှောက်သည့်အပြင် ပိုမိုအင်အား တောင့်တင်းစေရန် မြတောင်တိုက်၊ မင်းကင်းတိုက်၊ ထရံကာတိုက်၊ ရမည်းသင်းတိုက်ဟူသော အရံလေးတိုက်ကိုလည်း တည်ဆောက်လှူဒါန်းတော်မူသည်။

ဓမ္မဝိနယနှင့်အညီနေထိုင်ကျင့်သုံးသော ရွှေကျင်ဆရာတော်နှင့်တပည့်သံဃာတော် များကို ဘုရင်မင်းမြတ်နှင့်တကွ တိုင်းသူပြည်သားများက အထူးလေးစား ကြည်ညိုအားပေးခဲ့ရာ ရွှေကျင်ဂိုဏ်းကြီးသည် မြန်မာနိုင်ငံ တစ်ဝန်းလုံးသာမက သီရိလင်္ကာ (သီဟိုဠ်)နိုင်ငံ အထိပါ ပြန့်နှံ့ထွန်းကားခဲ့သည်။

၁၂၅၅ ခုနှစ်တွင် ရွှေကျင်ဆရာတော်လွန်တော်မူသောအခါ ရာဇဂုရု၊ ရာဇာဓိ ရာဇဂုရု၊ ဘွဲ့တံဆိပ်တော်ရ မဟာဝိသုဒ္ဓါရုံဆရာတော် အရှင်ဝိသုဒ္ဓါစာရကို ရွှေကျင်သာသနာပိုင်အဖြစ် တင်မြှောက်ကြသည်။ မဟာဝိသုဒ္ဓါရုံ

www.dhammaransi.com



ဆရာတော်လက်ထက်တွင် ရွှေကျင်ဂိုဏ်းကြီးသည် ပိုမိုအားကောင်းလာကာ ထိုင်း(ယိုးဒယား)နိုင်ငံထိပါ တိုးတက်ပြန့်ပွားခဲ့သည်။

မဟာဝိသုဒ္ဓါရုံဆရာတော်လွန်တော်မူပြီးနောက် -

ဒီပဲယင်းဆရာတော် အရှင်ဉာဏဝရ (မန္တလေး)၊

ကျုံ့ကစံဆရာတော် အရှင်ဥတ္တမ (ရန်ကုန်)၊

အလုံဆရာတော် အရှင်တိဿ (ခင်မွန်)၊

ချမ်းသာကြီးဆရာတော် အရှင်ဇလိန္ဒ (ရှိမ္မကား)၊

လှုတောကြီးဆရာတော် အရှင်ရာဇိန္ဒ (လှုတောကြီး)၊

ကျိုက်လတ်ဆရာတော် အရှင်ကေလာသ (ကျိုက်လတ်)၊

ကနီဆရာတော် အရှင်ကောသလ္လ (မန္တလေး)၊

အဘိဓဇမဟာရဋ္ဌဂုရု စံကင်းဆရာတော် အရှင်စန္ဒာဘိဝံသ (မန္တလေး)

အဂ္ဂမဟာပဏ္ဍိတ မြောင်းမြဆရာတော် အရှင်ဉာဏာဘိဝံသ (မန္တလေး)

အဂ္ဂမဟာပဏ္ဍိတ ကြေးမြင်ဆရာတော် အရှင်ဇောတယာဘိဝံသ (မန္တလေး)

အဘိဓဇမဟာရဋ္ဌဂုရု ရွှေဟင်္သာဆရာတော် အရှင်ပဏ္ဍိတသိရိ (စစ်ကိုင်း)

အဘိဓဇမဟာရဋ္ဌဂုရု ညောင်ရွှေကန်ကြီးဆရာတော် အရှင်ဝိမလာဘိဝံသ (ညောင်ရွှေ)

အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဝါဆိုဆရာတော် အရှင်အဂ္ဂိယ(မန္တလေး) - တို့သည်

ရွှေကျင်သာသနာပိုင်ဆရာတော်ကြီးများအဖြစ်ဖြင့် ရွှေကျင်ဂိုဏ်း ဥပဒေနှင့်အညီ ရွှေကျင်ဂိုဏ်းကြီး စည်းလုံးမပျက်ဆက်လက်ကြီးပွားအောင် ခေါင်းဆောင်တော်မူခဲ့ကြသည်။

ထိုနည်းအတူ တွဲဘက်ရွှေကျင်သာသနာပိုင် ဆရာတော်ကြီးများသည် လည်း ရွှေကျင် ဂိုဏ်းကြီး ကြီးပွားတိုးတက်အောင်အဘက်ဘက်က ထိန်းသိမ်း စောင့်ရှောက်တော်မူကြသည်။

ရွှေကျင်ဂိုဏ်းဝင်သံဃာတော်များသည် ရွှေကျင်ဂိုဏ်းကြီးအရှည်ခံ၍ တည်တံ့ပြန့်ပွားစေရန် ဝိနည်းပြန်ဌာနများအလိုက် ဝိနည်းစာတော် ပြန်ပွဲကြီး များကျင်းပပြန်ဆိုကာ ဂိုဏ်းချုပ်၊ ဂိုဏ်းအုပ်၊ ဂိုဏ်းထောက်၊ ဝိနည်းမိုရ် ဆရာတော်

www.dhammaransi.com



များက မိမိတို့ဌာနဆိုင်ရာ သာသနာရေးကိစ္စများကို ညှိနှိုင်းဖြေရှင်းဆောင်ရွက်တော်မူကြသည်။

ထို့ပြင် အခါအားလျော်စွာ ရွှေကျင်ဂိုဏ်း ဂိုဏ်းလုံးကျွတ် သံဃာ့အစည်းအဝေးကြီးများ ကျင်းပ၍ ထိုအစည်းအဝေးကြီးများက သာသနာပိုင်၊ တွဲဘက်သာသနာပိုင် ဆရာတော်ကြီးများ ရတ္တညူမဟာနာယက၊ ဂိုဏ်းလုံးဝန်ဆောင်နာယကဆရာတော်များ ကိုရွေးချယ်ခန့်အပ်ခြင်း၊ တစ်ဂိုဏ်းလုံးနှင့်သက်ဆိုင်သည့်အရေးကိစ္စများကို ဆွေးနွေး ဆုံးဖြတ်လမ်းညွှန်ခြင်း စသည်ဖြင့်လည်း ရွှေကျင်ဂိုဏ်းကြီး၏ စည်းလုံးညီညွတ်ရေးကို ထိန်းသိမ်းဆောင်ရွက်တော်မူကြသည်။

ဤသို့ ရွှေကျင်ဂိုဏ်းဝင်သံဃာတော်များ၏ ဂိုဏ်းစည်းမျဉ်းဥပဒေကိုရိုသေလေးစားမှု၊ သာသနာပိုင်ဆရာတော်ဘုရားကြီးများနှင့် မဟာနာယကဆရာတော်ကြီးများ၏ ဆုံးမဩဝါဒကိုလိုက်နာကျင့်သုံးမှု၊ ဂိုဏ်းဝင်သံဃာအချင်းချင်း မေတ္တာသက်ဝင်ချစ်ခင် စည်းလုံးမှုတို့ကြောင့် ခေတ်အမျိုးမျိုးကိုဖြတ်သန်းခဲ့ရသော်လည်း ညှိုးနွမ်းယုတ်လျော့မှုမရှိဘဲ တည်ငြိမ်ခန့်ညားစွာရပ်တည်လျှက်ရှိသည့်အပြင် ထိုင်း၊ သီရိလင်္ကာ၊ အိန္ဒိယ၊ ဂျပန်၊ အမေရိကန်၊ အင်္ဂလန်စသောနိုင်ငံများအထိပါ ပြန့်နှံ့ကြီးပွားလျက်ရှိပါသတည်း။

- ဤရွှေကျင်ဂိုဏ်း သမိုင်းအကျဉ်းချုပ်ကို ဖတ်ရှုနာယူကြရာတွင် ရွှေကျင်ဂိုဏ်းအပေါ် ပီတိသောမနဿ ကုသိုလ်တိုးပွားနိုင်ကြပါစေကုန်သတည်း။
- ရွှေကျင်ဂိုဏ်းဝင် သံဃာကြီးငယ်တို့၏ပရိယတ်နှင့် ပဋိပတ်ကုသိုလ် အဖို့ဘာဂကို အမျှရကြပါစေကုန်သတည်း။

နတ်လူသာခုခေါ်နိုင်ကြစေကုန်သတည်း . . . ။

❁ ❁ ❁ ❁ ❁

www.dhammaransi.com



## မော်ဘီမင်္ဂလာတိုက် ဆရာတော်ဦးသုမင်္ဂလသို့ သတ္တုပ္ပါဒန ပြဿဝါဒကထာ

တစ်ရက်သောနေ့က မော်ဘီမင်္ဂလာတိုက် ဆရာတော်ဦးသုမင်္ဂလနှင့် တွံတေး အရှင်ကုဏ္ဍကဆရာတော်တို့နှစ်ပါးလာရောက်၍ ပြဿဝါဒစကား ရေးပေးရန် လျှောက်ထားပန်ကြား၏။

ဤအကြိမ် မန္တလေးငါးမြို့နယ် စာချဆရာတော်ကြီးများနှင့် အရွယ်ကောင်းသော စာချဆရာတော်များအား ဓမ္မကထိကအဖွဲ့အနေဖြင့် ပစ္စည်းဝတ္ထုအစုစုတို့ကို လှူဒါန်းလျက် ပူဇော်သည့်ပွဲကျင်းပပါမည်ဘုရား -

ပထမဦးဆုံး မော်ဘီမြို့၌ကျင်းပခဲ့သောပွဲသည် ထေရ်ကြီးဝါကြီးများထံမှ အဆုံးအမသွန်သင်ဟောပြသောပြဿဝါဒကိုခံယူသည့် ကန်တော့ပူဇော်ပွဲဖြစ်ပါသည်။

ဦးသုမင်္ဂလတို့၏ ဓမ္မကထိကအဖွဲ့သည် ပရိယတ္တိနယ်ပယ်က စာချစာသင် အရှင်မြတ်များနှင့် အမြဲဆက်စပ်ထိတွေ့လိုသော ဆန္ဒရှိနေပုံရပါသည်။

သံသရာလည်သည်ဆိုသည်မှာ ခန္ဓာငါးပါး၊ ရုပ်နာမ်တရားတို့ တရစပ်မပြတ် လည်နေသောကြောင့် သံသရာခေါ်သည်ဟုသိနိုင်ပါသည်။

**ခန္ဓာနဉ္စ ပဋိပါတိ၊ ဓာတု အာယတနာ န စ၊**

**အဗ္ဗောစ္ဆိန္နာ ဝတ္တမာနာ၊ သံသာရောတိ ပဝုစ္စတိ။**

ဒေသနာပါဠိရှိသည်ကိုသိပြီးဖြစ်နေကြပါသည်။ ဒီဘဝက စုတိကိစ္စတပ်ခြင်း၊ သေခြင်းဆိုရာမှာလည်း ဘဝသစ်၌အေးအေးဆေးဆေးနေဖို့ရာ သေရတာမဟုတ်ပါ။ ခန္ဓာငါပါးဆက်လက်၍ လှုပ်ရှားဖြစ်ပေါ်နေဖို့ သေရခြင်းဖြစ်သည်ဟုဆိုလျှင်မှားအံ့ မထင်ပါ။ ခန္ဓာငါးပါး အဟောင်းအသစ်ပြောင်းပြီး သံသရာလည်နေခြင်းသာဖြစ်ပါသည်။

ပထမရွှေကျင်ဆရာတော်ဘုရားကြီး၏ ဆုံးမစာထေရ ဘာသိတ ဂါထာကို ဤပွဲ တွင်ဓမ္မလက်ဆောင်ဝေငှလိုပါသည်။

ဓမ္မကထိကများသင့်တော်သလို အလိုရှိသောအကွက်အချက်၌ အသုံးပြုတော်မူ စေလိုပါသည်။

www.dhammaransi.com



## ယထာဏ္ဏဝမှိ ဒါရူနိ၊ မိလိတွာန ဝိဂစ္ဆရေ၊
## တထာ သတ္တာပိသံသာရေ၊ မိလိတွာန ဝိဂစ္ဆရေ။

ဤစာရေးသူ သာမဏေကိုရင်ဘဝက ယပ်လှဲစာအုပ်တစ်အုပ်၌ ပထမရွှေကျင် ဆရာတော်ကြီး၏ဩဝါဒကထာဟူသော မှတ်ချက်ဖြင့် ဖော်ထုတ်ထားသည်ကိုတွေ့ရ၍ အရ ကျက်ပြီး တရားပွဲများတွင်ဟောကြားခဲ့ပါသည်။

သတ္တဝါမှန်သမျှ ဓမ္မကထိကမက၊ အင်္ဂမဟာပဏ္ဍိတမတ၊ သဒ္ဓမ္မဇောတိကဓဇ အားလုံးသံသရာကြီးထဲမှာလည်နေသော သတ္တဝါတွေဖြစ်ပါသည်။ ထိုသတ္တဝါတို့ အားလုံးကို ကံတရားကစီမံနေပါသည်။

ယခုဓမ္မကထိကအဖွဲ့အချင်းချင်း ဓမ္မာစရိယအဖွဲ့အချင်းချင်း ကံကစီမံပေးနေသဖြင့် တွေ့ဆုံနေရသော်လည်း ကံကြောင့်ပဲ မကြာခင် ကွဲကွာခွဲခွာကြရပါမည်။

၁။ ပင်လယ်သမုဒ္ဒရာမြစ်ဧရာသည် သံသရာနှင့်တူ၏။

၂။ မြစ်ထဲမှာမျောပါနေသော တုံး၊ တိုင်၊ သစ်ဝါး ထင်းချောင်း၊ ဒုတ်ချောင်း ကလေးများသည် သတ္တဝါနှင့်တူ၏။

၃။ လေဆိုး၊ လေကြမ်း၊ လေသရမ်းတို့သည် ကံနှင့်တူ၏။

ဤ ဥပမာန ဥပမေယျတို့ကို အတိုချုပ်မှတ်သား၍ ငယ်ငယ်က ရခဲ့သောအနက် ကိုပါဝေငှပါမည်။

အဏ္ဏဝမှိ - ငါးဆင် ငါးမန်း လေလှိုင်းကြမ်းနှင့် ဘေးဘျမ်း အန္တရာယ်ကြောက်ဖွယ်လန့်ဖွယ် သမုဒ္ဒရာမြစ်ပင်လယ်ကြီးထဲ၌၊ ဒါရူနိ - တုံး တိုင် သစ်ဝါး ထင်းချောင်း ဒုတ်ချောင်းကလေးများတို့သည်၊ ဝါတေန - ရှေ့နောက် ဝဲယာတိုက်ခတ်လာသည့် မဟာလေကြမ်း လေသရမ်းကြောင့်၊ မိလိတွာန - တစ်ခုနှင့်တစ်ခု ပေါင်းစုဆုံဆည်းတွဲမိ ကြကုန်ပြီး၍၊ ဝါတေနေဝ - ရှေ့နောက် ဝဲယာတိုက်ခတ်လာသည့် မဟာလေကြမ်း လေသရမ်းကြောင့်သာလျှင်၊ ဝိဂစ္ဆရေယထာ - မြုပ်တုံပေါ်တုံ နိမ့်မြင့်တုံနှင့် ဦးခုံနောက် ပြန်ရောက်ယက်ဆန် ကစဥ့်ကရဲ တကွဲတခြား ဖြစ်သွားကြရလေကုန်သကဲ့သို့၊ တထာ - ထိုပင်လယ်အတွင်း ထင်း တုံး သစ် ဝါး မခြားတူစွာ အလားသာလျှင်၊ သံသာရေ - လှိုင်းသံ ရေ လေ မကပွေ့၍ ဘေးတွေ ဒုက္ခ ပေါများလှသည့် အစမထင် မြစ်ပြင် ကျယ်မောသံသရာရေလျှင်ကျော၌၊ သတ္တာပိ - နစ်မွန်းမျောပါး ဒုက္ခိတ သတ္တဝါအများ

www.dhammaransi.com



ခရီးသွားတို့ သည်လည်း၊ ဓမ္မေန - ပုညာပုည သဟာယဟု ပြုကြစု ပေါင်းကံ အကြောင်းကြောင့်၊ မိလိတ္တာန - လင်နှင့်မယား သမီး သားက ဆက်ပွားဆွေညာ မိတ်သဟာဟု ထွေရာရောယှက် ပေါင်းဖက်ဆုံဆည်း တွဲမိကြကုန်ပြီး၍၊ ကမ္မေနေ၀ - ကွဲဖို့အကြောင်း မကောင်းကံကြောင့် သာလျှင်၊ ဝိဂစ္ဆရေ - မြုပ်တုံ ပေါ်တုံ နိမ့်မြင့်တုံနှင့် ထက်ဘုံအောက် ထပ်ရောက်ရက်ခတ် ကစဉ့်ကရဲ တကွဲ တခြားဖြစ်သွားကြရလေကုန်သတည်း။

ဓမ္မကထိက အရှင်မြတ်တို့ဘုရား -

ဤပါဠိဂါထာအရ **အသင်္ခတဓမ္မ** နိဗ္ဗာနဓာတ်မဆိုက်ရောက်သေးသမျှ **သင်္ခတဓမ္မ** ကံစိတ် ဥတုအာဟာရတည်းဟူသော အကြောင်းတရားလေးပါး တို့ပြုပြင်ရာ သံသရာပင်လယ်မှာ မျောပါနေရပါတကားဟူ၍လည်းကောင်း၊ ကံတရားအတိုင်း မြင့်တုံနိမ့်တုံ အောက်ဘုံ အထက်ဘုံအစုန်အဆန် ကျင်လည် နေကြပါတကားဟူ၍လည်းကောင်း၊ **သတုပ္ပါဒန** သတိရဖွယ်၊ သတိပြုဖွယ် အရေးတကြီးဆင်ခြင်သင့်ပါကြောင်းလျှောက်ထား ရေးသားအပ်ပါသတည်း။

❁ ❁ ❁ ❁ ❁

www.dhammaransi.com



# အင်းစိန်ရွာမ ပရိယတ္တိစာသင်တိုက် အားပေးစကားပြောကြားခြင်း

ရွာမဆရာတော် ဦးတိလောကာဘိဝံသကိုယ်တိုင် မှတ်သင့်မှတ်ရာ စာအုပ် ထုတ်ဝေ မည်ဟုစိတ်ကူးထားကြပါသည်။

ထိုစာအုပ်၌ဆရာတော်၏ ဩဝါဒအဆုံးအမတို့ပါစေချင်ပါတယ်ဟု မန္တလေးမြို့ အနီးအနားအရောက်လာ၍လျှောက်၏။ နှစ်(၄၀)ကျော် အထိမ်းအမှတ်စာစောင် ထုတ်ဆောင်စုပေါင်းရေးသားကြမှာပါ။ ဆရာတော်၏ စကားမိန့်မြွက်ချက်ကိုပါထည့်သွင်း လိုပါတယ်ဟုလျှောက်၏။

ဩဝါဒဆိုသည်မှာ စာသင်တိုက်သံဃာများအစ သာသနာ့ဝင် သံဃာတော်များ ဦးဇင်း၊ ကိုရင်များဘယ်လိုသွား ဘယ်လိုနေ၊ ဘယ်လိုထိုင် စသည် ပြောစရာတွေ ပြောခြင်းကို ဩဝါဒ ပေးသည်ဟု သိနေကြပါသည်။

ယခု ဤစာအုပ်၌ ဤကျောင်းတိုက်သံဃာတော်များအား ဘယ်လိုသွား၊ ဘယ်လိုနေ၊ ဘယ်လိုထိုင်၊ ဘယ်လိုလုပ်စသည်ပြောစရာ၊ ဆုံးမစရာ၊ သတိပေးစရာ ဘာမျှမလိုတော့ဟု ထင်နေ၏။

ဆွမ်းခံ၊ ဘုရားဝတ်တက်၊ စာအံ၊ စာတက်စာမေးပွဲများ ဖြေဆိုခြင်းက စပြီး စနစ်ကောင်း၊ မူကောင်းတာတွေသက်သေပြပြီး အကောင်အထည် ပေါ်နေပြီးဖြစ်သော ကြောင့်ထုံးစံပြောနေကြ ဩဝါဒမလိုတော့ဟု ဆိုခဲ့ရပါသည်။

အားပေးစကားကိုသာ ပြောလိုပါသည်. . .

ဤဆောင်ပုဒ်စာတမ်းလေးကို စာသင်သားတိုင်းအရကျက် မှတ်သားစေလိုပါသည်။ မိမိမှတ်စုစာအုပ်တွင် ရေးသားထားစေလိုပါသည်။ ဤမျှလောက်သော အားပေးစကားကိုသာ ပြောတတ်၊ ရေးတတ်ပါသည်၊ စာရေးဆရာမဟုတ်၍ အကျယ်ပွားမရေးတတ်ပါ။

သို့ရာတွင် အထက်တန်းသုတေသီတို့အတွက် အနည်းငယ် ရေးသားချင်တာကတော့ ရွာမစာသင်တိုက် အဘယ့်ကြောင့် စည်ပင်နေရပါသနည်းဟူသော အမေးပြဿနာကို တိုတိုတုတ်တုတ်ဖြေကြားရသော်. . .

ဘုရားအဆုံးအမ ဒေသနာအဆုံးအမအရ အညမည သဂါရဝ သပ္ပတိဿ သဘာဂ ဝုတ္တိဖြင့် နေထိုင်ကြသောကြောင့်ဟုဆိုလျှင် ရှေ့ဆက်ရေးစရာမလိုပါ။

www.dhammaransi.com



ဝိနည်းမဟာဝါပါဠိ၌ **ဥပဇ္ဈာ ယော ဘိက္ခဝေ သဒ္ဓိဝိဟာရိကမှိ ပုတ္တစိတ္တံ ဥပဋ္ဌပေဿတိ၊ သဒ္ဓိဝိဟာရိကော ဥပဇ္ဈာယမှိ ပိတု စိတ္တံ ဥပဋ္ဌပေဿတိ** စသည်စာရှုသူတို့ သိပြီးအတိုင်းဆရာနှင့်တပည့်အချင်းချင်း ဂါရဝဖြင့်နေရင် **ဝုဒ္ဓိ ဝိရုဠှိ** အကျိုးခံစားရမည် မှာသေချာပါသည်။

ဒေသနာ၌ **ဝုဒ္ဓိံ ဝိရုဠှိံ ဝေပုလ္လံ အာပဇ္ဇိဿတိ** ဟုတိုက်ရိုက်ဟောထားပါသည်။ စာရှုသူတို့အားလုံး **ဝုဒ္ဓိံ ဝိရုဠှိံ ဝေပုလ္လံ** (၃) မျိုး၏ထားခြားချက်ကို ကျေးဇူးရှင် အဂ္ဂမဟာ ပဏ္ဍိတစည်ရှင်ဆရာတော်၏ ဝိသုဒ္ဓါရုံရှင်ကျင့်ဝတ်၌ ဖော်ပြထားသည်ကို ဤနေရာ၌ ထုတ်ဖော်သင့်သည်ဟု ထင်မြင်သောကြောင့် ဆက်လက်ဖော်ပြပါမည်။ စာရှုသူတို့ မှတ်သားစေလိုပါသည်။

| | |
|---|---|
| **ဝုဒ္ဓိံ** | - ညွန့်ဖူး ခေါင်ဖျားကြီးပွားခြင်းသို့ |
| **ဝိရုဠှိံ** | - အမြစ်သက်ဆင်း စည်ပင်ခြင်းသို့ |
| **ဝေပုလ္လံ** | - ပင်စည်ခက်ကိုင်းထွားကျိုင်းပြန့်ပြောခြင်းသို့ |
| **အာပဇ္ဇိဿတိ** | - ရောက်ပါလိမ့်မည်။ |

စည်ရှင်ဆရာတော်ဘုရားကြီးက သာသနာတော်၌ ဤပါဠိတော် (၃) ပုဒ်ဖြင့် အချက်ပြသွန်သင်ထားသည်ကို သတိထားကြရမည် အင်္ဂုတ္တိုရ်ဋီကာ၌ ဤပါဠိအဖွင့်ကို တို့တွေ့ဖူးသည်။

ထို့ကြောင့် ဒီအနက်ကိုတို့ရေးသားသည်ဟု မိန့်ဆိုခဲ့ဖူးသည်။

စည်ရှင်ဆရာတော်က ဆက်လက်၍ ဉူးဇင်းကိုရင်များအတွက် အသဲစွဲအောင် ရေးသားထားသောစာပန်းချီတို့ကိုလည်း ဆက်လက်မှတ်သား စေလိုသည်မှာ -

| | |
|---|---|
| **ဝုဒ္ဓိံ** | - အထက်တန်းစားထေရ်ကြီးများနှင့် စိတ်ထားရောယှက် မြင့်တက် ကြီးပွားခြင်းသို့ |
| **ဝိရုဠှိံ** | - လက်အောက်ငယ်သား တပည့်များနှင့် စိတ်ထားရောယှက် ဆင်းသက် စည်ပင်ခြင်းသို့ |
| **ဝေပုလ္လံ** | - ရွယ်တူတန်းစားမိတ်ဆွေများနှင့် စိတ်ထားလိုက်လျော ပြန့်ပြောခြင်းသို့ |
| **အာပဇ္ဇိဿတိ** | - ရောက်ပါလိမ့်မည်။ |

www.dhammaransi.com



ဟူသော ကြီးပွားရေး၊ စည်ပင်ရေး၊ ပြန့်ပြောရေးကိစ္စများအတွက် ရှာမစာသင်တိုက် တက်လူများ သက်ရွယ်ကြီးသက်ရွယ်ငယ်အခြေပြုကိုရင် အတန်းတူ အရွယ်တူ ဦးဇင်းကိုရင်များနှင့် စိတ်ထားပုံမှန်ရှိနေစေခြင်း၊ စိတ်သဘောထားမှန်ကန်ခြင်းဖြစ်စေလျက်နေထိုင်ကြရမည်။

ကိုယ့်ထက်ကြီးသူရိုသေ၊ ကိုယ့်အောက်ငယ်သူသနား၊ ကိုယ်နှင့်တန်းတူ ချီးမြှောက်ဟူသော ရှေးဆရာတော်ကြီးများ၏ ဆုံးမသြဝါဒနှင့်အညီ ထပ်တူဆုံးမထားသည်ကို သိရှိ နားလည်၍ လိုက်နာကျင့်သုံးဆောင်ရွက်စေလိုကြောင်း အားပေးစကား ပြောကြားအပ်ပါသတည်း။

☸ ☸ ☸ ☸ ☸

www.dhammaransi.com



## အင်းစိန်ရွာမပရိယတ္တိစာသင်တိုက်သို့
## ဥယျောဇနကထာ

ရန်ကုန်၊ အင်းစိန်ရွာမပရိယတ္တိစာသင်တိုက်ကြီးကို အာဇာနည် အရှင်မြတ် စာတတ်ဆရာတော်(၂)ပါး မြန်မာနှစ် ၁၃၃၁ ခုနှစ်ဆီက စာသင် တိုက်ကြီး(၁)တိုက်အနေဖြင့် ရွက်ဆောင်ကာ စာချ/စာပြ စည်းကမ်းချ/ နည်း လမ်းပြ ဆောင်ရွက်နေကြသည်ဟုကြားသိခဲ့ရပါသည်။

ထိုစဉ် မိမိခံစားချက်ကို အတိအလင်းထုတ်ဖော်ပြရလျှင် တကယ် ဝမ်းသာ အားတက်ပါသည်။ ပရိယတ္တိစာသင်တိုက်ဟူသည် သာသနာတော် အတွက်အားကိုးရ သောသာသနာ့ ခံတပ်ကြီး မဟုတ်ပါလော -

ယင်းတည်ထောင်သောဆရာတော်များကို မသိကျွမ်းသေးသော်လည်း တွေ့ကြုံသည့်အခါ သာသနာ့ခံတပ်ကြီးခိုင်မာကျစ်လျစ်အောင် အားပေးစကား ပြောကြားမည်ဟု စိတ်ကူးထားပါသည်။ အလွန်ဝမ်းသာအားရ၍ ကုသိုလ်သော မနဿဝေဒနာခံစားရပါသည်။

အင်းစိန်နယ်ဒေသသည် ရန်ကုန်မြောက်ပိုင်းဖြစ်၍ အလွန်ကျယ်ဝန်း သော ခရိုင်မြို့နယ်ကြီးတွင် စာသင်တိုက်တစ်တိုက်လိုအပ်နေသောကြောင့် ဖြစ်ပါသည်။

လိုအပ်သောနေရာ၌ လိုအပ်သောစာသင်တိုက်ကြီး ပေါ်ပေါက်လာခဲ့ သောကြောင့် စာသင်သားသံဃာတော် တိုးတက်မြင့်မားလာမှု စာမေးပွဲ အောင်မြင်မှုတို့က တစ်နှစ်ထက် တစ်နှစ်ကျက်သရေဆောင်ဖော်ပြနေရာမှ သမိုင်းဝင်စာသင်တိုက်ကြီး ဖြစ်ပေါ်လာသည်ကို တွေ့ရပါတော့သည်။

မကြာမီ (၁၇)နှစ်ခန့်ကြာကာလတွင် ဘဒ္ဒန္တတိလောကာဘိဝံသ ကမ္ဘာ အေး ပရိယတ္တိသာသနာ့တက္ကသိုလ် နည်းပြဆရာအဖြစ် ကထိကဆရာအဖြစ် ရောက်လာလျက် မိမိကလည်းနိုင်ငံတော်သံဃမဟာနာယကတာဝန်ဖြင့် ကမ္ဘာ အေးဇမ္ဗူဒီပကျောင်းဆောင်၌ နေခဲ့ရလေရာ ရွာမဘုန်းကြီးနှင့် မကြာခဏ တွေ့တိုင်းတွေ့တိုင်း၊ ရွာမစာသင်တိုက်အတွက် ဉာဏ်ရှိသမျှအကြံပေးခဲ့ခြင်း၊ အားပေးစကားပြောကြားခဲ့ခြင်းများပြုလုပ်ခဲ့ပါသည်။

www.dhammaransi.com



ယခုအခါ ပြောရင်းဆိုရင်းဖြင့် နှစ်(၄၀) တင်းတင်းဆိုက်ရောက်လာခဲ့ရာ ဥုးတိလောကာဘိဝံသသည် နိုင်ငံတော်သံဃမဟာနာယက တွဲဖက်အကျိုးတော်ဆောင်က တစ်မျိုး၊ ကျောင်းတိုက်အုပ်ချုပ်ရေးကိစ္စ၊ ဝေယျာဝစ္စတာဝန်က တစ်ဖက်၊ အနယ်နယ် အရပ်ရပ် စာသင်သားများအား ဩဝါဒမိုက်ကျမ်းနှင့် ဩဝါဒပဌာန်းကျမ်းပို့ချပေးရခြင်းက တစ်ဖုံ၊ ဘက်စုံအလုပ်ကိစ္စတွေများပြားနေသည်ကိုသိရ၏။

ကျောင်းတိုက်နှစ် (၄၀) မင်္ဂလာထုတ်ဝေရေးကိစ္စ ကြုံကြိုက်လာပြန်ရာ ဥုးတိလောကာဘိဝံသ တော်တော်များများအလုပ်တာဝန်တွေ ပိဖို့နေသည်မှာ မလွဲပေ။

သာသနာရေးရာကိစ္စဖြစ်၍ ဒီတာဝန်မျိုးကို ဒီလိုပုဂ္ဂိုလ်များက မကြောက်ပါဘူး ဟုပြောရပါလိမ့်မည်။

အကြောင်းကား ရွာမစာသင်တိုက်၌စာချနာယကတောင့်တင်းပါတယ်။ စာချ ဂဏဝါစကတို့ပြည့်စုံပါတယ်ဟုသိရပါတယ်။ ဒီ နှစ်(၄၀)ပြည့် မင်္ဂလာစာစောင် ထုတ်ဝေရေးကိစ္စကလည်း ပေါ်ပေါက်လာပြန်ရာ သူများတွေဒီလို (၂၅) နှစ် စာစောင် (၃၀)နှစ်စာစောင် (၄၀)နှစ်စာစောင် စသည် ထုတ်ဝေနေကြတာတွေအားကျလုပ်ရမှာပေါ့. . .

- သူများလုပ်တော့လုပ်တယ်
- သူများတွေလုပ်တော့ ကိုယ်လည်းလုပ်ရမှာပဲ

စသည် ဒီလိုအတွေးအခေါ်စိတ်ထဲရောက်လာသော်လည်း **"ကျွန်ုပ်တို့သည် ဘုရားကအစ သဗ္ဗပဏ္ဍိတာ အရိယာ သူတော်ကောင်းကြီးများ ဖြစ်ကြသော အရှင် မဟာကဿပအရှင်ဥပါလိ စတဲ့ အရဟန္တပုဂ္ဂိုလ်များကို ဒီလို မင်္ဂလာစာစောင်ဖြင့် ပူဇော်ပါသည်ဆိုသော အဓိဋ္ဌာန်ချက်ကို ထိပ်တက်ပန်ဆင်ကာထုတ်ဝေခြင်းဖြစ်ပါသည်"** ဟု နှလုံးကြပ်ကြပ်ထားစေလိုပါသည်။ ပူဇော်ပွဲတစ်ရပ်အနေဖြင့် ဆောင်ရွက်ကြစေလိုပါသည်။

ဤမင်္ဂလာထုတ်ဝေ၍ပြုလုပ်မည့်ပွဲကြီးသည် **"နှစ်(၄၀)ပြည့် အထိမ်းအမှတ် သာသနာပြုပူဇော်ပွဲကြီး"**ဟူသော ကြော်ငြာအက္ခရာစာလုံးကြီးများ တင်သထိုးသင့်သည်ဟု ထင်မြင်ပါသည်။ ဘာရတု၊ ညာရတု စသော နိုင်ငံခြားအသုံးအနှုန်းများ ရွာမစာသင်တိုက်က လက်မခံသင့်ဟု ထင်ပါသည်။

www.dhammaransi.com



သို့အတွက် ပရိတ်ကြီးပါဠိတော်နိဒါနကထာ၌လာရှိသော သာသနေရတာပါဌ်အရ

(က) လက်ရှိ ရွာမစာသင်တိုက် သံဃာတော်အားလုံး

(ခ) ရွာမဝံသပါလကပြင်ပရောက် သံဃာတော်အားလုံးတို့သည် -

သာသနာ့စိတ်ရှိကြပါ ရွာမစာသင်တိုက်စိတ်ရှိကြပါ။ ပရိယတ္တိသာသနာတော်၏ ခံတပ်သဖွယ်ဖြစ်သော ကျောင်းတိုက်ကြီး လျှော့ကျမသွားစေရေး အားပေးလိုသောအား ဖြင့်ဥယျောဇနကထာ ရေးသားပါသတည်း

**သဗ္ဗေသု စက္ကဝါဠေသု၊ ယက္ခာ ဒေဝါစ ဗြဟ္မုနော။**

**ယံ အမှေဟိ ကတံ ပုညံ၊ သဗ္ဗသမ္ပတ္တိ သာဓကံ။**

**သဗ္ဗေတံ အနုမောဒိတွာ၊ သမဂ္ဂါ သာသနေရတာ။**

**ပမာဒ ရဟိတာ ဟောန္တု၊ အာရက္ခာသု ဝိသေသတော။**

(ပရိတ်ကြီးပါဠိတော်)

☸ ☸ ☸ ☸ ☸

www.dhammaransi.com



## ရွှေကျင်နိကာယ နှစ်(၁၅၀)ပြည့်ပွဲသို့
## သန္ဒေသကထာ

**- ဆေးဆရာသည် လူနာနှင့်ပြိုင်၍ အသက်မထွက်ကောင်း။**
**- သူကောင်းသည် သူရူးနှင့်ပြိုင်၍ အဝတ်မလစ်ကောင်း။**
**- သူတော်ကောင်းသည် သူယုတ်မာနှင့်ပြိုင်၍ ဒေါသမထွက်ကောင်း။**

ဤစကားပုံဩဝါဒတို့သည် ပထမရွှေကျင်ဆရာတော်ဘုရားကြီး၏ ဩဝါဒစကား ဖြစ်ပါသည်။ ဆေးကုသသောဆေးဆရာ (ဆရာဝန်)သည် မိမိတာဝန်ယူကုသခဲ့သော ဂိလာနလူနာ၏ အာယုက္ခယသက်တမ်းကုန်လို့ သေရခြင်း၊ ကမ္မက္ခယ ကံကုန်လို့သေရခြင်းစသော လောကသဘာဝ ဖြစ်ရပ်မှန်တို့ကိုသိသော်လည်း မိမိ၏လုပ်ငန်းသဘာဝ အသက်မသေအောင် ကြိုးစားကုသနေရာမှ လောကသဘာဝမရဏနိုင်ငံသို့ လိုက်ပါကြရသော လူနာများစွာ တွေ့ကြုံရတတ်၏။

ထိုအခါ ဆေးဆရာသည် ဥပေက္ခာပြုလျစ်လျူရှုကာ မိမိလုပ်ငန်းများကိုသာ လုပ်ကိုင်လျက် ဣန္ဒြေမပျက်နေကြရမည်သာဖြစ်၏။ သေသောလူနာကို ပြန်လည် အောက်မေ့ကာ စိတ်မညစ်ရ စိတ်ခတ်မကျရဆိုသော သဘောတရားကို နားလည်စေချင်လို့ ဩဝါဒပေးခဲ့သည်ဟု မှတ်ယူရ၏။

အလွန်ထိမိသော ဆုံးမစာဖြစ်၏။ ဖော်ပြခဲ့သောဆုံးမစာ (၃) ပုဒ်တွင် ကျန်(၂)ပုဒ်သည်လည်း အဓိပ္ပါယ်ပေါ်လွင်ပြီးဖြစ်၍ အထူးမပြောလိုပေ။ စာရှုသူတို့ နှလုံးသွင်း ဆင်ခြင်ဖို့ကိုသာ သတိပေးလိုက်ရပေ၏။

ရွှေကျင်သာသနာ နှစ်(၁၅၀) သတိတရအထိမ်းအမှတ်ပူဇော်ပွဲကို ဆင်ယင်ကျင်းပ၍ ဆရာတော်ကြီးရေးသားခဲ့သော စာပေကျမ်းဂန်များ ပြန်လည်ဖော်ထုတ်လျက် အချို့တိမ်မြုပ် နေသည်ကိုရှာဖွေလျက် ဖြန့်ဖြူးပူဇော်နေကြရာ ထိုစကားပုံဩဝါဒတို့လည်း သိဿကောဝါဒ စကားပုံကျမ်းအဖြစ် ပြန်လည်ရိုက်နှိပ်ကြသဖြင့် ပြန်လည် ဖတ်ရှုကြရပါသည်။

စာအုပ်အမည်မှာ "ပထမရွှေကျင်ဆရာတော်ကြီး သိဿကောဝါဒ စကားပုံနှင့် ဩဝါဒကထာများဟူ၍ ထုတ်ဝေထားပါသည်။ နှစ်(၁၅၀)အထိမ်းအမှတ်ပွဲသဘင် မကျင်းပခင်ဖြန့်ဝေရောင်းချနေကြသည်ဟုသိရ၏။

www.dhammaransi.com



ယခုနှစ် (၁၅၀) ပွဲကြီးသည် ထိုပထမ ရွှေကျင်ဆရာတော်ဘုရားကြီး တည်ထောင် ခဲ့သော ရွှေကျင်ဂိုဏ်းကြီး၏သက်တမ်းဖြစ်၏။ မြန်မာနှစ် ၁၂၂၂ ခုနှစ်တွင် မန္တလေးတောင် မြောက်ဘက် ရွှေကျင်တိုက် (၅)တိုက်ကို ပဥ္စမသင်္ဂါယနာတင် ဘဝရှင် မင်းတုန်းမင်းတရားကြီးကိုယ်တိုင် ဖွင့်လှစ်ပေးခဲ့သောရွှေကျင် (၅) တိုက်ဖြစ်၏။ ပထမ ရွှေကျင်ဆရာတော်ဘုရားကြီးသည် ပထမဦးဆုံးနံပါတ် (၁) သာသနာပိုင်ဖြစ်၏။

ထို့နောက် ဒုတိယရွှေကျင်သာသနာပိုင် ပထမ မဟာဝိသုဒ္ဓါရုံ ဆရာတော်ဖြစ်၏။ ထို့နောက် တတိယရွှေကျင်သာသနာပိုင် ဒီပဲယင်း ဆရာတော်ဖြစ်၏။

(တတိယသာသနာပိုင် ပူးတွဲတင်မြှောက်ခံရသော ရန်ကုန်ကျိုက္ကစံ ဆရာတော်ကိုလည်း တတိယသာသနာပိုင်အဖြစ် ပူဇော်ကြရ၏။)

စတုတ္ထအလုံဆရာတော် -
ပဥ္စမရှိမ္ဗကားဆရာတော် -
ဆဋ္ဌလှတောကြီးဆရာတော် -
သတ္တမကျိုက်လတ်ဆရာတော် -
အဋ္ဌမ ဝိသုဒ္ဓါရုံကနီဆရာတော် -
နဝမစံကင်းဆရာတော် -
ဒသမမြောင်းမြဆရာတော် -
ဧကာဒသမ ဝိသုဒ္ဓါရာမကြေးမြင်ဆရာတော် -
ဒွါဒသမ ရွှေဟင်္သာဆရာတော် -
တေရသမ ညောင်ရွှေဆရာတော် -
စုဒ္ဒသမ ဝါဆိုဆရာတော်အထိ နှစ် (၁၅၀) အတွင်း သာသနာပိုင် (၁၄)ပါး ပေါ်ထွက်ခဲ့၏။

ယင်းအားလုံးသောအကြောင်းအရာတို့သည် ပထမရွှေကျင် ဆရာတော်ကြီးနှင့် ဆက်စပ်သောအကြောင်းအရာတို့ချည်းသာဖြစ်၏။

သို့အတွက် ပထမရွှေကျင်ဆရာတော်ဘုရားကြီး၏ ရေးသားဆုံးမ ခဲ့သော ကျမ်းစာ အသီးသီးကို အဆက်မပြတ်အောင် ဖော်ထုတ်နေကြရ၏။

ရွှေကျင်ဆရာတော်ဘုရားကြီး၏ သာသနာပြုလုပ်ငန်းစဉ်တို့ကို ပေါ်လွင်စေကြရ၏။ ပထမရွှေကျင်ဆရာတော်ဘုရားကြီး၏ မကုန်မခမ်း

www.dhammaransi.com



နိုင်သော ဂုဏ်ပုဒ်များကို မည်သူမျှ ကုန်စင်အောင်မဖော်ပြနိုင်ဟု အများရှင်လူတို့ ပြောဆိုနေကြသည်နှင့်အညီ ရေးသားခဲ့သော ဆုံးမစာဩဝါဒကထာ မှတ်သား ဖွယ်ရာကျမ်းစာများကိုလည်း မည်သူမျှ ကုန်စင်အောင် လေ့လာနိုင်ကြမည် မဟုတ်ပေဟု ပြောဆိုနေကြပါသည်။

ထိုသို့စကားပုံများစွာရေးသားဆုံးမခဲ့သော ဆုံးမစာတို့အနက် လူတိုင်းအသိ နည်းသော "သူတော်ကောင်းတို့၏ မေတ္တာရနံ့ဆိုသော" ဂါထာတစ်ပုဒ်ကို သုတေသီ အပေါင်းတို့အား လက်ဆောင်ပါးချင်ပါသည်။ တော်တော်များများ ဓမ္မကထိကတို့၏ လက်သုံးဂါထာဖြစ်ပါသည်။

**အတ္တဆိန္နမ္ပိ ဝါသေတိ၊**
**သုဂန္ဓေနိဝ စန္ဒနံ၊**
**သန္တော မေတ္တာ သုဂန္ဓေန၊**
**အတ္တဟိံသမ္ပိ ဝါသယေ။**

**စန္ဒနံ** - ဟေမဝါမြိုင် တောဂနိုင်၌ မွှေးကြိုင်ပျံ့ဖြူး စန္ဒကူးသည်၊ **အတ္တဆိန္နမ္ပိ** - မိမိကို ဖြတ်တောက်၍ ကျိုးပေါက်ကွဲအက်စေသည့် လက်နက်ဓားမ၊ ပေါက်ဆိန်၊ ပဲခွပ် စသည် ကိုသော်လည်း၊ **သုဂန္ဓေန** - တလှုလှု တလှိုင်လှိုင် မွှေးကြိုင်သင်းပျံ့ ကောင်းမြတ်သောရနံ့ဖြင့်၊ **ဝါသေတိဣဝ** - ရနံ့သင်းလှိုင် ထုံမွှမ်းမွှေးကြိုင် စေသကဲ့သို့၊ **သန္တော** - သူတော်ကောင်းအလုပ် အားပါးထုတ်၍ ကိုယ်နှုတ် ပျော့ပြောင်း သူတော်ကောင်းသည်၊ **အတ္တဟိံသမ္ပိ** - မိမိကိုယ်ကို ဆဲဆိုရိုက်နှက် အမျက်ထွက်အောင် နှိပ်စက်ဆိုးသွမ်း ညှင်းပန်းသောသူကိုသော်လည်း၊ **မေတ္တာသုဂန္ဓေန** - ကိုယ်စိတ်နှုတ်မြွက် ဆုပန္နက်သည့် ပျံ့တက်မွှေးကြူ မေတ္တာ ဟူသော အနံ့ကောင်းဖြင့်၊ **ဝါသယေ** - ဘူရိဒတ္တ၊ စမ္ပေယျ နှင့် မာဃလုလင် ဝတ္ထုစဉ်ကို ဆင်ခြင်ထောက်စာရှုမျှော်ကာဖြင့် သူငါတပြန် မခုခံပဲ သည်းခံ၍သာ ထုံမွှမ်းမွှေးကြိုင်စေရာသတည်း။

တရားစာအုပ်တစ်အုပ်တွင် ပထမရွှေကျင်ဆရာတော်ကြီး၏ ဩဝါဒ ကထာဟု အထင်အရှားရေးသားထားသည်ကိုတွေ့ရ၍ တရားပွဲများတွင် ရွတ်ဆို ဟောကြားခဲ့သည့် ဂါထာတစ်ပုဒ်ဖြစ်ပါသည်။

ယင်းကျေးဇူးရှင်ဆရာတော်ကြီး၏ မြန်မာစာ ပါဠိစာ သဒ္ဒါကျမ်း အဘိဓမ္မာကျမ်း စသည်တတ်မြောက်လိမ္မာပုံကိုဖော်ပြပါ ဤဂါထာတစ်ပုဒ်ဖြင့်

www.dhammaransi.com



သိသာပါသည်။ ဤဂါထာကို ထေရဘာသိတဂါထာဟူ၍ သတ်မှတ်ရပါသည်။ ပထျာဝတ္တဂါထာဖြစ်၍ ဆန်းကျမ်း လိမ္မာပုံကို လည်းသိရပါသည်။ သူတော်ကောင်းကို လူတို့နှစ်သက်သောစန္ဒကူးတုံး ကရမက်တုံးနှင့် ဥပမာပေး ရေးသားထားသည်ကို တွေ့ကြရပါလိမ့်မည်။

ဤသို့စသည်ဖော်ပြရခြင်းမှာ နှစ် (၁၅၀) ပွဲကို ယင်းဆရာတော်ကြီး၏ ပွဲတော် ဖြစ်၍နှီးနှောမှုသဒ္ဒေသ သတင်းစကားကိုပြောဆိုရပါသည်။

သို့အတွက် ရွှေကျင်ဆရာတော်ကြီး၏အကြောင်းအရာ ရွှေကျင်ဂိုဏ်းကြီး၏ အကြောင်းအရာတို့ကို ပညာရှင်အပေါင်းတို့ရေးသားအပ်သော ယခုစာအုပ်ပါဆောင်းပါး များကိုဖတ်ရှုကြပါဟု တိုက်တွန်းရင်း ဤသဒ္ဒေသကထာကို အဆုံးသတ်ပါသတည်း။

☸ ☸ ☸ ☸ ☸

www.dhammaransi.com



## ဝါဆိုဆရာတော်ဘုရားကြီး၏
## မှတ်တမ်း တစ်ခု

၁။ ၁၃၇၁ ခုနှစ်၊ တပို့တွဲလကွယ်ဝန်းကျင်(ရက်မမှတ်မိ) မန္တလေး သာသနာရေး ဦးစီးဌာနမှူးမြခိုင် 'ကမ္ဘာအေးဉူးခင်မောင်ဝင်းက စာဆက်ကပ်ပေးပါဆို၍ စာ လာရောက်ဆက်ကပ်ပါသည်' ဟု လျှောက်၏။

၂။ ဉူးခင်မောင်ဝင်း၏စာ ဂိုဏ်းသီးခြားမူလဒွါရဂိုဏ်း၏ (၂၅) ရာခိုင်နှုန်း အစီအစဉ်အရ အဖွဲ့အစည်းအပြောင်းအလဲစာရင်းရရှိနေပါပြီး ရွှေကျင်ဂိုဏ်းက မည်သို့ဆောင်ရွက်ထားပါသနည်းဆိုသောစာဖြစ်၏။

၃။ စုဒ္ဒသမ ရွှေကျင်ဂိုဏ်းတာဝန်ခံဆရာတော် (၄) က (၂၅) ရာခိုင်နှုန်း ကိစ္စနှင့် ရွှေကျင်ဂိုဏ်းမသက်ဆိုင်၊ တို့ရွှေကျင်ဂိုဏ်းထုံးစံရှိပါတယ် သုံးနှစ်တစ်ကြိမ်၊ ခြောက်နှစ်တစ်ကြိမ် အပြောင်းအလဲလုပ်ရပါတယ်။ စီစဉ်ပါ့မယ် "ဝါဆိုလ လေးလပတ် အစည်းအဝေးအမှီတင်ပို့ပါမည်" ဟု ဉူးခင်မောင်ဝင်း၏ စာရွက်ပေါ်မှာပင် ပြန်ကြားစာရေးပေးလိုက်၏။

၄။ ထိပ်တန်းလျှို့ဝှက်ဖြင့် ခိုင်းသင့်သောအကျိုးဆောင်တို့အား ခိုင်းရ၏။ တိုင်ပင်ရ၏။ ပြင်ဆင်မွမ်းမံဆောင်ရွက်၏။

၅။ ၁၃၇၁ ခုနှစ်၊ တပေါင်းလဆန်း (၁၃) ရက်နေ့အားလုံးပြီးစီး၏။ တိုင်းအဖွဲ့၊ မြို့နယ်အဖွဲ့၊ ရွှေကျင်ဂိုဏ်းအဖွဲ့ဆိုင်ရာအားလုံး၊ စုဆောင်းပြီးဖြစ်၍ စုပေါင်းပို့ဆောင်ရန် မန္တလေး ညွှန်ကြားရေးမှူး ကျော်စိန်ဝင်းအား ကိုယ်တိုင်လူတစ်ယောက် ပို့စေပါဟု တောင်းပန်ကာ စာရင်းချုပ်လုပ်ပြီး စာအုပ်ကြီး(စာတွဲကြီး)ကို အထုပ် ထုပ်လုပ်ပေး လိုက်၏။

၆။ တပေါင်းလပြည့်ကျော် (၂) ရက်နေ့၊ နေ့လည် ကျော်စိန်ဝင်း၊ မြခိုင် တို့လာပြီး "ဆရာတော်ပေးသောစာရင်းပို့ပြီးပါပြီ၊ မ-ဟ-န (၃) ပါးအဖွဲ့ စဉ်းစားစေချင်၍ ဉူးခင်မောင်ဝင်းရုံးမှာ ဒီအတိုင်းထားပါသေးသည်။ ကျေနပ်တော်မူပါ။ နောက် (၃)နှစ်မှ အတည်ပြုတင်ပေးပါမည်" ဟု ရန်ကုန်တယ်လီဖုန်းသတင်းတို့ကို လျှောက်၏။

www.dhammaransi.com



၇။ ထိုအခါ ဆရာတော်သည် အခြေခံသံဃာ့အဖွဲ့အစည်း အခန်း(၂) အပုဒ် (၁၀) ၌ "အပိုဒ် (၇)အရ ဖော်ပြထားသောဂိုဏ်းအသီးသီးသည် မိမိတို့ဂိုဏ်းဖွဲ့စည်းပြီးသည့်အတိုင်း တည်ရှိနိုင်၍ မိမိတို့ဂိုဏ်း စည်းကမ်းအတိုင်း လိုက်နာကျင့်သုံးခွင့်ရှိသည်" ဆိုသောအခြေခံ ဥပဒေအရလည်းကောင်း ရွှေကျင်ဂိုဏ်းဥက္ကဋ္ဌ မဟာနာယကအဆက်ဆက်တို့၏ သြဝါဒအရလည်းကောင်း ဖွဲ့စည်းထားခြင်းဖြစ်၍ မရုတ်သိမ်းနိုင်ဟု မှတ်ချက်ချလိုက်၏။

၈။ ဂိုဏ်းသံဃာထုကိုလေးစားမှုပြုရ၏။ ဖြုလိုက်၊ မဲလိုက် အမျိုးမျိုး မလုပ်ဝံ့ပါ။ အသစ်ခန့်ထားသော ဆရာတော်များကိုလည်း ပြောသင့်သမျှ ပြောပြီးဖြစ်၏။ ဆန္ဒ၊ သဘောထား၊ အာဘောဂနှင့် နှုတ်ထွက်အသံများကိုအမြဲနားစွင့် အလေးထားပြီး စီစဉ်ရပါသည်။ (၃)နှစ်ဆိုင်းငံ့ခြင်း မဖြစ်နိုင်ပါဟု ပြောလိုက်၏။

၉။ ရွှေကျင်ဂိုဏ်းသည် နိုင်ငံတော်အစိုးရအပေါ် လိုက်လျောသောအားဖြင့် အခါခပ်သိမ်း ပါဝင်ကူညီခဲ့သည်ကိုသိစေချင်၏။ နိုင်ငံတော်ကလည်း ရွှေကျင်ဂိုဏ်းအပေါ် ကူညီသောအားဖြင့် လိုက်လျောသင့်၏။

၁၃၇၁ ခုနှစ်၊ တပေါင်းလပြည့်ကျော် (၃) ရက်နေ့

❁ ❁ ❁ ❁ ❁

www.dhammaransi.com



## ဂိုဏ်းလုံးဝန်ဆောင်ပါဒက အစည်းအဝေးဖွင့် သြဝါဒကထာ(ကောက်နုတ်ချက်)

မနေ့က နတ်တော်လဆန်း(၆)ရက်နေ့ညနေကကျင်းပတဲ့ ပါဒက အစည်းအဝေးမှာ အချင်းချင်းပြောမနာဆိုမနာပွင့်လင်းစွာ ပြောကြဆိုကြတာ တွေ့ရလို့ အပျော်ဆုံးနေ့ဖြစ်သလို ယနေ့လဲဂိုဏ်းလုံးဝန်ဆောင်နာယက ဆရာတော်များ တော်တော်စုံစုံညီညီ တက်ရောက်လာတာတွေ့ရလို့ ဝမ်းအသာ ဆုံးနေ့ဖြစ်ပါတယ်။

နှစ်စဉ်နှစ်တိုင်းလဲ ယခုလိုစုံစုံညီညီကြွလာကြဖို့ ဗဟိုဌာနအနေနဲ့ ပြောကြားလိုပါတယ်။ ဗဟိုဌာနရဲ့လိုအပ်ချက်၊ အားနည်းချက်တွေကို ထောက်ပြပြောဆိုကြဖို့လဲ ဗဟိုဌာနအကြီးအကဲအနေနဲ့ လိုလိုလားလား ဖိတ်ကြားပါတယ်။

နယ်ဌာနတွေကတင်ပြထားတာတွေကို ဗဟိုဌာနက အလေးအနက် ထားပြီး ဆောင်ရွက်ပေးသင့်တာတွေကို ဆောင်ရွက်ပေးထားပါတယ်။ နယ်ဌာန တွေက ဆရာတော် တွေရဲ့ လိုအပ်ချက်တွေအပေါ် ကိုလဲ ဗဟိုဌာနက ပွင့်ပွင့် လင်းလင်းပြောပြနေတယ်ဆိုတာ အရှင်ဘုရားများ သတိထားမိတော် မူကြ ပါလိမ့်မယ်။ ဂိုဏ်းကိစ္စနဲ့ မိမိတို့ဒေသဆိုင်ရာများကို စိတ်ပါဝင်စားစွာတင်ပြခြင်း၊ ဆွေးနွေးခြင်း၊ အကြံပြုခြင်းများဟာ သာသနာတော် စည်ပင်ပြန့်ပွားခြင်း အကြောင်းဖြစ်တဲ့အတွက် အလေးထားဆောင်ရွက်ကြရမှာဖြစ်ပါတယ်။

ယနေ့အစည်းအဝေးကြွ သံဃာတော်များကို

**မဟာကာရုဏိကော နာထော၊**
**ဟိတာယ သဗ္ဗပါဏိနံ**
**ပူရေတွာ ပါရမီ သဗ္ဗာ၊**
**ပတ္တော သမ္ဗောဓိ မုတ္တမံ**

ဆိုတဲ့ ပုဗ္ဗသုတ်ပရိတ်လာဂါထာကို များများရွတ်ပြီး များများနှလုံးသွင်းကြပါလို့ ဓမ္မလက်ဆောင်အနေနဲ့ပြောချင်ပါတယ်။

မြတ်စွာဘုရားအလောင်းတော်ဟာ သတ္တဝါအားလုံးတို့အပေါ်မှာ ကြီးမားသော ကရုဏာတော်ရှိလို့ ပါရမီတော်အားလုံးကိုဖြည့်ကျင့်ခဲ့တဲ့အတွက်

www.dhammaransi.com



သဗ္ဗညုဘုရားအဖြစ်သို့ ရောက်တော်မူခဲ့ပါတယ်။ သဗ္ဗညုဘုရားအဖြစ်သို့ ရောက်တဲ့အခါမှာလဲပဲ သတ္တဝါတွေရဲ့ ကောင်းကျိုးကိုဆောင်တော်မူခဲ့ပါတယ်။

ယခု အစည်းအဝေးသို့ကြွရောက်တော်မူလာကြတဲ့ ဂိုဏ်းလုံးဝန်ဆောင်ဆရာတော်များဟာလဲ ကိုယ့်ဂိုဏ်းသံဃာတော်များအပေါ်မှာရော ကိုယ်နှင့်ဆက်စပ်ရာ ဒကာ၊ ဒကာမများ အပေါ်မှာပါ ကရုဏာ၊ မေတ္တာများများထားပြီး ပါရမီကုသိုလ်တွေရအောင် လုပ်ကြစေချင်ပါတယ်။

ဒါကြောင့်မို့ ဒီအစည်းအဝေးမှာ အဲဒီဂါထာကို ဓမ္မလက်ဆောင်အနေနဲ့ပေးပါတယ်။

သတ္တဝါအားလုံးအပေါ်မှာ မလွှမ်းခြုံနိုင်ပေမဲ့ ကိုယ်နဲ့ဆက်စပ်ရာ ဂိုဏ်းသံဃာများနဲ့ ဒကာ၊ ဒကာမများအပေါ်မှာ မေတ္တာ၊ ကရုဏာများများထားပြီး နေ့စဉ်ပါရမီဖြစ်အောင် ကြိုးစားကြပါလို့ အဖွင့်သြဝါဒကထာကို ပြောကြားအပ်ပါသတည်း။ ။

❁ ❁ ❁ ❁ ❁

www.dhammaransi.com



သို့/ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
နိုင်ငံတော်အကြီးအကဲ
(ဒကာကြီး)

၁၃၇၁ ခုနှစ်၊ သီတင်းကျွတ်လဆန်း (၆) ရက်နေ့၊ (၂၄-၉-၂၀၀၉)

အချိန်ကာလအားလျော်စွာ/အထူးမေတ္တာရပ်ခံစာရေးပေးရခြင်းကို အလုပ်ရှုပ်သည် မအောက်မေ့ပါနှင့် လောကဟာ အမြဲရှုပ်နေတာပါပဲ။

ရှုပ်တာတွေ လိုက်လံရှင်းလင်းနေရခြင်းကို ဒကာကြီးတို့အလုပ်ရဆုံး လက်တွေ့ရှင်းနေရတုံးဖြစ်သည်ဆိုတာ ရှင်လူအများသိကြပါတယ်။

ထောင်တွင်းအကျဉ်းကျနေသော ဆရာတော်/သံဃာတော်များ မန္တလေး၊ ကျောက်ဆည်ကျောင်းထိုင်ဘုန်းကြီးများ စာတက်ပုဂ္ဂိုလ်တွေ၊ စာချ ပုဂ္ဂိုလ်တွေတစ်ချို့ နှစ်ပရိစ္ဆေဒကြာမြင့်နေသော်လည်း (၁၇-၉-၂၀၀၉) နေ့က အကျဉ်းသား (၇၀၀၀)ကျော် လွှတ်လိုက်ရာ ထိုဆရာတော်များပါမလာခဲ့ပေ။ အလွန်ဝမ်းနည်းကာ တော်တော်စိတ် ဆင်းရဲဖြစ်ရပေ၏။

မန္တလေးထောင်၊ အင်းစိန်ထောင် စသည်အမြန်ဆုံးစုံစမ်း စစ်ဆေး မေးမြန်းစေကာ လွှတ်သင့်သောသံဃာတော်များစဉ်းစားပေးဖို့ မေတ္တာရပ်ခံ၏။ လွတ်လပ်ခွင့်ရစေလျက် ကိုယ့်ကျောင်းကိုယ်နေပြီး ပရိယတ်တရား အားထုတ် စေကာ သာသနာပြုသဘောဖြင့် ဒကာကြီးမှမလုပ်လျှင် တော်တော် စဉ်းစားခက် ပါသည်။ ဒကာကြီးကိုသာ အားကိုးပါသည်။ အမြန်ဆောင်ရွက်ပေးဖို့ အထူး မေတ္တာရပ်ခံ၏။

**ဘဒ္ဒန္တအဂ္ဂိယ**
**ရွှေကျင်သာသနာပိုင်**
**ဝါဆိုဆရာတော်**

www.dhammaransi.com



## ရွှေကျင်နိကာယာဓိပတိ ဥက္ကဋ္ဌ မဟာနာယက ဆရာတော်ဘုရားကြီး နှင့် ရွှေကျင်နိကာယ ဥပဥက္ကဋ္ဌ မဟာနာယက ဆရာတော်ဘုရားကြီးတို့၏ အမိန့်ညွှန်ကြားလွှာ နှင့် လုပ်ငန်းဆိုင်ရာ ညွှန်ကြားလွှာ

ရွှေကျင်နိကာယ သံဃာ့အဖွဲ့အစည်းများဖွဲ့စည်းမှု ကြီးကြပ်ရေး အဖွဲ့ဝင် ဆရာတော်များနှင့် အရွေးချယ်ခံသံဃာ့အဖွဲ့အစည်းဝင်ဆရာတော်များ လိုက်နာရန်အချက်များကို ထုတ်ပြန်လိုက်သည်။

### ရွေးချယ်မှုကြီးကြပ်ရေးအဖွဲ့ဝင်ဆရာတော်များ လိုက်နာကြရမည့်အချက်များ

ရွေးချယ်မှုကြီးကြပ်ရေးအဖွဲ့ဝင်ဆရာတော်များသည်

၁။ ရွှေကျင်နိကာယဗဟိုဌာန ဥက္ကဋ္ဌ ဥပဥက္ကဋ္ဌဆရာတော်ကြီးများ၏ ဩဝါဒကို လိုက်နာလျက်သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်း လုပ်ထုံးလုပ်နည်းများနှင့်အညီ မျှတမှန်ကန်စွာဆောင်ရွက်နိုင်မည့် ပုဂ္ဂိုလ်များကို ရွေးချယ်ဖွဲ့စည်းရမည်။

၂။ ပြည်နယ်/တိုင်း/မြို့နယ် ဝိနည်းဓိုရ်များကိုရွေးချယ်ရာ၌ ဝိနည်း ကျွမ်းကျင်သည့် ဓမ္မာစရိယဘွဲ့ရ ပုဂ္ဂိုလ်များကို ဦးစားပေးကာ ရွေးချယ် ရမည်။

၃။ ဒေသခံဝိနည်းပြန်ဌာနပုဂ္ဂိုလ်များ၏ သဘောဆန္ဒနှင့် ရွှေကျင်နိကာယ ဗဟိုဌာန ဆရာတော်များ၏ အလိုဆန္ဒတော်များကို ညှိနှိုင်းနှီးနှောကာ ရွေးချယ်ဖွဲ့စည်းရမည်။

၄။ ပက္ခကွဲပြားနေသောဒေသများ၌ အများစု၏သဘောဆန္ဒကို အလေး ပြုလျက် အနည်းစုမှစွမ်းဆောင်နိုင်သော ပုဂ္ဂိုလ်များကိုလည်း ပါဝင် စေကာဖွဲ့စည်းပေးရမည်။

၅။ ပက္ခအချင်းချင်းညှိနှိုင်း၍မရသောဒေသများကို ရွှေကျင်နိကာယ ဗဟိုဌာန ဆရာတော်များထံ အလျင်အမြန်တင်ပြလျှောက်ထား၍ သင့်လျော်သောအချိန်အခါ ရောက်မှဖွဲ့စည်းပေးရမည်။

www.dhammaransi.com



၆။ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်ရွေးချယ်ဖွဲ့စည်းရာ၌ အဂတိလိုက်၍သော်လည်းကောင်း၊ ရွှေကျင်နိကာယဗဟိုဌာနဆရာတော်ကြီးများ ဩဝါဒနှင့် အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျော်လွန်၍သော်လည်း ပြုလုပ်ဆောင်ရွက်သော ကြီးကြပ်ရေး အဖွဲ့ဝင်ဆရာတော်များအား နောက်နောင်တွင် တာဝန်ပေးအပ်ခြင်းပြုမည်မဟုတ်သည်ကို အထူးသတိပြုရမည်။

## အရွေးချယ်ခံ သံဃာ့အဖွဲ့အစည်းဝင်ဆရာတော်များ လိုက်နာရမည့်အချက်များ

ရွေးချယ်ခံရသောသံဃာ့အဖွဲ့အစည်းဝင်ဆရာတော်များသည်

၁။ သာသနာသန့်ရှင်းကြီးပွားတိုးတက်ရေးနှင့် သံဃာညီညွတ်ရေးတို့ကို ရှေးရှုလျက် ကျရောက်လာသော တာဝန်ဝတ္တရားများကို စွမ်းနိုင်သမျှ ကျေပွန်အောင်ထမ်းဆောင်ကြရမည်။

၂။ တာဝန်ဝတ္တရားများကို ထမ်းဆောင်ကြရာ၌ ရွှေကျင်နိကာယဗဟိုဌာနဆရာတော် ဘုရားကြီးများ၏ ညွှန်ကြားချက်ဩဝါဒများ၊ သံဃာ့အဖွဲ့အစည်း လုပ်ထုံးလုပ်နည်းများ၊ ဝိနည်းဓမ္မကံ လုပ်ထုံးလုပ်နည်းများနှင့်အညီ မျှတမှန်ကန်စွာ ဆောင်ရွက်ကြရမည်။

၃။ ဗဟိုဌာနဆရာတော်ဘုရားကြီးများ၏ ညွှန်ကြားချက်ဩဝါဒများနှင့် လုပ်ထုံး လုပ်နည်းများကိုကျော်လွန်၍ မမှန်မကန်ဆောင်ရွက်သော ပြစ်မှုထင်ရှားစွာတွေ့ရှိရလျှင် ထိုပုဂ္ဂိုလ်တို့အား လက်ရှိတာဝန်မှ ဖယ်ရှား၍ နောက်နောင်တွင်လည်း တာဝန်ပေးအပ်ခြင်းပြုမည် မဟုတ်သည်ကို အထူးသတိပြုကြရမည်။

❁ ❁ ❁ ❁ ❁

www.dhammaransi.com



သမိဒ္ဓေါဒယ ပရိယတ္တိသီလရှင်စာသင်တိုက်
နှစ် (၁၀၀) ပြည့်
ဝမ်းမြောက်ဖွယ်စာတမ်း

(က) နဟိ သဗ္ဗေသု ဌာနေသု၊
ပုရိသော ဟောတိ ပဏ္ဍိတော။
ဣတ္ထီပိ ပဏ္ဍိတာ ဟောတိ၊
တတ္ထ တတ္ထ ဝိစက္ခဏာ။

(က) ဘောန္တော - အိုတောင်စောင့်နတ်အပေါင်းတို့၊ လောကေ - ဤကမ္ဘာလောကကြီးအတွင်း၌၊ သဗ္ဗေသု ဌာနေသု - အလုံးစုံသောအရာဌာန အလုံးစုံသောအရေးကိစ္စတို့၌၊ ဟိ - စင်စစ်ဧကန် အမှန်အားဖြင့်၊ ပုရိသော - ယောကျ်ားများကသာလျှင်၊ ပဏ္ဍိတော - သာလွန်၍ပညာရှိသည်။ နဟောတိ - မဖြစ်နိုင်၊ ဣတ္ထီပိ - မိန်းမများသည်လည်း၊ ပဏ္ဍိတာ- ရေးရာမြင်သိ ပညာရှိသည်၊ ဟောတိ - ဖြစ်နိုင်သည်သာလျှင်တည်း၊ ဣတ္ထီပိ - မိန်းမများ ကလည်း၊ တတ္ထ တတ္ထ - ထိုထို့ဌာန ထိုထိုအရေးကိစ္စတို့၌၊ ဝိစက္ခဏာ - ရှုတ်တရက်ဉာဏ်လျှင်မြန်ပေါ်ပေါက် အရေးရောက်အောင် ရွက်ဆောင် ကြံစည်နိုင်သည်၊ ဟောတိ - ဖြစ်သည်သာလျှင်တည်း။

(ခ) **န ဟိ သဗ္ဗေသု ဌာနေသု၊**
**ပုရိသော ဟောတိ ပဏ္ဍိတော။**
**ဣတ္ထီပိ ပဏ္ဍိတာ ဟောတိ၊**
**လဟုံ အတ္ထ ဝိစိန္တိတာ။**

(ခ) ဘောန္တော - အိုတောင်စောင့်နတ်အပေါင်းတို့၊ လောကေ - ဤ ကမ္ဘာလောကကြီးအတွင်း၌၊ သဗ္ဗေသုဌာနေသု - အလုံးစုံသောအရာဌာန အလုံးစုံသောအရေးကိစ္စတို့၌၊ ဟိ- စင်စစ်ဧကန် အမှန်အားဖြင့်၊ ပုရိသော - ယောကျ်ားများကသာလျှင်၊ ပဏ္ဍိတော - သာလွန်၍ ပညာရှိသည်၊ နဟောတိ - မဖြစ်နိုင်၊ ဣတ္ထီပိ - မိန်းမများသည်လည်း၊ ပဏ္ဍိတာ - ရေးရာ မြင်သိ ပညာရှိသည်၊

www.dhammaransi.com



ဟောတိ - ဖြစ်နိုင်သည်သာလျှင်တည်း၊ ဣတ္ထိ - မိန်းမသည်၊ လဟုံ - လျှင်လျှင်မြန်မြန်၊ အတ္တံ - ရေးရာကိစ္စဟူသမျှကို၊ ဝိစိန္တိ တာ - ရုတ်တရက် ဉာဏ်လျှင်မြန်ထိုးထွင်း ခဏချင်းပင် မြော်မြင်ကြံစည်နိုင်ပေသတည်း။

တောစောင့် တောင်စောင့်နတ်အပေါင်းတို့၏ သံပြိုင်ဟစ်ဆိုသော ဂါထာနှစ်ပုဒ် ဖြစ်၏။ ဘုရားလက်ထက်က ကုဏ္ဍလကေသာတေဒဂ်ရ ရဟန္တာထေရီမကြီးဘဝ၌ ရဟန္တာမဖြစ်မီ အမျိုးမျိုးဒုက္ခဘုံ၌ ဒုက္ခတွေ့ခဲ့ရရာမှ ကြုံဆုံခဲ့ရသောအဖြစ်အပျက်တစ်ခုဖြစ်၏။

ဖြစ်စဉ်မှာ ကုဏ္ဍလကေသာအမျိုးသမီးသည် ဘဒ္ဒါအမည်ဖြင့် သာဝတ္ထိမြို့ အလယ် သူဌေးသမီးအဖြစ် ခုနှစ်ထပ်တိုက်ကြီးအပေါ် စံပျော်နေသူဖြစ်၏။ ယောကျ်ားများနှင့် အတွေ့ အကြုံကင်းရှင်းအောင် သူဌေးကြီးနှင့် သူဌေးကတော်တို့က ခုနှစ်ထပ်တိုက်ကြီးအပေါ်ထပ် (ရှေးအခေါ် ဘုံခုနှစ်ဆင့်ပြသဒ်)၌ နေစေ၏။

သာဝတ္ထိရာဇဌာနီပြည် ထိုထိုနိုင်ငံတို့တွင် အလွန်နာမည်ကြီးသော သတ္တုကခေါ် သူခိုးကြီးတစ်ယောက် အထင်အရှားဖြစ်ပေါ်လျှက်ရှိသော ခေတ်ကြီးဖြစ်၏။

ဤသူခိုးကြီးသည် ပုရောဟိတ်ပညာရှိအမတ်ကြီး၏သားဖြစ်၏။ စောရနက္ခတ် ထွန်းလင်းချိန်မွေးဖွားလာသောကြောင့် အမတ်ကြီး၏ သားဖြစ်သော်လည်း သူခိုးကြီးဘဝ အဖြစ်ဖြင့်ပျော်ပိုက်နေ၏။ ဇနပုဒ်နယ်ပယ်၊ ကျေးရွာမြို့စွန်မြို့ဖျားမကျန် လိုက်လံ ဆိုးဝါးရမ်းကားသောင်းကျန်းနေသော သတ္တုက သူခိုးကြီးဖြစ်၏။

တဖြည်းဖြည်းနှင့် သူခိုးကြီးအသင်းအပင်း အဖွဲ့အစည်းတောင့်တင်းကျယ်ပြန့်လာရကား နိုင်ငံတော်အုပ်ချုပ်ရေးအရေးကြီးလာသဖြင့် နိုင်ငံတော်တပ်သားများ ရဲသားများပူးပေါင်း၍ အင်အားဖြင့်အရအမိဖမ်းဆီးရလေ၏။

မြို့တောင်က သုသာန်ထုတ်၍ မြို့တွင်းလမ်းဆုံ လမ်းဝလမ်းလေးခွတို့၌ တိုင်းသူ ပြည်သားများ ရာဇဝတ်မှုပြုခြင်းမှရှောင်ကြဉ်ရန် "သူခိုးကြီးကို ပုတ်ခတ်ရိုက်နှက်ပြီး သုသာန်ပို့စေ" ဟူ၍ ပြင်းပြင်းထန်ထန်ရာဇသံ ပေးလိုက်လေ၏။

www.dhammaransi.com



ရာဇာဂြိုဟ်ပြည့်ရှင် ဘုရင်ဗိမ္ဗိသာရမင်းကြီး သောတာပန်မဖြစ်သေးခင် ဤသို့ ပင်စီရင်တော်မူလေ့ရှိ၏။ ဘုံခုနှစ်ဆင့်ပေါ် နေတဲ့ ကုဏ္ဍလကေသာသည် လေသာပြတင်းကို အသာဖွင့်၍ကြည့်ရှုလိုက်တဲ့အခါ အနှိပ်စက်ခံနေရတဲ့ သတ္တုက ခိုးသားကြီးကိုတွေ့မြင် ရသည်နှင့်တပြိုင်နက် အဆက်အသွယ်မရှိဘူးတဲ့ တဏှာပေမစိတ်ဓာတ်တွေ ကုဏ္ဍလကေသာ နှလုံးအိမ်မှာ တဖွားဖွားပေါ်လာ၏။

ဒီလိုချစ်စရာကောင်း သနားစရာကောင်းတဲ့လူကို အာဏာသားတို့က ရက်စက် နေခြင်းကို ပူပြင်းသောကဖြစ်ပေါ်ရ၍ သူဌေးသမီးမစားနိုင် မသောက်နိုင် တမှိုင်မှိုင် တထွေထွေအိပ်ယာထဲမှာပင် လဲလျောင်းနေလေ၏။

သူဌေးကြီး သူဌေးကတော်တို့သိသည့်အခါ သမီးကိုချော့၍ ကျွေးမွေး ပြုစုကြ၏။ သမီးကဘာမျှမစားသောအခါ အမေဖြစ်သူနှင့် ဉာတိအမျိုးသမီးတို့ကို အတိအလင်း မေးမြန်းစေရာ သူဌေးသမီးက ဒီသူခိုးကြီးမရလျှင် ကျွန်မသေချင် သေပစေတော့ ဘာမျှမစားချင် မသောက်ချင်တော့ဟူ၍ ပြတ်ပြတ် တောက်တောက်ပြောနေသဖြင့် သူဌေးကြီးသည် ဥပက္ခာမပြုနိုင်တော့ပြီဖြစ်၍ ငွေတစ်ထောင်ပေးကာ အာဏာသားပါးကွပ်သား လက်ဆောင် ထိုးရွှေးနှုတ်၍ သမီးနှင့်ပေးစားရလေ၏။ အာဏာသားပါးကွပ်သားတို့သည် ထောင်သား တစ်ယောက်ကို ချုပ်နှောင်ထောင်တွင်းမှခေါ်လာပြီး အစားထိုးစီမံလိုက်လေ၏။ ကုဏ္ဍလကေသာ၏ဇာတ်ရှုပ်ကိုအကျဉ်းချုပ်၍ရေးသားပါမည် --

နှစ်ပရိစ္ဆေဒမကြာခင်နှစ်လသုံးလမျှဖြင့် သူဌေးအိမ်မှာမပျော်သော သူဌေးသားမတ် သူခိုးကြီးသည် ဇနီးဖြစ်သူ ထေရီမယ် ကဏ္ဍလကေသာခေါ် မယ်ဘဒ္ဒါကိုချော့၍ မြို့တောင်က သုဿာန်တောင်ကြီးပေါ် စိန်၊ ရွှေရတနာ၊ လက်ဝတ်လက်စားတွေ မိန်းမထံမှအတင်းလုယူ၏။ ဘာလုပ်တာလဲဟုမေးရာ ငါ့ခါးပြတိုက်နေတာဟုဖြေ၏။ သူဌေးသမီးက ဒီပစ္စည်းတွေတင် မကဘူး လူကိုပါအကုန်ပိုင်နေတာ သတ်စရာ ဖြတ်စရာမလိုဟုတောင်းပန်ရာ ငါက တိုက်ခိုက် လုယက်ခြင်းမပြုရလျှင် မနေနိုင်ဟုပြောပြန်သဖြင့် ရတနာ မှန်သမျှ အကုန်ချွတ်ပေးလိုက်၏။

ထိုအခါ သူခိုးကြီးစိတ် အေးဆေးသွားရော့လားဟုမေးစရာရှိ၏။ သူခိုးကြီးသည် မယ်ဘဒ္ဒါ ငါပြောအုံးမယ် ငါ့ထုံးစံတစ်သက်လုံး တိုက်ခိုက် ခိုးဆိုး လာတာ ပစ္စည်းယူပြီး လူမသတ်ဘဲချန်ထားခဲ့တာတစ်ခါမှမရှိခဲ့စဖူးဘူး အဲဒီတော့

www.dhammaransi.com



မင်းကိုသတ်ဖို့ရာ အလုပ်တစ်ခု ကျန်နေတယ် မင်းကိုသတ်ရလိမ့်မယ်ဟု သူခိုးကြီးက အမှန်အတိုင်းပြောနေ၏။

(စာရှုသူအပေါင်းတို့ ရဟန္တာဖြစ်၍ ကျွတ်တမ်းဝင်မည့်နောက်ဆုံးပစ္ဆိမဘဝိက လူသားအမျိုးသမီးတစ်ယောက်ဇာတ်လမ်းကို မှတ်တမ်းတင်၍ သံဝေဂပွားများကြရန် စာရေးသူကသတိပေးအပ်ပါသည်)။

(အပွေးကိုမြင် အပင်ကိုမယ်မသိတာကြောင့်

ဝယ်မိတာမှား -

လိမ်းမလို့ သွေးတော့မှ မွေးနံ့သာ ဘယ်မရောက်ပြီ -ဘု

အို ကွယ် သီးခေါက်နဲ့ ညား. . . )

ရှေးစကားအရ သနပ်ခါးခေါက်နှင့် သီးခေါက်၊ မည်ကျည်းခေါက်လွဲမှားကြသည့် အမျိုးသမီးများ များစွာရှိသည်ဟူ၍လည်း ကြားဖူးကြမည်ထင်၏။ ကုဏ္ဍလကေသာခေါ် မယ်ဘဒ္ဒါသည် သံဝေဂအလင်းဉာဏ်ကိုလည်းရ၏။ ငါ့အနေဖြင့် အရမ်းအသေမခံနိုင်ဟူသော တခ်ဏုပ္ပတ္တိဉာဏ်ကိုလည်း သတိရ၏။

စွယ်စုံကျော်ထင်ကျမ်းက ဤနေရာ၌ ကုဏ္ဍလကေသာကို ဝေဖန်ချီးကျူးထား၏။ လူ့ဘဝရသည့်အခိုက် ဘဝအဆုံးအရှုံးမခံဘဲ မိမိအသက်မသေအောင် ညှစ်ထုတ်လိုက်သော တခ်ဏုပ္ပတ္တိဉာဏ် ကုဏ္ဍလကေသာ၌ရှိ၏ဟု ဝေဖန်ချီးကျူး၏။ နတ်တွေက သြဘာပေးသည်၊ သာခုခေါ်သည်၊ ဂုဏ်ပြုချီးကျူးသည်ဆိုရာ၌လည်း ဤတခ်ဏုပ္ပတ္တိ ဉာဏ်ကိုချီးကျူးခြင်းဖြစ်၏။ ဝဓကစေတနာဒေါသကိုချီးကျူးခြင်းမဟုတ်ဟု မှတ်ရာ၏။

သူဌေးသမီးသည် ဒီကောင်ကြီး ငါတောင်းပန်လို့တော့ရမှာ မဟုတ်တော့ဘူး၊ ငါက အရင်လက်ဦးမှဖြစ်မယ်ဟု ဉာဏ်အစအနပေါ်လာသဖြင့် -

အချစ်ဦးမောင်ကြီး အသက်ဘူးမောင်ကြီး စသဖြင့်ချော့မော့လျှက်ပရိယာယ်ဖြင့် မသေခင်လေး အားရအောင်ချစ်ပါရစေ၊ အသက်ဘူးကြီး၊ ခွင့်ပြုပါစသည်ပရိယာယ်ဆင်၍ သူခိုးကြီးကို လက်ယာရစ်လှည့်ပတ်၍ လက်အုပ်ချီရှိခိုးရင်း နမ်းရှုတ်ပရိယာယ်လုပ်လေ၏။ သူခိုးကြီးအလစ်၌အားစိုက်၍ အစွမ်းကုန်တွန်းချလိုက်ရာ တောင်ကမ်းပါး ယံချောက်ကြားသို့ သူခိုးကြီး ရောက်ရှိသွားလေတော့၏။

www.dhammaransi.com



(စာရှုသူ သီလရှင်ကလေးများ ပါဠိအနက်ဂါထာနှစ်ပုဒ်ကျက်လိုက ကျက်နိုင်ရန် အစဦး ဖော်ပြခြင်းဖြစ်၏)

စာရှုသူအားလုံးတို့ကိုပြောပြလိုသည်မှာ -

ဤဂါထာနှစ်ပုဒ်သည် ထေရီအပါဒါန်ပါဠိတော်ဖြစ်သည်ကို ဗုဒ္ဓကိုယ်တိုင်က လက်ခံ ထားခြင်း ထောက်ခံထားခြင်းဖြစ်၍ ရဟန္တာငါးရာမှ ပဉ္စမသင်္ဂါယနာတင်ထားခြင်းဖြစ်၏။

က္ကတ္တိပိ ပဏ္ဍိတာ ဟောတိဟူသော ပါဠိဝါကျတစ်ခုမျှဖြင့် ဝါ ဤစကားပိုဒ် တစ်ခုလုံးမျှဖြင့် သမိဒ္ဓေါဒယ ပရိယတ္တိသီလရှင်စာသင်တိုက် နှစ်(၁၀၀) ပြည့်မင်္ဂဇင်းစာအုပ်၊ လက်ရှိ ချောင်ဆရာကြီး အသက်(၉၀)ပြည့်မွေးနေ့စာစောင် ထုတ်ဝေသင့်ကြောင်းကို ဝမ်းမြောက်ဖွယ်စာတမ်းဖတ်ရင်း သဘောပေါက်ကြလိမ့်မည်ဟု ယုံကြည်ပါသည်။

ကုဏ္ဍလကေသာ၏ခိပ္ပါဘိညာ ဧတဒဂ်ရာထူးရရှိခြင်းတို့ကိုလည်း ထေရီအပါဒါန် စသည် ရှာကြံကြည့်ရှုမှတ်သားထားကြစေလိုကြောင်း မေတ္တာရပ်ခံရင်း အဆုံးသတ်ပါသတည်း။

❁ ❁ ❁ ❁ ❁

www.dhammaransi.com



## ရွှေဟင်္သာစိန်ရတုမဂ္ဂဇင်းသို့
## သြဝါဒ

စုဒ္ဒသမရွှေကျင်သာသနာပိုင် ဝါဆိုဆရာတော်ထံ မဂ္ဂဇင်း ဆောင်းပါး ရေးသား ပေးပို့ရန်မဂ္ဂဇင်းထုတ်ဝေရေး ဉူးပဇင်းများကတောင်းဆို၍ ပေးပို့သည်။

ဒွါဒသမရွှေကျင်သာသနာပိုင် ရွှေဟင်္သာဆရာတော်ဟူသော အသံကို ကြားရုံမျှဖြင့် အလိုလိုကြည်ညိုကာ လက်အုပ်ချီဖူးမြော်ကြသော ဗုဒ္ဓဘာသာ ဒကာဒကာမတို့ များစွာရှိ၏။ **“အပ္ပသန္နာနံ ပသာဒါယ ပသန္နာနံ ဘိယျောဘာဝါယ”**ဟူသော အကျိုးထူးတရား (၁၀)ပါးအနက် ဆရာတော် သံဃာတော်များကို ကြည်ညိုခြင်း၊ မကြည်ညိုခြင်း နှစ်မျိုးနှစ်စားရှိရာ မကြည်ညို သေးသော ဒကာဒကာမတို့ကို ကြည်ညိုစေခြင်း၊ ကြည်ညိုပြီး ဒကာဒကာမတို့ကို တိုး၍ပို၍ကြည်ညိုစေခြင်းဟူသော ဤထူးခြားသောဝိသေသ ဂုဏ်ထူးမြတ်ဖြင့် သက်တော် (၁၀၂)နှစ်တိုင်တိုင် အသက်ထင်ရှား သီတင်းသုံးတော်မူခဲ့သော ရွှေဟင်္သာဆရာတော်ဘုရားကို ဤဆောင်းပါးဖြင့် ရိုသေမြတ်နိုးရှိခိုးခြင်း ပြုအပ်ပါသည်။

စာရှုသူတို့အသိများသော **မဂ္ဂဇင်း** ကိုပြောပါအုံးမည်။ လူတို့အပေါ်၊ တိုင်းပြည်အပေါ်နေ့စဉ်စကားပြောလျက်ရှိသော လူတို့၏လက်ကိုင် အဖော် ဖြစ်သော **စာ-နယ်-ဇင်း** အက္ခရာသုံးလုံးကိုသတိပြုပါ။

**(စာ)**ဆိုတာနေ့စဉ် သာရေး/နာရေးကစဖော်ပြလျက်ရှိသော လက်တလောကိစ္စ လူတို့သိသင့်သော အချက်အလက်တို့ကို စကားပြောသကဲ့သို့ပြောနေသော စာစောင်၊ ဤစာရေးချိန်ပြောရမည်ဆိုလျှင် ရန်ကုန်ထုတ်မြန်မာ့အလင်း + ကြေးမုံ၊ မန္တလေးထုတ် ရတနာပုံ + မန္တလေးနေ့စဉ်တို့ကို **သတင်းစာ** ဟုခေါ်ရ ပါသည်။

**(နယ်)**ဆိုတာ သတင်းစာလို နေ့စဉ်ထုတ်ဝေ ထုတ်ရောင်းခြင်းမပြုဘဲ (၇) ရက် တပတ်ကြာမှတစ်ကြိမ်ထုတ်၍ ရောင်းချထုတ်ဝေသော လတ်တလော အဖြစ်အပျက်သတင်းများ အကြိုအကြား အစွန်အဖျားများ၌ဖြစ်ပေါ်လာသော သတင်းများကိုပြောပြနေသော စာစောင်ကို **ဂျာနယ်** ဟုခေါ်ပါသည်။

**(ဇင်း)**ဆိုတာ ရက်(၃၀)ကြာ တစ်လကြာမှ ဒဏ္ဍာရီဝတ္ထုများ နိုင်ငံ ခေါင်းဆောင် ကြီးများ၏ခရီးစဉ်များ၊ အတ္ထုပ္ပတ္တိများကအစ ဘာသာ သာသနာရေးများ

www.dhammaransi.com



နိုင်ငံတော်အရေးများကို သားသားနားနား ထုတ်ဝေသော အကြီးဆုံး စာစောင်/စာအုပ်ဖြစ်ပါသည်။ ဤစာအုပ်ဖြင့် လူတို့ကိုပြောပြနေသောကြောင့် **မဂ္ဂဇင်း** ခေါ်ပါသည်။ ပေါင်းလိုက်လျှင် **စာနယ်ဇင်း** ဟုအတိုကောက် ခေါ်ပါသည်။

ယခု ရွှေဟသာနှစ် (၇၅) ပူဇော်ခြင်းအထိမ်းအမှတ်စာစောင်သည် သတင်းစာ မဟုတ်ပါ။ ဂျာနည်လည်းမဟုတ်ပါ။ မဂ္ဂဇင်းဖြစ်ပါသည်။

ဤမဂ္ဂဇင်းကို ဘက်စုံ/ကဏ္ဍစုံဖတ်ရှုကြရပါမည်။ ကျေးဇူးရှင် သာသနာပြု အာဇာနည်ဆရာတော်ကြီး၏ ဘဝပုံရိပ်လှုပ်ရှားခဲ့ပုံများကို စာရေး ဆရာပုဂ္ဂိုလ်မျိုးစုံ၊ ရဟန်း ကလောင်ရှင်၊ လူရှင် ကလောင်ရှင်တို့၏ ပြောပြခြင်း များကို အကန့်လိုက် အကန့်လိုက် တစ်မျိုးစီ တစ်မျိုးစီဖတ်ရှုကြည်ညိုကြပါလို့ ဤစာရေးသူက ကုသိုလ်လိုချင်၍ **သာဟတ္ထိက** ဖြင့်အားမရဘဲ **အာဏတ္တိက**ဖြင့် တိုက်တွန်းနှိုးဆော်နေခြင်းဖြစ်ပါသည်။

ဆရာတော်ဘုရားသည် မည်သည့်ဇာတိဖြစ်သည်၊ မည်သို့သော ဆရာသမားထံ သာမဏေဝတ်ခဲ့သည်၊ မည်သည့်သိမ်တော်၌ရဟန်းပြုခဲ့သည်၊ ဥပဇ္ဈာယ်ဆရာတော်က မည်သို့သောဆရာတော်ဖြစ်သည်ဆိုသော လိုရင်း အချက်အချာတို့ကို စုံစမ်းကြည့်လျှင် ကြည်ညိုသောပသာဒစိတ်ကြောင့် ရင်ထဲ အေးစက်သွားပါလိမ့်မည်။ ကျောကုန်းတစ်ခုလုံး ချမ်းအေးသွားပါလိမ့်မည်။ မည်သို့သောကျောင်းတိုက်ကြီး၌ စာချတာဝန်ယူချပို့ခဲ့သည်၊ သွားလာ ကျက်စားခဲ့သောအပေါင်းအသင်းပြုခဲ့သော ရွှေကျင်နိကာယဂိုဏ်းသား ဖြစ်သည် ကို သိလျှင် ပို၍တမောတဝကြီး ပြည့်ပြည့်ဝဝ ချမ်းသာသုခခံစားရပါလိမ့်မည်။

သာသနိက သာသနာပြုကျမ်းဂန်များရေးသားပြုစုခဲ့တာတွေလည်း များစွာရှိပါသည်။ ဤဆောင်းပါး၌ဖော်ပြစရာလိုမည်မထင်အပ်ပါ။

သို့အတွက် ဆရာတော်ဘုရားကြီး၏ ဘဝ၏အတိုချုပ်အနှစ်သာရကို ဖော်ကျူးရမည် ဆိုလျှင် ဧရာဝတီတိုင်း၊ ညောင်တုန်းမြို့၊ ရွှေဟသာတောရ ပါဠိတက္ကသိုလ်ကျောင်းတိုက်၌ ရဟန်းပြု၍စာသင်ပြီးနောက် သံဃာ (၂၀၀) ခန့်စာပို့ချခဲ့ခြင်း၊ (၃၄) နှစ်အရွယ် စစ်ကိုင်းတောင် ရွှေဟသာတိုက်ဟောင်းကို တည်ထောင်အုပ်ချုပ်ခဲ့ခြင်း၊ (၄၃)နှစ်အရွယ် စစ်ကိုင်းတောင် ရွှေဟသာ တိုက် သစ်ကို ပဓာနနာယကအဖြစ် တည်ထောင်အုပ်ချုပ်ခဲ့ခြင်း၊ ဤအတော အတွင်း ရွှေဟသာဆရာတော်အမည်ဖြင့် ပရိယတ္တိနယ်ပယ် ပဋိပတ္တိနယ်ပယ်၌

www.dhammaransi.com



ကျော်ကြားခဲ့ခြင်း၊ (၅၉)နှစ်အရွယ် ရွှေကျင်ဂိုဏ်းလုံးဝန်ဆောင် နာယက အဖွဲ့ကြီး ကိုင်အဖွဲ့၌ ကမ္မကာရက (၉)ပါးရှိရာ အကြီးဆုံးမထေရ်မြတ်ဖြစ်ခြင်း၊ (၈၂) နှစ်အရွယ် ရွှေကျင်နိကာယ ဥပဥက္ကဋ္ဌ ခန့်အပ် တင်မြှောက်ခံရခြင်း၊ (၉၆) နှစ် အရွယ် ရွှေကျင်နိကာယဥက္ကဋ္ဌ ဓမ္မသေနာပတိ (ရွှေကျင် သာသနာပိုင် ဆရာ တော်) ဖြစ်တော်မူခဲ့ခြင်း၊ အဂ္ဂမဟာပဏ္ဍိတဘွဲ့ကို (၆၇)နှစ်အရွယ်၌ လည်းကောင်း၊ အဘိဓဇမဟာ ရဋ္ဌဂုရုဘွဲ့ကို (၉၅) နှစ်အရွယ်၌လည်းကောင်း၊ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဘွဲ့ကို (၉၉) နှစ်ရွယ်၌လည်းကောင်း အပူဇော်ခံရယူပြီး၍ ၁၃၅၇ ခုနှစ်၊ သီတင်းကျွတ်လပြည့် ကျော် (၁) ရက်နေ့၊ သက်တော်အားဖြင့် (၁၀၂) နှစ်၊ သိက္ခာတော် အားဖြင့် (၈၂) ဝါ အရတွင် တစ်ဘဝခန္ဓာငြိမ်းတော်မူခဲ့ပါသည်။

ဤသို့ စသည် ရှိခိုးပူဇော်ဖူးမြော်မာန်လျှော့ အကြိမ်ကြိမ်ကန်တော့ အပ်ပါသတည်း။

☸ ☸ ☸ ☸ ☸

www.dhammaransi.com



## ပရိယတ္တိ၊ ပဋိပတ္တိဆိုင်ရာ လမ်းညွှန်ချက်များ
## ဥယျောဇနကထာစာတမ်း

သမ္မာသမ္ဗုဒ္ဓမြတ်စွာဘုရား ပရိနိဗ္ဗာန်စံလွန်တော်မူပြီးနောက် သမ္မာသမ္ဗုဒ္ဓ သာသနာတော်ကြီးကို အရှင်မဟာကဿပ၊ အရှင်အာနန္ဒာ၊ အရှင်ဥပါလိ၊ အရှင်အနုရုဒ္ဓါ စသော အဆက်ဆက်သော မဟာထေရ်မြတ်ကြီးတို့ စောင့်ရှောက်တော်မူလာခဲ့ပုံကို သာသနာ၀င် သမိုင်းစဉ်အကျဉ်းအကျယ်တို့၌ သိဖူးကြားဖူးသောပုဂ္ဂိုလ်တို့ များပြားလှပေပြီ။

ပထမသင်္ဂါယနာတင်ခြင်း၊ ဒုတိယသင်္ဂါယနာတင်ခြင်း၊ တတိယသင်္ဂါယနာတင်ခြင်း စသည်တို့ကိုလည်း သိဖူးကြားဖူးခဲ့ကြပေပြီ။

မဇ္ဈိမဒေသသာသနာ၀င် အရှင်မဟာကဿပ အမျိုးထား၍ လည်းကောင်း၊ သထုံပြည်သာသနာ၀င် အရှင်အရဟံအမျိုးထား၍လည်းကောင်း၊ ပုဂံပြည်သာသာနာ၀င်ကိုလည်း အရှင် အရဟံသည်ပင် အမျိုးပြု၍လည်းကောင်း သာသနာပြုခဲ့ကြပုံကို မှတ်သားကြည်ညိုခဲ့ကြရပေပြီ။

ထို့နောက် ကူးခန်းကြီးသာသနာ၀င်အကျယ်ကို အရှင်သုဓမ္မစာရီ အစပြု၍ သက္ကရာဇ်(၆၆၂) ခုနှစ်ဆီက မြင်စိုင်းမင်းသည် ကူးခန်းကြီးမြို့ (ပခန်းကြီးမြို့) ၌ စေတီပုထိုးဂူကျောင်းတို့ကို ဆောက်လုပ်လှူဒါန်း၍ အရှင်သုဓမ္မစာရီအား ကိုးကွယ်ဆည်းကပ်ခဲ့လေသည်။

ထို့နောက် ဒီပဲယင်းသာသနာ၀င် ပထမနမောဆရာတော်၊ ဒုတိယနမောဆရာတော်တို့ ဆက်လက်သာသနာပြုတော်မူကြသည်။

ဒီပဲယင်းသာသနာ၀င်အကျယ်ကို မှတ်သားပြီးလျှင် ရွှေဘိုသာသနာ၀င် အကျယ် ကိုဆက်လက်တင်ပြလိုပါသည်။

ရွှေဘိုသာသနာ၀င်အစသည် သီးလုံးဆရာတော်ဖြစ်ပါသည်။ သီးလုံးဆရာတော် ဘုရားကြီးသည် သက္ကရာဇ် ၁၁၄၈ ခုနှစ်၌ ရွှန်းရွှန်း တက်ရွာတွင် ဖွားမြင်တော်မူ၍ ရွှေဘို မြို့နယ်သီးလုံးရွာ၌ သီတင်းသုံးတော်မူသဖြင့် သီးလုံးဆရာတော်ဟုထင်ရှားတော်မူသည်။ ၁၂၂၂ ခုနှစ်၊ သက်တော် (၇၅) နှစ်အရတွင် တစ်ဘ၀လွန်တော်မူသည်။ သက္ကရာဇ် ၁၁၈၁ ခုနှစ်၊ အမရပူရမြို့တော်၌ နောင်တော်ကြီးနန်းတက်တော်မူသည်။ ထိုမင်းလက်ထက်တွင် ဒုတိယ နမော

www.dhammaransi.com



ဆရာတော် တစ်ဘဝလွန်တော်မူ၍ ဒီပဲယင်း သာသနာ အဆက်ပြတ်ခဲ့သည်။ ထိုအခါ ဒုတိယနမောဆရာတော်၏ တပည့် သီးလုံးဆရာတော် အရှင်စန္ဒိမာ ဆက်လက် သာသနာပြုတော်မူသည်။

၁၁၉၉ ခုနှစ်တွင် ညီတော် သာယာဝတီမင်းနန်းတက်၏။ ရွှေဘိုမင်း ဟူ၍လည်း ခေါ်ဝေါ်သညာပြုကြ၏။ ရွှေဘိုမင်းသည် သီးလုံးဆရာတော် အရှင်စန္ဒိမာကို ဂိုဏ်းသီး ဂိုဏ်းခြားအဖြစ် ဂဏဝိမုတ်ပေး၍ ကိုးကွယ်တော်မူကာ **"စန္ဒိမာဘိဝံသ သိရီသဒ္ဓမ္မဓဇ မဟာဓမ္မ ရာဇာဓိရာဇဂုရု"** ဘွဲ့တံဆိပ်တော်ဖြင့် ပူဇော်သည်။

ရွှေဘိုမင်းလက်ထက်ကပင် မင်းတုန်းမင်းသားသည် သီးလုံး ဆရာတော်ကို ကြည်ညိုခဲ့လေသည်။ အထွက်အထိပ်သို့ရောက်သောကာလ သီးလုံးဆရာတော်ကို မန္တလေးမြို့တော်သို့ ပင့်သော်လည်း မကြွသောကြောင့် သီးလုံးရွာ၌ပင် **"ရတနာဘုံစံ"** ကမ္ပည်းထိုးကာ ကျောင်းဆောက်လုပ် လှူဒါန်းသည်။

သီးလုံးဆရာတော်သည် ဝိနည်းအဆုံးအဖြတ်နှင့်တကွ မူလပဏ္ဏာသ အဋ္ဌကထာ နိဿယ၊ ကုလဒူသကဝိနိစ္ဆယ၊ ဂမ္ဘီရတ္ထဒေသနာစသော ကျမ်းပေါင်း (၆၄) ကျမ်း ရေးသားတော်မူခဲ့သည်။

သီးလုံးဆရာတော်နှင့် ဆရာတူတပည့် သမာနာစရိယဖြစ်သော အရှင်ခေမာထေရ်သည် စာပေတတ်မြောက်အောင်သင်ကြားပြီးနောက် တောရကျောင်း၌သာအမြဲနေ၍ ရဟန်းတရားကို ထက်ထက်သန်သန် အားထုတ် တော်မူသည်။ ရံခါရံခါ သီးလုံး ဆရာတော်ထံသို့လာ၍ တရားစကားဆွေးနွေး တော်မူသည်။

သီးလုံးဆရာတော်အား ဇေကစာရီနေ၍ တရားအားထုတ်ရန် မကြာခဏတိုက်တွန်းလေ့ရှိ၏။ အရှင်ခေမာတိုက်တွန်းသောကြောင့် သီးလုံး ဆရာတော် အရညဝါသီ ဇေကစာရီနေ၍ တောရဆောက်တည်တော်မူသည်။

အရှင်ခေမာသည် ကင်းတောရမှ သီးလုံးဆရာတော်ထံသို့ နေ့ချင်းပြန် အားဖြင့် တစ်လနှစ်ကြိမ်၊ သုံးကြိမ်လာ၍ တရားစကားဆွေးနွေးလေ့ရှိရာ တစ်နေ့ သောအခါ အချေအတင် တော်တော်ကြာကြာဆွေးနွေးပြီးနောက် အရှင်ခေမာ ပြန်ကြွတော်မူရာ သီးလုံးဆရာတော်သည် ကျောင်းမှနှစ်ခေါ်လောက်အရောက် ကိုယ်တိုင်လိုက်ပို့မြဲဖြစ်သည့်အတိုင်း ယင်းနေ့မှာလည်း လိုက်ပို့တော်မူသည်။

www.dhammaransi.com



ပို့မြဲနေရာသို့ရောက်သောအခါ အရှင်ခေမာက **"သီးလုံးဆရာတော် ကောင်းမြတ် သောလုံ့လ၊ သတိဖြင့်သာသနာတော်မှာနေရစ်ပေတော့"**ဟု ပြောကြားနှုတ်ဆက်၍ သက်န်းကိုခါယောင်ပြုလိုက်ရာ အရှင်ခေမာသည် ထန်းနှစ်ဖျားခန့် ကောင်းကင်သို့ ရောက်သွားပြီးလျှင် ကောင်းကင်၌ရပ်လျက် **"သီးလုံးဆရာတော် နေရစ်ပေတော့"** ဆို၍ ကောင်းကင်ကပင် ကြွသွားတော်မူလေသည်။

သီးလုံးဆရာတော်သည် ကောင်းကင်သို့ ကြည့်ရှု ငေးမောနေလေတော့၏။ အချိန်ကြာကြာငေးမောနေစဉ်မှာပင် ကျောင်းကသာမဏေတစ်ပါး ရောက်လာမှ သတိရတော့၏။

**"ငါတို့များ သီးလုံး သီးလုံးနှင့် ဘာအသုံးမျှမကျဘူး" "ကိုခေမာတို့များ သာသနာတော်နှင့် ကြုံတွေ့ရကျိုးနပ်ပါပေစွ"** ဟုနှုတ်မြွက်ပြောဆိုကာ ကျောင်းသို့ ပြန်ကြွလာခဲ့သည်။

နံနက်လင်းလျှင်လင်းချင်း **"အရှင်ခေမာ ပျံလွန်တော်မူပြီ"** ဟု သီးလုံးဆရာ တော်ထံလာရောက်လျှောက်ထားကြလေသည်။ သီးလုံးဆရာတော် ကိုယ်တိုင် ကင်းတောရသို့ကြွ၍ (၇)ရက်အတွင်းပြီးစီးအောင် ဈာပနမှုစီမံ ခဲ့လေ သည်။

(သီးလုံးဆရာတော်၏ အာဘောဂမှာ အရှင်ခေမာပရိနိဗ္ဗာန်ပြုသွားသည်ဟု ယူဆ၏)

ထို့နောက် သီးလုံးဆရာတော်သည် ယခင်ကထက်ပို၍ ထက်ထက် သန်သန်အား ထုတ်တော်မူသည်။ **"သာသနာတော်၌"** သီးလုံးဆရာတော်၏ ပရိယတ် ပဋိပတ်အခြေအနေ မည်မျှပေါက်မြောက်တိုးတက်လျက်ရှိသည်ကို ပဥ္စမသင်္ဂါယနာတင်မင်းတရားကြီး သိရှိ ကြည်ညိုတော်မူလိုသောဆန္ဒရှိသဖြင့် ဆရာတော်များကိုလျှောက်ထားရာ ဆရာတော်များက သင်္ဖာဆရာတော်ကို တိုက်တွန်းစေလွှတ်ကာ သီးလုံးဆရာတော်ထံ ချဉ်းကပ်စေကြသည်။

သင်္ဖာဆရာတော်သည် ခက်သင်ရွာတောရကျောင်း သီးလုံး ဆရာတော် အနီးအနားသို့ အရောက်သွားသည်။ ရောက်သွားသော နံနက်ခင်း အချိန်တွင် သီးလုံးဆရာတော် ဒန်ပူသတ်နေသည်ကိုဖူးမြင်ရသည်။ ဒန်ပူ သတ်နေဆဲမှာပင် သင်္ဖာဆရာတော် မေးမြန်းလျှောက်ထားသော စာပေ ပရိယတ်နှင့် အကျင့်ပဋိပတ်တို့ကိုဖြေကြားတော်မူသည်။

www.dhammaransi.com



သင်္ဂဇာဆရာတော်အား သီးလုံးဆရာတော်က "သင်္ဂဇာ ခက်သင်ရွာက ဆွမ်းစား ပင့်ထားတာရှိတယ် ဆွမ်းစားလိုက်ပြီးမှပြန်လေ" ဟုမိန့်တော်မူသည်။ "သင်္ဂဇာ ယခုဘာနှင့် လာခဲ့သလဲ" ဟုမေးရာ သင်္ဂဇာဆရာတော်က "လှေဖြင့် ကူးလာခဲ့ပါသည်ဘုရား" "အေး ဒီလိုဆိုရင် လှေဖြင့်ကူးသွားနှင့်လေ"ဟု အမိန့်ရှိ၍ သင်္ဂဇာဆရာတော်က ခက်သင်ရွာဘက်သို့ လှေဖြင့်ကူးလာခဲ့သည်။ သင်္ဂဇာဆရာတော်၏လှေ ခက်သင်ရွာသို့ မဆိုက်ရောက်မီ သီးလုံး ဆရာတော် သည် ခက်သင်ရွာလှေဆိပ်၌ သက်န်းရုံနေတော်မူသည်ကို ဖူးမြင်ရသည်။ (စာရှုသူတို့ တွေးဆမြော်မြင် ဉာဏ်ယှဉ်ကြည်ညိုစေချင်ပါသည်)

ဤသို့စသည် ပဋိပတ်အကျင့်ဂုဏ်တို့၏ အရည်အသွေးမွေးကြိုင်သင်း ပျံ့ခဲ့ပုံ ကိုဒွါဒသမရွှေကျင်သာသနာပိုင် စစ်ကိုင်းရွှေဟင်္သာဆရာတော် အဘိဓဇမ ဟာရဋ္ဌဂုရု ဆရာတော်ကြီး၏ဩဝါဒဟောကြားချက်တို့ကို နာဖူးခဲ့ရသည့်အပြင် ဂန္ထန္တရကျမ်းဂန်တို့၌ လည်းကောင်း၊ ရွှေကျင်နိကာယသာသနာဝင်ကျမ်း၌ လည်းကောင်း ရွှေဟင်္သာဆရာတော်ကြီးသည်ပင် ရေးသားခဲ့သည်တို့ကို ဖတ်ရှု ခဲ့ရ၍ **"ပရိယတ္တိပဋိပတ္တိဆိုင်ရာ လမ်းညွှန်ချက် များမှတ်တမ်း"** ဤစာအုပ်ကြီး၌ ဤအကြောင်းအရာများပါဝင်စေလို၍ ထုတ်နှုတ်ရေးသား ဖော်ပြလိုက်ရပါသည်။

ယနေ့ ထေရဝါဒဓမ္မကထိကများ၊ ဂဏဝါစကများ၊ မဟာနာယကများ၊ ပဓာနနာယက များ၊ တပည့်တော်များ၊ အရှင်ဘုရားများသည် ပရိယတ္တိသမား များသာ ဖြစ်ကြပါသည်။

သို့အတွက် ဖော်ပြပြီးဆရာတော်ကြီးများကို အတုယူလိုက်နာကာ အားတက်ရွှင်လန်း ဝမ်းပန်းတသာ အနုဝတ္တကအကျင့်ဓမ္မဖြင့် ပဋိပတ်ဘက်သို့ သာလိုက်ပါ ဆောင်ရွက် အားထုတ်တော်မူဖို့ အချိန်ရောက်ပြီဖြစ်ပါကြောင်း . . .

ပရိယတ်နှင့်သာ အချိန်မကုန်သင့်ပါကြောင်း . . .

သမဂ္ဂဝတ်တရားအရ တိုက်တွန်းနှိုးဆော်အပ်ပါသတည်း။

❁ ❁ ❁ ❁ ❁

www.dhammaransi.com



## ကျောက်တံခါးဆရာတော် ဘဒ္ဒန္တကောသလ္လမွေးနေ့ သန္ဓေသကာထာ

| | |
|---|---|
| - တိုင်း | - ပဲခူးတိုင်းဒေသကြီး |
| - မြို့ | - ကျောက်တံခါးမြို့ |
| - ဂိုဏ်း | - ရွှေကျင်ဂိုဏ်း |
| - ပဓာနနာယက | - ဘဒ္ဒန္တကောသလ္လ |
| - သက်တော် | - (၉၀) |
| - ဝါတော် | - (၇၀) |

ယင်းဆရာတော်၏ မွေးနေ့ပူဇော်ပွဲ ဆုတောင်းပွဲကို တပည့်ဒကာ ဒကာမတို့က ဆင်ယင်ကျင်းပကြမည်ဟု ကြားရသဖြင့်ဝမ်းသာ၏။

ဤစာရေးသူမန္တလေးဆရာတော်ကြီးကိုလည်း ဤပွဲသို့ကြွရန် အတန်တန်ပင့်ကြ၏။

ဤစာရေးသူဆရာတော်ကြီးက (၉၄)နှစ်၊ (၇၅)ဝါ ဖြစ်နေ၏။ ဤ စာတမ်းကိုပင် နှုတ်ဖြင့်ပြော၍ ဦးပဇင်းဥက္ကါစာရကိုရေးစေ၏။

ဤကျောင်းတိုက်၏ နှစ်စဉ်ဝိနည်းပြန်ဆိုရာဌာနသည် ညောင်လေးပင် မြို့ တောရကြီး ဝိနည်းပြန်ဆိုရာဌာနဖြစ်၍ အလွန်အလေးထားရသည့် ကျောင်းတိုက်ကြီးဖြစ်ကြောင်း ပြောကြားလိုပါ၏။

ယခု ဘဒ္ဒန္တကောသလ္လ၏ဆရာ ကျောက်တံခါးဆရာတော်ကြီးဟု ကျော်ကြားခဲ့သော ဆရာတော်ကြီးသည် ဤစာပြန်ပွဲကြီး၏ ထိပ်ဖူးခေါင်းဆောင် အဖြစ်ဆောင်ရွက်ခဲ့၏။ ဝိနယဓရဝိနည်းကျမ်းစာတတ်မြောက်၍ ဝိနယဂရု ကလည်းဖြစ်၏။ ညောင်လေးပင် ရွှေကျင်နိကာယဝိနည်းပြန်ဌာနကြီးကို ထိန်းကွပ် ခေါင်းဆောင်ခဲ့သောဆရာတော်ကြီးဖြစ်၍လည်း ပို၍ ကြည်ညိုရ၏။ လေးစားရ၏။

ဤစာရေးနေခိုက်လွမ်းဆွတ်တသသတိရလျက် ဆရာတော်ကြီး၏ ဝိနည်းဂုဏ်ကို အာရုံပြုရှိခိုးလိုက်ပါသည်။

ထို့အတူ ယခုလက်ရှိကျောင်းတိုက် ပဓာနနာယက ဘဒ္ဒန္တကောသလ္လ ကိုလည်း အားထားယုံကြည်လေးစားပါ၏။

www.dhammaransi.com



သို့အတွက် ဆရာကောင်းတပည့်အဖြစ်ဖြင့် "တပည့်ကောင်း ပန်းကောင်း ပန်" အဖြစ်သို့ရောက်ရန် အသောကာရုံကျောင်းတိုက်နေ သံဃာတော်များ အတွက် ဓမ္မပဏ္ဏာ ကာရအဖြစ် ဓမ္မဒါနပြုလိုက်ရပါသတည်း။

**ဝန္ဒနေ ပိဏ္ဍပါတေစ၊ နဝကမ္မေစ ဘောဇနေ။**

**သဇ္ဈာယေ ပဋ္ဌဝတ္တေသု၊ သမေ အသောကာရာမိကော။**

ဝန္ဒနေ - ဘုရားဝတ်တက်ရာ၌လည်းကောင်း၊ ပိဏ္ဍပါတေ စ - ဆွမ်းခံကြွရာ၌ လည်းကောင်း၊ နဝကမ္မေစ - သေနာသနဝတ်ဖြစ်သော ဝတ်ကြီးဝတ်ငယ်ပြုရာ၌လည်းကောင်း၊ ဘောဇနေစ - ဆွမ်းစားကျောင်း ဆွမ်းစားရာဌာန၌လည်းကောင်း၊ သဇ္ဈာယေ - စာတက်ကိစ္စ၊ စာအံကိစ္စ၌လည်းကောင်း၊ ဣတိ - ဤသို့၊ ပဋ္ဌဝတ္တေသု - ငါးပါးသော ကျင့်ဝတ်တရားတို့၌၊ အသောကာရာမိကော - အသောကာရုံတိုက်သားသံဃာများသည်၊ သမေ - ညီညီညွတ်ညွတ် အားထုတ်ကြရာ၏။

❁ ❁ ❁ ❁ ❁

www.dhammaransi.com



# ညောင်ကုန်းမြို့၊ ဘုရားကြီးကျောင်းတိုက်
# အနန္တိမ အဂ္ဂမဟာပဏ္ဍိတ
# ဩဝါဒသဝဏီယဝတ္ထု

ဒဟရာ စ မဟန္တာ စ၊
ယေ ဗာလာ ယေ စ ပဏ္ဍိတာ၊
သဗ္ဗေ မစ္စုဝသံ ယန္တိ၊
သဗ္ဗေ မစ္စု ပရာယဏာ။

ဒဟရာ - ငယ်ကုန်သော၊ ယေ သတ္တာစ - အကြင်သတ္တဝါတို့သည်လည်းကောင်း၊ မဟန္တာ - ကြီးကုန်သော၊ ယေ သတ္တာစ - အကြင်သတ္တဝါတို့သည်လည်းကောင်း၊ ဗာလာ - မလိမ္မာကုန်သော၊ ယေ သတ္တာစ - အကြင်သတ္တဝါ တို့သည်လည်းကောင်း၊ ပဏ္ဍိတာ - ပညာရှိကုန်သော၊ ယေ သတ္တာစ - အကြင်သတ္တဝါတို့သည်လည်း၊ သန္တိ - ရှိကုန်၏။ သဗ္ဗေ- ခပ်သိမ်းကုန်သော၊ တေ သတ္တာ - ထိုသတ္တဝါတို့သည်၊ မစ္စုဝသံ - သေမင်းနိုင်ငံသို့၊ ယန္တိ - လိုက်ကြကုန်၏၊ သဗ္ဗေ - ခပ်သိမ်းကုန်သော၊ တေ သတ္တာ - ထိုသတ္တဝါတို့သည်၊ မစ္စုပရာယဏာ - သေမင်းသည်သာလျှင် လဲလျောင်း ပုန်းအောင်းရာရှိကြကုန်၏။

ဤကျမ်းဂန်ပါဠိဒေသနာလာရှိသည့်အတိုင်း ဒုတိယဘုရားကြီး ဆရာတော် တွေ့ကြုံရသော ယနေ့ဖြစ်ပျက်ပုံသည် ဒေသနာနှင့် တစ်သားတည်း တစ်ထပ်တည်း ကျနေသည်ကို တွေ့မြင်ရသဖြင့် ဘုရားဟောဒေသနာတော်ကို ကြည်ညိုရပေ၏။

ဒုတိယဘုရားကြီးဆရာတော် ဘဒ္ဒန္တအာစိဏ္ဏကို နှမြောတသ လွမ်းဆွတ်ရပေ၏။

ကျန်ရှိသောဘုရားကြီးတိုက်သံဃာတော်များ၊ ဝိနည်းပြန်ဌာန သံဃာတော်များ၊ ဒေသနယ်ပယ်အတွင်းရှိ သံဃာတော်များကိုကား ပို၍ အားကိုးစိတ်ဖြစ်ပေါ်လာရ၏။

အဘိဓဇမဟာရဋ္ဌဂုရု ပထမဘုရားကြီးဆရာတော်၊ အဘိဓဇမဟာရဋ္ဌ ဂုရု ညောင်ရွှေ ကန်ကြီးဆရာတော်နှစ်ပါးတို့၏ တပည့်ကောင်းပီပီ နေထိုင် ကျင့်သုံးလျက် ပြုမူဆောင်ရွက်ခဲ့သော ဘဒ္ဒန္တအာစိဏ္ဏကို အားကျကြည်ညိုသော

www.dhammaransi.com



အားဖြင့်လည်းကောင်း၊ အဘိဓဇ ဆရာတော်ကြီးနှစ်ပါးကို လေးစားကြည်ညို သောအားဖြင့်လည်းကောင်း။

တိုက်တွင်းသံဃာများနှင့် နယ်သံဃာများအားလုံးသည် ဘုရားကြီး ဝိနည်းစာပြန်ပွဲကြီးနှင့် စာသင်တိုက်မပျက်စီးရေးစသည်တို့ကို ခန္ဓာဘိယျောန ဝိဋ္ဌတိ - အရအမြင့်ဆုံး အမြတ်ဆုံးဖြစ်သောသည်းခံခြင်း ခန္တီတရားကို လက် မလွှတ်ပဲ သာသနာ့အာဇာနည်စိတ် ခေတ်ဖြင့်အနာဂတ်သာသနာ တိုးတက် မြင့်မားရေးကိုသာ ရှေးရှုငဲ့ကွက်၍ နေထိုင်ကျင့်သုံးကြစေလိုကြောင်း ဩဝါဒ စကားရေးသားအပ်ပေသတည်း။

❁ ❁ ❁ ❁ ❁

www.dhammaransi.com



# သက်ရှယ် နှစ်(၅၀)မြောက် သာသနာပြုစာစောင် ထုတ်ဝေလိုသော ဘုန်းကြီး ဦးအာစိဏ္ဏအတွက် ဩဝါဒ

ဤဩဝါဒရေးသားသောဆရာတော်သည် ရွှေကျင်သာသနာပိုင် အဘိဇမဟာ ရဋ္ဌဂုရု၊ အဘိဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ အဂ္ဂမဟာပဏ္ဍိတ၊ နိုင်ငံတော်ဩဝါဒါစရိယ ဖြစ်သည်။

ဤစာရေးသူဘုန်းကြီး(ဆရာတော်)က သက်ရှယ်(၅၀)ပြည့် ဦးအာစိဏ္ဏ ကို သတိပေးစကားပြောကြားခြင်း၊ အားတက်ဖွယ်စကားပြောကြားခြင်း၊ အားပေး စကား ပြောကြားခြင်းဆိုသောကိစ္စများ ဆောင်ရွက်နေခြင်းဖြစ်ပေသည်။

ယော စ ဝဿသတံ ဇီဝေ - စသည်ဟောကြားအပ်သော မြတ်ဗုဒ္ဓ သည် လူတို့ သက်တမ်း နှစ်(၁၀၀)ဟု သတ်မှတ်ဟောကြားခဲ့သည်ဖြစ်၍ နှစ် (၁၀၀) ထက်ဝက် ရောက်နေသော ဦးအာစိဏ္ဏက သာသနာပြုစာစောင် ထုတ်ဝေပြီး ညီတော်၊ နောင်တော် သံဃာတော်များ ကိုပန်ကြားလျက် ဒကာ/ဒကာမအများစုကို စည်းရုံးသာသနာပြုခြင်းအနေဖြင့် ဆောင်ရွက် နေသော ရွှေစည်းခုံဦးအာစိဏ္ဏအား သွန်သင်ပြသဆုံးမဩဝါဒပေးရမှာပါ။

ဒီတော့ ငါ့ရှင်ဦးအာစိဏ္ဏ စာမေးပွဲများစွာအောင်မြင်ခဲ့၍ ပရိယတ္တိ သာသနာ့ အလုပ် တစိုက်မတ်မတ်လုပ်လာခဲ့ရာမှ နှစ်(၅၀)အရောက်တွင် ခဏခေတ္တအနားယူ အုံးမယ်လို့များ စိတ်ကူးရှိပါသလား ?

<u>မလုပ်လိုက်ပါနဲ့ ဆုံးဖြတ်ချက်မချလိုက်ပါနဲ့</u> ဟုတောင်းပန်ပါရစေ။

စာချသူရှားပါးနည်းပါးသွားမည်ကိုစိုးရိမ်သောကြောင့်တောင်းပန်ရပါသည်။

အင်္ဂုတ္တိုရ်ပါဠိတော်၌စာချသူရှားပါးခြင်းသည် သာသနာကွယ်ကြောင်း ဖြစ်သည် ဟုဆိုထားပါသည်။ ယင်းပါဠိတော်တွင် သာသနာကွယ်ကြောင်း (၁၅) ပါးအနက် နောက်ဆုံး (၅) ပါးသည် အလွန်အရေးကြီးသည်ဟု ထင်မြင် သဘောပေါက်ပါသည်။

www.dhammaransi.com



**ဝါ တစ်နည်းမှာ. . .**

**အက္ခရာပုဒ်ပျက်၊ လေ့ကျက်သင်ကြ၊**

**ဒုဗ္ဗစမူ၊**

**စာချသူရှား၊**

**လာဘ်များအောင်ဖန်၊**

**ခိုက်ရန်ကွဲပြား၊**

**ဤငါးပါးသည် ဘုရားသာသနာကွယ်ကြောင်းတည်း။**

(ဤ (၁၅)သည် ဘုရားသာသနာကွယ်ကြောင်းတည်း)

ငါ့ရှင်အာစိဏ္ဏ –

တက်လူခေတ်သစ်ရဟန်းပီပီ ဘုရားသာသနာကွယ်ကြောင်း တရားများကို ပါဠိစာအုပ် မြန်မာစာအုပ်ရှာကြံ၍ ဖတ်ပါ၊ သတိထားပါ၊ ကြိုးစားအားထုတ်ပါဟု တိုက်တွန်းလိုပါသည်။

အနည်းငယ်ချဲ့ပါအုန်းမည် -

**အက္ခရာပုဒ်ပျက်လေ့ကျက်သင်ကြ. . .** ဟုဆိုရာ၌ သဒ္ဒါအခြေခံ မှန်မှန်တတ်မြောက်ရမည်ဟု အဓိပ္ပါယ်ရှိပါသည်၊ ဓမ္မာစရိယတန်း အောင်မြင်ရုံမျှဖြင့် စာမတတ်သေးပါ၊ စာများများ ချပို့သူများသာ စာတော်တော် တတ်ကြပါသည်။ ရဟန္တာမဖြစ်သေးသမျှ မည်သူမျှဆုံးခန်းတိုင် ရောက်စာတတ်မြောက်သည်ဟု မဆိုနိုင်သေးပါ။

ထို့ကြောင့် ဓမ္မာစရိယ၊ ဓမ္မ + အာစရိယ၊ ဓမ္မဆရာ၊ စာချဆရာဖြစ်သော်လည်း စိတ်မချရသေးပါ။ ဆရာတော်များ ပရိတ်ရွတ်သည့်အခါ ဝိနာသ × မေန္တု-ဟုမရွတ်ပဲ ဝိနာ× သမေန္တု - ဟုအမှားရွတ်သံတွေကြားနေရပါသည်။

ဇရာ မရဏမှာ ပရိမုစ္စိဿာမိ - ဟု ဒိဝါဒိဂိုဏ်း အာချာတ်ကြိယာပုဒ်ဖြင့် ရွတ်ဆိုရမည်ကို ပရိမုဉ္စိဿာမိ - ဟု ရုဓာဒိဂိုဏ်းကြိယာပုဒ်ဖြင့် အရွတ်များနေကြတာတွေ ကြားနေရပါသည်။

အဓိပ္ပါယ်မှာ ပရိမုစ္စိဿာမိ ဒိဝါဒိဂိုဏ်းဖြင့်ဆိုမှ မှန်ကန်ပါသည်။ <u>လွတ်ပါရစေ၊ လွတ်မြောက်အံ့</u> ဟုပေါ်လွင်စေရပါမည်။ ပရိမုဉ္စိဿာမိ - ဟု ရုဓာဒိဂိုဏ်းဖြင့်ရွတ်ဆိုလျှင် <u>လွှတ်ပါရစေ၊ လွှတ်အံ့</u>ဟု အဓိပ္ပါယ်ထွက်နေပါသည်။ ဇရာဘေး၊ မရဏဘေးမှ လွတ်ခြင်းကို ဆိုလိုပါသည်။ အလွန်သတိထားရပါမည်။

www.dhammaransi.com



**ဒုဗ္ဗစ**. . . ဆိုရာ၌ အပြောခက်၊ အဆိုခက် အဆုံးမခက်သော ဂျိကန် သောကိုယ်တော်များကို ဆိုလိုပါသည်။ ဆရာတော်ကြီး ဘုန်းကြီးများ ဆရာသမားများ၏ စကားကို နားထောင်သောရဟန်းငယ် ဘုန်းကြီးကလေးများအား သုဗ္ဗစ မင်္ဂလာကုသိုလ်ရှင်ဖြစ်၏။ ဒုဗ္ဗစသူယုတ်မာပေါ်များလျှင် သာသနာ ညှိုးမှိန် နေသည် အမှန်ဖြစ်၏။

**စာချသူရှား**. . . အနည်းငယ်ချဲ့ပါအုန်းမည်။ စာချပုဂ္ဂိုလ်အမည်ခံသူမှာ သဒ္ဓါတရား ကောင်းသူမှအမည်ခံနိုင်ပါသည်။ စာမှန်မှန်ချနေသော ဘုန်းကြီးမှန်သမျှ သဒ္ဓါတရားခိုင်မာ လို့စာချနေကြပါသည်။ လှူစရာရှိရင် ဤပုဂ္ဂိုလ်မျိုးအား များများလှူပါဟုပြောချင်ပါသည်။

ဥုးအာစိဏ္ဏ၏သက်ရွယ်ရသမျှ အချိန်တိုသက်တမ်းကာလတွင်း ဓမ္မာစရိယပိပိ စာချခြင်းကအကောင်းဆုံးဖြစ်ပါလိမ့်မည်။ ဓမ္မာစရိယ အောင်ပြီးသူများ တခြားတနေရာ သွား၍ကျေးဇူးပြုနေကြသည်ကို ဝမ်းနည်းဖွယ်တွေ့နေရ၍ ဥုးအာစိဏ္ဏကိုပြယုဂ် ဥဒါဟရုဏ် ထုတ်ကာပြောနေရခြင်းဖြစ်ပါသည်။

**သာဘဝိများအောင်ဖန်**. . . အထူးချဲ့စရာမလိုပါ မအပ်မစပ်ဖန်တီးယူနေခြင်းမဟုတ်လျှင် သာသနာကွယ်ကြောင်း၌ မပါဝင်နိုင်ပါ။

ခိုက်ရန်ကွဲပြား. . လောဘကြောင့် ဒေါသဖြစ်အခြေခံမောဟကြောင့် လောဘ၊ ဒေါသ၊ မောဟသိမ်းကျုံးဝင်လာတတ်၏။ အလွန်ဆိုးဝါးသော ကောဓ၊ အာဃာတတို့ပါလာသဖြင့် သာသနာကွယ်ကြောင်းဟု ဘုရားဟောတော်မူ၏။ အလွန်သတိထားရမှာဖြစ်၏။

တရားသုံးပုဒ်တွင် နောက်ဆုံးပုဒ်ငါးပါးကိုသာဩဝါဒစကားအနေဖြင့် ရေးသား လိုက်၏။ လိုရင်းမှာ သသနာတည်တံ့တိုးတက်ရေးကိုသာ သုံးသပ်ဆင်ခြင်လျှက် ကိုယ်၊ နှုတ်၊ စိတ် (၃) ပါးထိန်းချုပ်နေထိုင်သွားကြဖို့ သတိပေးစကားရေးသားအပ်ပေသတည်း။

❁ ❁ ❁ ❁ ❁

www.dhammaransi.com



## ကလွန်းအင်းရွာ၊ သာသနာ့ဟိတကာရီကျောင်းဆရာတော် “ဘဒ္ဒန္တတိက္ခဉာဏ” ၏ သက်တော် (၅၀) ပြည့် မွေးနေ့ သတုပ္ပါဒန ဩဝါဒ ဓမ္မကထာ

ယခုခေတ် လူ့သက်တမ်းကို (၇၅)နှစ်ဟု အများအားဖြင့် သတ်မှတ်ကြသည်။ အချို့ (၇၅) နှစ်မပြည့်ကြ၊ အချို့ကား (၇၅) နှစ်ထက်ကျော်လွန်သူလည်းရှိသည်။ **“အပ္ပက”** သာ ဖြစ်၍ ထည့်ပြီးမရေတွက်၊ ထို့ကြောင့် အများအားဖြင့်ဟုဆိုသည်။

(၇၅) နှစ်သက်တမ်းအရဆိုလျှင် **သာသနာ့ဟိတကာရီကျောင်း၊ ဆရာတော်လေး** သည်သက်တမ်း၏ (၃)ပုံတွင် (၂)ပုံပြည့်စုံသော အရွယ်သို့ ရောက်လေသည်။ မကြီးလွန်းသေးသော်လည်း ငယ်လည်းမငယ်လွန်းတော့ချေ။ သက်တော်(၅၀) ဆိုသည်မှာ အသိပညာပြည့်စုံသည့် အရွယ်ဖြစ်၍ သတိပေးစရာ သိပ်မလိုအပ်ဟု ယူဆ၏။

သို့သော် မိမိ၏ဩဝါဒကို အမှတ်တရနာယူလိုပါသည်ဟု စံကင်းဘုန်းကြီးမှ တဆင့်လျှောက်ထားသိရှိရသဖြင့် ဗုဒ္ဓမြတ်စွာ၏ အောက်ပါအဆုံးအမကိုရေးသားပေးပို့ အပ်ပေသည်။

**အဇ္ဇေဝ ကိစ္စ မာတပ္ပံ**
**ကောဇညာ မရဏံ သုဝေ**
**နဟိ နော သင်္ဂရံ တေန**
**မဟာသေနေန မစ္စုနာ။**

မနက်ဖြန်သဘက်ခါတွင် မည်သည့်နေ့၌သေမည်ဟုမသိနိုင်၊ ထို့ကြောင့် ပြုရမည့် ကုသိုလ်လုပ်ငန်းကို အချိန်မရွေးဘဲပြုရမည်။ သတ္တဝါတို့သည် သေမင်းနှင့်အချိန်းအချက် မရှိသည်ကို သတိပြုပါ။

**ဧဝံ ဝိဟာရိံ အာတာပိံ**
**အဟောရတ္တာ မတန္ဒိတံ**
**တံဝေ ဘဒ္ဒေကရတ္တောတိ**
**သန္တော အာစိက္ခတေ မုနိ။**

www.dhammaransi.com



နေ့ညမပြတ် မပျင်းမရိဘဲ ကုသိုလ်လုပ်ငန်းကို ဤသို့ ကြိုးပမ်း အားထုတ်နေသော ရဟန်းကို ကောင်းသောညတညရှိသောရဟန်းဟူ၍ မြတ်စွာဘုရားက ဟောတော်မူခဲ့၏။

ဗုဒ္ဓမြတ်စွာ၏ ဤအဆုံးအမကို သာသနာ့ဟိတကာရီဆရာတော်လေး အမြဲသတိရ လိုက်နာနိုင်ပါစေဟု တိုက်တွန်းအပ်ပေသည်။

မေတ္တာဝါဒီပုဂ္ဂိုလ်ဟုသိရသဖြင့် သီတင်းသုံးဘော်များ၊ တပည့် ဒါယကာ၊ ဒါယိကာမများအပေါ်၌ အမြဲမေတ္တာထားနိုင်ပါစေ။ ပထမရွှေကျင်ဆရာတော်ဘုရားကြီး ၏ဩဝါဒ ဖြစ်သော **"နံ့သာတုံးသည် မိမိကို မီးရှို့ဖျက်ဆီးသည့်ပုဂ္ဂိုလ်ကိုပင် စိတ်မဆိုးပဲ မွှေးမြစေသကဲ့သို့"** ဟူသော အဆုံးအမ အတိုင်းကျင့်သုံးနိုင်ပါစေ။

နိဂုံးချုပ်အားဖြင့် သတိပေးလိုသည်မှာ "**သာသနာ့ဟိတကာရီ ဆရာတော်**" ဟူသည့် အမည်နှင့်ညီအောင် **ဗုဒ္ဓမြတ်စွာသာသနာတော်မြတ်၏ အကျိုးစီးပွားကို စွမ်းစွမ်းတမံဆောင်ရွက်နိုင်သူဖြစ်ပါစေဟု မေတ္တာပုဗ္ဗင်္ဂမ သတုပ္ပါဒနှ ဩဝါဒစကားရေး သားပေးပို့လိုက်ရပေသည်။**

☸ ☸ ☸ ☸ ☸

www.dhammaransi.com



# အဋ္ဌာရသမ ရွှေကျင်ဂိုဏ်းလုံးကျွတ်သံဃာ့အစည်းအဝေးကြီး အစည်းအဝေးဖွင့် နှုတ်မြွက်မိန့်ခွန်းစကားများ

ရွှေကျင်နိကာယဂိုဏ်းလုံးကျွတ် သံဃာ့အစည်းအဝေးကြီးကို ပထမဦးဆုံးစတင် ကျင်းပခဲ့သောအချိန်သည် ၁၂၈၂ ခုနှစ်၊ ပထမဝါဆိုလဆန်း (၈)ရက် (၁၉၂၀ ခု၊ ဇွန်လ ၂၃ ရက်) ဖြစ်ပါသည်။

မန္တလေး မဟာဝိသုဒ္ဓါရုံတိုက်သစ်၌ကျင်းပပါသည်။ တတိယ ရွှေကျင်သာသနာပိုင် ဒီပဲယင်းဆရာတော်ဘုရားကြီး ကြီးမှူး၍ ဦးစီးဦးကိုင် ဆင်ယင်ကျင်းပပါသည်။

ထို့နောက် ဆက်လက်၍ ဒုတိယမန္တလေးမြို့၊ တတိယမန္တလေးမြို့၊ စတုတ္ထ မော်လမြိုင် ပုဂံတောင်ကျောင်းတိုက်၊ ပဉ္စမ မန္တလေးမြို့၊ ဆဋ္ဌမ ရန်ကုန်မြို့ မြို့မတိုင်းရင်းသား အထက်တန်းကျောင်း၊ သတ္တမ ရှမ်းပြည်နယ် တောင်ကြီးမြို့၊ အဋ္ဌမ စစ်ကိုင်းတောင် မဟာ ဂန္ဓာရုံချောင်၊ နဝမ ပဲခူးမြို့ ကြခတ်ဝိုင်းကျောင်းတိုက်၊ ဒသမ မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံ တိုက်သစ်၊ ဧကာဒသမ ပဲခူးမြို့ကြခတ်ဝိုင်းကျောင်းတိုက်၊ ဒွါဒသမ တောင်ငူမြို့၊ တေရသမ စစ်ကိုင်းရွှေဟင်္သာတိုက်သစ်၊ စုဒ္ဒသမ ရန်ကုန်သာသနာလင်္ကာရ ဓမ္မဗိမာန်၊ ပန္နရသမ ရှမ်းပြည်နယ် ညောင်ရွှေမြို့၊ သောဠသမ ရှမ်းပြည်နယ် ညောင်ရွှေမြို့၊ သတ္တရသမ မန္တလေး မဟာဓမ္မိကာရာမ ရွှေကျင်တိုက်မ၌ ကျင်းပခဲ့ပါသည်။

ယခု အဋ္ဌာရသမအကြိမ် ရန်ကုန်တိုင်းမှော်ဘီမြို့၌ကျင်းပကြပါသည်။

ထိုသို့အကြိမ်ကြိမ်ကျင်းပခြင်းသည် ဘုရားသာသနာကိုပူဇော်ခြင်း (သို့မဟုတ်) ရတနာသုံးပါးကိုပူဇော်ခြင်း၊ ပထမရွှေကျင်ဆရာတော်ကြီးနှင့် ရှေးရှေးဆရာတော်ကြီးများအား ပူဇော်ခြင်းကိုအကြောင်းပြု၍ ကျင်းပပြုလုပ်ကြပါသည်။

ရွှေကျင်ဂိုဏ်းကြီးသည် ဘုရားသာသနာတော်အတွက် ပေါ်ထွန်းလာသောဂိုဏ်းကြီးဖြစ်ပါသည်။ ဘုရားသာသနာသည် ရွှေကျင်ဂိုဏ်းအတွက် တည်ရှိနေသည်မဟုတ်ပါ။ ရွှေကျင်နေကာယိက နိကာယဂိုဏ်းဝင် သံဃာများသည်သာ မြတ်ဗုဒ္ဓသာသနာတော်အတွက် ခုရနှစ်ပါးအားထုတ်ဆည်းပူးဖို့ ပေါ်ထွန်းလာရပါသည်။

www.dhammaransi.com



**ဓုရနှစ်ပါးဟူသည် -**

**ဂန္ထဓုရ - စာပေကျမ်းဂန်သင်အံလေ့ကျင့်ခြင်း။**

**ဝိပဿနာဓုရ - သီလသမာဓိဝိပဿနာ ရဟန်းတရားများ ကျင့်သုံးပွားများ နေခြင်းဖြစ်ပါသည်။**

ဂန္ထဓုရဖြင့် ပရိယတ္တိသာသနာကိုပူဇော်ပါသည်။

ဝိပဿနာဓုရဖြင့် ပဋိပတ္တိသာသနာကိုပူဇော်ပါသည်။

ယင်းသာသနာနှစ်ရပ် အားထုတ်ဆောင်ရွက်မှသာလျှင် ပဋိဝေဓသာသနာဟု ဆိုအပ်သော မဂ်ဖိုလ်နိဗ္ဗာန်လမ်းမှန်ရောက်ဖို့ရန်အတွက် ဥဇုမဂ္ဂလမ်းဖြောင့်လမ်းကောင်း ဖြစ်ပါလိမ့်မည်။

ထို့ကြောင့် ပရိယတ္တိသာသနာ ပဋိပတ္တိသာသနာရှင်သန်တိုးတက်ခိုင်မာရေးအတွက် ဆွေးနွေးတိုင်ပင်ကြသော အစည်းအဝေးကြီးများကို ရွှေကျင်ဂိုဏ်းက ယခုအကြိမ်အထိ ရိုးသားစွာကျင်းပနေခြင်းဖြစ်ကြောင်း အသိပေးဖော်ထုတ်ခြင်း ပြုရပါသည်။

အဆက်ဆက်သော ရွှေကျင်ဂိုဏ်းဆရာတော်တို့သည် သာသနာညှိုးနွမ်းမှိန်မှု ဆုတ်ယုတ်မှုကိုလုံးဝမလိုလားသောကြောင့် ဂိုဏ်းလုံးကျွတ် အစည်းအဝေးကြီးများ ကျင်းပခြင်း၊ ဝိနည်းပြန်ဌာနများဖွဲ့စည်း၍ ဝိနည်းတရား ပြန်ဆိုကြခြင်း၊ ကြီးကုန်းကြီးကုန်သော ဆရာတော် တို့၏အဆုံးအမဩဝါဒကို နာယူကြခြင်းများပြုလုပ်ဆောင်ရွက်နေကြသည်ကို မျက်မြင်တွေ့ကြုံနေကြရပါသည်။

ဒုတိယရွှေကျင်သာသနာပိုင် ပထမမဟာဝိသုဒ္ဓါရုံဆရာတော်၏ သာသနာကွယ်ကြောင်း တရားလင်္ကာကို ဂိုဏ်းပေါင်းစုံ စာသင်တိုက်များကအစ လူရှင်ပုဂ္ဂိုလ်များ အမြဲမပြတ် ရွတ်ဖတ်ဟောပြောနေကြသည်မှာ သာသနာကွယ်ပျောက်မည်ကို ဟန့်တားခြင်းဖြစ်ပါသည်။

**အင်္ဂုတ္တိုရ်လာ၊ သာသနာကွယ်ကြောင်း၊ တရားပေါင်းကား၊ ရဟန်းများတို့ -**

**၁။ တရားမနာ**

**၂။ စာပေမသင်**

**၃။ နှုတ်တွင်မဆောင်**

**၄။ သိအောင်မပြု**

www.dhammaransi.com



**၅။ ဓမ္မနုဓမ္မတ် ပဋိပတ်ကွာ ဤငါးဖြာတည်း။**

**ထဝါ ထို့ပြင်**

**၁။ စာသင်ပယ်လျှော**

**၂။ ကျယ်မဟောကြ**

**၃။ ကျယ်မချနှင့်**

**၄။ ကျယ်စွာမအံ**

**၅။ မကြံမစည် ဤငါးလီတည်း။**

**ဝါ တနည်းမှာ**

**၁။ အက္ခရာပုဒ်ပျက်၊ လေ့ကျက်သင်ကြ**

**၂။ ဒုဗ္ဗစမှု**

**၃။ စာချသူရှား**

**၄။ လာဘ်များအောင်ဖန်**

**၅။ ခိုက်ရန်ကွဲပြား ဤငါးပါးသည် (ဤ ၁၅ သည်) ဘုရားသာသနာကွယ်ကြောင်းတည်း။**

**(ပထမ မဟာဝိသုဒ္ဓါရာမိကတွေရော)**

ဖော်ပြပါ ယင်း (၁၅)ပါးသည် ဘုရားသာသနာကွယ်ကြောင်းဖြစ်၍ ယင်း (၁၅)ပါးလုံးရှောင်ကွင်းကြရမည်ကို သတိပြုတော်မူကြပါဟု ဩဝါဒပေးပါသည်။

ဒုတိယပုဒ် ငါးပါးအနက် ကျယ်မဟောကြ၊ ကျယ်မချနှင့်၊ ကျယ်စွာမအံဆိုသည် မှာစာကိုမဖြုပ်ဘဲ စာကိုအကျဉ်းမချုံးဘဲ အကုန်ချပို့လေ့ကျင့်ရမည်ကို သိစေပါသည်။

ရာဇဘောဂေါ ပါတိမောက်သိက္ခာပုဒ်ကြီးကိုဖြုပ်ပြီး ကျော်ကျက်လာခဲ့သော ဘုန်းကြီးတစ်ပါး ဝါစုဂ္ဂတမပြုနိုင်၍ အရှက်ကွဲအထင်သေးခံနေရရှာသည်ကို တွေ့ဖူးသည်။

ကျေးဇူးရှင်မဟာဝိသုဒ္ဓါရုံဆရာတော်ကြီး၏ရှောင်ကွင်းပယ်သတ်ရမည့်အချက် (၁၅)ချက်ကိုအထူးသတိပြုလိုက်နာပြီး အစည်းအဝေးကြွလာသော သံဃာတော်များနှင့် ဂိုဏ်းဝင် သံဃာတော်များအားလုံး -

www.dhammaransi.com



**က။ လဋ္ဋိ - စာတတ်ပုဂ္ဂိုလ်**

**ခ။ လဋ္ဋိ - စာမတတ်ပုဂ္ဂိုလ်**

**ဂ။ အလဋ္ဋိ - စာတတ်ပုဂ္ဂိုလ်**

**ဃ။ အလဋ္ဋိ - စာမတတ်ပုဂ္ဂိုလ်**

လေးမျိုးလေးစား လေးပါးရှိရာတွင် အကောင်းဆုံးသော လဇ္ဇီစာတတ်ပုဂ္ဂိုလ် ဖြစ်တည်မှုကိုသာ အခါမလပ်ကိုယ့်ကိုကိုယ်နှင့်တကွ ကိုယ့်ကျောင်း၊ ကိုယ့်ရပ်၊ ကိုယ့်နယ်၊ ကိုယ့်ဌာန၊ ကိုယ့်တိုင်း၊ ကိုယ့်ဒေသ စပ်ရာ စပ်ရာညှိနှိုင်း တိုင်ပင်၍ အားထုတ်ကြစေလိုကြောင်း ပြောကြားအပ်ပါသတည်း။

☸ ☸ ☸ ☸ ☸

www.dhammaransi.com



# မဟာ့ရာ—စဉ့်ကူး နှစ်မြို့နယ်
# ရွှေကျင်နိကာယ ဝိနယပါဠိစာပြန်ပွဲ
# သတိပေးဩဝါဒကထာ

ဤနှစ်မြို့နယ် စာပြန်ပွဲကြီးကိုပို၍တိုးတက်ကြီးပွားအောင် ရေးဖြေစာမေးပွဲကိုပါ ပူးတွဲကျင်းပကြသည်မှာ ငယ်ရွယ်သူစာသင်သားတို့အတွက် အလွန်အားတက်ဖွယ်ကောင်းသော လုပ်ငန်းကြီးဖြစ်ကြောင်း သဘောပေါက်ကြလိမ့်မည်ဟု ထင်မြင်လျက်ရှိသည်။

ငယ်ရွယ်သူစာသင်သားဆိုသည်မှာ သာသနာ့ဇောတာရုံစာသင်တိုက်၌ ပညာ သင်ကြားသော ဦးပဇင်းကိုရင်များကိုသာ ရည်ရွယ်ချက်မပြုပါ စာပြန်ပွဲ အဖွဲ့ဝင်ကျောင်းတိုက် တို့၌ရှိသော ဦးပဇင်းကိုရင်များကိုပါ ရည်ရွယ် ပြောဆိုခြင်း ဖြစ်ပါသည်။

စာသင်ကြားမှုဆိုရာ၌ နှုတ်လွတ်ပြန်ဆိုနိုင်ခြင်းဖြင့် မပြည့်စုံသေးပါ။ ရေးတတ်၊ မှတ်တတ်၊ ပြောဆိုတတ်သော သင်ကြားခြင်းကိုအဓိကထား၍ ရေးဖြေစာမေးပွဲဖြည့်စွက် ထားသည်မှာအလွန်ကောင်းသော အချက်တစ်ခုဖြစ်သည်ဟု ဆရာတော်ကြီးများအနေဖြင့် ပြောပြလိုပေသည်။

အင်းဝခေတ် စာဆိုတော်အရှင်မဟာရဋ္ဌသာရ၏မှာတမ်းတစ်ခု ရှိပါသည်။ "သု - စိ - ပု - ဘာ - ဝိ - လိ - သိ - ဓာ - အက္ခရာစွဲသုံး ဤရှစ်လုံးကို သီကုံးပန်းသွင် နေ့တိုင်း ဆင်လော့" ဟူ၍ မှာတမ်းပြုထားပါသည်။

| | | |
|---|---|---|
| **သု** | **- သုဏေယျ** | (နာကြားရာ၏) |
| **စိ** | **- စိန္တေယျ** | (ကြံစည်တွေးတောရာ၏) |
| **ပု** | **- ပုစ္ဆေယျ** | (မေးမြန်းစုံစမ်းရာ၏) |
| **ဘာ** | **- ဘာသေယျ** | (ပြောဆိုရာ၏) |
| **ဝိ** | **- ဝိစာရေယျ** | (ဆင်ခြင်သုံးသပ်ရာ၏) |
| **လိ** | **- လိခေယျ** | (ရေးမှတ်ရာ၏) |
| **သိ** | **- သိက္ခေယျ** | (သင်ကြား-လေ့ကျင့်ရာ၏) |
| **ဓာ** | **- ဓာရေယျ** | (နှုတ်တတ်ပြန်ဆိုရာ၏) |

www.dhammaransi.com



ကျောင်းတိုင်းကျောင်းတိုင်း၌ စာသင်သားငယ်ရွယ်သူတို့ (၁) ပါး၊ (၂) ပါး အနည်းအပါးသာရှိသော်လည်း ဖော်ပြပါ အကျွရာရှစ်လုံးကို အမြဲသုံးစွဲနေရမည်သာဖြစ်၏။ ပါဠိအဋ္ဌကထာ ဗုဒ္ဓဘာသိတကျမ်းကြီးများ၌ ကိစ္စကြီး (၅) ခုပြည့်စုံလျှင် အန္ဓပုထုဇဉ်ဘဝမှ လွတ်မြောက်၍ ကလျာဏပုထုဇဉ်ဘဝသို့ ရောက်ရှိကာ အရိယာ သောတာပန်စခန်း လက်တစ်ကမ်းပင်မလိုသောကြောင့် အရိယာအမှန်ဖြစ်စေကြောင်း သိကောင်းစရာများကိုလည်း သိစေချင်ကြောင်း သတိပေးပါသည်။

ကိစ္စကြီး (၅) ခုဆိုသည်မှာ -

**ဥဂ္ဂဟကိစ္စ** - (စနစ်တကျသင်ယူခြင်း)

**ပရိပုစ္ဆာကိစ္စ** - (စာပြဆရာစာချဆရာထံမေးမြန်း သင့်သည်ကို မေးမြန်းခြင်း)

**သဝနကိစ္စ** - (ဆရာတို့၏ပြောပြချက်ကို နာယူမှတ်သားခြင်း)

**ဓာရဏာကိစ္စ** - (ဝါစုဂ္ဂတ နှုတ်တက်ပြန်ဆိုခြင်း)

**ပစ္စဝေက္ခဏာကိစ္စ**- (နှလုံးသွင်းဆင်ခြင်ခြင်း)

ယင်းကိစ္စကြီး (၅)ချက်ကိုလည်း အထူးကြိုးစားလိုက်နာ ဆောင်ရွက်ကြရန် လိုအပ်သောကြောင့် ဤအားပေးစကားဩဝါဒတရားဖြင့် မှာကြား သိစေအပ်ပါသတည်း။

❁ ❁ ❁ ❁ ❁

www.dhammaransi.com



စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့နယ်
လင်းယဉ်ရွာ မဟာဝိဟာရကျောင်းကြီး၌ ဆင်ယင်ကျင်းပအပ်သော
(၁၀) ကြိမ်မြောက် ရွှေကျင်နိကာယ ဝိနယပဇ္ဇောတက
ဝိနည်းစာတော်ပြန်ပွဲ၌ ဖတ်ကြားအပ်သော
ဩဝါဒကထာ

နှစ်စဉ် ပြာသိုလ၌ကျင်းပမြဲဖြစ်သော ဤစာပြန်ပွဲကြီးသည် (၁၆) ကြိမ်တိုင် ရောက်ရှိလာပြီဖြစ်ရာ ဝမ်းမြောက်ရပါ၏။

အဖွဲ့ဝင်ကျောင်း (၅)ကျောင်းသာရှိသော်လည်း ဇာတိသား ရဟန်းတော်များ အဝေးရပ်မှလာရောက်၍ ပြန်ဆိုကြသည်ကိုတွေ့ရသဖြင့် ကြည်ညို အားတက်မိ၏။

အဖွဲ့ဝင် (၅) ကျောင်းရှိ ထေရ်ကြီး၊ ထေရ်ငယ်တို့သည် ဝိနည်းပါတိမောက် တစ်စောင်ကိုပြန်ဆိုကြရေး ကတိပေးဆုံးဖြတ်ချက်ချထားလျှင် ပို၍ တင့်တယ်သည်၊ ကျက်သရေရှိသည်၊ လှပသည်၊ အံ့ဩဖွယ်ကောင်းသည်၊ အမှန်ဆိုရမည်ဖြစ်ပါသည်။

## ဒါယကာကျင့်ဝတ် (၅) ပါး

"မေတ္တာစိတ်သက်၊ ဆောင်ရွက်ချစ်ကြင်၊
ခင်မင်နှုတ်ချို၊ လိုလျှင်ဖိတ်ထား၊
တက်အားလှူစေ၊ ဝတ်ငါးထွေ ပြုလေဒါယကာ"

## ရဟန်းကျင့်ဝတ် (၆) ပါး

"မကောင်းမြစ်တာ၊ ကောင်းရာညွှန်လစ်၊
အသစ်ဟောကြား နာဖူးထပ်မံ၊ နတ်ထံတင်ရာ၊
မေတ္တာလည်းပြု ရဟန်းမှု၊ (၆) ခုလွှန်သချာ"

မြတ်ဗုဒ္ဓ၏ သိင်္ဂါလောဝါဒသုတ္တန်ဒေသနာတော်ကို သင်္ဂဇာဆရာတော်ကြီး မြန်မာပြန်ဆို၍ရေးသားသော လင်္ကာတို့ဖြစ်သည်။

www.dhammaransi.com



ဖော်ပြပါ ဒါယကာတို့ဘက်က ကျင့်ဝတ် (၅)ပါး၊ ရဟန်းတော်များ ဘက်မှ ကျင့်ဝတ် (၆)ပါး သတိထားကျင့်သုံးလျှင် ဤကျေးရွာ၊ ဤနယ်ပယ်၊ ဤနိုင်ငံမက သာသနာတစ်ဝန်းလုံး အေးချမ်းသာယာမည်မှာ သေချာပါသည်။

ဒါယကာတို့သည် "ရဟန်းတော်များအပေါ် မေတ္တာပို့လွှတ်ရမည် ဆောင်ရွက် စရာသံဃဝေယျာဝစ္စပြုစုရမည် ခင်မင်ရင်းနှီးစွာ ချိုသာသော စကားဖြင့်ဆက်ဆံရမည်။ ပစ္စည်းလေးပါးလိုလျှင် တောင်းပါဟု ဖိတ်ကြားထားရမည်။ လှူဒါန်းသည့်အခါ တအားကြီး အများကြီးမလှူပဲ တတ်စွမ်းသမျှ တတ်နိုင်သမျှသာလှူရမည်" ဟူ၍ အကျဉ်းချုပ်မှတ်ယူစေလိုသည်။

ရဟန်းတော်တို့ဘက်က "ဒကာ ဒကာမတို့၏ မကောင်းမှုကို တားမြစ်ခြင်း၊ ကောင်းမှု ကုသိုလ်ကိုညွှန်ကြားခြင်း၊ တရားဓမ္မဟောကြားခြင်း၊ ထပ်တလဲလဲ ဟောကြားခြင်း၊ ဒကာ ဒကာမများအပေါ် နတ်ပြည် ရောက်ကြောင်းတို့ကိုသာ ညွှန်ကြားဆုံးမခြင်း၊ ဒေါသစိတ်မထားပဲ မေတ္တာစိတ်ဖြင့် စောင့်ရှောက်ခြင်း" ဟူ၍အကျဉ်းချုပ်မှတ်ယူစေလိုသည်။

လိုရင်းမှာ ဆရာတော်သံဃာတော်တို့သည် ကျေးရွာဒကာဒကာမတို့ အပေါ် ဥပက္ခာမပြုဘဲ မေတ္တာကြီးကြီးထားမှုသည်သာ အဓိကကျ၍ ပဓာနဖြစ်ပါသည်။

ဒုဂ္ဂတိဘေး ငရဲဘေးမှလွတ်မြောက်ဖို့အတွက် ဒကာဒကာမများအပေါ် တာဝန်ယူရပါလိမ့်မည်။

ယခုနှစ်အတွင်း လွန်ခဲ့တဲ့နတ်တော်လ မကြာသေးမီက (လဆန်း ၂ရက်၊ ၃ ရက် ထင်၏) လမ်းအလုပ်သမားတစ်ယောက် လင်းယဉ်ရွာသို့လာ၍ အမျိုးသမီးကြီး မိန်းမကြီးတစ်ယောက်နား အနီးကပ်ပြီး ခပ်တိုးတိုးမေးမြန်း စုံစမ်းသော အကြောင်းအရာတစ်ခုရှိခဲ့၏။

"အဒေါ် အဒေါ်တို့ ဒီရွာမှာ အရက်ရောင်းတဲ့အိမ် ဘယ်နားမှာရှိသလဲ" ဟုမေး မြန်းရာ အမည်မသိအဒေါ်ဖြစ်သူ ထိုအမျိုးသမီးက "ဒီ လင်းယဉ်ရွာမှာ အရက်ရောင်းတဲ့အိမ် မရှိဘူး မရှိရဘူး အရက်ဖိုမရှိရဘူး အလောင်းအစား ကစားသော ဖဲဝိုင်းစသည် မရှိရဘူးကွယ့် တို့ဆရာတော်ကြီးက ပညတ်ထားတယ် ဆုံးမထားတယ်"ဟု ပြောကြားလိုက်၏။

ဤသတင်းကိုကြားရသည့်နေ့က ဤဆရာတော်ကြီးသည် ဝမ်းသာခဲ့ ရာမှ အတိတ်အကြောင်း ပြန်ပြောင်းတွေးမိ၏။

www.dhammaransi.com



ယခုအသက်ထင်ရှားရှိသော လင်းယဉ်ရွာကျောင်းကြီး ဦးပဇင်းကြီး ဦးကုန္ဒသာမိ ရဟန်းမဖြစ်မီလူဖြစ်စဉ်အခါကာလ ဖဲဒိုင်ခံ ဖဲဝိုင်းထောင် သတင်းကြားရ၍ လူနာမည် ဦးအုံ့မောင် ကျောင်းခဏလာခဲ့အုံးဟု ခေါ်ယူဆုံးမခဲ့၏။

ဦးအုံ့မောင်ကိုဆုံးမ၍ ကတိတောင်းခံစဉ်က ကွယ်လွန်သူ ကျောင်းဆရာကြီး ဦးဘသိန်းအနားမှာရှိ၏။ ဦးဘသိန်းနှင့် ငါတို့နှစ်ယောက်က ဦးအုံ့မောင်အား ဝိုင်းပြောကြ၏။ ဦးအုံ့မောင်သည် သူတော်ကောင်းဖြစ်၍ ကတိခံဝန်ချက်ပေးကာ ချက်ချင်းအိမ်ပြန်၍ ဖဲထုပ် (၂)ထုပ်ကို ဓားဖြင့်တောက်တောက်စဉ်းပြီး ကျားလျှာခင်းဆူးပင်ကြားသို့ အရောက်စွန့်ပစ်သည်ဟုသတင်းရ၏။

ထိုအချိန်ကစ၍ စုဒ္ဒသမရွှေကျင်သာသနာပိုင်ဆရာတော်ကြီးသည် မိမိ၏ဇာတိ ရပ်ရွာ လင်းယဉ်ရွာ၌ ဥပေက္ခာမပြုဘဲ **"အရက်ဖိုမရှိစေရ၊ အရက်ရောင်းအိမ်မရှိစေရ၊ အလောင်းအစားဖဲဒိုင်ခံ ဖဲဝိုင်းထောင်သောအိမ် မရှိစေရ"** ရွာရှိဒကာတွေခေါ်ပြီး ပညတ်ချက်ထုတ်ပြန်၏။

"မူလတန်းကျောင်းမှ အလယ်တန်းကျောင်းအဖြစ်သို့ရောက်အောင် ငါဆောင်ရွက်ပေးမည်ကျောင်းတွေဆောက်ပေးမည်"ဟု အားပေးစကား ဩဝါဒစကားပြောကြားခဲ့၏။

အလယ်တန်းကျောင်းဆောက်ရန်မြေကို မြေရှင်(၂)ဦးထံမှ ပုဂ္ဂလိကငွေဖြင့် ဝယ်ယူခဲ့၏။ အလယ်တန်းကျောင်းဖွင့်သောနေ့တွင် နိုင်ငံတော်ပညာရေးအဖွဲ့ ဗိုလ်ချုပ်ခင်ညွန့်၊ ပညာရေးဝန်ကြီး ဦးသန်းအောင်တို့ပါဝင်သော အာဏာပိုင်အစိုးရအဖွဲ့ဝင်တို့ကို စုဒ္ဒသမ ရွှေကျင်သာသနာပိုင်ဆရာတော်က "ဤလင်းယဉ်ရွာကလေးဟာ ဘုန်းကြီးများစကား နားထောင်၍ ကတိခံသော အကုသိုလ်အမှု (၃)ခုမပြုသောကြောင့် ဦးစီး ဦးကိုင်ဆောင်ရွက် ပေးသည်"ဟု ပြောပြလိုက်၏။

ယနေ့ အ-ထ-က(ခွဲ) အစိုးရအထက်တန်းကျောင်းကြီး ပေါ်ထွန်းလာသည်မှာ ဆရာဒကာညီညွတ်သောကြောင့်ဖြစ်၏။

တိုး၍တိုး၍ ညီညွတ်ဖို့အရေးကြီးကြောင်း ဒကာဒကာမများကို ရဟန်းတော်တို့က ဆုံးမကြပါဟုတိုက်တွန်းရင်း ဩဝါဒကထာ အပြီးသတ်ပါသတည်း။

❁ ❁ ❁ ❁ ❁

www.dhammaransi.com



# ဝဇ္ဇာဒပ္ပဏ ဟူသည်

- ဝိဇ္ဇာ ဆိုသည်မှာ -

ဝိဇ္ဇာ (ဝိဒ္ယာ) (ဝိဒ် + ယ) (က္က) အတတ်ပညာ၊ အဘိညာဉ်၊ ဝေဒ ကျမ်းမန္တန်၊ အရိယာ ဉာဏ်၊ သစ္စာလေးပါးမဂ်ဖိုလ်တရား တို့ကို သိသောဉာဏ်၊

- ဒပ္ပဏ ဆိုသည်မှာ -

ဒပ္ပဏမှန်၊ ကြေးမုံ ဟူ၍ဦးဟုတ်စိန်၏ ပဒတ္ထမဥ္ဇူသာ ပါဠိမြန်မာ အဘိဓာန်၌ တွေ့ရ၏။

ဤကျောင်းတိုက်သည် -

ဒုတိယ ဝိဇ္ဇာဒပ္ပဏဆရာတော် ဘဒ္ဒန္တအာစိဏ္ဏ၏ ဆရာဖြစ်တော်မူသော ပထမ ဝိဇ္ဇာဒပ္ပဏဆရာတော် ဘဒ္ဒန္တဝိသုဒ္ဓိအဘိဝံသ ပရိယတ္တိ သာသနဟိတ ဓမ္မာစရိယ ဆရာတော်ကြီးတည်ထောင်တော်မူခဲ့သော ကျောင်းတိုက်ဖြစ်ပါသည်။

ဒပ္ပဏမှ ဒပ္ပဏသို့ မည်သည့်နည်းဖြင့်ပုဒ်အပြောင်းအလဲပြုလုပ်သည်ကို တော်တော် ပညာရှိတို့ပင် ဖြန်းကနဲသိချင်မှသိလိမ့်မည်။

ထိုကျောင်းတိုက် ဤချောင်မြတ်တစ်ဆူအဖြစ် စစ်ကိုင်းတောင်ရိုး၌ တည်ထောင် စဉ်မန္တလေး မဟာဝိသုဒ္ဓါရုံတိုက်၌ ဂန္ထဓုရအဖြစ် ထင်ရှား ကျော်စောခဲ့သော စည်ရှင် ဆရာတော်ဘဒ္ဒန္တကောသလ္လာဘိဝံသရှိ၏။

ဘဒ္ဒန္တဝိသုဒ္ဓိဘိဝံသ ဝိဇ္ဇာဒပ္ပဏဆရာတော်သည် ယင်းစည်ရှင် ဆရာတော်နှင့် ညီနောင်အရင်းကဲ့သို့ အလွန်ချစ်ကျွမ်းဝင်ကြ၏။ မဟာဝိသုဒ္ဓါရုံ ဆရာတော်ဘုရားကြီး၏ တပည့်ရင်းနှစ်ပါး သမာနာစရိယဖြစ်ကြ၏။

ဝိဇ္ဇာဒပ္ပဏဆရာတော်သည် ဝက်လက်မြို့နယ်၊ သရိုင်ရွာဇာတိဖြစ်၍ သရိုင်ရွာဇာတိဖြစ်သော မဟာဝိသုဒ္ဓါရုံဆရာတော်ဘုရားကြီးနှင့် ပိုမိုရင်းနှီး သည်ဟု ဆိုရမည်ဖြစ်၏။

စည်ရှင်ဆရာတော်က မြင်းခြံနယ်ဇာတိဖြစ်သော်လည်း စစ်ကိုင်းနယ်၊ ရွှေဘိုနယ်၊ ဒီပဲယင်းနယ်၊ ဝက်လက်နယ်ဘုန်းကြီးများနှင့် အဆက်အဆံပြုလုပ်၏။ စာပေနှင့်စပ်၍ အထူးအလွန်ခင်မင်ကြသည်ဟုကြားဖူးခဲ့ရ၏။

www.dhammaransi.com



မဟာဝိသုဒ္ဓါရုံဆရာတော်ဘုရားကြီး၏ သူငယ်ချင်း ပထမဗွေကျောင်း ဆရာတော်၏ တပည့်ရင်းဖြစ်တော်မူသော ထရံကာဆရာတော် ဘဒ္ဒန္တကုဏ္ဍက သိရီပဝရကဝိဓဇရာဇဂုရု ဘွဲ့တံဆိပ်တော်ရဆရာတော်သည် နှောင်လူ့ဘဝ ရောက်၍သရိုင်ရွာ၌ ဦးအုန်းညွှန့်အဖြစ်ဖြင့် တောင်သူဦးကြီးဘဝ၌နေထိုင်လျက် တောမှာပျော်မွေ့နေသော်လည်း စစ်ကိုင်းသီလရှင်တို့က အနီးအနားလာရောက် တောင်းပန်းတိုးလျှိုးကြသဖြင့် ဦးအုန်းညွှန့်သည် သရိုင်သီလရှင်ဇရပ်၌ သီလရှင် တို့အား စာပေပို့ချခြင်း၊ ဉူးပဇင်းရဟန်းတို့အား စာပေပို့ချခြင်းဖြင့် ပရိယတ် သာသနာပြုလျှက်ရှိသည်။ မကြာမီ စစ်ကိုင်းတောင် ရုက္ခမူ ချောင်သို့ ပြောင်းရွှေ့လျက် စစ်ကိုင်းတောင်၌ သီလရှင်တို့၏ပင့်ဖိတ်ချက်အရ စာချ စာပြ ဆောင်ရွက်ရာ ခရီးရောက်အားကိုးကြသည်။

ဉူးဝိသုဒ္ဓိဘိဝံသ သကျသီဟ ဓမ္မာစရိယသည် ယင်းဦးအုန်းညွှန့်၏ သား အရင်း ဖြစ်သည်။ မန္တလေး မဟာဝိသုဒ္ဓါရုံ ဆီးပင်ကျောင်း၌ ပဓာနနာယက အဖြစ်နေထိုင်ကာ စာပေပို့ချခဲ့ရာမှ ဝိဇ္ဇာဒပ္ပဏချောင်မြတ်တစ်ဆူ ထူထောင် တော်မူသည်။

ယင်းစစ်ကိုင်းတောင် ဝိဇ္ဇာဒပ္ပဏချောင်တည်ထောင်၍ ပရိယတ် သာသနာ နေလပမာ ထွန်းစေရာဝယ် ဒုတိယဝိဇ္ဇာဒပ္ပဏဆရာတော် ဘဒ္ဒန္တ အာစိဏ္ဏ ပဏ္ဍိတသဓမ္မဇအဘိဓဇ္ဇဝါသိက အဖြစ်လိုက်ပါခဲ့လေသည်။

ဝိဇ္ဇာဒပ္ပဏဘဒ္ဒန္တအာစိဏ္ဏသည် မန္တလေးပရိယတ္တိသကျသီဟအသင်း စာမေးပွဲ နှစ်စဉ်အစမ်းကြီးအောင်မြင်သော်လည်း အဖြေမအောင်မြင်၍ အဘိဝံသဘွဲ့မရခဲ့ပေ။ သို့သော် အစိုးရဓမ္မာစရိယစာမေးပွဲကျမ်းကြီး (၉)ကျမ်း အောင်မြင်တော်မူ၏။

စစ်ကိုင်း၌စာပေပို့ချရာ ပဌာန်းစာဝါနာမည်ပေါက်၍ သီလရှင်ရော သံဃာများ ပါအားကိုးကြ၏။

ဆရာတော်သည် မဟာဂန္ဓာရုံဝိနည်းပြန်ဌာန သိမ်တော်၌ လပြည့်၊ လကွယ် နိဗဒ္ဓဝတ်အဖြစ် သုတ္တုဒ္ဒေသပါတိမောက်တစ်စောင်ကို အကျယ် ဝိတ္ထာရရွတ်ဆိုသော “ပါတိမောက္ခုဒ္ဒေသက” ဖြစ်၏။

ထိုအချိန်မှစ၍ စစ်ကိုင်း ရှင်လူသီလရှင်တို့၏ စာချဆရာတော်အဖြစ် ထင်ရှားလျက် စစ်ကိုင်းတောင်မြောက်ခြမ်းတွင် စာသင်သားအများဆုံးဖြစ်၏။

ပထမကျော်ပုဂ္ဂိုလ်ကျော်တို့ပေါ်လာ၏။

www.dhammaransi.com



ဓမ္မာစရိယတို့များစွာထွန်းကားလာ၏။

သ-စ-အ ဓမ္မာစရိယသကျသီဟအဘိဝံသပုဂ္ဂိုလ်ကျော်တို့လည်း ဤချောင်မှ ထွက်ပေါ်လာ၏။ အထူးကြည်ညိုဖွယ်တစ်ရပ်ရှိသည်ကို ပြောပါဦးမည်။

ညစဉ် ဘုရားဝတ်တက်မှန်မှန် မပျက်မကွက်လိုက်ရုံမျှမက နံနက်အချိန်မှန်မှန် ရှင်ဖြူ ရှင်လှရွာနှင့် သီလရှင်ကျောင်းတိုက်ကြီးများသို့ ခြီးမြှောက်သောအနေဖြင့် ပိဏ္ဍ စာရိကဝတ် (ဆွမ်းခံဝတ်) မပျက်မကွက်ထွက်တော်မူ၏။

ရွှေကျင်နိကာယဂိုဏ်းလုံးဝန်ဆောင်နာယက "အဂ္ဂမဟာပဏ္ဍိတ" ဖြစ်၏။ ရွှေကျင်နိကာယ ရတ္တညူမဟာနာယကအဖြစ် သာသနာတော်ကို ကျက်သရေဆောင်တော်မူခဲ့၏။

နိုင်ငံတော်ဝိနည်းဓိုရ်အဖြစ် ဆောင်ရွက်တော်မူရာ ကမ္ဘာအေး သာသနာရေးဌာန ဥပဒေ္ဓမ္မာကတို့သည် ဆရာတော်၏ပရိယတ်စွမ်းရည်ကို အားရသိရှိသွားသည်ဖြစ်၍ "အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့တံဆိပ်နိုင်ငံတော်က ဆက်ကပ်သည်ဟု ကြားသိရဖူး၏။

ဝိဇ္ဇာဒပ္ပဏဆရာတော် ဘဒ္ဒန္တအာစိဏ္ဏ၏ဂုဏ်တော်တို့ကို ရေးသားမည်ဆိုလျှင် ကုန်နိုင်ဖွယ်မရှိနိုင်သည်ဖြစ်ရာ အလွမ်းပြေ ရေးသားအပ်သော ဤစာတမ်းရေးသား၍ -

ဆရာတော်ကိုလည်း ကျေးဇူးဆပ်ရာကျ၊ ဂုဏ်ပြုရာလည်းကျလိမ့်မည်ဆိုသော အယူအဆဖြင့် ဖော်ကျူးဂုဏ်ပြုအပ်ပါသတည်း။

❁ ❁ ❁ ❁ ❁

www.dhammaransi.com



# တံတားဦးမြို့နယ်၊ သူငယ်တော် တောရကျောင်းသို့ ဩဝါဒကထာ

**မြို့နယ်** - **တံတားဦးမြို့နယ်**
**ကျေးရွာ** - **သူငယ်တော်ကျေးရွာ**
**ကျောင်းတိုက်** - **တောရကျောင်းတိုက်**

ဖော်ပြပါမြို့နယ်၌ ဖော်ပြပါကျေးရွာတွင် ဖော်ပြပါ ကျောင်းတိုက်ကြီး ပေါ်ထွန်း နေသည်ကိုအားရကျေနပ်မိပါသည်။

တောရကျောင်းတိုက်ဆိုသော်လည်း တောရစာသင်တိုက်ဖြစ်နေ၍ ပိုလို့ပင် သောမနဿဖြစ်ရပါသည်။

ဩော် -

လောက လောက ဖြစ်သမျှမှာ
အိုနာသေကွဲ တွေ့ရမြဲတည်း
မလွဲမုချ သို့ဖြစ်ရကား
သင်သေသွားသော် . . .
နောက်သားနောင်လာ ကျိုးများစွာဖို့
သင့်ဇာတိမြေ သင်တို့ပြည်လည်း
အခြေတိုးမြင့် ကျန်ကောင်းသင့်၏
သင်၏မျိုးသား သင့်စကားလည်း
ကြီးပွားတက်မြင့် ကျန်ကောင်းသင့်စွာ
သင်ဦးချ၍ အမျှဝေရာ စေတီသာနှင့်
ပညာအရောင် ဉာဏ်တန်ဆောင်လည်း
ပြောင်ပြောင်ဝင်းလျက် သင့်အတွက်လျှင် ကျန်စေချင်သည်
အသင် အားထုတ်ရန်ဖို့တည်း . . .။

စာရှုသူတို့သည် "ဩော် လောက" အစချီသောဤကဗျာကို အရ မကျက်နိုင်စေကာမူ တစ်လုံးချင်းဖြေးဖြေး စိတ်ဝင်တစားဖတ်ရှုစေချင်ပါသည်။

www.dhammaransi.com



လက်ရှိစီမံအုပ်ချုပ်သော တောရဆရာတော်၏နှလုံးသားဝယ် ဤကဗျာလင်္ကာ ဘယ်အချိန်ကများရောက်ရှိနေပါလိမ့်ဟု ခန့်မှန်းမရဖြစ်ခဲ့ရပါသည်။

တောရဆရာတော်၏ ရည်ရွယ်ချက်သည် ရှေးစာရေးဆရာကြီးများ စီမံထုတ်လွှင့်ခဲ့ သောဖော်ပြပါလင်္ကာအတိုင်း ရည်ရွယ်ချက်ထား၍ လုပ်ဆောင်နေသည်ဟု ထင်စားမိပေသည်။

တောရဆရာတော်က "အကျွန်ုပ် ဤရည်ရွယ်ချက်မှာ ဘယ်ကမည်နည်း၊ နိဗ္ဗာန် ထိအောင်ရည်ရွယ်ချက်ထား၍ ကြိုးစားအားထုတ်နေပါသည်" ဟုပြောဆိုကောင်း ပြောဆိုပါလိမ့်မည်။

ဤစကား ပြောဆိုမည်ဆိုလျှင် ဩဝါဒပေးသောဆရာတော်ကြီးများ သဘောကျ ပီတိဖြစ်ရပါကြောင်း ရေးသားပေးပို့အပ်ပါသတည်း။

www.dhammaransi.com



# ဆေးရုံအုပ်ကြီး ဒေါက်တာဦးလွင်ကိုသို့ ဩဝါဒကထာ

ဆေးရုံအုပ်ကြီး ဒကာကြီးဒေါက်တာဦးလွင်ကို၏ ဩဝါဒပေးရန် တောင်းပန်စာကို ရရှိသဖြင့် ဤစာကိုရေးဖြစ်ပါသည်။

လောက၌ စား၊ ဝတ်၊ နေရေး၊ ဆေးဟူသော မှီရာလေးပါးရှိပါသည်။ သာသနာ့ လောက၌ပစ္စည်း (၄) ပါးခေါ်ပါသည်။ ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေးဆိုလျှင် ဗုဒ္ဓဘာသာတို့ သိကြပါသည်။ "စတ္တာရော နိဿယာအာစိက္ခိတဗ္ဗာ" ဟု ဝိနည်းပါဠိတော်၌ မှီရာလေးပါးဟု ညွှန်ပြထားပါသည်။ ဤဆေးရုံကြီးသည် နေ့စဉ် နေ့စဉ် မှီရာလေးပါးနှင့် သက်ဆိုင်ထိစပ် နေရခြင်းကြောင့် ဆေးရုံ ဝန်ထမ်းအပေါင်းတို့ကို "စတုပစ္စယ ဒါယကာ" ဟူ၍ ချီးကျူးထိုက်ပေသည်။

နိုင်ငံတော်အစိုးရနှင့် ပြည်သူအပေါင်းတို့၏ "စတုပစ္စယ" အလှူတော်ကြီးဟူ၍ ခေါ်ဆိုရမည်ဖြစ်သည်။ အလွန်ခန့်ထည်သော ဆေးရုံ အဆောက်အအုံကျောင်းကြီးများ၊ ခုတင်၊ ညောင်စောင်း၊ ပရိဘောဂ၊ အသုံး အဆောင်များသည် ကျောင်းပစ္စည်းများ ဖြစ်သည်။ အိပ်ယာခင်း၊ ခြုံစောင်၊ မျက်နှာသုတ်ပုဝါ စသည်တို့သည် သင်္ကန်း (၉)ထည်တွင်ပါဝင်သောကြောင့် သင်္ကန်းပစ္စည်းများဖြစ်သည်။

သင်္ကန်း (၉)ထည်သရုပ်ကို လယ်တီဆရာတော်ကြီးက ဝိနယသံခိပ် ကျမ်းတွင် ဤသို့ဆိုသည်- သင်း၊ ကိုယ်၊ ဒု၊ အိပ်၊ မျက်၊ ပရိက်၊ နိသိဒ်၊ မိုး၊ အမာ လက်ာအရ အတွင်းဝတ်သင်းပိုင်၊ ကိုယ်ရုံဧကသီ၊ ဒုကုဋ် (၂) ထပ်သင်္ကန်း၊ အိပ်ယာခင်း၊ မျက်နှာသုတ်ပုဝါ၊ ပရိက္ခရစောဠခေါ်အဝတ်ငယ် စသည်၊ နေရာ ထိုင်၊ မိုးရေခံသင်္ကန်းအမာလွှမ်း သင်္ကန်းတို့ ဖြစ်၏။

စားသောက်ဖွယ် အစာအဟာရဟူသမျှ ဆွမ်းပစ္စည်းဟုမှတ်ယူရမည်။ ဆေး ပစ္စည်းကိုကား စာရှုသူတို့အားလုံးသိကြပြီးဖြစ်သည်။ တိုင်းရင်းဆေးစသည်၊ လျက်ဆား စသည် နိုင်ငံခြားဆေးစသည် အပ်သည် မအပ်သည် စသည် စုံစမ်း မေးမြန်း၍ လှူဒါန်းကြဖို့ကောင်းသည်။

ဆေးပစ္စည်းလှူဒါန်းခြင်းသည် အကျိုးပေး စူးရှထက်မြက်သည်။ ဆပ်ပြာသည် ဆေးပစ္စည်း၌ပါဝင်သည်။ အချို့ဆပ်ပြာမွှေး ဝိနည်းအရ ခွင့်မပြု

www.dhammaransi.com



သည်လည်းရှိသည်။ ဆေးရုံ ဝန်ထမ်းများသည် နေ့စဉ်ဝေယျာဝစ္စပြုရ၍ နေ့စဉ် အကျိုးများလျက်ရှိသည်ကို သိစေချင်သည်။

ဝေယျာဝစ္စဟူသည် "ဗျာဝဋဿ ဘာဝေါ ဝေယျာဝစ္စံ" ဟု ဝိဂြိုဟ် ပြုရသဖြင့် မပျင်းသောသူ၊ လုံ့လရှိသောသူတို့၏ အလုပ်ကိစ္စဖြစ်သောကြောင့် ဝေယျာဝစ္စကို ဘုရားရှင်က သီလတရားဟု သတ်မှတ်ထားသည်။ နတ်ပြည်ကို ချက်ချင်းရောက်နိုင် သည်ဟုဆိုလိုသည်။

နောက်တစ်ခု -

ဆေးရုံဝန်ထမ်းများကိုသင်ကြားပေးလိုသည်မှာ ဆေးအလှူရှင်များအား ဆေး အကျိုးကိုပြောဟောဖို့ အတိုချုပ်မှတ်ထားရမည်။

ဤနေရာ၌ မဟာဝိသုဒ္ဓါရုံဆရာတော်ကြီး၏ လင်္ကာကို ထုတ်ဖော် ရေးသားအပ်ပေသည်။

ကျက်မှတ်ရန် -

အာယု၊ ဝဏ္ဏ စသည် ပဉ္စကံ၊ ခွန်ရံပေါလှ၊ သောက ကင်းထွေ၊ သူရှိသေလျက်၊ မကွေချစ်သူ၊ ဘေးမပြုသည်၊ ဆေးလှူအကျိုး (၁၀) ပါးတည်း။

၁။ အသက်ရှည်ခြင်း
၂။ ကျန်းမာရေးကောင်းခြင်း
၃။ ချမ်းသာကြွယ်ဝခြင်း
၄။ ခွန်အားကောင်းခြင်း
၅။ ပညာကောင်းခြင်း
၆။ ခြွေရံပေါခြင်း
၇။ မကြောက်တတ်ခြင်း
၈။ တဖက်သားအလေးစားခံရခြင်း
၉။ ချစ်သူခင်သူတို့နှင့်အတူနေရခြင်း
၁၀။ ဘေးရန်ပြဿနာကင်းရှင်းခြင်း

ဩဝါဒကထာပြီး၏

ဆက်လက်ကြိုးစား အားထုတ်နိုင်ကြစေကုန်သတည်း. . .

❁ ❁ ❁ ❁ ❁

www.dhammaransi.com



# သတ္တရသမ (၁၇) ကြိမ်မြောက်ကျင်းပအပ်သော ဗုဒ္ဓသာသနာတော်လုံးဆိုင်ရာ ရွှေကျင်နိကာယ ဂိုဏ်းလုံးကျွတ် သံဃာ့အစည်းအဝေးကြီး၌ အစည်းအဝေးဖွင့် ဩဝါဒကထာ

ယနေ့ ၁၃၇၀ ပြည့်နှစ်၊ တပို့တွဲလဆန်း (၁၂)ရက်နေ့မှာ ဂိုဏ်းလုံးကျွတ် သံဃာ့ အစည်းအဝေးကြီး စတင်ဖွင့်လှစ်သောအချိန်ကောင်း အခါကောင်း ကာလသမယ၌ စကားပြောကြားခွင့် ရရှိသဖြင့် သဘာပတိအနေဖြင့် လည်းကောင်း၊ သမဂ္ဂဝင်ဘုန်းကြီးတစ်ပါးအနေဖြင့်လည်းကောင်း ဝမ်းသာပီတိ ဖြစ်ရပါသည်ဘုရား။

လွန်ခဲ့သည့် ၁၃၆၄ ခုနှစ်၊ သောဠသမ (၁၆) ကြိမ်မြောက် ညောင်ရွှေမှာ ကျင်းပခဲ့စဉ်ကလည်း ဤတပို့တွဲလဆန်း (၁၂) ရက်ဖြစ်၍ တိုက်တိုက်ဆိုင်ဆိုင် လနှင့်ရက် တူညီနေသောအဖြစ်ကိုစဉ်းစားရာမှ (၁၆)ကြိမ်မြောက် အစည်း အဝေးကြီး ချောမောစွာ အောင်မြင်ပြီးမြောက်ခဲ့သလို ယနေ့ကျင်းပသော (၁၇) ကြိမ်မြောက် အစည်းအဝေးကြီးသည်လည်း ချောချောမောမောအောင်မြင် မည်ဟု ယုံကြည်အားတက်မိပါသည်။

မြို့နယ်သံဃနာယကအဖွဲ့ (ရွှေကျင်)

ပြည်နယ်သံဃနာယကအဖွဲ့ (ရွှေကျင်)

တိုင်းသံဃနာယကအဖွဲ့ (ရွှေကျင်)

စာသင်တိုက်ကြီးများ၏ ကိုယ်စားလှယ်များ

နယ်ပေါင်းစုံဝိနည်းပြန်ဌာန၏ ကိုယ်စားလှယ်များဖြစ်ကြသော ဆရာတော် သံဃာတော်အရှင်မြတ်တို့ဘုရား -

ယနေ့ကာလ ယနေ့အခါသမယသည် ကလိယုဂ်ဆုတ်ကပ်ဖြစ်၍ မကြာခဏ စည်းဝေးနှီးနှောကြရခြင်း၊ တိုင်ပင်ဆွေးနွေးကြရခြင်းများဖြင့် အလုပ်ကိစ္စတွေပေါများလှ သည်ကိုတွေ့မြင်ကြရပါသည်။ အလုပ်လုပ်သော ဆရာတော်ငယ်ငယ်ဘုန်းကြီးများကို အလုပ်တွေရှုပ်သည်ဟု မအောက်မေ့ကြ ပါနှင့်။ အလုပ်ပို၍ ကုသိုလ်ပိုရသည်ဟုသာ အောက်မေ့ကြပါဟူ၍ ပြောနေရ ပါသည်။

www.dhammaransi.com



ပထမဝိသုဒ္ဓါရုံဆရာတော်ကြီး၏ ဝိသုဒ္ဓါရုံအဆုံးအဖြတ်၌ စာမျက်နှာ (၂၉၁)လာ ယုဂ်လေးပါးတရားကို သတိပြုဆင်ခြင်ဖို့ အနည်းငယ်ပြောကြား လျှောက်ထားပါမည်။

ကတယုဂ်
တြေတာယုဂ်
ဒွါပရာယုဂ်
ကလိယုဂ် - ဟူ၍ ယုဂ်လေးပါးရှိပါသည်။

ထိုတွင် -

ကတေဓမ္မော စတုပ္ပါဒေါ၊
သဗ္ဗေ ဓမ္မရတာ ဇနာ၊
ဝဏ္ဏာ သမာစာရရတာ၊
တပေါ ဝတ ပရာယဏာ။

စသည် ကပ္ပဒ္ဒုမကျမ်းစာအရ လူတို့လေးပုံ ပုံပြီးလျှင် လေးပုံအကုန်လုံး တရား မပျက်ကြဘဲ တရားကျင့်ကြ၏။

မင်းမျိုး၊ ကုန်သည်မျိုး၊ ပုဏ္ဏားမျိုး၊ သူဆင်းရဲမျိုး အားလုံးတရား စောင့်သုံးကြသော ယုဂ်ကို ကတယုဂ်ဟုခေါ်ဆိုပါသည်။ အခြေ (ခြေထောက်) လေးချောင်းတပ်သော ထိုင်စရာခုံ၊ ခုတင်၊ ညောင်စောင်းနှင့်တူပါသည်။

ဒုတိယ တြေတာယုဂ်မှာ အခြေသုံးချောင်းတပ်သော ခုံ၊ ခုတင်၊ ညောင်စောင်းနှင့် တူ၍ ရာခိုင်နှုန်းဖြင့်ပြောလျှင် (၇၅)ရာခိုင်နှုန်း တရား ကျင့်ကြ၏။ (၂၅)ရာခိုင်နှုန်း တရားပျက်နေပါသည်။

တတိယ ဒွါပရာယုဂ်ခေတ်ရောက်တော့ အခြေနှစ်ချောင်းသာရှိ၍ ရာခိုင်နှုန်း(၅၀)သာတရားကျင့်၏။ တစ်ဝက်သောလူတို့ တရားပျက်၏။

စတုတ္ထကလိယုဂ်ခေတ်မှာဆိုလျှင် ပြောရမှာပင်အလွန်ကြောက်ဖွယ် ထိတ်လန့်ဖွယ် ဖြစ်၏။ ခြေတစ်ချောင်းသာထောက်နေရသောကြောင့် ထိုင်ရခက် နေရခက်သော ခုတင်၊ ညောင်စောင်းပမာ စက်ဆုပ်ဖွယ်ရာဖြစ်၍ ရာခိုင်နှုန်း (၂၅) ယောက်သာ တရားကျင့်၏ဟု ဆိုလိုပါသည်။

www.dhammaransi.com



ထို့ကြောင့် ဒီဃနိကာယ်၊ မဇ္ဈိမနိကာယ်၊ သံယုတ္တနိကာယ်၊ အင်္ဂုတ္တရနိကာယ်၌ ဋီကာဆရာများသည် အသံတစ်မျိုးတည်း ညီတူသံပြိုင် ထွက်ပေါ်ထုတ်ဖော်အပ်သော ဂါထာပါဠိတစ်ပုဒ်ကို ပြောပါရစေအုံး -

**ကပ္ပကသာယ ကလိယုဂေ၊**
**ဗုဒ္ဓုပ္ပါဒေါ အဟော မဟစ္ဆရိယံ၊**
**ဟုတာဝဟ မဇ္ဈေ ဇာတံ၊**
**သမုဒိတ မကရန္ဒ မရဝိန္ဒံ။**

ဤဂါထာ၏အကျဉ်းချုပ်မှတ်စရာကတော့ အလွန်အရသာပျက် အဓိပ္ပါယ်ပျက်သော ကလိယုဂ်ဆုတ်ကပ်ကာလဝယ် ဘုရားပွင့်တော်မူလာခြင်းသည် အဟော - အော်မြည် တမ်းကာ၊ မဟာအစ္ဆရိယံ - အကြီးအကျယ်အံ့ဩဖွယ်ပါပေ၊ တဟုန်းဟုန်းတောက်လောင်သော မီးပုံကြီးအလယ်တွင် ကြာပန်းကြီးပွင့်ပေါ်လာသလို ကလိယုဂ် ခေတ်အခါ ဘုရားပွင့်တော်မူခြင်းကို အလွန်အံ့ဩထိုက်လှပါပေ၏။ ဝါ - ဝေနေယျ သတ္တဝါတွေ ကံကောင်းကြပေစွဟု တစ်နည်းမှတ်ယူရပါမည်။

ဤခေတ် ဤအခါကာလများ၌ စည်းဝေးခြင်း/တိုင်ပင်ဆွေးနွေးခြင်း တစ်ပါးနှင့် တစ်ပါး ကာယကံမေတ္တာ၊ ဝစီကံမေတ္တာ၊ မနောကံမေတ္တာ ခိုင်မြဲသည်ထက် ခိုင်မြဲစေခြင်း၊ ကရုဏာတရားပွားများခြင်း ဥပက္ခာမထားဘဲ အညမညစောင့်ရှောက်ကူညီခြင်း၊ အလုပ်တွေ အဆက်မပြတ်လုပ်ဆောင်ရမှာပါ ဟုပြောပြလိုပါသည်။

ယုဂ်လေးပါးတရား ဝိသုဒ္ဓါရုံအဆုံးအဖြတ်ကျမ်းစာအုပ်ကြီး၌ ပြန်လည်ကြည့်ရှုစေလိုပါသည်- စသည်လျှောက်ထားပန်ကြား အမိန့်စကားတစ်ရပ် ထုတ်ပြန်သိစေအပ်ပါသည် အရှင်ကောင်း အရှင်မြတ်တို့ဘုရား။

❁ ❁ ❁ ❁ ❁

www.dhammaransi.com



## ဖျူးမြို့ ရွှေကျင်တောင်ကျောင်း ပရိယတ္တိစာသင်တိုက်သို့ အားပေးခြင်း ဩဝါဒကထာ

**ပရိယတ္တိ နခေါ မူလံ၊**
**သာသနဿ မဟေသိနော။**
**ဥဒါဟု ပဋိပတ္တီတိ၊**
**ပရိယတ္တီတိ ဒီပယေ။**

**မဟေသိနော** - ရှင်တော်မြတ်ဘုရား၏ **သာသနဿ** - သာသနာတော်ကြီး၏၊ **မူလံ** - အရင်းအမြစ်သည်၊ **ပရိယတ္တိနခေါ** - ပရိယတ်လေလော၊ **ဥဒါဟု** - ထိုသို့မဟုတ်၊ **ပဋိပတ္တိနခေါ** - ပဋိပတ်လေလော၊ **ဣတိ** - ဤသို့မေးသည်ရှိသော်၊ **ပရိယတ္တိ** - ပရိယတ္တိပေတည်း၊ **ဣတိ** - ဤသို့ **ဒီပယေ** - ပြောပြလိုက်ပါဟူသော ရွှေးပုဂံခေတ် စာတတ်အကျော် **သဒ္ဒနီတိဆရာတော်ကြီး**၏ အတိုချုပ်မိန့်ခွန်းကို အစဦးဖော်ပြရခြင်းသည် -

| | |
|---|---|
| မြို့အနေအားဖြင့် | ဖျူးမြို့ |
| ကျောင်းအနေအားဖြင့် | ရွှေကျင်တောင်ကျောင်း |
| တိုက်အနေအားဖြင့် | ပရိယတ္တိစာသင်တိုက် |

ဆိုသော ဆိုင်းဘုတ်ကမ္ပည်းစာအမှတ်အသားများကိုတွေ့ရ၍ အားရကျေနပ်စွာ စိတ်ဆန္ဒ ဖြစ်ပေါ်လာခဲ့သည်မှာ ပရိယတ္တိစာသင်တိုက်ကို အားပေးအားမြှောက်ပြောချင် ရေးချင်သောကြောင့်ဖြစ်ပါသည်။

ပရိယတ္တိစာသင်တိုက်ဟု ဆိုင်းဘုတ်တင်မြှောက်ပြီး အသိပေးကြွေးကြော်ကာ စည်းရုံးရေးလုပ်လျှင် ပထမစေတနာကောင်းသော စာချဘုန်းကြီး (၁၊ ၂၊ ၃) ပါးစသည် ပင့်တင်ရမည်။

ရောက်လာသောစာသင်သားအပေါ် မေတ္တာကြီးကြီးထား၍ ကရုဏာဓာတ်ငွေ့ ပေးကာ သဒ္ဒါ၊ သင်္ဂြိုဟ် ထိုထိုနေ့ဝါ ညဝါများရွေးဦးစွာ သင်ပြပို့ချရပါလိမ့်မည်။

**<u>စာရေးသောက်ရေး</u>** ဆွမ်းဘောဇဉ်အရေးတို့ပြည့်စုံရန် ဆွမ်းခံမှန်မှန်လိုက်ရေး သဒ္ဒါတရားမွေးဖို့ ဟောပြောပြသ ဥပဒေတို့ထုတ်ပြန်ရမည်။

www.dhammaransi.com



**ကုသိုလ်ရေး** ည၊ နံနက် ဘုရားဝတ်တက်ကစပြီး စစ်ဆေးမေးမြန်း သိမ်းသွင်း ရင်းနှီးစေလျက် ဟောတတ်ပြောတတ် ဆောင်ရွက်တတ်ရမည်။

**ပညာရေး** စာဝါစည်းကမ်း လေ့ကျင့်ခန်းစသည် နည်းလမ်းစည်းကမ်းတွေ ထုတ်ပြန်ရမည်စသည်စသည် ပရိယတ္တိစာသင်တိုက်တို့၏ နေ့စဉ်လုပ်ငန်းများမနည်းလှပါ။ ပဓာန နာယက ကအစ ရှေ့တန်းဝန်ဆောင်ဆရာတော်များ ဘုန်းကြီးများသက်သာတယ်ဆိုတာ မရှိပါ။ မသက်မသာကြိုးစားဆောင်ရွက်ကြရပါသည်။ သာသနာပြုလုပ်ငန်းများ မဆုတ်တမ်းလုပ်ကြရပါသည်။

စာသင်တိုက် အကြီးအမှူးပုဂ္ဂိုလ်တို့သည် -

ပရိယတ္တိသဒ္ဓမ္မ မာမက = ပရိယတ္တိဓမ္မက္ခန္ဓာကို မြတ်နိုးရှိသေရမည်။ ပဋိပတ္တိ သဒ္ဓမ္မ မာမက = ပဋိပတ္တိကျင့်စဉ်များကိုလည်း မြတ်နိုးရှိသေရမည်။

ပဓာန နာယက၊ မဟာနာယက၊ အနုနာယက၊ ဂဏဝါစက တို့သည် အချင်းချင်း ညီညွတ်ကြရမည်။ ညှိနှိုင်းတိုင်ပင်လျက် စာဝါချင်းမထပ်အောင် ခွဲဝေပို့ချရမည်။

**သမဂ္ဂါ သာသနေ ရတာ** - ပရိတ်ကြီးအစ နိဒါန်းလာစကားအရ တကယ် ညီညွတ် ကြ၍ သာသနာစိတ်ရှိနေရမည်။ ကိုယ့်မျိုး ကိုယ့်စာ ကိုယ့်မြို့ရွာ ကိုယ်ပါချစ်၍ မြတ်နိုးမည် ဟူသော ယဉ်ကျေးလိမ္မာကလေးများ၏ ယဉ်ကျေးမှုစာတမ်းအရ စာသင်တိုက် စာသင်သားများ စာချဂဏဝါစကများ အလွန်အရေးကြီးပါသည်။ တခြားဘာသန္တရ စာပေတတ်အောင်တော့ သင်ပါ။ သင်ကြားပါ။ ချစ်ခင်မှုမြတ်နိုးမှုကတော့ ကိုယ့်မြန်မာစာနှင့် ကိုယ့်ပါဠိစာပေကိုသာ မြတ်မြတ်နိုးနိုး ရှိသေလေးစားကြပါဟု တိုက်တွန်းလိုပါသည်။ အမေကိုကျော်ပြီး ဒွေးတော် လွမ်းမလုပ်ကြပါနှင့်။ မိမိကိုယ် မိမိ လောကုတ္တရာ စီးပွားရေးသမားဟုအမြဲသတိရှိပါ။ လောကီ စီးပွားရေးလိုက်လိုသောဆန္ဒဖြင့် BA MA ဒေါက်တာစတဲ့ ဘာသန္တရဘွဲ့တို့သည် လောကဖက် စောင်းငဲ့လျက် ရှိနေတတ်ပါသည်။

**ဓမ္မဝရံ** - သုံးပုံပိဋကာ၊ ငါးရပ်နိကာယ်၊ ကိုးသွယ်အင်္ဂါ၊ ရှစ်သောင်း လေးထောင်သော ဓမ္မက္ခန္ဓာဟု ဒေသနာအရပ်ရပ်ကျယ်ဝန်းများပြားလှတဲ့ ပရိယတ္တိတရားတော်မြတ်ကို၊ **ပရမံ ဟိတာယ** - ဝေနေယျများစွာ ချမ်းသာစေဖို့

www.dhammaransi.com



မြတ်သောလောကုတ္တရာ အစီးအပွား အလို့ငှာ၊ **ဘဂဝါ** - ရွှေဘုန်းတော်သခင် ဘုရားရှင်ကိုယ်တော်မြတ်ကြီးသည်၊ **အဒေသယိ** - ကရုဏာလှူန့်ဆော် ရွှေညဏ်တော်ဖြင့်ထုတ်ဖော် ကျူးသီဟောကြားတော်မူလေပြီတကား -

ဤရတနသုတ် **ဝနပ္ပဂုမ္ဗေ** ဂါထာကြီးဟောတော်မူခဲ့ပါသည်။ ပရိယတ္တိသည်သာလျှင် လောကုတ္တရာစီးပွားဖြစ်ပါသည်။

သံသရာတစ်လျှောက်လုံး လောကီရေး လောကီစီးပွားရေးတို့နှင့် လုံးထွေးရှုပ်ပွေခဲ့ရာမှ ယခုသာသနာတွင်းသား ကံတရားက မြှင့်တင်ပေးပါ တကားဟု သတိကြီးစွာထား နေနိုင်ကြပါစေဟု ဆုတောင်းပါသည်။ ဤဩဝါဒ ကထာစာတမ်းကို စာသင်ပျိုနု သောတုဇန ငယ်ရွယ်သူတို့အတွက် အဓိက ထားပြီးရေးနေပါသည်။

အကျဉ်းချုံး အတိုချုပ်ပြောရမည်ဆိုရင် စာများများအံဖို့ စာများများ နှုတ်တက် ရနေဖို့အရေးကြီးပါတယ်။ တစ်ပါးနှင့်တစ်ပါး စကားပြောဆိုကြသည့် အခါ စာကိုသာပြောဆို စေလိုပါတယ်။

**ဗဟုံ လဟုံ စ ဂဟဏံ၊**

**သမ္ပုပ ဓာရဏမ္ပိ စ။**

**ဂဟိတ အ သမ္မုဿနံ၊**

**ဧတံ သုဝိညုလက္ခဏံ။**

**ဗဟုံ စ ဂဟဏံ** - များများစာအံခြင်းသည်လည်းကောင်း၊ **လဟုံ စ ဂဟဏံ** - မြန်မြန်နှင့်မှန်မှန် ကျက်အံခြင်းသည်လည်းကောင်း၊ **သမ္ပုပဓာရဏမ္ပိ စ** - ရပြီးစာကို နှုတ်တက်ဆောင်ထားရခြင်းသည်လည်းကောင်း၊ **ဂဟိတ အ သမ္မုဿနံ** - နှုတ်တက်ဆောင်ထားသောစာကို မမေ့မပျောက်စေရခြင်းသည် လည်းကောင်း၊ ဧတံ - ဤလေးပါး သည်၊ **သုဝိညုလက္ခဏံ** - စာတတ်ကြောင်း အင်္ဂါလက္ခဏာဖြစ်ပါပေ၏။ (ကဝိဒပ္ပ သတ္တမ္ဒ ကျမ်းနီတိဂါထာ) စာသင်သားများနှလုံးသားတွင် ထည့်သွင်းထားကြပါ။

**များများလည်းအံ**

**မြန်မြန်လည်းသင် (မှန်မှန်လည်းသင်)**

**နှုတ်တွင် ဆောင်ရွက်၊**

**မပျောက်ပျက်ညား၊**

**ဤလေးပါးသည် မှတ်သားစာတတ်လက္ခဏာတည်း။**

www.dhammaransi.com



ဤလင်္ကာလေးကိုရအောင်ကျက်၍ မပျင်းမရိစာအံကြပါ။

ရွှေကျင်တောင်ကျောင်း စာချပုဂ္ဂိုလ်များသည်လည်း အင်္ဂုတ္တိုရ်၌ ဘုရားဟောထားသော စာချသူရှားပါးလျှင် သာသနာကွယ်မည်ဟူသော ဗုဒ္ဓဝစနစကားကို ထိပ်ထက်တင်ပြီး ကြိုးစားပို့ချကြပါ။

အင်္ဂုတ္တိုရ်၌ သာသနာကွယ်ကြောင်းတရား တစ်ဆယ့်ငါးပါးကို တရား (၃)ပုဒ် ဟောထားပါသည်။ နောက်ဆုံးတစ်ပုဒ်ကိုသာ ဤ၌ဖော်ပြပါမည်။

လင်္ကာဖြင့်သာ ဓမ္မပဏ္ဏာကာရပြုပါမည်။

ဝါ တနည်းမှာ၊

**အင်္ဂုရာပုဒ်ပျက် လေ့ကျက်သင်ကြ၊**

**ဒုဗ္ဗစမူ၊ စာချသူရှား၊ လာဘ်များအောင်ဖန်၊**

**ခိုက်ရန်ကွဲပြား၊ ဤငါးပါးသည် (ဤဆယ့်ငါးသည်)**

**ဘုရားသာသနာ ကွယ်ကြောင်းတည်း။**

ဝိသုဒ္ဓါရုံလင်္ကာဖြစ်ပါသည်။ အပြည့်အစုံအလိုရှိက ရှာကြံစုဆောင်းကြပါလေ။ စာချသူရှားနေပါပြီ၊ စာအံသူလည်းရှားပါးနေပါပြီ ဟုဘုန်းကြီးအိုကြီးတွေညည်းညူပြောဆိုနေကြသည်ကို မကြာမကြာကြားနေရပါသည်။

သို့ပါသောကြောင့် ဖြူးမြို့က စာသင်တိုက်တွေ ပဲခူးတိုင်းက စာသင်တိုက်တွေ စာချသူမရှားသေးပါ။ စာအံသူပေါများပါသည်ဟူသော သတင်းကောင်းကြားပါရစေဟု မျှော်လင့်စောင့်စားလျက် ဤဩဝါဒစာတမ်းရုတ်သိမ်းရပ်နားပါသတည်း။

❁ ❁ ❁ ❁ ❁

www.dhammaransi.com



## အရှင်အာနန္ဒာ၏
## ပယ်ဆု (၄)မျိုး၊ တောင်းဆု (၄)မျိုး

မြတ်စွာဘုရား၏ညီတော် ဧတဒဂ်ငါးတန်ရ အရှင်အာနန္ဒာ အလုပ်အကျွေး ဌာနန္တရနှင့် စပ်လျဉ်း၍ ရေးသားလိုပေသည်။

အရှင်အာနန္ဒာနှင့် တိပိဋကဓရ မင်းကွန်းဆရာတော်တို့နှစ်ပါး ဓမ္မဘဏ္ဍာဂါရိကချင်း တူရုံမျှမက သဘောထားခံယူချက်ချင်းလည်းတူမျှသည်ဟု ယှဉ်တွဲကြည်ညိုမိသဖြင့် ဤစာကို ရေးသားပါသည်။

အရှင်အာနန္ဒာသည် မြတ်စွာဘုရားအား အရှိအသေပြုရှိခိုး၍ ပယ်အပ်သောဆု(၄)မျိုး၊ တောင်းအပ်သော ဆု(၄)မျိုးအားဖြင့် ဆုပေါင်း(၈)မျိုးကို မြတ်စွာဘုရားထံ၌ တောင်းတော်မူပါသည်။

ထိုဆု(၈)မျိုးတွင် ပယ်အပ်သောဆု(၄)မျိုးဟူသည် -

ဘုန်းတော်ကြီးတော်မူသောမြတ်စွာဘုရား -

၁။ မြတ်စွာဘုရားသည် ကိုယ်တော်တိုင် အလှူခံရရှိသော မြတ်သော သင်္ကန်း

၂။ ကောင်းမြတ်သောဆွမ်းတို့ကို အကယ်၍တပည့်တော်အား မချီးမြှောက် မပေးစွန့်သည်ဖြစ်အံ့

၃။ ဂန္ဓကုဋိ တစ်ခုတည်း၌အတူတကွနေခွင့်မပေးသည်ဖြစ်အံ့

၄။ မြတ်စွာဘုရား၏ပင့်ဖိတ်ရာသို့ ခေါ်မသွားသည်ဖြစ်အံ့ - တပည့်တော်သည် မြတ်စွာဘုရားအား လုပ်ကျွေးပါမည်ဘုရား

ထိုအခါ မြန်စွာဘုရားက အဘယ်သို့သောအပြစ်ကိုမြင်၍ ဤ(၄)မျိုးကို ပယ်စေရမည်နည်းဟုမေးတော်မူရာ အရှင်အာနန္ဒာသည် သင်္ကန်းကောင်း၊ ဆွမ်းကောင်းရသောကြောင့် မြတ်စွာဘုရားနှင့် တစ်ကျောင်းတည်း နေရသောကြောင့် မြတ်စွာဘုရားနှင့် အတူပင့်လျှောက်ရာဌာနသို့ လိုက်ပါရသောကြောင့် မြတ်စွာဘုရားကိုပြုစုလုပ်ကျွေးခြင်း ဖြစ်သည်။

ဤသို့ ပြစ်တင်ပြောဆိုကြမည်ကို ကြိုတင်မြင်ထားပါ၍ ဤပယ်ဆု (၄) မျိုးကို တောင်းပါသည်ဟုလျှောက်ထား၏။

www.dhammaransi.com



တောင်းအပ်သောဆု (၄) မျိုးဟူသည် -

၁။ ဘုန်းတော်ကြီးတော်မူသောမြတ်စွာဘုရားသည် တပည့်တော် လက်ခံထားသော ပင့်ဖိတ်ရာသို့ ကြွတော်မူသည်ဖြစ်အံ့ -

၂။ မြတ်စွာဘုရားအားဖူးမြော်ကြရန် အခြားသောတိုင်းနိုင်ငံ ဇနပုဒ် တို့မှလာ ရောက်ကြကုန်သော ပရိသတ်ကိုရောက်လာသော အချိန်၌ပင် မြတ်စွာဘုရားကိုဖူးမြော်နိုင်စေရန် တပည့်တော် လျှောက်ထားသောအခါ အခွင့်ပေးတော်မူသည်ဖြစ်အံ့ -

၃။ တပည့်တော်ယုံမှားသံသယရှိသောအခါ၌ မြတ်စွာဘုရားထံသို့ ဆည်းကပ် မေးလျှောက်ခွင့်ပြုသည်ဖြစ်အံ့-

၄။ တပည့်တော်၏ မျက်ကွယ်၌ဟောတော်မူသောတရားကို တပည့်တော်အား ပြန်၍ဟောကြားသည်ဖြစ်အံ့ -

ဤဆု (၄)မျိုးကိုရပါက မြတ်စွာဘုရားအား ပြုစုလုပ်ကျွေးပါမည်ဘုရား။

"အာနန္ဒာ - အဘယ်အကျိုးကျေးဇူးများကိုမြင်၍ ဤဆု (၄)မျိုးကို တောင်းသနည်း" ဟုမြတ်စွာဘုရားကမေးတော်မူရာ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ဤအခွင့်အရေး မျှလောက်မှမရလျှင် အာနန္ဒာသည် မြတ်စွာ ဘုရားအားပြုစုလုပ်ကျွေးနေရာ ဘာအကျိုးရှိသနည်းဟူ၍ ပြစ်တင်ပြောဆိုဖွယ် ဖြစ်မည်ကိုတွေးထင်မိသောကြောင့် ဆု(၄)မျိုးကို တောင်းခြင်းဖြစ်ပါသည်ဟု လျှောက်ထားလိုက်၏။

တစ်ဖန် မြတ်စွာဘုရား၏မျက်ကွယ်၌ ဤဂါထာ၊ ဤသုတ်၊ ဤဇာတ်ကို မြတ်စွာဘုရားသည် အဘယ်ဒေသမှာဟောတော်မူပါသလဲဟု မေးကြသောအခါ ငါ့ရှင် အာနန္ဒာ ဤမျှကိုပင်မသိရှာပဲကိုး၊ မြတ်စွာဘုရားနောက်က အရိပ်ကဲ့သို့ လိုက်ပြီး ဘယ်သို့နေလာခဲ့ပါသလဲစသည် အပြစ်တင်ဖွယ်ရာရှိပါသည်။

သို့ဖြစ်၍ တပည့်တော်၏မျက်ကွယ်၌ဟောတော်မူသော တရားတော် ကိုလည်း တစ်ဖန်ပြန်၍ဟောတော်မူစေလိုခြင်းဖြစ်ပါသည်ဟု လျှောက်ထား လေ၏။

မြတ်စွာဘုရားသည်လည်း အရှင်အာနန္ဒာတောင်းသော တောင်းဆု (၄)မျိုး၊ ပယ်ဆု(၄)မျိုးကိုခွင့်ပြုတော်မူသဖြင့် မြတ်စွာဘုရားသက်တော်ရှည် သမျှကာလပတ်လုံး သူမတူအောင်ပြုစုလုပ်ကျွေးတော်မူပေသည်။

www.dhammaransi.com



ထို့ကြောင့် မြတ်စွာဘုရားသည် ပရိသတ်အလယ်၌ "ငါဘုရားအား ပြုစု လုပ်ကျွေးကြသော ရဟန်းတို့တွင် အတော်ဆုံးအသာဆုံး အမြတ်ဆုံး" ဟူသော ဥပဋ္ဌာက ဧတဒဂ်ဘွဲ့ထူးဖြင့် ချီးမြှောက်တော်မူသည်။ ယင်း ဧတဒဂ် ဘွဲ့ထူးနှင့်တကွ -

**သတိမန္တ** ဧတဂဒ်ဘွဲ့ထူး

**ဂတိမန္တ** ဧတဒဂ်ဘွဲ့ထူး

**ဓိတိမန္တ** ဧတဒဂ်ဘွဲ့ထူး

**ဗဟုသုတ** ဧတဒဂ်ဘွဲ့ထူး

ဤ (၄)မျိုးသောဘွဲ့ထူးနှင့် ပေါင်း(၅)မျိုးဖြင့် ချီးမြှောက်တော်မူသည်။

ရှေးပါရမီဖြည့်ဆည်းတော်မူခဲ့သော အရှင်အာနန္ဒာအောင်မြင် ပြည့်စုံသည်ကို ကြည်ညိုကြရပါသည်။

(က) ပထမသင်္ဂါယနာတင် အဖြေလျှောက်ကြားသော ဓမ္မ ဘဏ္ဍာဂါရိက အရှင်အာနန္ဒာ

(ခ ) ဆဋ္ဌသင်္ဂါယနာတင် အဖြေလျှောက်ကြားသော ဓမ္မဘဏ္ဍာဂါရိက အရှင်ဝိစိတ္တသာရာဘိဝံသ၊

ဧတဒဂ် အာဇာနည်အရှင်ကောင်းနှစ်ပါး၏ပုံရိပ်ကို အာရုံစက္ခုနှစ်ဖက်လှ၍ ကြည့်ရှုထင်ထင် မြင်ယောင်သန်း၍ မျှော်မှန်းကြည်ညိုရပါကြောင်းနှင့် အများပြည်သူတို့ မျှော်မှန်းကြည်ညိုကြစေလိုကြောင်း တိုက်တွန်းအပ်ပါသတည်း။

❁ ❁ ❁ ❁ ❁

www.dhammaransi.com



ပြည်ထောင်စုမြန်မာနိုင်ငံတော်
ပဌမအကြိမ်
နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့
ပဌမအစည်းအဝေး
သြဝါဒကထာ

**၁။ နမော တေ ဗုဒ္ဓဝီရတ္ထု၊ ဝိပ္ပမုတ္တောသိ သဗ္ဗဓိ။**
**သမ္ဗာဓပ္ပဋိပန္နောသ္မိ၊ တဿ မေ သရဏံ ဘဝ။**
**၂။ တထာဂတံ အရဟန္တံ၊ စန္ဒိမာ သရဏံ ဂတော**
**ရာဟုစန္ဒံ ပမုဉ္စဿု၊ ဗုဒ္ဓါ လောကာနုကမ္ပကာ။**

သံယုတ်ပါဠိတော် စန္ဒိမသုတ်လာ ဤဂါထာနှစ်ပုဒ် ယခုတလော အများ ပြည်သူလူဒကာတို့ အားကိုးတကြီးရွတ်ပွားသရဇ္ဈာယ်နေကြသည်ဟု ကြားနေရပါသည်။

အလွန်အားကိုးယုံကြည်ထိုက်သော ဗုဒ္ဓဘာသိတဂါထာဖြစ်၍ ရှင်လူအများ ရွတ်ပွားသင့်သည်ကား အမှန်ပင်ဖြစ်ပေသည်။

ဆရာတော်များ ပါဠိရနက်ထင် အဓိပ္ပါယ်ကိုလည်းသိမြင်ပြီး ဖြစ်ပါလိမ့်မည်။ **"ကြီးမြတ်သော လုံ့လရှိတော်မူသော မြတ်စွာဘုရား တပည့်တော် ရှိခိုးပါသည်ဘုရား"**ဟု လနတ်သားက လျှောက်ထားနေသည်ဖြစ်၏။

**"မြတ်စွာဘုရားသည် အနှောင်အဖွဲ့အားလုံးတို့မှ လွတ်မြောက်တော်မူပြီး ဖြစ်ပါ၏ တပည့်တော်ကား အသူရိန်ရာဟုမင်းချုပ်နှောင်ထားသဖြင့် ကျဉ်းမြောင်း ကျပ်တည်းဒုက္ခကြီးရောက်နေရပါ၏- မြတ်စွာဘုရားသည်သာ တပည့်တော်၏ ကိုးကွယ်ရာ ဖြစ်တော်မူပါဘုရား"** ဟုလျှောက်ထားလျှက် **"ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ"** ဟူ၍ အကြိမ်ကြိမ် ရွတ်ပွားနေပုံရလေ၏။

ထိုအခါ ရှင်တော်မြတ်ဗုဒ္ဓသည် ရာဟုအသူရိန် ဟူနှုတ်တော်ဖြင့် မြည်တမ်းကာ ကိလေသာရန်ခပင်းကို အောင်မြင်တော်မူခဲ့သော ငါဘုရားကို လနတ်သားသည် အမြဲတမ်း ယုံကြည်သိမှတ်ဆည်းကပ်ကိုးကွယ်သူဖြစ်၏။ **"ရာဟုအသူရိန် ငါဘုရားကို ဆည်းကပ်ကိုးကွယ်သည့် လနတ်သားကို ယခုမြန်စွာလွှတ်လိုက်ပါလော့"** ဟု မိန့်မြွက် တော်မူလေ၏။

www.dhammaransi.com



နောက်ဆုံးနိဂုံးစကားဖြင့် ဗုဒ္ဓရှင်တော်မြတ်သည် **"ဗုဒ္ဓါလောကာနုကမ္ပကာ"** ဟုအဆုံးသတ်မိန့်တော်မူခဲ့သည်ကို ထေရ၊ နဝ၊ မဇ္ဈိမ ဖြစ်တော်မူကြသော နောင်တော် ညီတော် သံဃာတော်များသိပြီးဖြစ်သည့်အတိုင်း ဤဒေသနာတော်ကို အလေးအနက် ထားစေလိုပါသည်ဘုရား။

ဗုဒ္ဓါ - ငါဘုရားတို့သည်၊ လောကာနုကမ္ပကာ - လောကကို သနားစောင့်ရှောက်ကုန်၏။

ယင်းနောက်ဆုံးစကားသည် လောကကိုသနားစောင့်ရှောက် ရမည်ဆိုသော ဩဝါဒဖြစ်၍ **သိင်္ဂါလောဝါဒသုတ်** ၌ဟောကြားခဲ့သောရဟန်းကျင့်ဝတ်နှင့်တစ်ထပ်တည်း၊ တစ်သားတည်း၊ တစ်မိန့်တည်းဖြစ်နေသည်ကို နားလည်နေကြရပါမည်ဘုရား။

ယင်းသင်္ဂါလောဝါဒသုတ်လာ ရဟန်းကျင့်ဝတ်(၆)ပါးကိုလည်း ဘုန်းကြီးရဟန်းများသာမက ကျောင်းသားကျောင်းသူ အိမ်နေသူ ဗုဒ္ဓဘာသာလူကြီးတိုင်း လူငယ်တိုင်း **"ဝါစုဂ္ဂတ"** နှုတ်ဝယ်ရွရွရွတ်ဆိုနေကြပါသည်ဘုရား။

မြတ်ဗုဒ္ဓရှင်တော်ဘုရားသည် ယင်း **သိင်္ဂါလောဝါဒသုတ်**၌ သားသမီးကျင့်ဝတ်၊ မိဘကျင့်ဝတ်၊ လင်ကျင့်ဝတ်၊ မယားကျင့်ဝတ်၊ ဒါယကာကျင့်ဝတ် စသည်ငါးပါးစီသာ ဟောကြားချမှတ်တော်မူခဲ့ပါသည်။

**"အနာဂါရ"** ခေါ်အရေးကြီးဝန်ဆောင်ရဟန်းတော်များအတွက် တာဝန်ထမ်း ဆောင်ရန်တစ်ပါးပို၍ကျင့်ဝတ် (၆) ပါးသတ်မှတ်ခဲ့ပါသည်။

သို့ပါသောကြောင့် **"ဃရာဝါသ သမ္ဗာဓ"** ဟု ကိစ္စများမြောင်လူတို့ဘောင်မှ ခွာရှောင်၍ ရဟန်းဘောင်တွင်နေထိုင်ကြရသော ရဟန်းတော်များသည် ဗုဒ္ဓဘာသာ အားလုံးတို့၏ခေါင်းဆောင်ပီသစွာ ဗုဒ္ဓဘာသာများအပေါ် (သို့မဟုတ်) လူသားတို့အားလုံး အပေါ် **"အနုကမ္ပက"** ကရုဏာတရားကိုလည်း ပို၍ထားရှိကြရပါမည်။ မေတ္တာသည်လည်း ရဟန်းကျင့်ဝတ် (၆) ပါးတွင် အရေးအပါဆုံးဖြစ်ပါသည်။

**"ဒုစရိုက်-သုစရိုက်"**၊ **"ကဏှပက္ခ-သုက္ကပက္ခ"**၊ **"ကုသလာ ကုသလ"**၊ **"ပုညာ ပုည"**၊ **"ဓမ္မာဓမ္မ"** တို့ကို ဗုဒ္ဓဘာသာတို့ ကွဲပြားသိစေလိုသော မဟာကရုဏာ ဖြင့် **"ချစ်သား ရဟန်းတို့ ချစ်သားတို့သည် တရားဟောကြ"**ဟု မိန့်မှာခဲ့ပါသည်။

www.dhammaransi.com



မကောင်းသော ဒုဂ္ဂတိဘုံရောက်ကြောင်း လုပ်ဆောင်မှုတို့ကို မလုပ်ဆောင်မိအောင်တားမြစ်ကြရမည်။ ကောင်းသော သုဂ္ဂတိဘုံရောက်ကြောင်း လုပ်ဆောင်မှုတို့ကို များများလုပ်အောင်ဟောပြောရမည်။

**"ချစ်သားတို့ မိမိကလည်းတတ်မြောက်အောင်သင်ကြားပြီး သတ္တဝါများကိုလည်း နာကြားပြီးသောတရားများကိုပင် ထပ်မံဟောကြားပါလေ"** ဟု တိုက်တွန်း ခဲ့လေသည်။

**"ဗုဒ္ဓဘာသာတွေ ငရဲအပါယ်မရောက်စေရ၊ အနည်းဆုံး နတ်ပြည်ရောက်စေရမည်"**ဟူသော ကျင့်ဝတ်ကို ရဟန်းတော်များဆုပ်ကိုင်ထားရမည့် အချက်ပင်ဖြစ်ပါသည်။

**တိုက်တွန်းသတိပေးလိုသည်မှာ** မြန်မာနိုင်ငံအတွင်း သက်ရှိထင်ရှားရှိကြသော သံဃာတော် (၄)သိန်းကျော် (၅)သိန်းခန့်တို့သည် -

၁။ ဘုရားကဲ့သို့ လောကလူသားတို့ကိုစောင့်ရှောက်သနားပါ။

၂။ မေတ္တာကိုရှေးယခင်အခါကာလထက် ပို၍ပို့ပါ၊ ရွတ်ပွားပါ ဟူသော ဗုဒ္ဓဟောကြား တရားဒေသနာတော်ကို အကျဉ်းချုပ်ဖော်ပြပါသည်ဘုရား။

သံဃာတော်များသည် သတ္တဝါများအပေါ် ဗုဒ္ဓဘာသာတို့အပေါ် မေတ္တာ၊ ကရုဏာ၊ မုဒိတာမှလွဲ၍ မည်သည့်သဘော၊ မည်သည့်အလိုဆန္ဒကိုမျှ မထားသင့်၊ မရှိသင့်ပါ။

တရားပျက်သောဆုတ်ကပ်ကာလတွင်**ဥပေက္ခာပင် မထားသင့်** ဟု ထင်မြင်ပါကြောင်း သာသနာနှင့်လောကအမြဲယှဉ်တွဲနေကြရ၍ **"ဝုမိ ဘဝတု သဗ္ဗဒါ"**အရ ကြီးပွားတိုးတက်အမျက်မထွက် ပီတိခေါ်သောမနသ သက်သက် ဖြင့်သာ နေထိုင်နိုင်ကြစေလိုပါကြောင်း ဆုတောင်းပတ္ထနာပြုရပါသတည်း။

☸ ☸ ☸ ☸ ☸

www.dhammaransi.com



# မန္တလေး၊ မဟာဓမ္မိကာရာမတိုက် ရွှေကျင်ငါးတိုက် ရွှေကျင်တိုက်မ ဗုဒ္ဓသာသနာတော်လုံးဆိုင်ရာ ရွှေကျင်နိကာယ သတ္တရသမ (၁၇) ကြိမ်မြောက် ဆင်ယင်ကျင်းပအပ်သော သံဃာ့အစည်းအဝေးကြီး မှတ်တမ်းစာစောင်ထုတ်ဝေရန် သြဝါဒ

အစည်းအဝေးကြီး၏ သဘာပတိအဖြစ်ဆောင်ရွက်ခဲ့သော၊ စုဒ္ဒသမ ရွှေကျင် သာသနာပိုင်အနေဖြင့် သတ္တရသမ (၁၇) ကြိမ်မြောက်ကျင်းပခဲ့သော အစည်းအဝေးမှတ်တမ်းစာစောင်ကြီးတွင် ရှေ့ပိုင်းအမှာစကား အနည်းငယ် ရေးသားပြောကြားလိုပေသည်။

သောဠသမ (၁၆)ကြိမ်မြောက် အစည်းအဝေးကြီးကို ရှမ်းပြည်နယ် တောင်ပိုင်း ညောင်ရွှေမြို့ကန်ကြီးပရိယတ္တိစာသင်တိုက်၌ ကြီးကျယ်ခန်းနားစွာ ဆင်ယင်ကျင်းပခဲ့သည်။

တေရသမ ရွှေကျင်သာသနာပိုင် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တဝိမလာ ဘိဝံသ ကန်ကြီးဆရာတော်ကြီးကိုယ်တော်တိုင် ကွပ်ကဲအုပ်ချုပ်၍ကျင်းပခဲ့သော အစည်းအဝေးကြီး ဖြစ်နေသည်နှင့်အညီ ဒုတိယဗိုလ်ချုပ်ကြီးမောင်အေး အမှူးပြုသော နိုင်ငံတော်က တောင်းခံ ပန်ကြားလျှောက်ထားချက်အရ ကျင်းပခဲ့သော အစည်းအဝေးကြီးဖြစ်သည်။

ယင်း သောဠသမအစည်းအဝေးကြီးသည် ထိုထိုသို့သောအကြောင်း တို့ကြောင့် ဘယ်နေရာဘယ်အကွက်လေးမျှ ဟာကွက် လျော့ကွက်မတွေ့ရပဲ အလွန်ထောင့်စေ့သော အစည်းအဝေးကြီးဖြစ်ခဲ့သည်။

ထိုအစည်းအဝေးကြီးကို ၁၃၆၄ ခုနှစ်၊ တပို့တွဲလဆန်း ၁၂-၁၃-၁၄ ရက် (၂၀၀၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃-၁၄-၁၅) ရက်တို့၌ ကျင်းပခဲ့သည်။

ပြည်ပနိုင်ငံအသီးသီးမှ သံဃာ့ကိုယ်စားလှယ်ဆရာတော်အများဆုံး တက်ရောက်ခဲ့သော အစည်းအဝေးကြီးဖြစ်၍ တင့်တယ်လှပပါပေသည်။

www.dhammaransi.com



ယင်းသော ဥသမကို ကြည်ညိုအားရသဖြင့် ကျောက်ဆည်မြို့နယ် ရွှေကျင်ဂိုဏ်း သံဃာတော်တို့က ကျောက်ဆည် မဟာဂန္ဓာရုံကျောင်းတိုက်တွင် သတ္တရသမ (၁၇)ကြိမ်မြောက်ဆင်ယင်ကျင်းပရေး အခွင့်ပြုရန် တောင်းခံကြသည်။

သက်တော်ထင်ရှားရှိသော သာသနာပိုင်ညောင်ရွှေကန်ကြီး ဆရာတော်ကြီးက မန္တလေးနှင့်နီးကပ်သောမြို့ဖြစ်သောကြောင့် သင့်မြတ်ပေသည်ဟုမိန့်ဆိုကာ လက်ခံခွင့် ပြုလိုက်သည်။

ယင်းသာသနာပိုင်ဆရာတော်ကြီးသည် ၁၃၆၅ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် (၃) ရက်နေ့တွင်သက်တော် (၉၂) နှစ်၊ ဝါတော် (၇၂) ဝါအရတွင် တစ်ဘဝလွန်တော်မူခဲ့၍ မန္တလေးမဟာဝိသုဒ္ဓါရုံ စုဒ္ဒသမရွှေကျင်သာသနာပိုင် ဝါဆိုဆရာတော် (မိမိ)ထံ သတ္တရသမ တာဝန်ကြီးရောက်ရှိပါတော့သည်။

၁၃၆၇ ခုနှစ်၊ ၁၃၆၈ ခုနှစ်တို့၌ ကျောက်ဆည်မြို့တွင် (၁၇)ကြိမ်မြောက် အစည်းအဝေးကြီးကျင်းပဖို့ စိစဉ်ကြလေသည်။

မန္တလေးတိုင်း ဒါယကာတိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်အား ပန်ပြော၍ တိုင်ပင် ဆွေးနွေးကြရသည်။ သာသနာရေးဦးစီးဌာန အကြီးအမှူးများနှင့် တိုင်းမှူးကြီးသည် အကြိမ်ကြိမ် တိုင်ပင် ဆွေးနွေးခဲ့ရာမှ ဤပွဲတော်ကြီးပြုလိုပါက မန္တလေးလေးပြင်လေးရပ် ရွှေကျင်ဆရာတော်တွေ ရှိ၏။ ဥက္ကဋ္ဌဆရာတော်ကြီး သည်လည်း မန္တလေးမှာနေ၏။

တယက၊ ခယကတို့လည်း တိုင်းအဖွဲ့ကို ပဓာနထား၍ နေကြရသောကြောင့် မန္တလေးမြို့မှာပင်ကျင်းပဖို့ လျှောက်ထားလာသည်ကို ဆရာတော်ကြီးသည် သံဃာ့ အစည်း အဝေးပင့်ဖိတ်ပြီး ဤလျှောက်ထားချက်ကို သဘောတူလက်ခံကြသည်။

နောက်မကြာမီ ရွှေကျင်ဂိုဏ်းလုံးဝန်ဆောင်နာယက လက်လှမ်းမှီရာ အမရပူရ၊ ပုသိမ်ကြီး၊ စစ်ကိုင်း၊ မုံရွာစသည် ကျယ်ကျယ်ပြန့်ပြန့်ပင့်ဖိတ်ကာ စည်းဝေးတိုင်ပင်ကြသည်။

မန္တလေး မဟာဓမ္မိကာရာမတိုက် ရွှေကျင်ငါးတိုက် ရွှေကျင်တိုက်မတွင် သတ္တရသမ အစည်းအဝေးကြီးကျင်းပဖို့ တညီတညွတ်တည်း ဆုံးဖြတ်ခဲ့ကြသည်။

www.dhammaransi.com



၁၃၆၇ ခုနှစ် ကျင်းပရေး၊ ၁၃၆၈ ခုနှစ်တွင်ကျင်းပရေးတို့အတွက် တိုင်းမှူး အမှူးပြုသော အာဏာပိုင်အဖွဲ့ အစည်းဒကာကြီးများ ကျောင်းဒကာ ကျောင်းအမတပည့်များ စုပေါင်း၍ အကြိုညှိနှိုင်းစည်းဝေးကြရာမှ အခြေအနေ အကြောင်းအမျိုးမျိုးတို့ကြောင့် ၁၃၇၀ ခုနှစ်၊ တပို့တွဲလဆန်း ၁၂-၁၃-၁၄ ရက် (၂၀၀၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၆-၇-၈) ရက်တို့၌ အောင်မြင်စွာ ကျင်းပနိုင်လေ သည်။

ကျင်းပရေးအောင်မြင်ခဲ့ရုံမက အစည်းအဝေးကြီး ပြီးမြောက်ရေးကိုပါ ရာခိုင်နှုန်း အပြည့်အဝ အောင်မြင်ခဲ့ကြသဖြင့် လူရောနတ်ပါ ဝမ်းမြောက် ဝမ်းသာရှိကြလေသည်။

ပထမဦးဆုံးအကြိုညှိနှိုင်းအစည်းအဝေး၌ သီးသန့်လှူသော ဆွမ်း ဘောဇဉ်အပြင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးက ငွေကျပ် သိန်းတစ်ရာ ကို အစည်းအဝေးကြီး ဖြစ်မြောက်ရေးအတွက် အစောဆုံးပါဝင်လှူဒါန်းသည်။

ဒကာ ဒကာမအများစုကလည်း တစ်နေ့တည်းပါဝင်လှူဒါန်းကြသော ငွေကျပ် သိန်းနှစ်ရာခန့်လှူဒါန်းသည်ဟု သတင်းရရှိသည်။ သံဃာတော်များ ဘက်က စုဒ္ဒသမ ရွှေကျင်သာသနာပိုင်နှင့် ဥပဥက္ကဋ္ဌ၊ ရတ္တညူဆရာတော်ကြီးများ နာယကအကြီးအမှူးနေရာတွင် ပင့်တင်ထားပါသည်။

ရွှေကျင်တိုက်မဆရာတော်၊ စစ်ကိုင်းသီတဂူဆရာတော်၊ မန္တလေး ငါးပါးသော အကျိုးဆောင်ဆရာတော်များကို ဥက္ကဋ္ဌနေရာ အကျိုးဆောင် နေရာတို့၌ ခန့်အပ်တင် မြောက်ပြီးလျှင် အမှုဆောင်သံဃာတော် (၅၉)ပါး ခန့်အပ်တင်မြောက်ကြပါသည်။

လူဒကာများအနေဖြင့်

- ဥက္ကဋ္ဌ၊ အောင်မြေသာစံမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ
- ဦးကျော်ဝေ၊ အောင်ကောင်းကျော် ဆောင်လုပ်ရေးကုမ္ပဏီ
- ဦးမြဝင်း၊ လွယ်ဟိန်းကုမ္ပဏီ (၃) ယောက်ကို အမှုဆောင် ဥက္ကဋ္ဌ အဖြစ် လည်းကောင်း
- ဦးကျော်လှိုင်၊ ခရိုင်သာသနာရေးမှူး
- ဦးဝင်းမြင့်၊ လှိုင်ကုမ္ပဏီ

www.dhammaransi.com



- ဦးမျိုးသန့် သိန်းသန်းဌေးအောင်ဖဆက် ပုံနှိပ်တိုက် (၃) ယောက်ကို အမှုဆောင်အတွင်းရေးမှူးအဖြစ်လည်းကောင်း ခန့်အပ်တင်မြှောက်လျက် လူဒကာ ဒကာမတို့ဘက်၌ အမှုဆောင် (၄၈)ယောက်ဆောင်ရွက်ရေး ဖွဲ့စည်းခဲ့ပါသည်။

အင်အားလည်းတောင့်တင်း၊ နည်းစနစ်လည်းမှန်ကန်ကျနစေကာ ဆောင်ရွက်လာကြရာအဖွဲ့ငယ်ပေါင်းများစွာဖြင့် တက်ညီလက်ညီ သာသနာပြုခဲ့ကြပါသည်။

ထိုသာသနာပြုပွဲကြီးတွင် အစည်းအဝေးကြီး (၃)ရက်၊ ဆွမ်း (၆) ကြိမ်၊ အကြိုရက်ဆွမ်း (၂)ကြိမ်၊ အထွက်ရက် ဆွမ်း (၂) ကြိမ်၊ အချိုပွဲနှင့်ဆွမ်းဘောဇဉ်ပွဲ စုစုပေါင်း (၁၀)ကြိမ်တိတိသပ္ပါယမျှ၍ ညီညွတ်ကြောင်း ရုပ်သံသတင်းထွက်ပေါ်ခဲ့ပါသည်။

ကျောင်းသား ကပ္ပိယဧည့်သည်များ၊ အကြည်အညို လာရောက်ကြသော ဧည့်သည်များအားလုံး မစားရမသောက်ရဖြစ်၍ ပြန်သွားခဲ့ရသူ မရှိကြောင်းလည်း ရုပ်သံတွေ ပေါ်ထွက်နေပါသည်။

ဝေယျာဝစ္စဘက်က စေ့စပ်သပ်ရပ်သန့်ရှင်းလှပါကြောင်းလည်း ရုပ်သံသတင်း ပေါ်ထွက်ခြင်းရှိခဲ့ပါသည်။

ညတရားပွဲ (၃)ညလုံးမှာလည်း မိုးလွတ်လေလွတ် အဆင်ပြေ တင့်တယ်လှပ ပရိတ်သတ်အားလုံးတက်ကြွလျက် စည်ကားပြည့်နှက်လျက် ရှိကြောင်း ဒိဋ္ဌတွေ့မြင်ရပါသည်။

ရွှေကျင် (၆)တိုက်ဧည့်ခံဌာန ပဓာနနာယကဆရာတော်များ၊ ဂိုဏ်းအကျိုးဆောင် ဆရာတော်(၅)ပါး မဟာဝိသုဒ္ဓါရုံတိုက်ထွက် အဝေးရောက်သံဃာတော်များ၊ ရွှေကျင်တိုက်မ ဆရာတော်၏ အဝေးရောက်တပည့်များ ဝိုင်းဝန်းလုပ်ဆောင်၍ အံ့မခန်းကြီးကျယ်တင့်တယ်သော အစည်းအဝေးကြီး တစ်ရပ်ဖြစ်ပါကြောင်း -

အစည်းအဝေး သံဃာ့ကိုယ်စားလှယ်ဆရာတော်တစ်ချို့က (၁၇) ကြိမ်တိုင်တိုင် ပြုလုပ်ခဲ့သောအစည်းအဝေးကြီးတို့တွင် ဤအစည်းအဝေးကြီးသည် နံပါတ်တစ်ဖြစ်ပါလိမ့်မည်ဟု "ပြောလိုက်ချင်ပါဘိ" ဟူ၍ပင် ဝစီနုတ်ထွက်ပြောမြွက်ကြပါသည်။

www.dhammaransi.com



အခမ်းအနားသပ်ရပ်ပုံကို ဆရာတော်ကြီးကိုယ်တိုင် ဘုန်းကြီးတစ်ပါးက တွဲခေါ်၍ လိုက်လံပြသလို့ ကိုယ့်ပွဲကို ကိုယ်တိုင်အံ့သြခဲ့ရသည်မှာ အမှန်ဖြစ်ပါသည်။

အမှာစကား အတိုချုပ်ပဲပြောပါတော့မည်

ဤပွဲကြီး ဤမျှခမ်းနားသည် ထည်ဝါသည် ကြည်ညိုဖွယ် "ပါသာဒိက" ဂုဏ်ဆောင်သည်ဆိုတာတွေ ကဏ္ဍအလိုက်စီစဉ်ထားသော ဤစာစောင် ဤစာများကိုသာ ရှုဖတ်ပါတော့ ဟုပြောလိုပေသည်။

ဤသို့ သိုက်မြိုက်တင့်တယ် အံ့ဖွယ်တစ်ရပ်ခမ်းနားသပ်ရပ်နေသည်မှာ တခြား မဟုတ်ပါပရိတ်ကြီးပါဠိတော်လာ စကားတို့ကြောင့် ကြီးကျယ်ရပါသည်-ဟုပြောလိုပါသည်။

**သဗ္ဗေတံ အနုမောဒိတွာ**

**သမဂ္ဂါ သာသနေ ရတာ**

**ပမာဒ ရဟိတာ ဟောန္တု** - ဆိုသောအချက်အလက် အင်္ဂါလက္ခဏာ ပြည့်စုံသောကြောင့်သာပါ - ဟုပြောပါရစေ။

အနည်းငယ်ချဲ့ပါအုံးမယ်

**သဗ္ဗေ** အရသံဃာ့အမှုဆောင်အဖွဲ့အစည်း ဒကာဒကာမ အဖွဲ့အစည်း ဝေယျာဝစ္စ အမျိုးသမီး၊ ကလေးများပင် ဆွမ်းပွဲ စားပြီး ပန်းကန်ခွက်ယောက်ကို ပန်းကန် ဆေးသောနေရာ အမြန်ရောက်အောင်ပို့နေသော အမျိုးသမီးငယ် ဝေယျာဝစ္စသမားများအားလုံးဆိုရပါမည်။

**အနုမောဒိတွာ** ကြည်သောအားရမ်း ရွှင်လန်းဝမ်းသာသော အမူအရာ မျက်နှာကပင် ပေါ်လွင်နေကြတော့ စားရသူဧည့်သည် လူအပေါင်းပါ အားလုံးပြုံးကြရ ရွှင်ကြရသည်။

**သမဂ္ဂါ** ကိုယ်၏ညီညွတ်ခြင်း၊ စိတ်၏ညီညွတ်ခြင်း၊ သည်းခံခြင်း၊ အသာပေးခြင်း၊ အောက်ကျခံခြင်း၊ စိတ်ဓာတ်ခိုင်မာခြင်း။

**သာသနေရတာ** သဒ္ဓါတရားလက်ကိုင်ထား၍ ဘုရားအဆုံးအမ သာသနာတော်၌ နှစ်ခြိုက်မွေ့လျော်တတ်သူ သာသနာစိတ်ဓာတ် အပြည့်အဝရှိသူတို့ဖြစ်ခြင်း။

www.dhammaransi.com



**ပမာဒရဟိတာ** ပျင်းထိုင်းယို့ယိုင်မခိုင်သောအသည်းနှလုံးဖြင့် သတိလွတ်နေသူများ မဟုတ်ကြမေ့လျော့ခြင်းကင်း အပ္ပမာဒသတိတရားများသွင်းယူသိမ်းယူ ထားကြခြင်းတို့ဖြင့် ဆောင်ရွက်ခဲ့ကြသောပွဲတော်ကြီး ပြီးစီးအောင်မြင်သဖြင့် သီတဂူ စာပေထုတ်လုပ်ရေးအဖွဲ့က ယင်းစာစောင်ကြီး ထုတ်ဝေဖြန့်ဖြူးနေပါပြီ။ ဆက်လက်၍သာရှုစားကြပါတော့ဟု ဆရာတော်ကြီး အနေဖြင့် မှာကြားလိုက်ရပါသတည်း။

☸ ☸ ☸ ☸ ☸

www.dhammaransi.com



သာသနဒါယကာ ဥပါသကာ ဦးအောင်သန်း
အသက် (၆၂) နှစ်၏ အခမ်းအနား၌ ဖတ်ကြားအပ်သော
သံဝေဇနီယ + သံဝေဂ ဂီတိဂါထာ

**သာသနေ အနုယုဥ္ဇန္တော၊ ဘာဝနာရတ မာနသော။**
**ပိယဝါစော သိဝကာမော၊ ဥပါသကော ဒိဝင်္ဂတော။**

**သာသနေ** - အရိယာရှင်သူတော်စင်တို့ ပျော်ရွှင်နေသုံး အမြတ်ဆုံးနေရာ ဘုရားရှင်သာသနာတော်၌၊ **အနုယုဥ္ဇန္တော** - ဒါနသီလဘာဝနာ ဝိပဿနာ တရားအလုပ်၌ အားထုတ်လေ့ရှိပေထသော၊ **ဘာဝနာရတ မာနသော** - နိဗ္ဗာန် ခရီး တစ်ကြောင်းတည်းဖြင့် အပြီးရောက်ရန် အသိမြန်သည့် သတိပဋ္ဌာန် အမှတ်တရား၌ပင် ပျော်ရွှင်နှစ်သက်ပေထသော၊ **ပိယဝါစော** - ချိုသာသော တရားစကားကိုပြောကြားတတ်ပေထသော၊ **သိဝကာမော** - ဘေးဘယာ မစဝေးကွာပသည့် အေးရာအမတပြန်နိဗ္ဗာန်ကို လိုလားတောင့်တပေထသော၊ **ဥပသကော** - ဘုရား တရား သံဃာရတနာမြတ်သုံးပါး၌ အမြဲမပြတ် ကိုးကွယ် ဆည်းကပ်ပေသော၊ **ဥပါသကာ** - နာမည်တင့်ဆန်း ဦးအောင်သန်း (၆၂)နှစ် သည်၊ **ဒိဝင်္ဂတော** - အသရေလျှံဖြာ ဒြပ်ကြွားပေသည့် ဝေဇယန္တာ နတ်ရထား ဖြင့် (လာပါ၊ လာပါ၊ လာပါ၊ တော့ရယ်လို့) နတ်သိကြားထွေစုံညီ ပင့်ဆောင်ပြီမို့ ထက်နတ်ပြည်စံမြန်းဘို့ မပြန်တမ်းသွားခဲ့လေပြီတကား။

**ယာစုံ ဝိသုံ ဝိသုံ ဒေဝါ၊ နေတု ကာမာ ရထေ ဌိတာ။**
**ဧဟိ သာမိ ဒေဝလောကံ၊ သုခိတံ တုသိတာ လယံ။**

**သာမိ** - ဒါနသီလဘာဝနာ အရာရာစုံလင် ဂုဏ်အင်တင့်ဆန်း အို - ဒကာတော် မောင်အောင်သန်း၊ **ဒါနိ** - ၁၃၇၂ ခုနှစ် ရွက်သစ်ကြွေညောင်း လတပေါင်း၏ ဆန်းတက်ရောက်လာ (၉) ရက်နေ့နံနက် (၆) နာရီ ဤယခု အခါ၌၊ **သုခိတံ** - လူ့ပြည်တို့ထက် အဆတစ်ရာမကသာအောင် လွန်စွာချမ်းသာ လှပေသော၊ **တုသိတာလယံ** - အရိမေတ္တေယျဘုရားလောင်းတော်တို့ စံပျော် ခိုလှုံရာဖြစ်သော၊ **ဒေဝလောကံ** - ချမ်းသာပြည့်စုံထက်နတ်ဘုံသို့၊ **ဧဟိ** - ခဏမကြာဘဲ ကြွလာခဲ့ပါလော့၊ **ဣတိ** - ဤသို့လျှင်၊ **နေတုကာမာ** - နတ်နန်းဘုံ အမြင့်ခေါင်ပေါ်သို့ ပင့်ဆောင်လိုကြကုန်သော၊ **ရထေဋ္ဌိတာ** - ဝေဇယန္တာ

www.dhammaransi.com



နတ်ရထား၌ ရပ်နားတည်နေကြကုန်သော၊ **ဒေဝါ** - နတ်ပြည်နေတို့ အသရေစုံသည့် ရွှေဘုံစံစား နတ်သိကြားတို့သည်၊ **ဝိသုံ ဝိသုံ** - အသီး အသီးသာလျှင်၊ **ယာစုံ** - လောကလူ့ပြည် အမှုပွေသည့်လူ့ပြည်မှတဖုံ နတ်ပြည်ဘုံသို့ ခုံလှုံပါရန် အကြောင်းခံဖြင့် တောင်းပန်ကြလေကုန်သတည်း။

## ဗုဒ္ဓါ ပစ္စေကဗုဒ္ဓါ စ၊ နိဗ္ဗုတာ အဂ္ဂသာဝကာ။ ဥပါသကော ဒိဝင်္ဂတော၊ သဒ္ဓိရာ နဟိ သဿတာ။

**ဗုဒ္ဓါစ** - သစ္စာလေးပါးမြတ်တရားကို ပိုင်းခြားသိမြင်ဘုရားရှင်တို့သည်လည်းကောင်း၊ **ပစ္စေက ဗုဒ္ဓါ စ** - ပွင့်ကြသီးသီး ပစ္စေကဗုဒ္ဓါ အရှင်မြတ်ကြီးတို့သည်လည်းကောင်း၊ **အဂ္ဂသာဝကာ** - လက်ျာတော်ရံ ပညာဉာဏ်ဘက် ဧတဒဂ်ထွန်းထိီးတရား ဗိုလ်ချုပ်ကြီး အရှင်သာရိပုတ္တရာနှင့် လက်ဝဲတော်ရံ ဘွဲ့ထူးခံ၍ မိုးပျံမြေလျှိုး တန်ခိုးတောက်လှျံ အရှင်မောဂ္ဂလာန် အဂ္ဂမဟာသာဝက မထေရ်မြတ်ကြီးတို့သည်လည်းကောင်း၊ **နိဗ္ဗုတာ** - ပရိနိဗ္ဗာန်ဝင်စံရပ်သိမ်းချုပ်ငြိမ်းတော်မူကြလေကုန်ပြီ၊ **တထာ** - ထိုသို့မခြား အလားပုံယူ ဤအတူသာလျှင်၊ **ဥပါသကော** - စစ်ကိုင်းဇေယျာ လင်းယဉ်ရွာတွင် တေဇာတင့်ဆန်း ဉုးအောင်သန်းခေါ် ဒကာတော်ဥပါသကာသည်လည်း၊ **ဒိဝင်္ဂတော** - ၆၂ နှစ်ရောက်ပြီဖြစ်၍ အသစ်မပြောင်းဖြစ်မကောင်းမို့ အကြောင်းဖန်လာ ဟောင်းခန္ဓာကို စွန့်ခွာလေပြီး လူ့ပြည်ညီး၍ နတ်ထီးနတ်နန်း နတ်ကြငှန်းသို့ ကြွလှမ်းခိုလှုံခဲ့လေပြီတကား၊ **သဒ္ဓိရာ** - ရုပ်နာမ် ဓမ္မသင်္ခါရတို့သည်၊ **နဟိသဿတာ** - ဥပါဒ်ဋ္ဌီဘင် အမြဲယှဉ်၍ အစဉ်မမြဲ ပြိုကွဲပျက်စီး တတ်ကြလေပြီတကား၊ **နဟိသဿတာ** - မသေရာမှန် ပြည်နိဗ္ဗာန်သို့ အရိယာမှန် မဂ်စခန်းဖြင့် မတက်လှမ်းနိုင်သေးသမျှ ဘယ်ဘဝမှ မခိုင်မြဲဘဲ ယိုင်လဲပျက်စီးကြရမည် ဧကန်အမှန်ပါပေတကား။

**၁၃၇၂ ခုနှစ်၊ တပေါင်းလဆန်း (၁၁) ရက်အင်္ဂါနေ့**

❁ ❁ ❁ ❁ ❁

www.dhammaransi.com



## မြောင်းမြမြို့၊ သဒ္ဓမ္မပဇ္ဇောတာရုံကျောင်းတိုက်သို့ ကမ်းလှမ်းစာ

ကမ်းလှမ်းစာဆိုသည်မှာ တစ်နေရာမှတစ်နေရာသို့ စာရေးသားပေးပို့ခြင်းဖြစ်သည်။ မန္တလေးမဟာဝိသုဒ္ဓါရုံတိုက်သစ်မှ မြောင်းမြမြို့ သဒ္ဓမ္မပဇ္ဇောတာရုံကျောင်းတိုက်သို့ စာပေးလိုစိတ်ဖြစ်ခိုက် -

ရန်ကုန်တိုင်း၊ မှော်ဘီမြို့သာသနာ့ဝန်ဆောင်ကျောင်းတိုက် စာအုပ်ဖြစ်မြောက်ရေးအဖွဲ့မှ ကျောင်းတိုက် (၂၅) နှစ်ပြည့်အထိမ်းအမှတ်စာစောင်ထုတ်ဝေလိုပါသည်။ ယင်းစာစောင်၌ အကြောင်းအရာတစ်ခုခုဖော်ပြလိုပါ၍ အကြောင်းအရာတစ်ခုကို ရေးသားချီးမြှင့်တော်မူရန် လျှောက်ထားတောင်းပန်စာကို ရရှိသဖြင့် ကမ်းလှမ်းစာအဖြစ် ရေးသားပေးပို့ လိုက်ရပေသည်။

မှော်ဘီသာသနာ့ဝန်ဆောင်ကျောင်းတိုက်သည် မြောင်းမြမြို့ သဒ္ဓမ္မပဇ္ဇောတာရုံ ကျောင်းတိုက်၏ကျောင်းတိုက်ခွဲဖြစ်သည်။ ဤသာသနာ့ဝန်ဆောင်ကျောင်းတိုက်ကို ပန်းကုံးဆရာတော်ဟု နာမည်ကျော်ကြားခဲ့သော အဂ္ဂမဟာပဏ္ဍိတ ဆရာတော်ဘဒ္ဒန္တ ကုမာရ တည်ထောင်တော်မူခဲ့သည်။ ပန်းကုံးဆရာတော်သည်ပင် ဘဝနတ်နန်း စံမြန်းတော်မူရာ ကာလ (၁၀) နှစ်ပြည့်ခဲ့ပေပြီ။

ပန်းကုံးဆရာတော်သည် ၁၃၆၃ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် (၁၀) ရက်နေ့ ည၌ (၈၃) နှစ်အရွယ်ကာလ မှော်ဘီမြို့ သာသနာ့ဝန်ဆောင်ကျောင်းတိုက်မှာပင် တစ်ဘဝ လွန်တော်မူခဲ့သည်။

ဤနေရာ၌ ခေတ္တနား၍ ကြားဝင်စကားပြောကြားလိုပါသည် -

(က) ပန်းကုံးဆရာတော်ကိုလည်းကောင်း၊
(ခ) ပန်းကုံးဆရာတော်၏ ဂုဏ်ကျေးဇူးကိုလည်းကောင်း၊
(ဂ) ပန်းကုံးဆရာတော်၏ ဆရာသမားအစဉ်အဆက်ကိုလည်းကောင်း၊
(ဃ) ထိုဆရာသမားအစဉ်အဆက်တို့၏ အဆင်းဂုဏ်၊ အချင်းဂုဏ်၊ သတ္တိ၊ ဗျတ္တိ တို့ကိုလည်းကောင်း၊
(င) မြောင်းမြမြို့၏ ရှုခင်းကိုလည်းကောင်း၊
(စ) သဒ္ဓမ္မပဇ္ဇောတာရုံတိုက်ကြီး၏ ရှုခင်းကိုလည်းကောင်း၊
(ဆ) သဒ္ဓမ္မပဇ္ဇောတာရုံတိုက်သစ်၏ ရှုခင်းကိုလည်းကောင်း အသီးသီး မြင်ရော်ရမ်း ကာလွမ်းဆွတ်ကြည်ညိုရပါသည်။

www.dhammaransi.com



ထို့ကြောင့် ၁၃၆၃ ခုနှစ်က ကမ်းလှမ်းစာတစ်ပုဒ်ကို ရေးထုတ်ခဲ့ဖူး ပါသည်။

စာပေဂုဏ်၊ ဝိနည်းဂုဏ်နှင့်
နေပုံထိုင်ပုံ၊ အကျင့်ဂုဏ်ကား
လွန်ပြတ်သား၍၊ ဝင့်ကြွားသာသနာ
တည်ကမ္ဘာလျှင်၊ လွန်စွာတောက်လင်း
နေနှစ်စင်းသို့၊ ထိန်ဝင်းထွန်းပ
ရောင်စုံလှသည့်၊ ကုမာရထေရ်
ပန်းကုံးဆွေကို၊ လွှမ်းပြေဂုဏ်ဆု
ရေးစီပြု၏ ---

ဤသို့ဤနယ် ရှေးဆရာတော်များ၏ ဂုဏ်ထည်ဝါပုံတို့ကို ရေးတတ်သူ တို့ပင် ရေး၍ကုန်နိုင်ဖွယ်ရှိမည်မထင်ပါ။

ဤဘုန်းကြီး ပဇ္ဇောတာရုံသို့ရေးလိုသောကမ်းလှမ်းစာကို ဆက်ကြပါစို့။

မြောင်းမြို့ သဒ္ဓမ္မပဇ္ဇောတာရုံတိုက်သစ်ကြီးသည် ရွှေကျင်ဂိုဏ်း ဒသမ သာသနာပိုင်လျှောင်းလျှာ ဒုတိယရွှေကျင်သာသနာပိုင် ပထမမဟာဝိသုဒ္ဓါရုံ ဆရာတော်ကြီး၏ တပည့်ဖြစ်သော ကျောင်းတိုက်ကြီးဖြစ်၍ အဖက်ဖက်မှ မည်သို့မျှပြစ်ချက်ရှာလို့မရသော စာသင်တိုက်ကြီး (၁) တိုက်ဖြစ်သည်ကို နိုင်ငံ အဝန်းသိပြီးဖြစ်ကြပါသည်။

၁။ အင်္ဂလိပ်ခေတ် ပါဠိပထမပြန်ရေးပန်းစားသောခေတ်ကာလ၌ မြန်မာ ပြည်တွင် ပထမပြန်အများဆုံးအောင်မြင်သော ကျောင်းတိုက်ကြီး (၄) တိုက်ကို အစိုးရပညာရေး ဌာနကရွေးကောက်ရာ (၁) တိုက်အဖြစ် ပါဝင်ထင်ရှားခဲ့ခြင်း။

၂။ ဤစာသင်တိုက်ကြီး (၄) တိုက်အနက် အောင်ဝေဇက်တွင် ပါဠိဘာသာ ဖြင့် အောင်မြင်သည်ဆိုသော မှတ်ချက်အများဆုံးရရှိခဲ့သော ကျောင်းတိုက် ဖြစ်ခြင်း။

၃။ စာသင်သားများကို ရွေးကောက်စီစစ်ပြီးမှ လက်ခံခြင်း။

၄။ ညဉ့် မနက် ဘုရားဝတ်တက်နှင့် ဥပုသ်ပဝါရဏာပြု စသည်စည်းကမ်း ချက်များကို ချမှတ်၍ စံပြစာသင်တိုက်ကြီးတစ်ခုဖြစ်ခဲ့သည်မှာ အံ့ဩဖွယ် ကောင်းလှပါသည်။

www.dhammaransi.com



နောက်ပိုင်း ဓမ္မာစရိယစာမေးပွဲခေတ်စားလာချိန်၌ စာချတန်းဂုဏ်ထူး စာမေးပွဲကို ကျင်းပရာတွင် မြန်မာဂုဏ်ထူး၊ ပါဠိဂုဏ်ထူး ခွဲခြားဖြေဆိုကြရပါသည်။ မြောင်းမြမြို့မှ ပါဠိဂုဏ်ထူးအောင်ချက်ကောင်းခဲ့သည်ကို မှတ်မိနေပါသည်။

ဤစာရေးရခြင်းမှာ အခြားရည်ရွယ်ချက်သိပ်မရှိပါ။ ပါဠိစာပေ ဉးပဇင်းများ တက်ကျွမ်းစေလိုသောဆန္ဒဖြင့် ပါဠိဘာသာနယ်ပယ်၌ နာမည်ကြီးခဲ့သော ပန်းကုံးဆရာ တော်ကြီးစာချဘုန်းကြီးလုပ်ခဲ့သော မြောင်းမြမြို့ပဋ္ဌာနတာရုံကို အားထားစိတ်ဖြင့် တိုက်တွန်းရေးသားခြင်းဖြစ်ပါသည်။

အထူးသတိပြုအပ်သည်မှာ ပါဠိစာစီစာကုံး ပါဠိစုဏ္ဏိယရေးသားရာတွင် ပါဠိ တတ်မြောက်သောပုဂ္ဂိုလ်များမှသာလျှင် စံတင်လောက်သည်၊ သင့်တော်သည်၊ ဖတ်ဖြစ် ရုံမျှဖြစ်သည် စသည်မှတ်ချက်ချနိုင်ပါလိမ့်မည်။

ပါဠိရေးသားသောပုဂ္ဂိုလ်တို့တွင် ထူးထူးချွန်ချွန်ရေးသားနိုင်သော ပုဂ္ဂိုလ်များ ရွှေကျင်ဂိုဏ်းတွင် အဆက်မပြတ်ထွက်ပေါ်တည်ရှိနေသော ရဟန်းတော်တို့များစွာ လိုအပ်နေပါသည်။

မကြာမီက လုပ်ငန်းတစ်ခုကိုတင်ပြလိုပါသည် -

၁၃၇၂ ခုနှစ်၊ ပြာသိုလဆန်း (၁၄) ရက်တွင်ကျင်းပခဲ့သော ဒါယကာ မင်းတုန်းမင်း နှင့် ပထမရွှေကျင်ဆရာတော်ကြီးတို့၏ ရွှေကျင်သာသနာ နှစ် (၁၅၀) ပွဲတော်ကြီးကို ရွှေကျင် ဂိုဏ်းသားအပေါင်းတို့က တာဝန်ကျေပွန်စွာ ဆောင်ရွက်ပြသနိုင်ခဲ့ကြပါသည်။

ရွှေကျင်သာသနာဖြစ်ထွန်းပေါ်ပေါက်သောနှစ် (၁၂၂၂) ခုနှစ်ဖြစ်၍ ၁၃၇၂ ခုနှစ်သည် ရွှေကျင်သာသနာ နှစ် (၁၅၀) ပြည့်အဖြစ် အလံတလူလူ လွှင့်ထူနိုင်ခဲ့သော နှစ်ဖြစ်ပါသည်။

ယနေ့ရှိသော ရွှေကျင်ဂိုဏ်းသားများသည် မင်းတုန်းမင်းကြီးကိုယ်တိုင် တည်ထောင်ခဲ့သော သမိုင်းဝင် ကျွန်းကျောင်းကြီး (ရွှေကျင်တိုက်မ၊ တိုင်လုံးပြ၊ မှတ်ကြာ ဒွိသောဒွါ - အရ ကျွန်းတိုင်လုံးကြီးများ (၂၆၂) လုံးယခုတိုင်ရှိနေသော ကျောင်းတိုက်ကြီးကိုအခြေပြု၍) မဟာဓမ္မိကာရာမတိုက်ခေါ်သော ရွှေကျင် တိုက်မကြီးဟူ၍လည်း ထင်ရှားသော မန္တလေးတောင်မြောက်ဘက် စောင်းတန်း အဆင်းထူးမြတ်သော မြေနေရာတွင် (၁၅၀) ပွဲတော်ကြီးကျင်းပရန် ဆုံးဖြတ်ခဲ့ကြသည်။

www.dhammaransi.com



ထိုပွဲတော်ကြီးကိုအမှီပြု၍ ရွှေကျင်ဆရာတော်ကြီးများ၏ စာအုပ်စာပေများထားရှိရန် ရတနာသုံးပါးနှင့် ဆရာတော်ကြီးများပူဇော်ရန် ပိဋကတ်တိုက်အထိမ်းအမှတ် အဆောက်အအုံကြီးကို မန္တလေးမြို့နယ်ယူးစတား စိန်ရွှေရတနာဆိုင် ဦးရန်အောင် + ဒေါ်ရင်ရွှင် မိသားစုတို့က ငွေကျပ် သိန်းတစ်ထောင်ကျော်တန်ဖိုးရှိ ဆန်ချီ ပိဋကတ်တိုက်ကြီးကို ဆောက်လုပ်လှူဒါန်း၍ စည်စည်ကားကားကျင်းပကြပါသည်။

(၄) ပေ၊ (၅) ပေခန့်ရှည်လျားသော ကျောက်ပြားကျောက်ချပ်ကြီး (၃) ခုစိုက်ထူ ထားရှိဖို့လုပ်ငန်းကြီးတစ်ရပ် ပေါ်ပေါက်လာရာ ပထမအချပ်ပါဠိဘာသာ၊ ဒုတိယအချပ် မြန်မာဘာသာ၊ တတိယအချပ် အင်္ဂလိပ်ဘာသာတို့ဖြင့် စိုက်ထူမည်ဖြစ်သောကြောင့် ဘာသာ (၃) ဘာသာရေးစီပေးရန် ရွှေကျင်ဂိုဏ်းသား ရဟန်းတော်များ တတ်မြောက်သော ဆရာတော်များစုံစမ်းရှာဖွေရပါသည်။

ထိုကျောက်ချပ် ကျောက်စာအတွက် ဘာသာသုံးရပ်ရေးစီပေးရန် ရှာဖွေသော အခါပါဠိနှင့် မြန်မာစာအတွက် မန္တလေး ဝိသုဒ္ဓါရုံ စည်ရှင်ကျောင်းနာယက ဦးအဂ္ဂ ဉာနာဘိဝံသအား တောင်းပန်ရပါသည်။ အင်္ဂလိပ်ဘာသာအတွက် စစ်ကိုင်းမဟာ သုဗောဓာရုံ ပဓာနနာယကရန်ကုန်ထေရဝါဒ အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓတက္ကသိုလ် ပါမောက္ခချုပ် ဦးနန္ဒမာလာဘိဝံသအား တောင်းပန်ရပါသည်။

အတိုချုပ်ပြောပြလိုသည်မှာ -

ယခုအခါ သမိုင်းဝင်ကျောက်စာ ကျောက်ချပ်ကြီး (၃) ချပ် မဟာဓမ္မိကာရာမ ရွှေကျင်တိုက်မကြီးအတွင်း အထင်အရှားရှိနေတော့ပြီတကား -

စာရှုသူအပေါင်းတို့ -

စာရှုသူအပေါင်းတို့အား သိစေလိုသည်မှာကျောက်စာရေးကိစ္စအတွက် ဖော်ပြအပ်ပြီး ဘာသာစာစီစာကုံးအလွန်အရေးကြီးသောကြောင့် နောင်အနာဂတ်သာသနာ ဦးအဂ္ဂဉာနာ ဘိဝံသနှင့် ဦးနန္ဒမာလာဘိဝံသတို့လိုပုဂ္ဂိုလ်မျိုး လိုအပ်နေသည်ဖြစ်သောကြောင့် ဤကမ်းလှမ်းစာကိုရေးသားအပ်ပါသတည်း - လိုရင်း အာဘောဂထုတ်ဖော်နိုင်ကြပါစေသတည်း။

ပါဠိစာပေ ထွန်းကားပါစေသော် ။

❁ ❁ ❁ ❁ ❁

www.dhammaransi.com



## သာရတ္ထဝိလာသိနီ
## ဝိသုဒ္ဓါရုံ ယပ်လှဲတရားစာ

ဤတရားစာအုပ်သည် တရားဟောသော ဓမ္မကထိကတို့အတွက်သာ မဟုတ်ပဲ သာသနာတော်၌အထူးအားဖြင့် ပရိယတ္တိသာသနာတော်၌ မြန်မာစာ အစီအကုံးဖွဲ့မှု ဂါထာစီ ပါဠိစီအသုံးအနှုန်း တတ်မြောက်မှုကိုလည်း နည်းပေး ထားသော ကျမ်းစာတစ်ဆူဖြစ်ပါသည်။

ဤစာရေးသူသည် ရဟန်းနှစ်ဝါအရတွင် အာရာမသမုဋ္ဌာပက မင်းကွန်း တောင် ရန်ကင်းချောင်ကျောင်းတိုက်ကြီးကို စတင်တည်ထောင်တော်မူသော ပထမ မဟာဝိသုဒ္ဓါရုံဆရာတော်ဘုရားကြီး၏ အနီးကပ်အန္တေဝါသိက ဥပဋ္ဌာက အလုပ်အကျွေးဖြစ်သော ဆရာတော်ဦးသောဘန၏ထံပါး ရန်ကင်းချောင်၌ နေခဲ့ဖူး၍ ယင်းစကားကိုဆိုခဲ့ပါသည်။

၁၃၀၀ ပြည့်နှစ်၊ ရန်ကင်းချောင်၌နေခဲ့စဉ် ဤဆရာတော်ရေးသားသော သာရ ဝိလာသိနီကျမ်းစာကို ကြည့်ရှုဖတ်ကြား၍ မြန်မာစာနှင့် ဂါထာပါဠိစီတို့ကို လေ့ကျက် သင်ကြားခဲ့ပါသည်။

ဆရာတော်သည် ပထမမဟာဝိသုဒ္ဓါရုံဆရာတော်ကြီး၏ မန္တလေး မဟာ ဝိသုဒ္ဓါရုံတိုက်သစ် ဂုရုပဋ္ဌာက အန္တေဝါသိကတပည့်ဖြစ်သည်ကို အစုံစေ့သိခဲ့ရ ပါသည်။ မဟာဝိသုဒ္ဓါရုံ ပိုက်ကျုံး (၂) ထပ်တိုက်ကြီးကိုစွန့်လျှ၍ တောထွက်လာခဲ့ သော ကြည်ညိုဖွယ် ဂုဏ်ထူးဝိသေသကိုလည်း သိရကြည်ညိုရပါသည်။

သို့အတွက် -

ပျောက်ကွယ်လုနီးနီး အလွန်ရှားပါးသော ရှာမတွေ့ဖြစ်နေသော ဤစာအုပ်ကို ပြန်လည်ရိုက်နှိပ်သော ရန်ကင်းချောင်ဝံသပါလဘုန်းကြီးများ တပည့်ရှင်လူများကို ဤစာရေးသူ အနေဖြင့် ချီးကျူးဂုဏ်ပြုပါသည် ဝမ်းသာ ကျေနပ်ပါသည်။

(၁၃၇၂ ခုနှစ်၊ နတ်တော်လဆန်း (၁) ရက်နေ့)

❁ ❁ ❁ ❁ ❁

www.dhammaransi.com



# နိုင်ငံတော်သံဃမဟာနာယကနှင့် နိုင်ငံတော်ဗဟိုသံဃဝန်ဆောင်အစည်းအဝေးသို့ သတိပေး ဩဝါဒကထာ

နိုင်ငံတော်သံဃမဟာနာယက ဆရာတော်များအပါအဝင် နိုင်ငံတော်ဗဟိုသံဃ့ဝန်ဆောင်ဆရာတော်တို့ဘုရား သကျပုတ္တိယ ဘုရားသားတော်အချင်းချင်း သတိချွတ်ယွင်းခြင်းမရှိရလေအောင် အနည်းငယ်သတိပေးစကားပြောကြားလိုပါသည်ဘုရား။

စကားအရှည်ကြီး မလျှောက်လိုပါဘုရား ဘုရားသားတော် သံဃာတော်တို့သည် ဘုရားသားတော်ချင်းဖြစ်လျက် တစ်ပါးနှင့်တစ်ပါး၊ တစ်ကျောင်းနှင့်တစ်ကျောင်း၊ တစ်တိုက်နှင့်တစ်တိုက်၊ တစ်ဂိုဏ်းနှင့်တစ်ဂိုဏ်း မုန်းတီးသောဒေါသ (ဗျာပါဒ) ၏ မထိန်းနိုင် မသိမ်းနိုင် ဖြစ်ကြကာ အေးအေးသက်သာရှိနိုးကုတ်ကုတ်နေသော ဂိုဏ်း သီးခြားကျောင်းများကို ဘာမျှ အနှောက်အယှက်မလုပ်ရပါပဲလျက် အသားလွှတ် လိုက်လံဖျက်ဆီးနေသောဖြစ်ရပ်များ တွေ့နေရပါသည်။ ကောဓတရား ဗျာပါဒတရားမချုပ် တည်းနိုင်ကြောင်းတွေ့ရပါသဖြင့်ဤနေရာကနေ၍ (၆) မျိုးသောဝိတက္ကဓမ္မ ဝိတက် အကြောင်းကိုလျှောက်ထားရပါမည်ဘုရား။

ဝိတက်သည် ကာမဝိတက်၊ ဗျာပါဒဝိတက်၊ ဝိဟိံသာဝိတက်ဟု မကောင်းဝိတက်(၃)မျိုး ဘုရားဟောပါသည်။ နေက္ခမ္မဝိတက်၊ အဗျာပါဒဝိတက်၊ အဝိဟိံသာဝိတက်ဟု အကောင်းဝိတက် (၃) မျိုးဘုရားဟောပါသည်။ ယင်းဝိတက် (၆) မျိုးကို သုံးသပ်စဉ်းစားလျှင် သုံးသပ်ဆင်ခြင်စဉ်းစားခိုက် မကောင်းဝိတက် (၃) မျိုးတဖြေးဖြေး ခေါင်းပါးနိုင်ပါသည်။ မေတ္တာနှင့် ကရုဏာဓမ္မတို့ဝင်ရောက်လာပါလိမ့်မည်။

## "ကာမဝိတက်နှင့် နေက္ခမ္မဝိတက်"

ရူပါရုံစတဲ့ ကာမဂုဏ်အကြောင်းတရား ကာမဂုဏ်ကိစ္စတို့ ကြံစည်စိတ်ကူးခြင်း၊ ပစ္စည်းဥစ္စာလာဘ်လာဘပေါ်များမှုနှင့်စပ်၍ ကြံစည်စိတ်ကူးခြင်းစသော လောဘနှင့်မကင်းသော ကြံစည်စိတ်ကူးခြင်းကို ကာမဝိတက်ဟုခေါ်ပါသည်။

www.dhammaransi.com



ဧကစာရီနေဖို့ အရညဝါသီနေဖို့ သီလလေးမျိုး ပါရိသုဒ္ဓိဖြစ်ဖို့ သင်္ကန်း စသည် မျှတဝေငှသုံးဆောင်ဖို့ ကြံစည်စိတ်ကူးခြင်းကို နေက္ခမ္မဝိတက်ဟု ခေါ်ပါသည်။

**"ဗျာပါဒဝိတက်နှင့် အဗျာပါဒဝိတက်"**

ဗျာပါဒဟူသည် ဖော်ပြပြီးသောတစ်ပါးနှင့်တစ်ပါး၊ တစ်တိုက်နှင့်တစ်တိုက် အကျိုး လိုလားသောမေတ္တာစိတ်မထားနိုင်ပဲ ပျက်စီးစေလို နောက်ဆုံး သေစေလို သည်အထိ ဖြစ်ပွားသောဒေါသတည်း။ ယင်းဒေါသနှင့်ယှဉ်သော အကြံအစည် မျိုးကို ဗျာပါဒဝိတက် ဟုခေါ်ပါ သည်။

အဗျာပါဒဝိတက်ဟူသည် ဒေါသနှင့်ဆန့်ကျင်ဘက်ဖြစ်သော မေတ္တာ တည်း၊ ယင်းမေတ္တာနှင့်စပ်ယှဉ်သော အကြံအစည်၊ သတ္တဝါအများ သံဃာ အချင်းချင်း လူလူချင်း ချမ်းသာစေလို ချမ်းသာအောင်ပြုလိုသောအားဖြင့် အလွန် မွန်မြတ်သော အကြံအစည်ကို အဗျာပါဒဝိတက်ဟုခေါ်ပါသည်။

**"ဝိဟိံသာဝိတက်နှင့် အဝိဟိံသာဝိတက်"**

ဝိဟိံသာဟူသည် သူတပါးကိုညှင်းဆဲလို၊ နှိပ်စက်လိုသောဒေါသတည်း၊ ပုဂ္ဂိုလ်အချင်းချင်း၊ ကျောင်းအချင်းချင်း၊ ဘုရားသားအချင်းချင်းနှိပ်စက်ချင်သော ဒေါသ၊ ယင်းဒေါသနှင့်ယှဉ်၍ ရိုက်ပုတ်သတ်ဖြတ်ဖို့ရန် ကြံစည်ခြင်းနှင့် တစ်နည်း နည်းဖြင့်ဒုက္ခရောက်အောင် အမြဲကြံစည်းခြင်းကို ဝိဟိံသာဝိတက်ဟု ခေါ်ပါ သည်။

အဝိဟိံသာဟူသည် ထိုဒေါသနှင့်ဆန့်ကျင်ဘက်ဖြစ်သော ဗြဟ္မဝိဟာရ၊ ကရုဏာ ဓမ္မပါပေတည်း၊ ယင်းကရုဏာဓမ္မလက်ကိုင်ပြုကာ ဒုက္ခိတသတ္တဝါများ ဒုက္ခမှကင်းအောင် ကယ်ဆယ်ဖို့စိတ်ကူးခြင်းမျိုးကို အဝိဟိံသာဝိတက်ဟု ခေါ်ပါ သည်။

ဆရာတော် သံဃာတော်အရှင်သူမြတ်တို့ဘုရား ဖော်ပြအပ်ပြီးသော မကောင်း ဝိတက် (၃) မျိုးကိုရှောင်ရှား၍ အကောင်းဝိတက် (၃) မျိုးကိုသာ မွေးမြူသိမ်းပိုက်လျက် ဘုရားသားတော်ပီပီ စုတိကိစ္စတပ်၍ ပျံလွန်လျှင် သုဂတိ ဘဝမှ ဒုဂ္ဂတိဘဝမရောက်အောင် အခါခပ်သိမ်း သတိဝီရိယထားရှိတော်မူကြရန် သတိပေးသော ဩဝါဒစကား ပြောကြားအပ်ပါသတည်း။

www.dhammaransi.com



## ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်၊ ဥက္ကံမြို့၊ ရွှေကျင်နိကာယ ဝိနယာဓိက ဝိနည်းစာပြန်ပွဲသို့ အနုမောဒနာ ဩဝါဒကထာ

ရန်ကုန်တိုင်းဒေသကြီးအပါအဝင် တိုက်ကြီးမြို့နယ်၊ ဥက္ကံမြို့ ဘုရားကြီး ကျောင်း စာသင်တိုက်၏ ရွှေကျင်နိကာယဝိနယာဓိက ပရိယတ္တိစာမေးပွဲ၊ ဝိနည်း စာပြန်ပွဲတော်ကြီးကို ကျင်းပခဲ့ရာ ယခုနှစ် ၁၃၇၂ ခုနှစ်၊ တပို့တွဲလတွင် နှစ် (၅၀) ပြည့်မြောက်သည်ဖြစ်၍ အလွန်ဝမ်းမြောက်စရာကောင်းလှပါကြောင်း -

၎င်းပွဲတော်ကြီးကို မူလအဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု၊ နိုင်ငံ တော်ဩဝါဒါစရိယဘုရားကြီးကျောင်းဆရာတော် သက်တော်ရှည်ဆရာတော် ကြီး ဘဒ္ဒန္တဝိဇယ စတင်ကျင်းပခဲ့သောပွဲတော်ကြီးဖြစ်၍ အလွန်ကြည်ညိုဖွယ် ကောင်းလှပါသည်။

ယင်းဘုရားကြီးကျောင်းဆရာတော်၏တပည့် နိုင်ငံတော်ဩဝါဒါစရိယ၊ အဂ္ဂမဟာ ပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ရွှေကျင်ဂိုဏ်းသာသနာပိုင်၊ ဓမ္မသေနာပတိဖြစ်တော်မူသော ရှမ်းပြည်နယ် တောင်ပိုင်း၊ ညောင်ရွှေမြို့ ကန်ကြီးဆရာတော် ဘုရားကြီးက ဥုးစီးဥုးကိုင် အဖြစ်ဖြင့် နှစ်ပေါင်းများစွာဆောင်ရွက်ခဲ့ပါသည်။

ကျောင်းတိုက် ပဓာနနာယက၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ရွှေကျင် နိကာယ ဂိုဏ်းလုံးဝန်ဆောင်နာယကဖြစ်တော်မူသော ဘဒ္ဒန္တအာစိဏ္ဏသည် လည်း ဖော်ပြပြီး ဆရာတော် (၂) ပါး၏ဩဝါဒအမိန့်ကိုနာခံ၍ ထိုစာမေးပွဲနှင့် ထိုစာပြန်ပွဲကြီးအတွက် အားသွန်ခွန်စိုက် ဆောင်ရွက်တော်မူသည်ကိုလည်း ရှင်လူအများဖူးမြင်တွေ့ကြုံခဲ့ရပါသည်။

ယခုအခါ နှစ်ငါးဆယ်သာသနာ့ပူဇော်ပွဲကြီးကျင်းပရာတွင် ယင်းဆရာ တော်ကြီး (၃) ပါးလုံး၏မျက်ကွယ်၌ ဆင်ယင်ကျင်းပရသော်လည်း ထိုဆရာတော် (၃) ပါး၏ ချမှတ်သော မူဝါဒလမ်းစဉ်ကို မပျက်မယွင်းစေပဲလုပ်ဆောင်မည် ဟူသော သမာဆန္ဒစိတ်ဓာတ်ဖြင့် ကျောင်းတိုက်နာယကဆရာတော် သံဃာ တော်များ ဂေါပကလူကြီးများ ကျောင်းဒကာ၊ ကျောင်းအမများ ကျောင်းထွက် ကျောင်းသားဟောင်းများ ရပ်ကွက်သူရပ်ကွက်သား၊ မြို့သူ မြို့သား၊ နယ်သူ နယ်သား၊ သာသနာကြည်ညိုသူအားလုံးစုပေါင်း၍ ဆောင်ရွက်ကြသည်

www.dhammaransi.com



ကိုလည်း မန္တလေးမှ သတင်းကောင်းကြားရသဖြင့် အလွန်ဝမ်းသာ အားတက်ရွှင်ပျော်ရပါသည်။

**ကုလဇာတော ကုလပုတ္တော၊ ကုလဝံသာနုရက္ခကော။**
**အတ္တနာ ဒုက္ခပ္ပတ္တောပိ၊ ဟီနကမ္မံ န ကာရယေ။**

**ကုလဇာတော**- အမျိုးကောင်းမှ ပေါက်ဖွားသော၊ **ကုလပုတ္တော**- အမျိုးကောင်းသားသည်၊ **ကုလဝံသာနုရက္ခကော**- အမျိုးအနွယ် အစဉ်အဆက်ကျောင်းတိုက်ထုံးစံ အစဉ်အဆက်ကို မပျက်မယွင်းရအောင် ကြံဆောင်စောင့်ရှောက်ကြရာ၏။ **အတ္တနာ ဒုက္ခပ္ပတ္တောပိ**- ကိုယ်တိုင်ကိုယ်ကျ အကျဉ်းအကြပ်တွေ့ကြုံနေရသော်လည်း၊ **ဟီန ကမ္မံ**- အောက်တန်းကျသောအမှု ယုတ်ညံ့သောအမှုစိတ်ဓာတ်ကျသောအမှုကိစ္စကို၊ **န ကာရယေ**- မပြုလုပ်ရာ။

ဤနိုတိကျမ်းလာ ဆုံးမစာအရ ဥက္ကံမြို့သံဃာတော်တိုင်း လူဒကာဒကာမတို့ အပိုင်း(၂)ပိုင်းလုံး ညီညွတ်ဆောင်ရွက်ကြသဖြင့် နိုင်ငံနှင့်အဝန်း ရှင်လူအများချမ်းသာရသည်ဖြစ်ပါကြောင်း -

**"သုခါ သံဃဿ သာမဂ္ဂီ"** ဟူသော ဒေသနာတော်အရ ချမ်းသာလှပါကြောင်း -

**"သမဂ္ဂါနံ တပေါ သုခေါ"** ဒေသနာအရ အများလည်းချမ်းသာကိုယ်လည်း ချမ်းသာ ဝမ်းသာစရာကောင်းသော ညီညွတ်သောသူတို့၏ နိဗ္ဗာန်ရောက်ကြောင်း သူတော်ကောင်းတို့၏ ဆောင်ရွက်ချက်ဟူသမျှသည်လည်း ချမ်းသာကြောင်းသုခတရားဖြစ်၍၊ **သိဿာနုသိဿ**- တပည့်စဉ်ဆက်တို့သည် ညီညွတ်စွာကြိုးစားဆောင်ရွက်ကြ စေလိုကြောင်း ဆုတောင်းပတ္ထနာပြုအပ်ပါသတည်း။

❁ ❁ ❁ ❁ ❁

www.dhammaransi.com



## ညောင်ရွှေမြို့ ကန်ကြီးပရိယတ္တိစာသင်တိုက်၊ (၅၈) ကြိမ်မြောက်၊ ဝိနည်းစာပြန်ပွဲကြီးသို့ အနုမောဒနာ ဩဝါဒကထာ

ဤရွှေကျောင်နိကာယ ညောင်ရွှေမြို့ ကန်ကြီးပရိယတ္တိစာသင်တိုက်ကြီးကို ပြည်ထောင်စု မြန်မာနိုင်ငံ ပထမဦးဆုံးသမ္မတကြီးဖြစ်ခဲ့သော ညောင်ရွှေစော်ဘွားကြီး စဝ်ရွှေသိုက်ဦးဆောင်၍ သာသနာ့ဒါယကာအဖြစ်ဖြင့် ဖွင့်လှစ်တည်ထောင်ခဲ့သည့် အုံ့မခန်းကျောင်းတိုက်ကြီး ဖြစ်သည်။

တည်ထောင်သည့်နှစ် ၁၃၀၉ ခုနှစ်၊ ပြာသိုလပြည့်ကျော် (၉) ရက်နေ့ ဖြစ်သည်။ ထိုအချိန်နိုင်ငံတော်၏ မြို့တော်ရန်ကုန်မြို့၌ မြို့မကွင်းကြီးအတွင်းတွင် နံနက်အရုဏ်တက် (၄) နာရီအချိန်ခန့် သောင်းပေါင်းများစွာသော ရှင်လူပရိသတ်တို့၏ မျက်မှောက်၌ ရှည်လျား သွယ်တန်းလျက်ရှိသော တိုင်လုံးကြီးကို ရှေးရှု၍ အလေးပြုအရေးထားသော ကိုယ်အမူအရာတို့ဖြင့် ငြိမ်သက်စွာ မတ်တပ်ရပ်ပြီးနေကြရာမှ တိုင်ထိပ်၌ရှိသော အင်္ဂလိပ်တို့၏ ယူနီယံဂျက်အလံကို ကြိုးဖြင့် အထက်မှအောက်သို့ချပြီးသည်၏အဆုံး၌ မြန်မာနိုင်ငံ ပြည်ထောင်စုအလံတော်ကို အောက်တိုင်ခြေမှအထက်သို့ တဖြေးဖြေး မြှင့်တင်နေစဉ် ဘင်ခရာ တီးဝိုင်းမှ နိုင်ငံတော်သီချင်းဖြင့်တီးမှုတ်သီဆိုလွှင့်တင်ပေးဆဲကာလ၌ လက်ခုပ်ဩဘာသံတို့သည် (၁) မိနစ်မက (၃) မိနစ်မျှကြာသည်အထိ အထက် ဘဝဂ်၊ အောက်အဝီစိတိုင် ပျံ့လွှင်ရောက်ရှိနေသည်ဟုထင်ခဲ့ရ၏။

ဤလွတ်လပ်ရေးပွဲတော်ကြီးသည် (၆၄) နှစ်ရောက်ရှိနေပြီတကား။

**<u>အယံကာလော သုမင်္ဂလော၊ အယံကာလော</u>**၊ ဤနေ့ ဤရက် ဤအချိန်အခါသည် သုမင်္ဂလော၊ အလွန်ကောင်းမြတ်သော မင်္ဂလာအချိန်ဖြစ်၏ဟူသော -

ကျမ်းဂန်လာစကားအရ အချုပ်အခြာအာဏာပိုင်အဖြစ်ဖြင့်ရရှိသော မြန်မာနိုင်ငံလွတ်လပ်ရေး မင်္ဂလာနေ့သည် ညောင်ရွှေမြို့ကန်ကြီးပရိယတ္တိစာသင်တိုက် မင်္ဂလာနေ့နှင့်အတူတူဖြစ်၏။

ဤကန်ကြီး ပရိယတ္တိစာသင်တိုက်ကြီးကို အလှူခံအုပ်ချုပ်သော ဆရာတော်သည် သကျသီဟပရိယတ္တိသာသနဟိတဓမ္မာစရိယ ဘဒ္ဒန္တဝိမလာဘိဝံသ ဖြစ်၍ (၁၆) ဝါအရ ပမာနနာယကအဖြစ်ဖြင့် ပထမဝါ သံဃာနှစ်ရာ (၂၀၀) လက်ခံ၍ ပရိယတ္တိသာသနာ တိုးမြှင့်ရေးဆောင်ရွက်ခဲ့သည်။

www.dhammaransi.com



ထိုမှဆက်လက်၍ ပြာသိုလပြည့်ကျော်(၉)ရက်နေ့ ရောက်တိုင်း ရောက်တိုင်း နှစ်စဉ် ကျောင်းတိုက်နေ့ပွဲတော်ကြီးကို ပရိယတ္တိသာသနဟိတကာရီ အသင်းလူကြီးများနှင့် တွဲဖက်၍ ဆင်ယင်ကျင်းပခဲ့ကြသည်။

၎င်းနှစ် (၆၄) နှစ်ရှိပြီ၊ ကျောင်းတိုက်တည် (၅) နှစ်မျှရောက်သောအခါ မိုင်းသောက်ရွာကြီး ကျောက်နီတောရ အရညဝါသီ ဘဒ္ဒန္တဒေဝိန္ဒာဘိဓဇ လင်္ကာပေသလ ဝိနယဂရုက ဆရာတော်ကြီးနှင့် ကန်ကြီးဆရာတော်တို့ သာသနာကြီးပွားရေး၊ တည်တံ့ပြန့်ပွားရေးကိုအလေးထားလျက် ရွှေကျင်ဂိုဏ်းကြီး၏ ကျင့်ထုံးဥပဒေကိုလည်း လိုက်နာသောအားဖြင့် မိုင်းသောက်ဆရာတော်ကြီး (ရွှေကျင်နိကာယ ရတ္တညူမဟာနာယက) ဦးစီး၍ ညောင်ရွှေမြို့နယ်လုံးဆိုင်ရာ ရွှေကျင်နိကာယဝိနည်းစာပြန်ပွဲကြီးကို ဆင်ယင်ကျင်းပကြသည်။

တစ်ဘဝလွန်တော်မူသည်အထိ မိုင်းသောက်ဆရာတော်ကြီးသည် ၎င်းစာပြန်ပွဲကြီး၏ဥက္ကဋ္ဌ သဘာပတိအဖြစ်ဆောင်ရွက်တော်မူခဲ့သည်။

ထို့အတူ တေရသမရွှေကျင်သာသနာပိုင် အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ အဂ္ဂမဟာပဏ္ဍိတ၊ နိုင်ငံတော်ဩဝါဒါစရိယ ကန်ကြီးဆရာတော်ဘုရားက စာပြန်ပွဲကြီး၏အကျိုးဆောင်အဖြစ် ဆောင်ရွက်တော်မူခဲ့သည်။

မိုင်းသောက်ဆရာတော်ကြီး လွန်တော်မူပြီးနောက် ကန်ကြီးဆရာတော်က ဥက္ကဋ္ဌ အဖြစ်ဆက်လက်ဆောင်ရွက်သည်။ ယခုအခါ စာပြန်ပွဲကြီးသည် (၅၈) ကြိမ်မြောက် ရောက်လာပါပြီ။

၎င်းသို့လျှင် ကျောက်ထီးတန်ချ အလေးပြုအပ်သော မှီခိုအားထားရသော ဆရာတော် များမရှိသော်လည်း လက်ရှိကန်ကြီးနာယကဆရာတော်များ စာချ ဂဏဝါစက ဆရာတော်များ မြို့နယ်အတွင်းရှိ ခရိုင်အတွင်းရှိ ကန်ကြီးဝံသပါလ ဆရာတော်များ တိုင်ပင်နှီးနှော၍ ဆောင်ရွက်ကြသဖြင့် ဝိနယပူဇာဝိနည်း စာပြန်ပွဲကြီးသည်လည်းကောင်း၊ ကျောင်းတိုက်နေ့ သာသနာ့ပူဇာပွဲကြီးသည် လည်းကောင်း ပျက်ပြယ်သွားစရာအကြောင်း လုံးဝမရှိနိုင်ဟု ဆိုဝံ့ ဆိုရဲပါသည်။

အဘယ့်ကြောင့်ဆိုသော် ကန်ကြီးကျောင်းနေ ဆရာတော်သံဃာတော် များ ကန်ကြီးသိဿာနုသိဿတပည့်များ ကန်ကြီးဝံသပါလကသံဃာများ တာဝန်သိသော ပုဂ္ဂိုလ်များချည့် ဖြစ်သည်ကို ယုံကြည်အားကိုးသောကြောင့် ပြောဝံ့ပြောရဲပါသည်။

www.dhammaransi.com



ဆရာတော်သံဃာတော် အရှင်မြတ်တို့ဘုရား **"သမဏ သာဓု"** ရဟန်းကောင်း လူကောင်းသူကောင်းဆိုသည်မှာ ကိုယ်အရေအသားတိုးပွားခြင်း ခန္ဓာကိုယ်ချမ်းသာခြင်းကို အလေးမပြုဂရုမစိုက်ပဲ သာသနာရေး ဂိုဏ်းဂဏ အရေး ကျောင်းကန်အရေး တပည့်တို့ ပရိယတ္တိပညာတတ်မြောက်ရေးကိုသာ အလေးထားဂရုစိုက်ရပါမည်။ သို့မှသာ **"သမဏ သာဓု"** ရဟန်းကောင်း လူကောင်းသူကောင်းဖြစ်ရမှာ အမှန်ဖြစ်ပါသည်။

**ကာယ ဒုဗ္ဗလ္လ ဂရုနော၊ ဟီယ မာနမှိ ဇီဝိတေ။**
**သရီရ သုခဂိဒ္ဓဿ၊ ကုတော သမဏသာဓုတာ။**

(ထေရဂါထာပါဠိ)

ပါဠိတော်အရ အသက်ကြီးလာခြင်းသည် အသက်ရှည်သည်မဟုတ် လူ့အသက် တိုရေ ရှားရေဖြစ်သောကြောင့် လူ့အသက်တိုလာ၏။ သေဘက်သို့ နီးလာပြီဟု ဆိုရမည်ဖြစ်၏။

သို့အတွက် ခန္ဓာကိုယ်ကိုအလိုမလိုက် ခန္ဓာကိုယ်ချမ်းသာမှု ဂရုမပြုပဲ သာသနာ ရေးကိစ္စဆောင်ရွက်မှသာ **"သမဏ သာဓု"** ဖြစ်နိုင်ပါကြောင်း စကားကောင်းတို့ ဆိုအပ်ပါသတည်း။

❁ ❁ ❁ ❁ ❁

www.dhammaransi.com



# စစ်ကိုင်းတိုင်း၊ စစ်ကိုင်းမြို့
# သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်ကြီး၏
# ကျက်သရေဆောင်ဘွဲ့နှင်းသဘင်ခန်းမဆောင်ကြီးဖွင့်ပွဲနှင့်
# ပထမအကြိမ် ဘွဲ့နှင်းသဘင်အခမ်းအနားဌ
# မိန့်ကြားတော်မူအပ်သော
# "သမ္မောဒနီယ၊ သာရဏီယ ဩဝါဒကထာ"

သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်ကြီး၏ ကျက်သရေဆောင် သဒ္ဓမ္မဇောတိကာ သိမ်တော်ကြီးနှင့် သန္တိကရဘွဲ့နှင်းသဘင် ခန်းမဆောင်ကြီးဖွင့်လှစ်သည့် မဟာမင်္ဂလာ အခမ်းအနားကြီးသို့ ကြွရောက်တော်မူလာကြသော ဆရာတော်၊ သံဃာတော်များနှင့် ဒကာ၊ ဒကာမအပေါင်းသူတော်ကောင်းတို့ . . . ။

ဤအခမ်းအနားကြီးတွင် မိမိ၏အဖွင့်ဩဝါဒကထာကို **သမ္မောဒနီယကထာ** (ဝမ်းမြောက်ဖွယ်စကား) နှင့် **သာရဏီယကထာ** (တစ်သက်ပတ်လုံးအမှတ်ရဖွယ်စကား)ဟု နှစ်ပိုင်းခွဲ၍ပြောကြားလိုပေသည်။

သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်စီမံကိန်းကြီးကို ၁၃၅၄ (၁၉၉၂) ခုနှစ်တွင် စတင် ချမှတ်ဆောင်ရွက်၍ ၁၃၅၆ (၁၉၉၄) ခုနှစ်တွင် တက္ကသိုလ်ကြီး၏ အလယ်ဗဟိုပန္နက်ကို ပထမဂန္ဓာရုံဆရာတော်ဘုရားကြီးက ချမှတ်ပေးတော်မူခဲ့သည်ဟု သိရသည်။

သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်ကြီးတွင် စာသင်၊ စာပြ၊ စာကြည့်၊ စာပြုသုတေသနပြု စသည့်အဆောင်ကြီးပေါင်း (၂၄) ဆောင်၊ အုပ်ချုပ်စီမံကျောင်းဆောင် (၄) ဆောင်၊ တရားဟော၊ တရားပြ၊ ဘွဲ့နှင်း၊ စည်းဝေး၊ ဘုရားဝတ်ပြုဆောင်ရွက်ရန် အထပ်သုံးခုပါဝင်သည့် ဆန်ချီစေတီတော်ကြီး၊ ထိုစေတီတော်ကြီးကို ဝိုင်းလျက် ကမ္မဋ္ဌာန်းကျောင်းပေါင်း (၁၀၈) ခု၊ ခေတ်နှင့်စနစ်စုံဘုရားခန်းပေါင်း (၁၀၈) ခန်း၊ ဆန်ချီမုခ်ဦးကြီးနှစ်ခု၊ တက္ကသိုလ်ဆရာများနှင့် ပြည်ပသုတေသီပညာရှင်တို့၏ ကျောင်းဆောင်ငယ်ပေါင်း (၂၄) ခု ပါဝင်တည်ဆောက်ထားသည်ဟုလည်းသိရပေသည်။

ဤတက္ကသိုလ်ကြီးသည် သုတ်၊ ဝိနည်း၊ အဘိဓမ္မာ၊ ကမ္မဋ္ဌာန်း၊ ရာဇဝင်၊ သာသနာဝင်၊ ဗုဒ္ဓဝင် ကိုးကွယ်သည့်ဘာသာကြီးများ၊ အရှေ့တိုင်း အနောက်တိုင်း တက္ကဗေဒ၊ သဘာဝတ္ထဗေဒ၊ စိတ္တဗေဒ၊ သာသနာပြုနည်းဘာသာရပ်များကို

www.dhammaransi.com



သင်ကြားပို့ချ၍ B.A (ဝိဇ္ဇာ)ဘွဲ့၊ M.A (မဟာဝိဇ္ဇာ) ဘွဲ့နှင့် Ph.D (ပါရဂူ) ဘွဲ့များအပ်နှင်း မည်ဖြစ်ရာ ပြည့်စုံသည့်တက္ကသိုလ်ကြီး ပင်ဖြစ်ပေသည်။

ဤတက္ကသိုလ်ကြီးကို တိုင်းပြည်အသီးသီးနိုင်ငံအရပ်ရပ်၌ ဗုဒ္ဓမြတ်စွာ၏ ဓမ္မတံခွန် ဓမ္မအောင်လံလွှင့်ထူနိုင်သော ဓမ္မဒူတ (ဓမ္မတမန်) ပုဂ္ဂိုလ်များမွေး ထုတ်ရန်ဟူသော ရည်မှန်းချက်ဖြင့်တည်ဆောက်ခြင်းဖြစ်ပေသည်။ ယခု ၁၃၇၀ ပြည့်နှစ်၊ တပေါင်းလဆန်း(၁၀)ရက် (၅-၃-၂၀၀၉) နံနက် (၈) နာရီ မင်္ဂလာ အခါ၌ကား တက္ကသိုလ်ကြီးသည် အလုံးစုံ ပြီးစီးအောင်မြင်ခဲ့ပြီဖြစ်၍ လွန်ခဲ့သော နှစ် B.A (ဝိဇ္ဇာ) တန်းအောင်မြင်ခဲ့ကြသော (၁၉) ပါး တို့အား ပထမအကြိမ် ဘွဲ့နှင်းသဘင် ကျင်းပနိုင်သည့်အခြေအနေသို့ပင်ရောက်ရှိခဲ့ပေပြီ။

ကျမ်းစာများ၌ပါရှိသော တက္ကသီလာခေါ် တက္ကသိုလ်ကြီးပြန်လည် ပေါ် ပေါက်လာသည့်အသွင် မိမိစိတ်ထဲတွင်ထင်မြင်ယူဆမိပေသည်။ တက္ကသီလာ ခေါ် ရှေးခေတ်တက္ကသိုလ်ကြီးက အဌာရသ (၁၈) ရပ်ပညာတတ်ပုဂ္ဂိုလ်များ မွေးထုတ်ခဲ့သလို သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်ကြီးကလည်း ယခုခေတ်ပညာတတ် သာသနာပြုပုဂ္ဂိုလ်များ မွေးထုတ်ပေးနိုင်လိမ့်မည်ဟု မျှော်လင့်ယုံကြည်မိပေ သည်။ မဝေးလှတော့သော အနာဂတ်ကာလတွင် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် ထွက် ဓမ္မဒူတဓမ္မတမန်ပုဂ္ဂိုလ်များသည် ကမ္ဘာအရပ်ရပ်၌ ဗုဒ္ဓ မြတ်စွာ၏ ဓမ္မတံခွန် ဓမ္မအောင်လံများကို လွှင့်ထူကာသာသနာပြုကြတော့မည်ကို ကြိုတင် မြင်ယောင်နေမိပေသည်။

ကြီးမားခန့်ငြားလှသော ဆန်ချီစေတီတော်ကြီးနှင့် သပ်ရပ်လှပသော ကျောင်း ဆောင်များ၊ ကျယ်ဝန်းသော တက္ကသိုလ်ပရိဝုဏ်၊ စိမ်းလန်းစိုပြည်သော သစ်ပင်ပန်းမာလ် များကိုမြင်ရသည်မှာ အားရဝမ်းသာစရာကောင်းလှပေသည်။ ဤတက္ကသိုလ်ကြီးက ကမ္ဘာ့နိုင်ငံ အသီးသီးတွင် ဗုဒ္ဓမြတ်စွာသာသနာတော် စည်ပင်ပြန့်ပွားထွန်းကားအောင် စွမ်းဆောင်ပေးနိုင်တော့မည်ဟု ယုံကြည်ယူဆ မိသဖြင့် ပို၍ဝမ်းသာရပေသေးသည်။

သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် အဓိပတိဆရာတော်၏ ဤဆောင်ရွက်ချက် သည် ဗုဒ္ဓမြတ်စွာသာသနာတော်ကြီး တိုးတက်ထွန်းကားစေနိုင်သော ဆောင် ရွက်ချက်ဖြစ်၍ အလွန်တရာအားရဝမ်းသာဖြစ်ရပါကြောင်းဖြင့် ပထမပိုင်း သမ္မောဒနီယကထာကို မိန့် ကြားအပ်ပေသည်။

www.dhammaransi.com



ဒုတိယပိုင်း **"သာရဏီယကထာ"** အနေဖြင့် ဘွဲ့ခံ (၁၉) ပါးအား ပဓာနထား၍ ပရိသတ်အားလုံးအမြဲသတိပြုမိကြစေရန် သီလက္ခန်ပါဠိတော် **'ဗြဟ္မဇာလ'**သုတ်လာ ဗုဒ္ဓမြတ်စွာ၏အဆုံးအမတစ်ခုကို ဓမ္မလက်ဆောင် ဝေငှလိုပေသည်။

မြတ်သော သဗ္ဗညုတဉာဏ်တော်ကြီးကို ဝေဖန်၍ပြသောကြောင့် **ဗြဟ္မဇာလ** သုတ်ဟုခေါ်ခြင်းဖြစ်သည်။ ထို့ပြင် ပစ္စုပ္ပန်တမလွန်နှစ်တန်သော အကျိုးကို ဝေဖန်၍ပြ သောကြောင့် **"အတ္ထဇာလသုတ်"** ဟူ၍လည်းကောင်း၊ အစဉ်ဖြစ်သော တရားဓမ္မတို့ ကိုပြသောကြောင့် **"ဓမ္မဇာလသုတ်"** ဟူ၍လည်းကောင်း၊ (၆၂) ပါးသော မိစ္ဆာဒိဋ္ဌိ အယူတို့ကို ဝေဖန်၍ပြသောကြောင့် **"ဒိဋ္ဌိဇာလသုတ်"** ဟူ၍လည်းကောင်း၊ ဒေဝပုတ္တမာရ်၊ ခန္ဓမာရ်၊ မစ္စုမာရ်၊ ကိလေသမာရ်တို့ကို ဖျက်ဆီးနိုင်သဖြင့် စစ်မြေပြင်၌ ရန်သူတို့ကိုအောင်နိုင်သည့် အတုမရှိသော သူရဲကောင်းကြီးနှင့်တူသောကြောင့် **"အနုတ္တရ သင်္ဂါမဝိဇယသုတ်"** ဟူ၍လည်းကောင်းခေါ်ရမည်ဟု ဗုဒ္ဓမြတ်စွာကိုယ်တော်တိုင် အမည်တပ်တော်မူခဲ့သည်ကို သတိပြုမိကြစေချင်သည်။ ဗုဒ္ဓဘာသာဝင်ဟုတ်သူရော၊ မဟုတ်သူပါ အလွန်လေ့လာ သိရှိ ထိုက်သော သုတ်တော်ကြီးဖြစ်သည်။

ထိုသုတ်တော်ကြီး၌ ဗုဒ္ဓမြတ်စွာ၏ အောက်ပါမိန့်ကြားတော်မူချက်မှာ အလွန် မှတ်သားစရာကောင်းပါသည်။ "ချစ်သားတို့၊ သာသနာတော်၏ ဆန့်ကျင်ဘက်ပုဂ္ဂိုလ်တို့က ဘုရား၊ တရား၊ သံဃာရတနာသုံးပါးတို့၏အပြစ်ကို ကဲ့ရဲ့ပြောဆိုကြလျှင် အမျက်ထွက်ခြင်း၊ နှလုံးမသာယာခြင်း၊ စိတ်၏မနှစ်သက်ခြင်း မဖြစ်ရ၊ ဖြစ်ခဲ့လျှင် သင်တို့မှာသာ အန္တရာယ်ဖြစ်လိမ့်မည်။ ရတနာသုံးပါးတို့၏ အပြစ်ကိုပြောဆိုကြလျှင် "ဤသို့မဟုတ်၊ ဤအတိုင်းမမှန်"ဟု မမှန်သည်ကို မမှန်သည့်အတိုင်း ပယ်ရှားကြရမည်။

ရတနာသုံးပါးတို့၏ဂုဏ်ကို ချီးမွမ်းပြောဆိုကြလျှင်လည်း နှစ်သက်ခြင်း၊ ဝမ်းမြောက် ခြင်းမဖြစ်ရ၊ ဖြစ်ခဲ့လျှင် သင်တို့မှာသာအန္တရာယ်ဖြစ်လိမ့်မည်။ ထိုသို့ဂုဏ်ကို ချီးမွမ်းပြောဆိုကြလျှင် "ဤသို့ဟုတ်၏၊ ဤအတိုင်းမှန်၏" ဟု မှန်သည်ကို မှန်သည့်အတိုင်း ဝန်ခံကြရမည်။" **(သီလက္ခန်ပါဠိတော် စာ - ၃)**

ဗုဒ္ဓမြတ်စွာ၏ ဤမိန့်တော်မူချက်မှာ သာသနာပြုမည့်ပုဂ္ဂိုလ်များ စွဲမြဲစွာ လိုက်နာကျင့်သုံးထိုက်သော သာရဏီယကျင့်စဉ်တစ်ပါးဟု ဆိုချင်ပေသည်။

www.dhammaransi.com



ဓမ္မဒူတ ဓမ္မတမန်ပုဂ္ဂိုလ် တို့သည် ဒေသအသီးသီး၌ သာသနာပြုကြသည့်အခါ ကဲ့ရဲ့ခြင်း၊ ချီးမွမ်းခြင်းနှစ်မျိုးကို မလွဲမသွေ ကြုံတွေ့ကြရမည်ဖြစ်ပေသည်။ ကြုံတွေ့ရလျှင် မည်သို့ ကျင့်သုံးသင့်သည်ဆိုသည်ကို ဤသြဝါဒက ညွှန်ပြ၏။ ဘွဲ့ခံပုဂ္ဂိုလ် (၁၉) ပါးနှင့်အားလုံး သောသာသနာပြုပုဂ္ဂိုလ်များသည် ဤသြဝါဒ အတိုင်း လိုက်နာကျင့်သုံးနိုင်ကြပါစေ၊ ကျန်းမာချမ်းသာစွာဖြင့် အောင်မြင်သော သာသနာပြုအရှင်မြတ်များ ဖြစ်တော်မူကြပါစေကြောင်း မေတ္တာရေလောင်း လျက် မိမိ၏ သာရဏီယကထာကို နိဂုံးကမ္ပတ်အဆုံးသတ်အပ်ပါသတည်း။

**၁၃၇၀ ပြည့်နှစ်၊ တပေါင်းလဆန်း (၁၀) ရက် (၅-၃-၂၀၀၉)**

❁ ❁ ❁ ❁ ❁

www.dhammaransi.com



## စစ်ကိုင်းတိုင်း၊ စစ်ကိုင်းမြို့
## သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်တွင် ကျင်းပသော
## ထေရဝါဒကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ အစည်းအဝေး၌
## မိန့်ကြားတော်မူအပ်သော "အဖွင့် ဩဝါဒကထာ"

အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓတက္ကသိုလ်များအဖွဲ့ကြီးကို ၂၀၀၇ ခုနှစ်၊ မတ်လက စတင်ဖွဲ့စည်းတည်ထောင်ခဲ့၍ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် အဓိပတိဆရာတော်က ဥက္ကဋ္ဌဆရာတော်အဖြစ်ဆောင်ရွက်ကြောင်း သိရပေသည်။

ယခုအစည်းအဝေးကြီးမှာ **"သင်ကြားပုံနည်းစနစ်နှင့်ပညာရပ်ဆိုင် ရာ နှီးနှောဖလှယ်ကြမည်"**ဟုသိရပေရာ မိမိဆင်ခြင်မိသမျှ တင်ပြလိုပေသည်။ ထေရဝါဒဗုဒ္ဓတက္ကသိုလ်ကြီးများ တည်ထောင်ဖွင့်လှစ်ကြခြင်းမှာ ဗုဒ္ဓမြတ်စွာ၏ ထေရဝါဒပိဋကတ်တော်များကို ကျွမ်းကျင်စွာတတ်မြောက်၍ ခေတ်နှင့်လျော်ညီသည့် လောကီပညာရပ်များကိုပါ ဆည်းပူးလေ့လာစေလျက်၊ ထက်မြက်ထူးချွန်သော ဓမ္မဒူတ သာသနာပြုပုဂ္ဂိုလ်များပေါ်ထွက်စေရန် ရည်သန်ချက်ဖြင့် ဖွင့်လှစ်ကြခြင်းဖြစ်ပေသည်။

ထိုသို့ဆိုလျှင် **"ထေရဝါဒပိဋကတ်တော်"** များကို ပြည့်ပြည့်စုံစုံ ကျကျနန သင်ကြားပို့ချပေးရန် အထူးပင်လိုအပ်ပေသည်။ ထေရဝါဒပိဋကတ် တော်ကို ကျနစွာ မတတ်မြောက်လျှင် သာသနာပြုရာ၌ အောင်မြင်ဖို့လွယ်ကူမည် မဟုတ်ချေ။ ထို့အတူပင် ခေတ်နှင့်လျော်ညီသော လောကီပညာရပ်များကို မတတ်ကျွမ်းလျှင်လည်း သာသနာပြုရာ၌ ခဲယဉ်းမည်ပင် ဖြစ်ပေသည်။ ထေရဝါဒဗုဒ္ဓတက္ကသိုလ်ကြီးများ၏ ဦးစီးခေါင်းဆောင်ပုဂ္ဂိုလ်များသည် ဤအချက်ကို သတိပြုတော်မူကြပြီး ဖြစ်လိမ့်မည်ဟုယုံကြည်ပေသည်။

ဓမ္မတမန်သာသနာပြုပုဂ္ဂိုလ်များပေါ်ထွက်စေရန် ရည်သန်ကြသည်ဆိုလျှင် စာသင်သားကျောင်းသားများအား **"ကိုယ်ကျင့်သီလ"** နှင့်ပြည့်စုံသော ပုဂ္ဂိုလ်များဖြစ်အောင် သင်ကြားပေးသင့်ကြပေသည်။ သီလတရားပျက်ပြားသူများလှသော ဤကမ္ဘာကြီးကို သီလပြည့်ဝသူများသော ကမ္ဘာကြီးဖြစ်စေရန် ဗုဒ္ဓတက္ကသိုလ်ကြီးများက ကြိုးစား ဆောင်ရွက်ကြဖို့တိုက်တွန်းလိုပေသည်။

ဗုဒ္ဓမြတ်စွာသာသနာတော်၌ သီလ၊ သမာဓိ၊ ပညာဟု သိက္ခာ သုံးရပ်ရှိရာ

www.dhammaransi.com



သီလသည် အခြေခံအကျဆုံးဖြစ်၏။ သီလနှင့်ပြည့်စုံမှ သာလျှင် အောင်မြင်နိုင်မည်ဖြစ်ပေသည်။ **"ဗုဒ္ဓတက္ကသိုလ်"** ဟူ၍ ဗုဒ္ဓမြတ်စွာ၏ဘွဲ့ အမည်တော်ကို ခံယူထားကြသည့် တက္ကသိုလ်ထွက် ပုဂ္ဂိုလ်များသည် သီလ ပျက်ယွင်းသူများမဖြစ်သင့်ပေ။ ကိုယ်ကျင့်သီလ ပြည့်ဝသူများကိုသာ အများက လေးစားယုံကြည်ကြမည်ဖြစ်သည်။ အများ၏လေးစား ကြည်ညိုမှုကိုခံရမှလည်း သာသနာပြုရာတွင် အောင်မြင်နိုင်မည်ဆိုသည်ကို သတိပြုကြစေလိုပေသည်။ ဤနေရာတွင် ဗုဒ္ဓမြတ်စွာ၏မိန့်ကြားတော်မူချက်တစ်ခုကို တင်ပြ လိုသည်။

**သီလဝတော ပညာ၊ ပညာဝတော သီလံ။**

**သီလပညာဏဉ္စပန လောကသ္မိံ အဂ္ဂမက္ခာယတိ** - ဟုဖြစ်၏။

(သီလက္ခန်ပါဠိတော် စာ - ၁၁၇)

"သီလရှိသူမှ ပညာရှိ၍၊ ပညာရှိသူမှလည်း သီလရှိ၏။

လောက၌ သီလနှင့်ပညာသည် အမြတ်ဆုံးဖြစ်၏"

ဤမိန့်ကြားချက်ကိုကြည့်လျှင် သီလရှိမှ ပညာရှိနိုင်ကြောင်း သိသာပေ သည်။ ထို့ကြောင့် ပညာတတ်ပုဂ္ဂိုလ်များ မွေးထုတ်လိုပါလျှင် သီလရှိသူ ဖြစ်အောင် ပထမသင်ပြ ပေးကြရမည်ဖြစ်ပေသည်။ သီလနှင့်ပညာသည် **"နေနှင့်လပမာ"** အစဉ်ဆက်စပ်လျက်ရှိပေရာ **"ကိုယ်ကျင့်သီလနှင့် ပြည့်စုံသော ပညာတတ်ပုဂ္ဂိုလ်"** များပေါ်ထွန်းရန် ဗုဒ္ဓတက္ကသိုလ်ကြီးများက ကြိုးစားကြစေလိုပေသည်။

အချုပ်အားဖြင့်ပြောရလျှင် **"ဗုဒ္ဓတက္ကသိုလ်"**ဟူသည် အခြားတက္ကသိုလ် များကဲ့သို့မဟုတ်၊ **"ဗုဒ္ဓ"**ဟူသော ဘွဲ့မည်တော်ကိုခံယူထားသည်ဖြစ်၍ အခြားတက္ကသိုလ်များထက် ပို၍တာဝန်ကြီးသည်။

ထိုတာဝန်မှာ ဗုဒ္ဓမြတ်စွာအလိုတော်ကျ ကိုယ်ကျင့်သီလပြည့်ဝသည့် လောကီ၊ လောကုတ္တရာပညာတတ်များ မွေးထုတ်ရမည့်တာဝန်ပင်ဖြစ်သည်။

ထို့ပြင် ဗုဒ္ဓတက္ကသိုလ်ကြီးများ ကြာရှည်စွာတည်တံ့မှ ဓမ္မဒူတ ဓမ္မတမန် သာသနာပြု တက္ကသိုလ်များ တိုးပွားကာ သာသနာတော်စည်ပင်ပြန့်ပွားမည် ဖြစ်၍၊ ဗုဒ္ဓတက္ကသိုလ်ကြီးများ ရေရှည်တည်တံ့ရေးကိုလည်း ဦးစားပေးဆွေးနွေး ဆောင်ရွက်ကြရန် သတိပေးစကားမိန့်ကြား အပ်ပေသည်။

**၁၃၇၀ ပြည့်နှစ်၊ တပေါင်းလဆန်း (၁၀) ရက် (၅-၃-၂၀၀၉)**

www.dhammaransi.com



# စစ်ကိုင်းမြို့၊ စစ်ကိုင်းတောင် ဝေဇယန္တာချောင် ပရိယတ္တိစာသင်တိုက် နှစ် (၅၀)ပြည့်အထိမ်းအမှတ်ပူဇော်ပွဲစာစောင်သို့ ဥယျောဇနကထာ

စစ်ကိုင်းမြို့၊ စစ်ကိုင်းတောင် ဝေဇယန္တာချောင် ပရိယတ္တိစာသင်တိုက်ကို လွန်ခဲ့ သည့် ၁၃၂၀ ခုနှစ်၌စတင်တည်ထောင်သည်။ ညီနောင်များဖြစ်ကြသော ဘဒ္ဒန္တကေန္ဒာစရိယ၊ ဘဒ္ဒန္တနာယက၊ ဘဒ္ဒန္တနန္ဒိမာ၊ ဘဒ္ဒန္တကဝိသာရ၊ ဘဒ္ဒန္တ မဟောသဓပဏ္ဍိတာလင်္ကာရတို့ငါးပါး ကျောင်းတိုက်နေရာ ချုံနွယ်သစ်ပင် ဝါးပင် ကစ ရှင်းလင်းကြသည်ဟုသိရသည်။

ပရိယတ္တိသာသနာကို လွန်စွာမြတ်နိုးသောစိတ်ဆန္ဒပြင်းထန်စွာ ဆောင် ရွက်ရမည် ဖြစ်သောကြောင့် စစ်ကိုင်းတောင်ရွှေကျင်ဂိုဏ်းစောင့် ဆရာတော်ကြီး များကိုလည်း ပန်ကြားလျှောက်ထားအသိပေးသည်ဟု သိရသည်။

ဒွါဒသမ ရွှေကျင်သာသနာပိုင်ဖြစ်လတ္တံ့သော အဘိဓဇမဟာရဋ္ဌဂုရု ရွှေဟသ်ာဆရာတော်ကြီးသည် အားပေးအားမြှောက်ပြုကြသည်တွင် အများဆုံး ဖြစ်သည်ဟုသိရ သည်။

အောင်မြေသာစည်ဆရာတော်ကား ယုံကြည်အားပေးသောအနေအား ဖြင့် သိမ်နုတ်၊ မြေသန့်ကမ္မဝါစာများရွတ်ဖတ်ပေးသည်ဟု ကြားရ၏။ ဆရာတော် ကြီးများစွာ ပရိတ်မေတ္တာ အန္တရာယ်ကင်း ဒေသနာတော်များရွတ်ပွား၍ ပရိတ်ရေများ ပက်ဖျန်းစေကာ ကျောင်းသစ်များ ဆောက်လုပ်စေခဲ့၏။

ပတ်လည်ဝန်းကျင် ဆရာတော်ကြီးများ၏ အားပေးခြင်းကိုခံယူခဲ့ရသဖြင့် ညီနောင် ငါးပါးတို့သည် စိတ်ကိုပို၍တင်းမာစွာထားလျက် ဆောင်ရွက်ကြ၏။ စာသင်တိုက်ဥပဒေ ရေးဆွဲကြ၏။ အမရပူရ မဟာဂန္ဓာရုံတိုက် စည်းကမ်း နည်းလမ်းများကို အများဆုံး ပါဝင်စေလျက် ရေးဆွဲဆောင်ရွက်ခဲ့ကြသည်ဟု သိရ၏။ ထို့ကြောင့်လည်း တစ်နှစ်ထက်တစ်နှစ် သံဃာအရေအတွက်များပြား လာလျက် စာသင်တိုက်ကြီးတမျှ စည်ကားလာတော့၏။

ယခုနှစ်ကျင်းပသော အနှစ် (၅၀) ပြည့်အထိမ်းအမှတ်ပူဇော်ပွဲကြီးသည် ဖြစ်သင့်ဖြစ်ထိုက်သော လုပ်သင့်လုပ်ထိုက်သော ပူဇော်ပွဲကြီးတစ်ရပ်ဖြစ်ပေါ်လာ တော့၏။ ပူဇော်ပွဲပြုလုပ်ရခြင်းသည်လည်း ကုသိုလ်ပြုခြင်းသာဖြစ်ပါပေ၏။

www.dhammaransi.com



လိုရင်းမှာ သာသနာပြု အရှင်မြတ်တို့သည် စာချခြင်းအလေ့အထရှိခဲ့သော ကြောင့် ဖြစ်ပေ၏။

အင်္ဂုတ္တိုရ်လာ သာသနာကွယ်ကြောင်းတရား (၃) ပုဒ်ကိုမြတ်စွာဘုရား ဟောကြားခဲ့သည်မဟုတ်ပါလော။ နံပါတ် (၃) တရားတစ်ပုဒ်ဖြစ်သော သာသနာ ကွယ်ကြောင်း (၅) ပါးကို ဝေဖယန္တာအရှင်မြတ်တို့သည် အထူးသတိထားလျက် လိုက်နာမှု ရှိခဲ့၍သာ စာကြိုးစား ပို့ချသည်ဟုအောက်မေ့၏။

နံပါတ် (၃) တရားတစ်ပုဒ်ဆိုသည်မှာ မဟာဝိသုဒ္ဓါရုံဆရာတော် ဘုရားကြီး၏ လင်္ကာဖြင့်ပင် သိသာထင်ရှား၍ သတိချပ်စရာအလွန်ကောင်း သည်ဟု ထင်မြင်ပါ၏။

**"အက္ခရာပုဒ်ပျက်၊ လေ့ကျက်သင်ကြ၊**
**ဒုဗ္ဗစမူ (ဆုံးမမယူ)၊ စာချသူရှား၊**
**လာဘ်များအောင်ဖန်၊ ခိုက်ရန်ကွဲပြား၊**
**ဤငါးပါးသည်၊ ဘုရားသာသနာ ကွယ်ကြောင်းတည်း"**

နံပါတ် (၁) တရားပုဒ် ငါးပါး၊ နံပါတ် (၂) တရားပုဒ်ငါးပါး ဤ ဆယ်ပါးနှင့်ပေါင်းလျှင် သာသနာကွယ်ကြောင်းတရား (၁၅) ပါးဖြစ်၏။ ထို့ကြောင့် "ဤဆယ့်ငါးသည် ဘုရားသာသနာကွယ်ကြောင်းတည်း" ဟူ၍ ရွတ်ဆို ကြ၏။

စာသင်စာချ၊ စာပြ၊ ပုဒ်ခွဲ၊ ပုဒ်ဖြတ်၊ အဓိပ္ပါယတ္ထ သဒ္ဒတ္ထ စသည်နားလည် မှုသာ လျှင်အက္ခရာပုဒ်ပျက်များ မသင်မကြား မပို့မချသောကြောင့် သာသနာ တိုးပွားကြောင်း ဆောင်ရွက်သည်ဟုဆိုရ၏။ ဤအချက်ကိုသုံးသပ်လျှင် စာသင် တိုက်တို့၏ကျေးဇူးကို သိကြရ၏။

စစ်ကိုင်းတောင်ဝယ် ဝေဖယန္တာပရိယတ္တိစာသင်တိုက်တစ်တိုက် ပေါက် ရောက်ထွန်းပေါ်လာခြင်းသည် အလွန်အားတက်ဖွယ်ကောင်းသည်ဟု ဆိုရမည် သာဖြစ်၏။

ကျေးဇူးရှင် မဟာဝိသုဒ္ဓါရုံဆရာတော်ဘုရားကြီး၏ ကုသိုလ် (၂) မျိုးကို ဤနေရာ၌ လက်ညှိုးထိုးညွှန်ပြဖို့သင့်လျော်၏ဟု စိတ်ဆန္ဒဖြစ်လာသောကြောင့် ရိုးစင်းသောဓမ္မ လက်ဆောင်တစ်ခု ပေးငှလိုပေသည်။

(က) ကတ္တာဗ္ဗကရဏကုသိုလ်

(ခ) အကတ္တာဗ္ဗအကရဏကုသိုလ်

www.dhammaransi.com



(ဂ) ကတ္တဗ္ဗအကရဏအကုသိုလ်
(ဃ) အကတ္တဗ္ဗကရဏအကုသိုလ် (၂) မျိုး

**ပေါင်း ဤ (၄) မျိုးကို (၂) မျိုးစီခွဲခြား၍ စာရှုသူတို့မှတ်သားသင့်ပေသည်။**

- ပြုသင့်သည်ကို ပြုလုပ်ဆောင်ရွက်ခြင်း ကုသိုလ်တစ်ပါး။
- မပြုလုပ်သင့်သည်ကို မပြုလုပ်မဆောင်ရွက်ခြင်း ကုသိုလ်တစ်ပါး။

**ဤ (၂) ပါးကိုသာ ကြိုးစားအားထုတ်ရမည်သာဖြစ်သည်။**

- ပြုသင့်သည်ကို မပြုဘဲနေခြင်း အကုသိုလ်တစ်ပါး
- မပြုလုပ်သင့်သည်ကို ပြုလုပ်ဆောင်ရွက်ခြင်း အကုသိုလ်တစ်ပါး။

**ထို (၂) ပါးကို ဘယ်အခါမျှ မငြိစွန်းအောင်နေရမည်ဖြစ်သည်။**

ဤမျှဖြင့် အနှစ် (၅၀) မြောက် ဝေဇယန္တာပရိယတ္တိသာသနာ့ ပူဇော်ပွဲကြီး ကျင်းပ၍ ပြီးသည့်နောက် လာမည့်အနာဂတ်တွင် ထိုထက်မက စစ်ကိုင်းပင်မ ဝေဇယန္တာစာသင်တိုက်ကြီး တိုးတက်စည်ကားကြီးပွားစေရန် အားထုတ်ဖို့ တိုက်တွန်းနှိုးဆော်ပါသည်။ မှတ်ချက်ချ၍ နိဂုံးအုပ်ပါတော့မည်။

**မှတ်ချက်။** **ကျောင်းတိုက်ခွဲများပြားရေး (ပြန့်ပွား) ကိစ္စကို ခဏဆိုင်းငံ့ထားလျှင် ကောင်းမည်ထင်ပါသည်။ စစ်ကိုင်းတောင် ပင်မ ဝေဇယန္တာကျောင်းတိုက်ကိုသာ အရှည်ခံ၍ တည်တံ့အောင်၊ သန့်ရှင်းအောင်၊ စည်ပင် ထွန်းကားကြီးပွားတိုးတက်အောင် "ဝိုင်းလုပ်ဝိုင်းစား" စနစ်ဖြင့် တက်ညီလက်ညီ လှော်ခတ်ချီတက်ကြစေလိုကြောင်း တိုက်တွန်းအပ်ပါသည်။**

❁ ❁ ❁ ❁ ❁

www.dhammaransi.com



## သာသနာ့မဏ္ဍိုင် ပါဠိတက္ကသိုလ်ကျောင်းတိုက် နှစ်၄၀ဆယ်ပြည့်ပူဇော်ပွဲသို့ ဩဝါဒနှင့် ပါမောက္ခကထာ

ဩဝါဒကထာအနေဖြင့် ရွှေကျင်နိကာယ ဂဏသမုဋ္ဌာပ ပထမရွှေကျင် ဆရာတော်ဘုရားကြီး၏ ဩဝါဒကိုသိစေလို၊ လိုက်နာစေလို၍ ဖြန့်ဝေချင်သော ဆန္ဒဖြင့် အလွန်ဂုဏ်ကျက်သရေရှိသော ဤစာစောင်တွင်ထုတ်ဖော်ချင်ပါသည်။

အသက်ထက်ဆုံး အောက်မေ့အပ်သော ၁၂၅၄ ခုနှစ်တွင်ပေါ်ထွက်ခဲ့ သည့် နမူနာအတိုင်း ကောက်နုတ်ချက်ချမှတ်ရေးသားအပ်ပါသည်။

သာသနာ့မဏ္ဍိုင် ပါဠိတက္ကသိုလ်ကျောင်းတိုက်ကြီး၏ အာဒိကမ္မိက အာရာမ သမုဋ္ဌာပကပဓာနနာယကဆရာတော်သည် အဂ္ဂမဟာပဏ္ဍိတ သာသနဓဇသိရီပဝရဓမ္မာစရိယ ဂန္ထဝါစကဂန္ထကာရက ဘဒ္ဒန္တပညာဇောတ ဖြစ်ပါသည်။

ယင်းသာသနာ့အာဇာနည် အရှင်ပညာဇောတသည် ယခု အသက် ထင်ရှားရှိပါမူ သက်တော်ရွယ်တော် (၉၀) ဖြစ်ပါသည်။ ယနေ့မျက်မှောက်မဏ္ဍိုင် ပဓာနနာယက ဆရာတော်အစ မဟာနာယက အနုနာယက ဓမ္မာစရိယ ဂဏ ဝါစက စာချစာသင် အရှင်သံဃာတော် အပေါင်း၏လည်းကောင်း၊ ရွှေကျင်ဂိုဏ်း သောတုဇန သံဃာအားလုံး၏လည်းကောင်း၊ အာစရိယပရမ္ပရ ဆရာတစ်ဆူ ဖြစ်ကြီးဖြစ်တော်မူပါသည်။

ရွှေကျင်ဂိုဏ်း သံဃာများအပါအဝင် ပြည်ထောင်စုမြန်မာနိုင်ငံ ဂိုဏ်း ပေါင်းစုံ သံဃာတော်၄၀းသိန်းကျော်တို့၏ သဗြဟ္မစာရီ သမဂ္ဂသီတင်းသုံးဖော် ဖြစ်ပါသည်။

ဘဒ္ဒန္တ ပညာဇောတ၏ဆရာအဆက်အနွယ် အာစရိယပရမ္ပရ ပဓာနာ စရိယ ပါကဋ္ဌာစရိယကျေးဇူးရှင် ဆရာတော်အဆက်ဆက်တို့ကိုပါ ဤသို့သိအပ် ဤသို့သိထိုက် လှပါပေသည်။

**၁။ ဘဒ္ဒန္တပညာဇောတ၏ ဆရာ ဒသမရွှေကျင်သာသနာပိုင် မြောင်းမြ ဆရာတော်**

**၂။ မြောင်းမြဆရာတော်၏ ဆရာ ဒုတိယရွှေကျင်သာသနာပိုင် ပထမ မဟာဝိသုဒ္ဓါရုံဆရာတော်**

www.dhammaransi.com



၃။ ပထမမဟာဝိသုဒ္ဓါရုံဆရာတော်၏ဆရာ ပထမရွှေကျင်ဆရာတော်
၄။ ပထမရွှေကျင်ဆရာတော်၏ဆရာ ရဟန္တာတစ်ဆူဖြစ်တော်မူသော သီးလုံးဆရာတော်တို့ဖြစ်ပါသည်။

ထိုတွင် ပထမဆရာတော်ဘုရားကြီး၏ "ဩဝါဒအတိုချုပ်" ဩဝါဒ ကောက်နုတ်ချက်ကို အများရှင်လူ ဖတ်ရှုရအောင်၊ အများကျေနပ်နှစ်သိမ့်အောင် ၁၂၅၄ ခုနှစ် နယုန် လပြည့်ကျော် ၁၄ ရက်နေ့ရက်စွဲဖြင့် ရှိမ္မကားရွာ ဒကာ ဒကာမတို့ထံပေးသော ဒုတိယော ဝါဒစာတမ်းကောက်နုတ်ချက်ကို သမ္မာဆန္ဒဖြင့် လက်ဆောင်ပြုပါသည်။

**(ရန်ကုန်မြို့ ဟံသာဝတီပုံနှိပ်တိုက် ၁၃၈၂ ခု၊ ရိုက်နှိပ်ရွှေကျင် ဂိုဏ်းကျင့်ထုံးကြီး စာမျက်နှာ ၁၁၄)**

နေ့လွဲအခါ ဆေးဝါးကွမ်းစားပြုမိသူတို့မှာ ပြောပလောက်သော အနာရောဂါရှိ၍ စားသောက်သည်မှတစ်ပါး စားတိုင်းဝါးတိုင်း၊ ဆေးရည်ကွမ်းရည် လည်မျိုတစ်ဖက်သို့ ဝင်တိုင်းဝင်တိုင်း ဝိကာလဘောဇနသိက္ခာပုဒ် ဒုက္ကဋ်ပါဝိရဖြင့် ဒုက္ကဋ်အာပတ်သင့်သည်။ ထိုပုဂ္ဂိုလ်ထိုအမှုမှ ရှောင်ကြဉ်ပါတော့မည်ဟု အာယတိံသံဝရမရှိသရွေ့ကာလပတ်လုံး ထိုကွမ်းစား၊ ဆေးဝါးမှု အလဇ္ဇီ အဖြစ်မှမထနိုင်။

ရဟန်းတို့မှာ ပြောပလောက်သောအနာအကြောင်းမရှိဘဲလျက် မြို့တွင်းရွာတွင်းတို့၌ ဖိနပ်စီး၍မသွားကောင်း၊ သွားလျှင်ဖဝါးလှမ်းတိုင်း၊ လှမ်းတိုင်း ဒုက္ကဋ် အာပတ်သင့်သည်။ ထိုအမှုကို ထိုပုဂ္ဂိုလ်နောင်ရှောင်ပါတော့မည်ဟု အာယတိံသံဝရ မရှိသရွေ့ကာလပတ်လုံး ထိုဖိနပ်စီးခြင်းအမှုမှ မထနိုင်။

မအပ်သော ဆိုးရည်ရှိသော နနွင်းဆိုး၊ ပေါက်ပွင့်ဆိုး၊ ပိုး၊ ပိတ်နီ၊ သက္ကလတ် သက်နီး၊ မဟာလေ့ကားပန်းထက်မက အရောင်အဆင်းရှိသော ဖဲကတ္တီပါသက်န်းတို့ကို ဝတ်ရုံမိသည် ဖြစ်အံ့၊ ဝတ်ရုံတိုင်း ဝတ်ရုံတိုင်းကိုပြင်ဆင်၍ ဝတ်တိုင်း ရုံတိုင်း ဒုက္ကဋ် အာပတ်များစွာသင့်သည်။ ထိုမှုကို ထိုပုဂ္ဂိုလ်မရှောင်ကြဉ် သရွေ့ကာလပတ်လုံး ထိုသက်န်းရုံ အလဇ္ဇီအမှုမှ အချင်းခပ်သိမ်း မထနိုင်။

ရဟန်းတို့မှာ ဆွမ်း၊ သက်န်းပရိက္ခရာများကို မဖိတ်မကြားသော အပ္ပဝါရိတ ဒါယကာ၊ အဆွေမတော်ရာ ဒါယကာလူတို့အား ဝိညတ်အားဖြင့် တိုက်ရိုက်မတောင်း ကောင်းရုံမက ကျောင်း၌ဆွမ်းရှင်သည် သက်န်းနွမ်းပါးသည် ဟူ၍ ဒါယကာတို့ရှေ့ ပရိယာယ်၊ ဩဘာ၊ နိမိတ်ကိုမျှမပြုကောင်း၊ ယင်းသို့

www.dhammaransi.com



ပြုလျှင်ပြုချင်း အနေသနဒုက္ကဋ် အာပတ်သင့်သည်။ ထိုဆွမ်း၊ သက်နှီးတို့ကို သုံးဆောင်သည့်အခါ ဆွမ်းစားစဉ် ဆွမ်းလုတ်တိုင်းလုတ်တိုင်း သင်္ကန်းဝတ်ရာ သင်္ကန်းပြင်၍ ဝတ်တိုင်းဝတ်တိုင်း အာပတ်သင့်သည်။ ထိုအမှုကို ထိုပုဂ္ဂိုလ် မရှောင်ကြဉ်သရွေ့ ကာလပတ်လုံး ထိုအလဇ္ဇီအမှုမှ မထမြောက်နိုင်၊ ထာဝရ အလဇ္ဇီကြီးဖြစ်၍ နေလေတော့သည်။ မိမိထံ ရှင်ပြုလာသမျှ၊ ပဉ္စင်းခံလာသမျှ ပုဂ္ဂိုလ်တို့လည်း ယေဘုယျအားဖြင့် မိမိကဲ့သို့ အလဇ္ဇီချည်းဖြစ်ကြလေတော့သည်။

အို . . . စာရှုသူအပေါင်း သူတော်ကောင်းတို့၊ ပထမရွှေကျင် ဆရာတော်ဘုရားကြီး၏စူဠသိဿကောဝါဒ မဟာသိဿကောဝါဒစသည် များစွာ ရှိပါသေးသည်။ ယခု ဖော်ပြခဲ့သော ဩဝါဒသည် ပထမောဝါဒ စာတမ်းမှ ဆက်၍ ဒုတိယောဝါဒစာတမ်း၌ လာရှိသော ဩဝါဒဆုံးမစာကောက်နုတ်ချက် ဖြစ်ပါသည်။

သာသနာ့မဏ္ဍိုင်ကျောင်းတိုက်ကြီးသည် ရွှေကျင်ဂိုဏ်း၏ ပထမတန်း အဆင့်တွင်ပါဝင်သော ကျောင်းတိုက်ကြီးဖြစ်၍ အများ၏အလေးပြုအပ်ရာဖြစ် သောကြောင့် နှစ် (၅၀) သာသနာ့ပူဇော်ပွဲကြီး ကျင်းပသည်ကိုလည်း အများပင် ဝမ်းသာခြင်းရှိကြပါသည်။

ပါမောက္ခကထာအနေဖြင့် ဤသို့ကျောင်းတိုက်ကြီး မပြိုမကွဲ၊ မပျက် မပြယ်၊ မပြီမပြင်၊ မသေမသပ်၊ မဟုတ်မဟတ်၊ မကြည်မလင်၊ မညီမညွတ် ဆိုသော သတင်းများ ဘာမှမကြားရ၍ အများဝမ်းသာကြပါသည်။

ဝံသာနုရက္ခက ကုသလဓမ္မပုညကိရိယာ သဟပုညကာရီ ဓမ္မရေးရာ ဥပဒေသ ကထာလိုက်နာကျင့်သုံးနေထိုင်ကြ၍လည်း ပို၍ပို၍အားကိုးယုံကြည် ကြရပါသည်။

“စိတ္တံ ဒမေထ မေဓာဝီ၊ စိတ္တံ ဒန္တံ သုခါဝဟံ။”

ကျမ်းဂန်ဒေသနာလာသည့်အတိုင်း စိတ်ယုတ်မာတို့ကို ပယ်ခွာတွန်းသတ်၍ သောဝစဿတာ မင်္ဂလာတပည့်တို့ အင်္ဂါနှင့်ညီစွာ ရှေးဆရာတို့ ဆုံးမအပ်သည့် ဥပဒေအတိုင်း သိဿာနုသိဿ တပည့်စဉ်ဆက်မပျက်စေရ နတ်တို့သုခာ နတ်ဩဇာကို နတ်ဒေဝါတို့ မမုန်းနိုင်သကဲ့သို့ ဆရာ့ နည်းနာ ဆရာ့ဩဇာ ဆရာ့ လက်သုံး ဆရာစဉ်ဆက်တို့ထုံးကို နှလုံးကြပ်ကြပ် မပြတ်ထားနိုင်ကြ ပါစေ ကုန်သတည်း . . .။

❁ ❁ ❁ ❁ ❁

www.dhammaransi.com



# မန္တလေးမြို့၊ သီတဂူဗုဒ္ဓတက္ကသိုလ် ၂၀၁၀–၂၀၁၁ ပညာသင်နှစ် ကျောင်းဖွင့်ပွဲနှင့် ကျောင်းသားသစ်လက်ခံကြိုဆိုပွဲ၌ မိန့်ကြားအပ်သော ဩဝါဒကထာ

ထေရဝါဒပါဠိစာပေမှာ ဦးဇင်းတို့သိတဲ့ ပဓာန ဆိုတဲ့ပုဒ်တစ်ခုရှိပါတယ်။ ပဓာန (ပ) နဲ့ (န) နှင့် ပြဋ္ဌာန်းချက်ဆိုတဲ့ ပဓာနတစ်ပုဒ်ရှိပါတယ်။ ပြဋ္ဌာန်းထားတာ ပြဋ္ဌာန်းချက်နှင့် ရည်ရွယ်ချက်နဲ့အတူတူပါပဲ၊ အဲဒါဒီတက္ကသိုလ်မှာ ဘယ်ထိအောင် ဘယ်လမ်းဆုံးထိအောင် ငါလိုက်မယ်ဆိုတဲ့ ပြဋ္ဌာန်းချက်၊ ကိုယ်တော်တို့မှာရှိတယ်။ ပြဋ္ဌာန်းချက်မရှိပဲနဲ့ ဒီကိုလာကိုမလာပါဘူး၊ အဲဒီ ပြဋ္ဌာန်းချက်ဆိုတဲ့ပဓာန အလုပ်အမှုကိစ္စအတွက် ဒီရောက်လာကြတာ၊ အဲဒီတော့ ပဓာနနောက်က ဣယပစ္စည်းသတ်လိုက်တော့ ပဓာနိယ၊ ပဓာနိယ ဆိုတော့ ဒီကိုယ်တော်တွေက ပဓာနိယတွေပဲ၊ ပြဋ္ဌာန်းချက်နဲ့လာတယ်ဆိုရင် ပြဋ္ဌာန်းချက်၊ ရည်ရွယ်ချက်နဲ့လာတဲ့ ပဓာနိယ၊ အဲဒါဒီပါဠိတွေ အရှင်ဘုရားတို့ ကျေပြီးသားတွေပါ။

အဲဒီတော့ ဘုရားဟောဒေသနာတော်နှင့်အညီ ပါဠိတွေလက်မလွတ်ပဲနဲ့ ဒီလမ်းစဉ်ကို လိုက်ရမှာ (ပဓာနိယ)၊ ပဓာနိယနောက် အင်္ဂနဲ့တွဲလိုက်တော့ ပဓာနိယင်္ဂ၊ အဲဒီပုဂ္ဂိုလ်ရဲ့ အင်္ဂါငါးချက်ရှိရမယ်၊ ဒီအင်္ဂါငါးချက်နဲ့ယှဉ်လိုက်ရင် ဘာဖြစ်နိုင်သလဲ၊ မိုးထိအောင် ရောက်နိုင်တာပဲ၊ အဲဒီတော့ ပန်းပန်နိုင်တယ်၊ အောင်ပန်းဆွတ်နိုင်တယ်၊ အထက်တန်း ရောက်နိုင်တယ်၊ ပဓာနိယင်္ဂ ပြဋ္ဌာန်းချက်ကောင်းတဲ့ အင်္ဂါငါးပါးနဲ့ပြည့်စုံရမယ်တဲ့။

ပဓာနိယင်္ဂ ဘုရားဟောထားသော မေတ္တသုတ်မှာ မေတ္တာစူးရှချင်ရင်တဲ့ တိုင်းပြည်မေတ္တာပို့တယ်၊ မိုးတွေခေါင်နေတယ်၊ မိုးရွာအောင်လုပ်ချင်ရင် အဲဒါ မေတ္တာပို့တဲ့ဘုန်းကြီးတွေ၊ ရဟန်းတွေ၊ သာမဏေတွေ၊ ပုထုဇဉ်လူတွေ၊ သီလရှင်တွေ သန္တာန်မှာ အဲဒီပဓာနိယင်္ဂ ငါးပါးရှိရမယ်၊ ပဓာနိယင်္ဂငါးပါး တစ်နိုင်ငံလုံးရှိလို့ မေတ္တာပို့လိုက်ရင် အဟုတ်ကိုမိုးရွာပါတယ်၊ အဲဒါ စမ်းကြည့်လို့လည်း မဖြစ်ပါဘူး၊ ကွက်တိ ကွက်ကြားတွေလည်း ဖြစ်နေပါတယ်၊ ပဓာနိယင်္ဂ ပြည့်စုံတဲ့ပုဂ္ဂိုလ်၊ မပြည့်တဲ့ပုဂ္ဂိုလ်ကလဲ အမျိုးမျိုးဖြစ်နေပါတယ်၊ သီလရှင်တွေကလည်း ကွက်ကြားပဲ၊ ဘုန်းကြီးတွေကလည်း ကွက်ကြားပဲ၊ လူတွေကလည်း

www.dhammaransi.com



ကွက်ကြားပဲ၊ ရဟန်းတွေကလည်း ကွက်ကြားပဲ၊ ညဘုရားဝတ်တက်ရာ မေတ္တာပို့တွေ ရွတ်သာရွတ်နေတာ၊ (သက္ကောစ- စွမ်းနိုင်သည်လည်း၊ အသ- ဖြစ်ရာ၏) စွမ်းနိုင်သူလည်းဖြစ်ရမယ်၊ (ဥဇူစ- ဖြောင့်မတ်သူလည်း၊ အသ- ဖြစ်ရာ၏) ဖြောင့်မတ်သူလည်း ဖြစ်ရမယ်။ (သုဟုဇူစ- အလွန်ဖြောင့်မတ်သူ၊ သုဝစောစ- ပြောလွယ် ဆိုလွယ်သူတဲ့ - ဒုဗ္ဗစ ပုဂ္ဂိုလ်မရှိရဘူး) ဘုရားဝတ်တက်လိုက်ရမယ်ဆိုရင် လိုက်ချင်မှလိုက်တာ၊ ဘုရားဝတ်တက်ပြီးရင် ဖြည်းဖြည်းသွားပါဆိုရင် ခုန်သွားတဲ့ကိုရင် ဦးဇင်းတွေလည်းရှိတာပဲ၊ သုဝစ မဟုတ်ဘူး၊ အင်္ဂါတွေပျက်နေတယ်၊ (မုဒုစ- နူးညံ့ပျော့ပျောင်းရမယ်တဲ့၊ အနတိမာနီ- မာနမရှိရဘူးတဲ့)၊ ဦးဇင်းတွေ တစ်ပါးနဲ့တစ်ပါး မာနတွေထားနေကြတယ်၊ ကိုရင်တွေလည်း တစ်ပါးနဲ့တစ်ပါး မာနတွေထားနေကြတယ်၊ သီလရှင်တွေကလည်း ကိုယ့်မာနနဲ့ကိုယ်။ ဒါကြောင့် ဗမာစကားပုံကလည်း တော်တော်ကြောက်စရာကောင်းတယ်၊ သူတောင်းစားကလည်း သူ့မာနနဲ့သူကွ၊ အဲဒီတော့ သူတောင်းစားက မာနကြီးနေမှတော့ ဘယ်ကောင်းတော့မလဲ၊ သူတောင်းစားဆိုတာ သူများဆီက တောင်းစားနေရတာ၊ သူကမာနကြီးနေတယ်တဲ့၊ ဘယ်ကောင်းတော့မလဲ၊ အဲဒါကို စကားပုံကိုက သူဌေးလည်း သူဌေးမာနနဲ့တဲ့ အဲဒါသူတောင်းစားကလည်း သူတောင်းစားမာနနဲ့တဲ့။

(ခနေပြုမြို့မှာ သူဌေးကြီးတစ်ယောက်ရှိတယ်၊ သူကဈေးချိုက၊ ဈေးကနေပြီးတော့ အိမ်ပြန်လာတော့ ဆိုက်ကားကပေါ် ခါစပါ၊ အင်္ဂလိပ်ခေတ်တုန်းက၊ နောက် ဆိုက်ကားနဲ့ ပြန်အုံးမှဆိုပြီးတော့ သူကအိမ်ကိုဆိုက်ကားနဲ့ပြန်တာ၊ ဆိုက်ကားနဲ့သူ့အိမ်ကို သူပြန်ရောက်တော့ အဲဒါ ဆိုက်ကားသမားက ပိုက်ဆံတောင်းတယ်၊ ဟာ မင်းဆိုက်ကားခတောင်းတဲ့ ပိုက်ဆံက များလှပါလားတဲ့၊ သူဌေးကြီးက မင်းတောင်းတာက များလှပါလား၊ မင်းပိုက်ဆံမမြင်ဖူးဘူးလားတဲ့၊ ခင်ဗျားကကော ဆိုက်ကားစီးဖူးရဲ့လားတဲ့ ဟိုကမေးချလိုက်တာ၊ ကျုပ်ကိုတော့ ချင်ဗျားက ပိုက်ဆံမမြင်ဖူးဘူးလားမေးတယ်၊ ခင်ဗျား ဆိုက်ကားမြင်ဖူး (စီးဖူး) ရဲ့လားတဲ့၊ မခံဘူး အင်မတန်အောက်တန်းကျတဲ့ ဆိုက်ကားသမားကလည်း မခံဘူး၊ ချက်ချင်းပြန်ချတာ အဲဒါမာနတဲ့။ အဲဒီလို မာနတွေရှိတဲ့ပုဂ္ဂိုလ် ဘယ်လောက်မေတ္တာပို့ပို့ မိုးရွာအောင်ပို့မရဘူး၊ အဲဒါ ကောက်ပဲသီးနှံတွေ ကောင်းအောင်ပို့မရဘူး၊ မေတ္တာမစူးရှဘူး မာနကြီးနေလို့၊ စမ်းကြည့် အဲဒီအင်္ဂါတွေရှိတယ်၊

www.dhammaransi.com



အဲဒီ ကရဏီယစတဲ့အင်္ဂါ (၁၄) ပါးတည်းမှာ ပထမဆုံးအရေးကြီးဆုံးက နံပါတ် (၁) သက္ကောစ- စွမ်းနိုင်သူလည်း၊ အဿ- ဖြစ်ရာ၏။ ကရဏီယ (၁၄) ပါး အကရဏီယ (၁) ပါး မေတ္တာပို့တဲ့ ရှေ့နားကထားရမယ့်စိတ်၊ သမထ ဘာဝနာအလုပ် ရှေ့နားက ထားရမယ့်စိတ်၊ ကျောင်းတက်မည့်ပုဂ္ဂိုလ်ရဲ့ ရှေ့နားက ထားရမယ့်စိတ်၊ သီလ၊ သမာဓိ၊ ပညာ အားထုတ်မယ့်ပုဂ္ဂိုလ်၊ မဂ်ဖိုလ်လိုချင်တဲ့ပုဂ္ဂိုလ်တွေရဲ့ ရှေ့နားကထားရမယ့်စိတ်ကို ပုဗ္ဗဘာဂ ပဋိပဒါလို့ ခေါ်တယ်၊ ပုဗ္ဗ- ရှေ့နားကနေပြီးတော့ ထားရမယ်၊ ပုဗ္ဗဘာဂ ဒီလိုထားလိုက်ပါ၊ အဲဒီ ဥပစာထဲသွင်းလိုက်ပါ၊ ပဋိပဒါ- အကျင့်၊ အင်း- ပြောဆိုလိုတာက ကျောင်းလာတက်ကြတဲ့ သာသနာပြုမယ့်ပုဂ္ဂိုလ်တွေ ပဓာနိယင်္ဂအင်္ဂါ ငါးပါးနဲ့ပြည့်စုံရင် မေတ္တသုတ်ဒေသနာ ဘုရားဟောထားတာနဲ့ညီတယ်၊ သဘာဝလည်း ကျတယ် အဲဒါကို သတိပေးချင်တာပါ၊ အဲဒါလေး ပြောနေတာပါ။

ဒါကြောင့် ပဓာနိယင်္ဂအင်္ဂါငါးပါးဆိုတာ ဘာလည်းဆိုတော့၊ နံပါတ် (၁) ယုံကြည်ချက် ရှိရမယ်၊ သဒ္ဓါတရားကောင်းရမယ်၊ သဒ္ဓါတရားမကောင်းလို့မရဘူး၊ ဘုရား၊ တရား၊ သံဃာ ယုံကြည်ရမယ်၊ ကံ ကံ၏အကျိုးတွေကို ယုံကြည်ရမယ်၊ လုပ်ရင်ရတယ်ဆိုတာကိုလည်း ယုံကြည်ရမယ်၊ ဘယ်ဆရာတော်ကြီးတွေ ဘယ်လိုလုပ်နေတယ် အောင်မြင်တယ်တို့လည်း ဘယ်လိုလုပ်မယ် သာသနာ ဘယ်လိုပြုမယ် အဲဒီယုံကြည်ချက်ကို ကောင်းကောင်းထားရမယ်၊ ပြီးတော့ နံပါတ် (၂) ကျန်းမာရေးကောင်းရမယ်၊ ကျန်းမာရေးသတိထားရမယ်၊ မကျန်းမာတဲ့ ပုဂ္ဂိုလ် ဘာလုပ်လို့ရမလဲ၊ ဘာမှလုပ်လို့ မရနိုင်ဘူး၊ ပဓာနပြဌာန်းချက် ကောင်းကောင်း အလုပ်လုပ်မယ့်ပုဂ္ဂိုလ်က မကျန်းမာရင် မရဘူး၊ ယုံကြည်ချက် ရှိရမယ်၊ နံပါတ် (၃) က ကောက်ကျစ်စဉ်းလဲမှုမရှိရဘူး၊ စိတ်ကောင်းထားရမယ်၊ စိတ်ကိုဖြူးဖြူးဖြောင့်ဖြောင့်ထားရမယ်၊ ငါတည်းဟူသောအကြောင်းကြောင့် သာသနာတော်ကြီးဘယ်လို၊ ငါတည်းဟူသော အကြောင်းကြောင့် ငါ့ဆရာသမား တွေ ဘယ်လိုမျက်နှာမပျက်စေရဘူး၊ ငါတည်းဟူသော အကြောင်းကြောင့် ဗုဒ္ဓတက္ကသိုလ်ကြီး နာမည်မပျက်စေရဘူး၊ သွားတာလာတာ စားတာ သောက်တာ နေတာ ထိုင်တာ ပြောတာ ဆိုတာတွေကစပြီး ငါတည်းဟူသော အကြောင်းကြောင့် ငါ့အစိုးရက ငါ့ကိုအထင်မလွဲစေရဘူး၊ ငါတည်းဟူသော အကြောင်းကြောင့် ငါ့ဆွေမျိုး တွေပြုံးပျော်ပါစေ၊ အဲဒါ- အဲဒီစိတ်ထားရမယ်၊

www.dhammaransi.com



ဗုဒ္ဓတက္ကသိုလ်မှာ အဲဒါငါရှိတယ်၊ ငါလုပ်မယ်၊ ဗုဒ္ဓတက္ကသိုလ်မှာ ဆိုတဲ့ အဲဒီ ဗုဒ္ဓတက္ကသိုလ်၌ အဲဒီ (အာရာဓ) ပါဠိစီတဲ့အခါကျ သို့မဟုတ် မြန်မာစာစီတဲ့ အခါကျ အာရာဓပုဒ်ထားရတယ်၊ (၌- မှာ)။ ငါသည် ဆိုတာက ကတ္တား၊ ဗုဒ္ဓတက္ကသိုလ်၌ ငါသည်ရှိတယ်၊ အဲဒါတွေ ပြောင်းလဲသွားမှာကို တို့ကစိုးတာပါ။ **(ငါ၌) ဗုဒ္ဓတက္ကသိုလ်ကြီးရှိတယ်ဆိုရင်၊ ဒီဗုဒ္ဓတက္ကသိုလ်ကြီးကို အလွဲသုံးစား လုပ်မလို့လာတာ၊ ငါ၌က မလုပ်ရဘူး၊** ငါဆိုတဲ့ အမှယောဂက အာရာဓ မထားရဘူး အဲဒီဥပမာတွေ ဘုန်းကြီးတို့ပြောနေတာပါ၊ အဲဒီ ဥပမာတွေပြောပြီး တော့ တိုင်းပြည်ကို ဘုန်းကြီးတို့က သတိပေးနေတာပါ။ အဲဒါ မြန်မာပြည်၌ တပ်မတော် ရှိတယ်ဆိုရင်၊ ဟာ- ဘုန်းကြီးတို့ အဲဒါကိုအားကိုးနေရပါတယ်၊ အခု အဲဒီအတိုင်း လုပ်နေတယ်၊ ဒီ မြန်မာပြည်မှာ တပ်မတော်ရှိတယ်၊ ဘာမှ မကြောက်နဲ့ စသည်အားဖြင့် ဘာဖြစ်လို့တုန်း တပ်မတော်က အားကိုးရတယ် မြန်မာပြည်မှာတပ်မတော်ရှိတယ်၊ အဲဒါတွေ ပြောင်းလိုက်ရင်တို့က အဲဒါတွေ ကြောက်တာ၊ တပ်မတော်၌ မြန်မာပြည်ရှိတယ်ဆိုရင် တပ်မတော်က မြန်မာ ပြည်ကိုထင်သလိုလုပ်မယ်၊ အဲဒါတို့က စိုးရိမ်တာ၊ စိုးရိမ်စရာမရှိပါဘူး၊ အခုက စိုးရိမ်လို့ပြောတာမဟုတ်ပါဘူး၊ စာစီပုံ ပါဠိစီပုံကိုပြောတာပါ။ ဒါကြောင့်မို့လို့ အဲဒါသက္ကော- စွမ်းနိုင်သူဖြစ်ရမယ်ဆိုတဲ့နေရာမှာ ပဓာနိယင်္ဂအင်္ဂါနဲ့ ပြည့်စုံ ရမယ်၊ သဒ္ဓါတရား ကောင်းရမယ်၊ ကျန်းမာရေးကောင်းရမယ်၊ ကောက်ကျစ် စဉ်းလဲသောစိတ်မရှိရဘူး၊ စိတ်မကောက်ရဘူး ဖြောင့်ဖြောင့်ထားရမယ်၊ မာယာ၊ သာဌေယျ မရှိရဘူး၊ နံပါတ် (၄) လုံ့လဝီရိယရှိရမယ်တဲ့ မပျင်းရဘူး၊ မပျင်းရဘူး၊ စာလုပ်တဲ့အခါမှာ မပျင်းရဘူး၊ စာအံတဲ့အခါ မပျင်းရဘူး၊ ဘုရားဝတ်တက်တဲ့ အခါ မပျင်းရဘူး၊ သီလသိက္ခာ၊ သမာဓိသိက္ခာ၊ ပညာသိက္ခာ အကျင့်မြတ်က အကုသိုလ်တရားတွေ ဖယ်ရှားပြီးတော့ ကုသိုလ်တရားတွေပွားများအောင် အားထုတ်ရမယ်၊ အဲဒါ နံပါတ် (၄) ကမပျင်းရဘူး။ နံပါတ် (၅) က အသိဉာဏ် ပညာလေးလည်းရှိရမယ်တဲ့၊ ဉာဏ်ပညာ လေးထုတ်ပါတဲ့၊ စဉ်းစားပါတဲ့ စဉ်းစား ဉာဏ်တွေ အဲဒါအရမ်းမလုပ်နဲ့ နောက်ဆုံးတော့ စဉ်းစားတာက ဒီဘောပင်လေး၊ ဒီဖန်ခွက်ကလေးကို စားပွဲအလယ်ထားတာကောင်းသလား အဖျားနားထားတာ ကောင်းသလား ဆိုတဲ့ ဉာဏ်ပညာလေးနဲ့ အဲဒီ ပဓာနိယင်္ဂ အင်္ဂါငါးပါးနဲ့ ပြည့်စုံ ရင်စွမ်းနိုင်သူဖြစ်ပါပြီတဲ့၊ အဲဒါ ကမ္မဋ္ဌာန်းတရား ဘာဝနာတရား ရှာဖွေ

www.dhammaransi.com



အားထုတ်တဲ့ ပုဂ္ဂိုလ်ရဲ့အင်္ဂါနဲ့ပြည့်စုံကြပြီ အဲဒီတော့ သက္ကောစ- စွမ်းနိုင်သူလည်း၊ အသဿ- ဖြစ်ရာ၏။ အဲဒါ သက္က- စွမ်းနိုင်သူ၊ သတ္တိရှိသူအဖြစ်နဲ့ ကမ္မဋ္ဌာန်းဗုဒ္ဓတက္ကသိုလ်ကြီးကို ကိုယ်တော်တို့ ကြိုးစားပြီးတော့ ထိန်းသိမ်းပြီးတော့ စောင့်ရှောက်ဆောင်ရွက်နိုင်ကြပါစေကုန်သတည်း။

သာဓု၊ သာဓု၊ သာဓု

☸ ☸ ☸ ☸ ☸

www.dhammaransi.com



## စစ်ကိုင်းမြို့၊ မြစကြာကျောင်းတိုက်
## (၁၆)နှစ်ပြည့်အထိမ်းအမှတ် သာသနဖန်မီးအိမ်စာစောင်သို့
## သာရဏီယ ဩဝါဒကထာ

၁။ ကျောင်းလွှဲအပ်လှူဒါန်းပွဲလျှောက်ထားလွှာ (ဘဒ္ဒန္တလက္ခဏ)
၂။ သာသနာ့ကျက်သရေဆောင် (ဓမ္မဝိလာသ)
၃။ မြစကြာဆရာတော်၏လှပသောခြေလှမ်းများ (အရှင် သီလာနန္ဒာဘိဝံသ)
၄။ လပြည့်ဝန်းနှင့် ငွေကြယ်ပွင့်လေးများ (အဆွေကြည်၊ ဆတ်သွား)

စာမျက်နှာ (၄) မျက်နှာ၊ (၅) မျက်နှာရှိသော ဖော်ပြပါစာတမ်းတို့ကို ဆရာတော်ကြီးအနေဖြင့် ဖတ်ရှုရပါသည်။ မြစကြာ နာယကဆရာနှင့် စာချ၊ စာသင် အရှင်၊ ရဟန်း၊ သာမဏေ တို့အပေါ် ကြည်ညိုလေးစားလွန်းလို့ မပျင်းမရိ အချိန်ယူဖတ်ရှုခြင်းဖြစ်ပါသည်။ မည်သူနှင့် ဆက်သွယ်လို့ မည်သူက ဖတ်ပါဦးဘုရားဟု တိုက်တွန်းလို့ ဖတ်ရှုခြင်းမဟုတ်ပါ။ မြစကြာ ဦးဣန္ဒကာလင်္ကာရာဘိဝံသနှင့် စာချ၊ စာသင်အရှင် သံဃာတော်တို့၏သတင်းကို တမြေ့မြေ့ ကြားသိခဲ့ရ၍ အလွန်ကြည်ညိုစိတ်ဖြင့် (သောမနဿ) ဝေဒနာခံစားလျက် ဖတ်ရှုခြင်းဖြစ်ပါသည်။

မြန်မာနှစ် ၁၃၃၇ ခုနှစ်၌ စစ်ကိုင်းမြို့၊ မြစကြာဆေးလိပ်ခုံပိုင်ရှင် မိသားစုက ဘိုးဘွားပိုင်မြေကို ဘဒ္ဒန္တလက္ခဏ (ဓမ္မာစရိယ၊ ဓမ္မကထိက) အား လှူဒါန်း၍ တိပိဋကရေ ဓမ္မဘဏ္ဍာဂါရိက၊ အဘိဓဇမဟာရဋ္ဌဂုရု၊ မင်းကွန်း ဆရာတော်ကြီးကရေစက်ချပေးပြီး လှူဒါန်းခဲ့သောကြောင့် မြစကြာကျောင်းတိုက် ဖြစ်ပေါ်လာပုံ၊ ဓမ္မကထိက ဦးလက္ခဏမှ မြစကြာဆရာတော် ဦးလက္ခဏဟု ထင်ရှားကျော်ကြားလာပုံ စသည်စသည်ကို ပေယျာလမြှုပ် ခုန်ကျော်၍ တူတပည့်အားကိုးလောက်သော ဦးဣန္ဒကာလင်္ကာရာဘိဝံသအား လွှဲအပ်ကဏ္ဍကို အကျဉ်းချုပ်ဖွင့်ဆိုကြပါစို့။

၁၃၅၄ ခုနှစ်၊ နယုန်လပြည့်ကျော် (၁) ရက်နေ့တွင် အရှင်ဣန္ဒကာလင်္ကာရာဘိဝံသ (သ၊ စ၊ အ ဓမ္မာစရိယ)၊ အလင်္ကာရသာမဏေကျော်ဘွဲ့ရ ပရိယတ္တိဆေက အမြင့်ဆုံးသော စာမေးပွဲတန်းဆုံးအောင် စာချဆန္ဒပြင်းထန်သူ၊ သဒ္ဓါပုဗ္ဗင်္ဂမ၊ ပရဟိတ စေတနာရှင် ယခုလက်ရှိ မြစကြာနာယကဆရာတော်အား

www.dhammaransi.com



သီလဝန်၊ ဂုဏဝန်၊ ပညာဝန်ဖြစ်တော်မူသော ထင်ရှားကျော်စောသော ဆရာတော် (၁၅) ပါးနှင့် သာသနာရေးမှူး ဒကာ (၁) ဦးအား လက်မှတ် ရေးထိုးစေကာ အလွန်ပြတ်သားသော၊ အလွန်စေတနာကောင်းသော၊ သာသနာစိတ်ဖြင့် ရှာမှရှားသော ပုဂ္ဂလဝိသေသ အရှင်လက္ခဏ (မဟာ ဓမ္မကထိက ဗဟုဇနဟိတ ဓရ) သည် ပိုင်နိုင်စွာလွှဲပြောင်းလှူဒါန်းခဲ့လေသည်။

နိုင်ငံကျော်၊ နာမည်ကျော် မြစကြာဆရာတော် ဦးလက္ခဏ၏ အလွန်သားနားကျယ်ဝန်းသော၊ မြင်ကွင်းကောင်း၊ ရှုခင်းကောင်း တင့်တယ်သပ်ရပ်သော ယင်းကျောင်းတိုက်ကြီးကို အတွင်းပစ္စည်း၊ အပြင်ပစ္စည်းရှိသမျှ စားပင် သီးပင်များနှင့်တကွ မုတ္တစာဂီ စွန့်လှူခြင်းကိုစာရှုသူတို့ ကိုယ်နှင့်ယှဉ်ထား ကိုယ်ချင်းစာ လောဘတရား၊ မမာယိတ တရားများနှင့် နှိုင်းချိန်ကြည့်ရှုကာ ပတ္တာနုမောဒနာ ပုညကိရိယာဓမ္မ သာဓုကာရ ပြုတော်မူကြပါဟုသာ တိုက်တွန်းပါရစေ။

စာတမ်းအစဦး၌ ဖော်ပြခဲ့သော ဓမ္မဝိလာသစသူတို့၏စာတမ်းကို အားကျလျက် စာတစ်ပုဒ်ဖြည့်စွက် ဓမ္မပဏ္ဏာကာရတင်သွင်းလိုပါသည်။ ဂဏ သမုဋ္ဌာပ ပထမရွှေကျင်ဆရာတော်ဘုရားကြီး၏ ရွှေကျင်ဂိုဏ်းသားများ လိုက်နာရန် ဥပဒေပြဋ္ဌာန်းစာဖြစ်ပါသည်။ ယင်းဥပဒေစာတမ်းပြဋ္ဌာန်းချက်တို့ကို လက်ရှိ မြစကြာသံဃာတော်များ လိုက်နာကျင့်သုံးလျက် ရှိသည်ကို သာသနာတော်တစ်ရပ်လုံးသိစေချင်သောဆန္ဒဖြင့် တင်သွင်းခြင်းပြုပါကြောင်း ရိုးသားစွာဝန်ခံပါသည်။

မြန်မာ ၁၃၆၅ ခုနှစ်၊ ရိုက်နှိပ်ထုတ်ဝေသော ရွှေကျင်ဂိုဏ်း၊ ကျင့်ထုံးကြီး၊ ရွှေကျင်ဂိုဏ်းဥပဒေ၊ အပိုဒ် ၄၊ ၅၊ ၆ တို့သည် မြစကြာ၏ကျင့်ထုံးဖြစ်ကြောင်း အမှွမ်းတင် ဖော်ပြအပ်ပါသည်။

စာမျက်နှာ ၅၃၊ အပိုဒ် ၄။ ။ နီးရာ နီးရာ နာယကဝိနည်းဓိုရ် ဂိုဏ်းအုပ် ဂိုဏ်းချုပ် ဆရာတော်ကြီးများထံ မကြာမကြာ သွားရောက်ဆုံးမခံလျက် တစ်နှစ်တစ်ခါ သံဃာစာရင်း ပရိယတ် ပဋိပတ်စာရင်းပို့သွင်းရခြင်း။

အပိုဒ် ၅။ ။ စာမေးပွဲ စာပြန်ပွဲသဘင်အစည်းအဝေး၊ ဥပုသ်ပြု အစည်းအဝေး၊ တရားနာအစည်းအဝေးစသော သံဃာ့အစည်းအဝေးရှိသော အခါ အညီအညွတ်ကြွလာ၍ အာယောဂပတ်ဖွဲ့ခြင်း၊ ပခုံးနှစ်ဖက်ခြုံခြင်း၊ စကားတီးတိုးပြောနေခြင်း၊ စက်ဆုပ်ရွံ့ရှာဖွယ် ကျယ်လောင်စွာချွဲခန်း သလိပ်

www.dhammaransi.com



ဟက်ခြင်း၊ ဒူးထောင်ပေါင်းကားထိုင်နေခြင်း၊ တုံးလုံးပက်လက် ခြေလက်ကားရား အိပ်ငိုက်ခြင်းစသော အဂါရဝများကို ပယ်ရှားရှောင်ကြဉ်၍ထေရ်စဉ်ဝါစဉ် အတိုင်းနေကာ ရိုသေစွာနာခံရခြင်း။

အပိုဒ် ၆။ ။ "သန္နိပတိတာနံ ဝေါ ဘိက္ခဝေ ဒွယံ ကရဏီယံ ဓမ္မီ ဝါ ကထာ အရိယော ဝါ တုဏှီဘာဝေါ" (အံ၊ ၃၊ ၁၇၀၊ ဥဒါန၊ ၈၉) ဟောတော်မူသည်နှင့်ညီစွာ ဆွမ်းစဉ်ပရိတ်ရွတ် မသာအသုဘစသောအမှုကိစ္စဖြင့် သံဃာစုဝေးမိကြသောအခါ "ဘယ်အလှူမှာဟင်းချိုသည်၊ ဟင်းကောင်းသည်၊ လက်ဖက်ကောင်းသည်" စသော တိရစ္ဆာနကထာ ရယ်စရာမောစရာတို့ကို ပြောဟော၍ တသောသောရယ်မောမနေဘဲ ပဋိသန္ထာရစကား၊ သဒ္ဒါသင်္ဂြိုဟ်နှင့်စပ်သောစကား၊ ဝိနည်းအဆုံးအဖြတ်စကား၊ ဇာတ်နိပါတ် ဝတ္ထုသက်သေလာစကား၊ သံဝေဂစကား၊ သမထ ဝိပဿနာကမ္မဋ္ဌာန်း စကားစသည်များကို ပြော၍သော်လည်းကောင်း၊ တရားဓမ္မနှလုံးသွင်းလျက် စကားမပြော တုဏှီဘာသော် လည်းကောင်းနေရခြင်း။

သို့ပါသောကြောင့် မြစကြာသံဃာတော်အပေါင်း အရှင်ကောင်းတို့သည် . . .

၁။ ကျောင်းလွှဲအပ်လှူဒါန်းပွဲလျှောက်ထားလွှာ။

၂။ မြစကြာဆရာတော်၏ လှူပသောခြေလှမ်းများစာလွှာ။

၃။ သာသနာ့ကျက်သရေဆောင်စာလွှာ။

၄။ လပြည့်ဝန်းနှင့် ငွေကြယ်ပွင့်လေးများစာလွှာ။

၅။ ပထမရွှေကျင်ဆရာတော်ကြီး၏ ဥပဒေစာလွှာဖြစ်သော ဤသည် ဤသည် တို့ကိုဆက်လက်လိုက်နာကျင့်သုံးနိုင်ကြပါစေကုန်သတည်း။

၁၃၆၉ ခုနှစ်၊ တပို့တွဲလဆန်း ၉ ရက်

❁ ❁ ❁ ❁ ❁

www.dhammaransi.com



## နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့
## ဆဋ္ဌအစည်းအဝေးသို့
## သြဝါဒကထာ

နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဆဋ္ဌအစည်းအဝေးကို လေးစားထောက်ခံသောအားဖြင့် အနည်းငယ်သြဝါဒပေးလိုသည်မှာ ပထမမဟာဝိသုဒ္ဓါရုံ ဆရာတော်ကြီး၏ ထေရာနံသြဝါဒကထာ၌ပါရှိသော ဝုမိုကရဏတရား (၅) ပါးကိုဖော်ပြလိုပါသည်။

**ရဟန်းကိစ္စ နှစ်ခုရ၌**
**လုံ့လအားသည်း ဟိတ်ဟန်နည်း၍**
**ပစ္စည်းမသို စိတ်မတို ခင်ပျိုကြီးပွားကြောင်း** -- ဟူသော ရှင်လူအများ ကြားဖူးပြီးသော တရား(၅) ပါးကို ထပ်မံသတိပေးသောအားဖြင့် ပြောကြားလိုပါသည်။ ယင်းတရား (၅) ပါးဟူသည်-

၁။ ဂန္ထဓုရ- စာပေကျမ်းဂန်သင်အံလေ့ကျင့်ခြင်း (စာပို့ချခြင်း)။

၂။ ဝိပဿနာဓုရ- သီလ သမာဓိဝိပဿနာ ရဟန်းတရားများကို ပွားများ အားထုတ်ခြင်း၊ ကမ္မဋ္ဌာန်းထိုင်ခြင်း။

၃။ ပစ္စည်းလေးပါးများနှင့်စပ်လျဉ်း၍လည်းကောင်း၊ ဒကာ ဒကာမ တို့နှင့် စပ်လျဉ်း၍လည်းကောင်း၊ တပည့်များနှင့်စပ်၍လည်း ကောင်း ဟိတ်ဟန်မထုတ် ဂုဏ်မလုပ်စေမူ၍ မဝါမကြွားခြင်း။

၄။ ရရှိသော လာဘ်လာဘများကို တပည့်သံဃာကျောင်းသံဃာ များနှင့် မျှတဝေငှသုံးစွဲခြင်း၊ နှမြောတွန့်တိုမှုမရှိခြင်း။

၅။ ကျောင်းသားကိုရင်များအပေါ် ကြမ်းတမ်းစိတ်တို ဆဲဆို ငေါက်ငန်း ရိုက်နှက်ခြင်းမပြုဘဲ အပြစ်ရှိသော ကိုရင်၊ ကျောင်း သားများကို စာအံဒဏ်၊ ဘုရားရှိခိုးဒဏ်ပေးခြင်း စသည်ဖြင့် ဆုံးမခြင်း။

ဤဝုမိုကရဏခေါ် ကြီးပွားခြင်း၏ အကြောင်းတရားငါးပါးကို ဘုရားသာသနာတော်၌ လိုအပ်နေသည်ထင်၍ လိုက်နာကျင့်သုံးစေလိုကြောင်း သြဝါဒစကား ရေးသားအပ်ပါသတည်း။

❁ ❁ ❁ ❁ ❁

www.dhammaransi.com



# မန္တလေးတိုင်း၊ မတ္တရာမြို့နယ်
# သာသနာ့ဇောတာရုံစာသင်တိုက်သို့
# သြဝါဒကထာ

တိုင်း　　　- မန္တလေးတိုင်းဒေသကြီး
ခရိုင်　　　- ပြင်ဦးလွင်မြို့
မြို့နယ်　　- မတ္တရာမြို့နယ်
ကျောင်းတိုက် - သာသနာ့ဇောတာရုံစာသင်တိုက်
ဆရာတော်　 - အဂ္ဂမဟာပဏ္ဍိတ သ. စ. အ ဓမ္မာစရိယ

ဤကျောင်းတိုက်ကို စာသင်တိုက်အဖြစ်တည်ထောင်ခဲ့သည်မှာ မကြာသေး၊ ရွှေကျင်နိကာယဥပဥက္ကဋ္ဌ ကျမ်းပြုဆရာတော် အဘိဇမဟာရဋ္ဌဂုရု စစ်ကိုင်းမဟာ သုဗောဓာရုံ နာယကချုပ်ဆရာတော်ကြီးကိုယ်တိုင် ဖော်ပြပါ ကျောင်းတိုက်ကို ဖော်ပြပါ တပည့် အဂ္ဂမဟာပဏ္ဍိတဦးဝိသုဒ္ဓါစာရာဘိဝံသကို တာဝန်ပေး၍ စာသင်တိုက်အဖြစ် တည်ထောင်ခဲ့သည်။

ဦးဝိသုဒ္ဓါစာရသည် အာရာမသမုဋ္ဌာပက မဟာသုဗောဓါရုံဆရာတော် နှင့် မဟာသုဗောဓာရုံကျောင်းတိုက်ကိုတည်ထောင်သော ဓမ္မာစရိယဂုဏ်ထူးဆောင် ညီနောင် (၆) ပါးတို့၏ ဓမ္မန္တေဝါသိကတပည့်ဖြစ်သည်။ ညောင်ပင်ရွာ တစ်ရွာတည်းသား ဆွေမျိုးဉာတိလည်း တော်စပ်သည်။ ဤသို့သောပုဂ္ဂိုလ် အဂ္ဂမဟာ ပဏ္ဍိတဘွဲ့ကပ်ခံရသည်မှာ ဘာမျှမထူးသော ကိစ္စကြီးတစ်ခုဖြစ်သည်ဟု ဆိုချင်ပေသည်။ ထိုပုဂ္ဂိုလ် မတ္တရာမြို့နယ်၌ ရောက်လာသည်ကို စာသင်ပျိုနုအခြေပြု သာမဏေငယ်များကအစ နယ်စာသင်သားများ ကံကောင်းသည်ဟု ဆိုရပေမည်။

သို့အတွက် သာသနာ့ဇောတာရုံစာသင်သားများကိုသာ ဤဆရာတော်ကြီးက ဤနေရာ၌ သြဝါဒပေးချင်သည်။ အားပေးစကားပြောကြားချင်သည်။ ငယ်ရွယ်သူစာ သင်သားတို့ မြို့ကြီးပြကြီး တိုင်းကြီးပြည်ကြီးစာသင်တိုက်ကြီး များ၏ သတင်းကို တစ်ဆင့်ကြား၍ စိတ်ကစားမည်ကို စိုးရိမ်နေမိ၏။

"ချောင်းကိုပစ်လို့ မြစ်ကိုရှာ ရေသာများ၍ငါးမတွေ့" ဆိုသည့်အတိုင်း ငါးမရဘဲ အချိန်ကုန်၍ဘော်ကြော့စာသင်သားတို့ များစွာတွေ့ရ၏။ တချို့ နယ်ကပါလာသော "ပုဒ်စစ်" တို့ကိုပင် ပျောက်မေ့ကုန်ကြ၏။ ငယ်ရွယ်သည့်

www.dhammaransi.com



အချိန် ဦးဝိသုဒ္ဓါ စာရာဘိဝံသကလည်း ပညာဉာဏ်အစွမ်းကုန်ထက်မြက်သည့် အချိန်ကာလဖြစ်နေသဖြင့် ငါ့ရှင်စာသင်သား ကလေးများ သမုဒ္ဒရာမြစ်ကို အထင်မကြီးဖို့ မျက်စိမလည်ဖို့အရေးကြီးဆုံးဖြစ်၏။

တေမိဇာတ်ပါဠိတော်၌

**ယုဝါ စရေ ဗြဟ္မစရိယံ၊ ဗြဟ္မစာရီ ယုဝါ သိယာ။**
**ယုဝဿ ဗြဟ္မစရိယံ၊ ဧတံ ဗုဒ္ဓေဟိ ဝဏ္ဏိတံ။**

ယုဝါ - ငယ်ရွယ်သူသည်သာလျှင်၊ ဗြဟ္မစရိယံ - မြတ်သောအကျင့်ဟု ဆိုအပ်သော၊ ပရိယတ်စာပေအားထုတ်ခြင်းကို၊ စရေ - ကျင့်ရာ၏။ ဗြဟ္မစာရီ - ပရိယတ်စာပေ ကျမ်းဂန်သင်အံလေ့ကျက်သောသူသည်၊ ယုဝါ - ပျိုမြစ်နုနယ် ငယ်ရွယ်သာလျှင်၊ သိယာ - ဖြစ်ရာ၏။ ယုဝဿ - ပျိုမြစ်နုနယ် ငယ်ရွယ်သော သူ၏၊ ဧတံ ဗြဟ္မစရိယံ - မြတ်သော အကျင့်ဟုဆိုအပ်သော ထိုပရိယတ် ပဋိပတ်အမှုကို၊ ဗုဒ္ဓေဟိ - အဆူဆူသော မြတ်ဗုဒ္ဓ တို့သည်၊ ဝဏ္ဏိတံ - ချီးမွမ်း တော်မူအပ်၏။

ဤသို့မြတ်ဗုဒ္ဓကိုယ်တော်တိုင် ဟောတော်မူအပ်သောအချက်အလက် တို့ကို နယ်စာသင်သားများသည် "ထိပ်ထက်သံမှိုရိုက်နှက်" ထားရမည်ဖြစ်၏။ အင်းဝခေတ် စာတတ်အကျော် ပျို့ကဗျာဆရာတော်တို့ကလည်း သတိပေး အားပေးတော်မူခဲ့ကြလေသည်။

ဆက်လက်ဖတ်ရှုပါ -

**တောင်ညွန့်ကုန်းထက်၊ ကမ်းရိုးသက်ဝယ်၊ အနက်ပြည့်ဖြိုး၊ ရေပြည့်အိုးကို၊ ကြိုးကြိုးပမ်းပမ်း၊ မဖိတ်ထမ်းသည့်၊ လူစွမ်းသဖွယ်၊ ပျိုနုနယ်က၊ စင်ကြယ်သိမ်မွေ့၊ ရသေ့ရဟန်း၊ ဖြစ်ထွန်းလေငြား၊ ထိုသူအားကို၊ ဘုရားကစ၊ ပဏ္ဍိတတို့၊ လွန်လှကြည်ညို၊ ချီးမွမ်းဆို၏။**

**မှတ်ချက်** ။ ။ ကျောင်းတိုက်အာမခံဆရာတို့သည် ဤသို့သောဂါထာလင်္ကာ များဖြင့် စာသင်ငယ်သာမဏေတို့ကို ကျက်မှတ်ထားရန် တိုက်တွန်းပါ။ ဩဝါဒ ပေးသောဆရာတော်ကြီး၏ လိုရင်းအဓိကသည်လည်း ဤမှတ်ချက်ပင်ဖြစ်ပါ သတည်း။

❁ ❁ ❁ ❁ ❁

www.dhammaransi.com



## ဆရာတော်ဘုရားကြီး၏
## မှတ်တမ်း မှတ်ရာ

၁။ ၁၃၅၃ ခုနှစ်၊ ဝါဆိုလထင်ပါ၏။ အလယ်တိုက်ကြီး ဘုရားရှေ့၌ စည်းဝေးကြရာမှ ဘုရားကျောင်းကြီး ထေရာသနတိုက် စံကျောင်း ပိဋကတ်တိုက် မီတာသေတ္တာတစ်ခုတည်းအတူတူတပ်ဆင်ထားသော မီးချောင်း၊ မီးသီး၊ မီတာခကိစ္စကို ဝါဆိုဘုန်းကြီးထိန်းသိမ်းရန် တာဝန်ပေးကြ၏။ ဝါဆိုဘုန်းကြီးက တပည့်တော် ဤတိုက်နေသမျှကာလပတ်လုံး ကျောင်းတိုက်၊ ကျောင်းတိုင်း မူးစုပဲစု စုဆောင်းခွဲတမ်းချခြင်း မလုပ်ပါ။ နောက်ထပ်လိုအပ်သော မီးချောင်း၊ မီးသီးများ ကိုလည်း ဖြည့်စွက် တပ်ဆင်ပါမည်ဟု လျှောက်ထား၍ တာဝန်ယူလိုက်သည်။

(နှစ်ရက် သုံးရက်အတွင်း ချက်ချင်း မီးချောင်း၊ မီးသီး အသစ်များ တပ်ဆင်၍ မီးလင်းစေခဲ့ပါသည်။ ယခုထက်တိုင် မီတာခအခွန်များကိုလည်း ပေးသွင်းထမ်းဆောင်ဆဲဖြစ်ပါသည်။)

၂။ တိုက်တွင်း ညလုံးပေါက်မီးလင်းရေး ကုဋီကြီး ကုဋီလမ်းစသည်အပါအဝင် မီးလင်းရေးအတွက် ဉာဏ်ရှိသမျှ ကြံစည်စိတ်ကူးရှိသမျှ စည်းဝေးပြောဆိုကြရင်း ကျောင်းတိုက်ကျောင်းတိုင်း ဘဏ္ဍာငွေခွဲတမ်းချ၍ ဆောင်ရွက်ကြမည် ဆုံးဖြတ်ချက် ရှိပြီးဖြစ်၏။

ထိုစဉ် ဤတိုက်ကိုကြည်ညိုသော မြို့နယ်လျှပ်စစ်မှူးကလည်း အစိုးရမီတာခဖြင့် အပြင်မီးတိုင်နှင့်တိုက်တွင်းမီးတိုင် ဆက်သွယ်လုပ်ပေးမယ် စသည်အားပေးလျှောက်ကြားရာမှ ကံအားလျော်စွာ ရန်ကုန်ဘီအိုစီ ဦးမောင်ကြီး ရန်ပုံငွေမှ တိုက်အတွက် ငွေကျပ် (၅) သိန်းရရှိခဲ့သည်။ ယင်း (၅) သိန်းနှင့် ဝါဆိုဆရာတော် (၅) သောင်းဖြင့် ခေတ်တိုင် (၁၂) တိုင်၊ မီးကြိုး၊ မီးသီး၊ မီးချောင်း တပ်ဆင်အောင်မြင် ခဲ့ပါသည်။

(မည်သည့် နာယက ဂဏဝါစက တို့သည်သော်လည်း ကိုယ်ပိုင်သေတ္တာ မဖွင့်လိုက်ရပါပေ။)

၃။ ၁၃၆၅ ခုနှစ်၊ မဟာဝိသုဒ္ဓါရုံတိုက်သစ် နှစ်တစ်ရာပြည့်ပွဲတော်ကြီး ကျင်းပရေးအတွက် စံကျောင်းပိဋကတ်တိုက်အောက်ထပ်၌ ညှိနှိုင်းဆွေးနွေး

www.dhammaransi.com



ငွေစုဆောင်းရေး ပြောကြပါသေးသည်။ မပြီးမပြတ်ဖြစ်ရာမှ ဝါဆိုဆရာတော်ကြီး လုပ်စရာရှိတာတွေ ဆက်လက်လုပ်ရင်း -

(က) မန္တလေး စည်ပင်သာယာရေးကော်မတီ မြို့တော်ဝန် ဗိုလ်မှူးချုပ် ရန်သိမ်းက မဟာဝိသုဒ္ဓါရုံ အလယ်တိုက်ကြီးပတ်လည်နှင့် ကျောင်း အပေါက်ကြီး (၄) ပေါက်အပါအဝင် လမ်းမကြီး (၄) သွယ် ကတ္တရာ ခင်းကုန်ကျငွေ (၄၅) သိန်းကိုဝါဆိုဆရာတော်ကြီး၏ အဘိဓဇမဟာရဋ္ဌ ဂုရု ဘွဲ့တံဆိပ်ပူဇော်ခြင်း အဖြစ် မန္တလေးစည်ပင်သာယာရေးကော် မတီ၏ကုသိုလ်အဖြစ် လှူဒါန်း ကြောင်း အဆိုသွင်းအတည်ပြုသည်ဟု ကြားသိရ၏။ ဌာနမှူးတစ်ယောက် လာရောက်တရားဝင်လျှောက်ကြား ၏။

(ခ ) ကျန်နေရာအသီးသီး ကထိန်အသင်းဒါယကာများနှင့် ဝါဆိုဆရာတော် ရန်ပုံငွေဖြင့်ရွက်ဆောင်၏။

(ဂ ) ကုဋီလမ်း အုဌ်လမ်း အုဌ်ခင်းခြင်းကိစ္စအလုံးစုံကို စည်ရှင်စာချဘုန်းကြီး များကြီးကြပ်ဆောင်ရွက်ကြ၏။ ရန်ပုံငွေမှ ကုန်ကျငွေထုတ်ပေး၏။ (ဤသို့ဖြင့် နာယကဆရာတော်များ သေတ္တာဖွင့်လှစ်ခဲ့ခြင်းမပြုရသေး သည်တကား။)

**အုံဩဖွယ်ဝမ်းသာ**

စစ်ကိုင်း သီတဂူဆရာတော်နှင့် ရန်ကုန်ဝိသုဒ္ဓါရုံ ယောဆရာတော်တို့ (၂)ပါး ဤနှစ် (၁၀၀) မဟာဝိသုဒ္ဓါရုံတိုက်ပွဲတော်ကြီးတွင် ကိုယ်အား၊ ဒါနအား သာသနာပြုအား၊ လုပ်ဆောင်အားတို့ကို နံပါတ်ကုန်၊ အစွမ်း ကုန် ဆောင်ရွက်ခဲ့ကြသဖြင့် တိုက်သံဃာများ အလွန်သက်သာ ချမ်းသာ ခဲ့ကြသည်တို့ကို မှတ်တမ်းမှတ်ရာအဖြစ် တကယ်မှတ်သားချက် ပြုစုလို ကြောင်း အသိပေးအပ်ပါသည်။

၄။ ၁၃၆၈ ခုနှစ်၊ တိုက်တာသန့်ရှင်းသာယာလှပရေးအတွက် အနောက် ပေါက် ဆောင်ရွက်ကြရာတွင် ဝါဆိုဆရာတော်ကြီးက ငွေကျပ် ရှစ်သိန်း ငါးသောင်း (၈၅၀၀၀၀) အကုန်ကျခံ၍ ဉးသောဘိတာလက်ာရ၊

www.dhammaransi.com



ဉုးအာလောကတို့ ဆောင်ရွက်ခဲ့ကြပါသည်။ ဂဏဝါစက အစည်းအဝေး ဆုံးဖြတ်ချက်အရ မညီညွတ်ခြင်းသည် ဂဏဝါစကနာယကအားလုံးတို့၏ တာဝန်သာဖြစ်သည်ဟု ဝါဆိုဆရာတော်ကြီးက ယူဆထားပါသည်။

သို့သော်လည်း မကြာမီ အားလုံးသာယာလှပတင့်တယ်လိမ့်မည် ဖြစ် ကြောင်းမျှော်လင့်တော်မူကြပါရန် လျှောက်ထားအပ်ပါသည်ဘုရား။

## လက်ရေတွင်း + စက်ရေတွင်း

၅။ ဖော်ပြပါ ရေတွင်းတို့ကို တိုက်တွင်းမည်သည့်နေရာပဲဖြစ်ဖြစ် တူးဖော်ထားသည်ဆိုရင် အားလုံးသံဃိကဖြစ်သည် သံဃာအများပိုင်သည်ကို သာမဏေယ်ကစ သိပြီးဖြစ်ကြပါသည်။ သောက်ရေခပ်၊ သုံးရေခပ်၊ ရေချိုးခြင်း စသည် တစ်ပါးပါး အသုံးပြုလာပါလျှင် စည်းပျက်သူ မဟုတ်ပါက ခွင့်ပြုရမည်သာဖြစ်ပါသည်။ ဤတိုက်အတွင်း၌ တတိယ သာသနာပိုင် ဒီပဲယင်းဆရာတော်ကြီးလက်ထက် ၁၂၈၈ ခုနှစ်လောက် မှာ ထွန်းပေါ်လာသော ရေတွင်းများစွာအနက် -

(၁) ကုဋီကြီးနားရှိရေတွင်းကို "သုံးရေတွင်း" အဖြစ် ကနုတံဆေး၊ သန့်သက် ရေခပ်စသည်အသုံးပြုဖို့ တစ်ကျောင်းတည်း စီမံပိုင်ခွင့်မရှိသော ရေတွင်းဟူ၍ သတ်မှတ်ကြပါသည်။

(၂) ထို့အတူ စံကျောင်းရေတွင်းကို "သောက်ရေတွင်း" အဖြစ်ထားရှိ လျက် မွန်းတည့် (၁၂) နာရီကျော်လျှင် ရေမချိုးရအမိန့်ထုတ်ကတိပြု စောင့်စည်းကြရာမှ ညနေသောက်ရေအဖြစ် တိုက်တွင်းကိုရင်များရော နီးနားရပ်ကွက်မိန်းမတွေပါ အလှည့်ကျရေခပ်ကြရ၏။ ယင်းရေတွင်း နှစ်တွင်းသည် အများစုပေါင်း စီမံပိုင်ခွင့်ရှိသော ရေတွင်းနှစ်တွင်း ဖြစ်သည်။ ထိုမှ ကျန်ရေတွင်းများကား တစ်ကျောင်း၏သာ စီမံပိုင်ခွင့် ရှိသော ရေတွင်းများဖြစ်သည်။ သို့သော် သံဃိကသာဖြစ်၍ ပုဂ္ဂလိက မဟုတ်ကြောင်းသိကြရမည်။

သံဃိက ဖြစ်သော်လည်း ကုဋီသန့်သက်ရေ သံဃာချမ်းသာရေးအတွက် ဇမ္ဗူ့မော်ကျောင်းက စက်သီး၊ ရေပုံး၊ ရေပုံးကြိုးကအစ တာဝန်ယူ ခဲ့သည့်အလျောက် အမြဲတမ်းတာဝန်ယူရမည်။

www.dhammaransi.com



စံကျောင်းတွင်းကိုမူ ဝါဆိုကျောင်းက ဇမ္ဗူ့မော်ကွဲသို့ မည့်သည့်သံဃာ ဖြစ်ဖြစ် ရေချိုးခြင်းစသည် သုံးဆောင်မှုပြုဖို့အတွက် စက်သီး၊ ရေပုံး၊ ရေပုံးကြိုးများ တပ်ဆင်မှုတာဝန်ယူရမည်။

**မှတ်ချက်။** ။ စက်ရေတွင်း + လက်ရေတွင်းဟူသမျှ တိုက်သံဃိက ဖြစ်သည့် အတိုင်း နာယက ဂဏဝါစကတို့သည်သာ အမြဲစောင့်ရှောက် ထိန်းသိမ်း တာဝန်ယူရမည်ဖြစ်ကြောင်း။

ဝါဆိုဆရာတော်
မဟာဝိသုဒ္ဓါရုံတိုက်သစ်

❁ ❁ ❁ ❁ ❁

www.dhammaransi.com



## သောဠသမအကြိမ် ရွှေကျင်ဂိုဏ်းသံဃာ့အစည်းအဝေးကြီး၏ ပဉ္စမအကြိမ် ဂိုဏ်းလုံးဝန်ဆောင်နာယကအစည်းအဝေး ဩဝါဒကထာ

ဝန်ဆောင်အစည်းအဝေးသို့ကြွရောက်တော်မူလာကြသော ဆရာတော် သံဃာတော်အရှင်မြတ်တို့ဘုရား၊ ယမန်နှစ် ဝန်ဆောင်အစည်းအဝေးဆုံးဖြတ်ချက် အပိုဒ်(၆)၌ -

"ဥပစာရသိမ် ဝါဆိုခေတ် တစ်ခေတ်တွင် ကထိန်နှစ်ခု၊ သုံးခုစသည် ခံယူခြင်း၊ ကထိန်ခင်းခြင်း၊ အပြိုင်အဆိုင် ကထိန်ခံယူခြင်းတို့ကို ရွှေကျင်ဂိုဏ်းဝင် ကျောင်း၊ ကျောင်းတိုက်အားလုံးက ရှောင်ကြဉ်ကြရန်"ဟု ဆုံးဖြတ်ခဲ့ကြပါသည်။ ဤဆုံးဖြတ်ချက်နှင့်စပ်လျဉ်းပြီး တပည့်တော်အနည်းငယ် ပြောကြားလိုပါသည်။

"ကထိန်" ဟူသောဝေါဟာရသည် ထူးခြားဆန်းကြယ်သော ဝေါဟာရ ဖြစ်ပါသည်။ ထို့ကြောင့် ပရိဝါပါဠိတော် (၃၀၈) ၌ "ကထိနံ ဇာနိတဗ္ဗံ = ကထိန်ကို သိအောင်ပြုရမည်" ဟုတိုက်တွန်းတော်မူပြီး "တေသညေဝ ဓမ္မာနံ သင်္ဂဟော သမဝါယော နာမံ နာမကမ္မံ" စသည်ဖြင့် "ကထိန်ဆိုတာ ရုပ်၊ နာမ်တရားတွေ စုပေါင်းနေသော သမူဟပညတ်ဖြစ်ကြောင်း ဟောကြားတော်မူပါသည်။ ဤအကြောင်းကို ဝိနယာ လင်္ကာရဋီကာ (၂။၈၉) က အကျယ်ရှင်းပြတော်မူပါသည်။ ထို့ပြင် ဋီကာတို့က "အကျိုးအာနိသင်ငါးပါး ပြင်လွင်တစ်ပါး မထွက်သွားစေဘဲ ခိုင်မြဲတည်တံ့သော အနက်သဘောကြောင့်လည်းကောင်း၊ ဘုရား အစရှိသော ပညာရှိသူတော်ကောင်းတို့ ချီးမွမ်းအပ်သော အနက်သဘောကြောင့် လည်းကောင်း၊ "ကထိန" ဟုခေါ်ဆိုရကြောင်း ဖွင့်ပြတော်မူကြပါသည်။

အဋ္ဌကထာဆရာမြတ်တို့ကမူ "ဣဒံ ကထိနဝတ္ထုံ နာမ ဗုဒ္ဓပသတ္ထံ" ဟူ၍လည်းကောင်း၊ "ကထိနံ နာမအတိဥက္ကဋ္ဌံ ဝဋ္ဋတိ၊ မာတရံပိ ဝိညာပေတုံ န ဝဋ္ဋတိ၊ အာကာသတော ဩတိဏ္ဏာ သဒိသမေဝ ဝဋ္ဋတိ = ကထိန်မည်သည် အလွန်မြင့်မြတ်မှုအပ်စပ်သည်၊ အမိကိုသော်လည်း တောင်းခြင်းငှာမအပ်၊ အာကာသမှ ကောင်းကင်ဝမှ လျှောကျလာသော အရာဝတ္ထုပမာ အလွန်စင်ကြယ်မှသာ အပ်စပ်သည်" ဟူ၍လည်းကောင်း ဖွင့်ပြတော်မူကြပါသည်။ ထို့ကြောင့် တစ်နှစ်မှာ တစ်ခါသာတွေ့ကြုံရသည့် ဒုလ္လဘဒါန ကထိနအလှူကို ပေးလှူသူ ဒကာ၊ ဒကာမများလည်း အကျိုးများ၊ ခံယူသူသံဃာတော်များသည်

www.dhammaransi.com



ဝိနည်းတရားတော်နှင့်ညီညွတ်၍ အပြစ်မှ ကင်းလွတ်ကာစင်ကြယ်သော အကျိုးများရရှိအောင် ရွှေကျောင်ဂိုဏ်းသံဃာတော်များအနေဖြင့် သတိ၊ သမ္ပဇဉ်အမြဲယှဉ်ကာ ဆောင်ရွက်တော်မူကြပါရန် တိုက်တွန်းနှိုးဆော်ပါသည်။

ကထိနဒါနသည် သင်္ကန်းအလှူပင်ဖြစ်သော်လည်း ကထိနကံ၏ သိမ်မွေ့နက်နဲမှုကြောင့် ကထိန်နှင့်စပ်သည့်သိမှတ်ဖွယ်ရာတို့ကား များပြားလှပေသည်။ ထို့ကြောင့် ဝိနိစ္ဆယ ကျမ်းတိုင်းလိုလိုမှာပင် ကထိနဝိနိစ္ဆယများ ပါဝင်နေသည်ကိုတွေ့ရပါသည်။ ဥပမာ - ကထိန် သင်္ကန်း၏ဖြစ်သင့်သော သံဃိက၊ ဥပစာရသိမ်တွင်း သိမ်ပ၌ ကထိန်သင်္ကန်းလှူဒါန်းပုံ ဥပစာရ သိမ်အပ၌ ကထိနကံ ဆောင်ထိုက်/မဆောင်ထိုက်၊ ကထိန်ကိုနှုတ်ပြီး တစ်ဖန်ပြန်၍ ခင်းကောင်း/မခင်းကောင်းနှင့် ဥပစာရသိမ် ကျောင်းတိုက်တစ်ခုအတွင်း ကထိန်နှစ်ခုသုံးခု ခင်းကောင်း/မခင်းကောင်း စသည်တို့ဖြစ်ပါသည်။ ကျောင်းတိုက်တစ်ခုအတွင်း ကထိန်နှစ်ခု သုံးခုခင်းခြင်းနှင့်စပ်လျဉ်း၍ အဋ္ဌကထာကျမ်း(ဝိ ၊ ဋ္ဌ ၊ ၃။ ၃၉၁။ ဝိ ၊ ဝင်္ဂဟ။ ၃၀၀) တို့၌ ဤသို့မိန့်ဆိုတော်မူကြပါသည်။

"သစေ ပန ဧကသီမာယ ဗဟူ ဝိဟာရာ ဟောန္တိ၊ သဗ္ဗေ ဘိက္ခူ သန္နိပါတေတွာ ဧကတ္ထ ကထိနံ အတ္ထရိတဗ္ဗံ၊ ဝိသုံ ဝိသုံ အတ္ထရိတုံ န ဝဋ္ဋတိ"

ဖော်ပြပါ အဋ္ဌကထာကျမ်းတို့အရ "တစ်ခုသော ဥပစာရသိမ်တစ်ခုသော ကျောင်းတိုက်အတွင်း၌ ကျောင်းပေါင်းမည်မျှပင်များစေကာမူ တစ်နေရာတည်း စုပေါင်း စည်းဝေး၍ ကထိန်တစ်ခုတည်းကိုသာခင်းအပ်သည်။ ကထိန်နှစ်ခု သုံးခု စသည် မခင်းအပ်" ဟူသော အနက်အဓိပ္ပာယ်သည် ပေါ်လွင်ထင်ရှားလှပါသည်။ ထို့ကြောင့် ဝဇိရဗုဒ္ဓိဋီကာ (၄၈၉) ဆရာက "ဣဒဉ္စ ဝစနံ သဗ္ဗေသံယေဝ ဧကော ကထိနတ္ထာရောတိ ဒီပေတိ" ဟုမိန့်ဆိုတော်မူပါသည်။ ဤစကားနှင့် စပ်လျဉ်း၍ ဝဇိရဗုဒ္ဓိဋီကာဆရာ မိန့်ဆိုချက်တို့ကား လေးနက်ကယ်ဝန်းလှပါသည်။

ခင်းပြီးကထိန်နှင့်တူမျှသော လာဘ်၊ ပိုလွန်သောလာဘ်တို့ကို ကထိန်အာနိသင်မရသော ရဟန်းအားလုံး လာဘ်မျှအောင် လှူဒါန်းလိုသူ ဒကာက တောင်းပန်လျှင် ခင်းပြီးသော ကထိန်ကိုနှုတ်ရကြောင်း ဘိက္ခုနီပါစိတ် ကထိနုဒ္ဓါရ သိက္ခာပုဒ်ပါဠိ၊ အဋ္ဌကထာတို့၌ မိန့်ဆိုတော်မူကြပါသည်။ ကထိန်ကိုနှုတ်၍

www.dhammaransi.com



နောက်ထပ်တစ်ဖန် ကထိန်ကိုခင်းဖူးကြောင်း ထုံးဟောင်း သာဓကလည်းမရှိ၊ ပါဠိ၊ အဋ္ဌကထာ၊ ဋီကာတို့၌လည်း မိန့်ဆိုခြင်းမရှိသောကြောင့် ကထိန် ထပ်၍ မခင်းသင့်ကြောင်း "ဝိသုဒ္ဓါရုံအဆုံးအဖြတ်ကျမ်း" ၌ ဆုံးဖြတ်ပြီးဖြစ်ပါသည်။

ကျောင်းတိုက်တစ်ခုအတွင်း ကထိန် နှစ်ခုသုံးခုခင်းခြင်းနှင့် ခင်းပြီး ကထိန်နှုတ်၍ နောက်ထပ်ကထိန်ခင်းခြင်းတို့သည် ကျောင်းတိုက်သံဃာများ လောဘအစွန်း၊ ဒေါသအစွန်း ထွက်ကာ အချင်းချင်းမညီညွတ်ကြောင်း ပေါ်လွင်စေပါသည်။ ထို့ကြောင့် အချင်းချင်း မညီညွတ်ခြင်းအကြောင်း မကောင်းမှု အကုသိုလ်တရားတို့ကို စွမ်းအားရှိသမျှ ပယ်ရှားတော်မူကြပြီးလျှင် ကပ္ပိယာကပ္ပိယ ဝိနည်းတရားတို့ကို သင်ကြားလေ့ကျက် ဆောင်ရွက်ဟောကြား တော်မူကြလျက် သာသနာတော်ထမ်း ရှင်၊ ရဟန်းတို့နှင့်တကွ ကိုးကွယ်သူ လူဒကာ၊ ဒကာမများပါ လွန်စွာအကျိုးများအောင် ကြိုးစားအားထုတ်တော်မူကြ ရန် အလေးအနက် တိုက်တွန်းနှိုးဆော်လိုက်ပါသတည်း။ ။

**၁၃၆၈ ခုနှစ်၊ နတ်တော်လဆန်း (၇) ရက်၊ (၂၆–၁၁–၂၀၀၆)**

☸ ☸ ☸ ☸ ☸

www.dhammaransi.com



## ရွှေကျင်ဂိုဏ်းနှစ် ၁၅၀ ပြည့် သာသနပူဇော်ပွဲကျင်းပရန် အစည်းအဝေးဩဝါဒ

၁၂၂၂ ခုနှစ် ရွှေကျင်ဂိုဏ်းကြီး စတင်ပေါ်ပေါက်လာတာက ပိုစတာတို့၊ ဆိုင်းဘုတ်တို့၊ ခတ်တိုင်စာဆွဲတာတို့၊ ဗီနိုင်းနဲ့ကြော်ငြာတာတို့၊ သတင်းစာထဲ ထည့်တာတို့ ဘာမှမဟုတ်ပါဘူး။ အလိုအလျောက် ရွှေကျင်ဂိုဏ်းကြီးဖြစ်ပေါ် လာတာပါ။ မင်းတုန်းမင်းကြီးက ဆရာတော်ဘယ်မှ မကြွပါနဲ့။ လွတ်လွတ် လပ်လပ်ဒီမှာ သာသနာပြုပါ။ ပြီးတော့မှ သာသနာပိုင်ကိုလည်း သွားလျှောက် ခိုင်းတယ်။ ရွှေကျင်ဆရာတော်ကို ခေါ်လား၊ ပြုလား၊ ဆင့်လား၊ ဆိုလား မလုပ် ပါနဲ့။ လွတ်လွတ်လပ်လပ်နေပါစေ။ ဒါလေးပြောတာ။ ရွှေကျင်ဆရာတော်က သူ့ဖာသာ သူနေတာ။

ရွှေကျင်ဆရာတော်ဘုရားကြီး အကျင့်ကောင်းတော့၊ အနေအထိုင် ကောင်းတော့၊ စည်းကမ်းကောင်းတော့ အဲဒီကျမှ သံဃာတွေ များလာတာ။ ရွှေကျင်ဆရာတော်ကြီးက ရွှေကျင်ရွာသားမို့ ရွှေကျင်ရွာကိုအကြောင်းပြုပြီးတော့ ရွှေကျင်ဆရာတော်လို့ အမည်ထွက်လာတာ။ ရွှေကျင်ဆရာတော်ရဲ့ အနေ အထိုင်၊ စည်းကမ်း၊ ဆုံးမဩဝါဒတွေကြိုက်လို့ လာနေကြတာ။ အဲဒီမှာတင် ကျောင်းတိုက်ကြီး (၅) တိုက်ဆောက်ပေးပြီးတော့ သံဃာတစ်ထောင်ကျော် လောက်ကိုအကြာကြီးပဲ မင်းတုန်းမင်းကြီးက မနက်ဆွမ်း၊ နေ့ဆွမ်းဆက်ကပ်တာ။

အဲဒီလိုဖြစ်လာတဲ့ ရွှေကျင်ဂိုဏ်းဆိုတာလည်း နဂိုကကြာဖူးကြပါလိမ့် မယ်။ ဒီရွှေကျင်ဂိုဏ်းကြီးကို ၁၂၂၂ ခုနှစ်က သက်သက်တည်ထောင်တာ မဟုတ် ဘူး။ အလိုအလျောက် သယံဇာတ သဘာဝကပေးလိုက်တာ။ အခြေအနေက ပေးလိုက်တဲ့ဂိုဏ်းကြီး၊ အခြေအနေက ဒီကုသိုလ်တွေ၊ ဒီစည်းကမ်းတွေ၊ ဒီသာသနာတော်ကြီးကို လူသားတွေယူကြ တော့ဆိုပြီးတော့ အခြေအနေက ပေးလိုက်တာ။ အခြေအနေကပေးလိုက်တဲ့ ရွှေကျင်ဂိုဏ်း သာသနာတော်ကြီး ဟာ ၁၂၂၂ ခုနှစ်ကတည်ထောင်တယ်။ ယခု ၁၃၇၂ ခုနှစ်ဆိုတော့ နှစ် (၁၅၀) ပြည့်ပြီပေါ့။

မန္တလေးမြို့တော်ကြီးတည်ထောင်လာတာ "အုတ်ကျစ်ကျော်အေး" ဆိုတဲ့ ၁၂၂၀ ခု၊ ရွှေကျင်ဆရာတော်ကြီး ဒီရောက်လာလို့ တည်ထောင်တဲ့သဘော ဖြစ်သွားပြီးတော့ ရွှေကျင်ဂိုဏ်းကြီး စတင်ပေါ်ထွန်းလာတာက ၁၂၂၂ ခု၊

www.dhammaransi.com



တစ်နှစ်ပဲကွာတယ်။ အဲဒါကို ၁၂၂၁ ခုနှစ်မှာ မန္တလေးမြို့တော်ကြီးတည်ထောင် တော့ လွန်ခဲ့တဲ့ ၁၃၇၁ ခုနှစ်မှာ မန္တလေးမြို့ နှစ် (၁၅၀) ပြည့်ဆိုပြီးတော့ ပွဲတွေ၊ ဘာတွေလုပ်ကြတယ်။ အဲဒီသူတို့ပွဲက ခြောက်တီးခြောက်တောက် လုပ်ပေမဲ့ တို့ရွှေကျင်နိကာယ နှစ် (၁၅၀) ပြည့်ပွဲကြတော့ စည်စည်ကားကား၊ သားသားနားနား ဘယ်လိုလုပ်မလဲ။ ဆောင်းပါးတွေရေး၊ စံကင်းရွာဘုန်းကြီးက ဆောင်းပါးတွေရေးနဲ့မို့ လွန်ခဲ့တဲ့သတ္တရသမအစည်းအဝေးကြီးက နှစ် (၁၅၀) ပြည့်ပွဲလုပ်ဖို့ ဆုံးဖြတ်ချက်ချခဲ့တယ်။

နှစ် (၁၅၀) ပြည့်ပွဲတော်ပြုလုပ်ဖို့ ပေါ်လာတာကတော့ သတ္တရသမ အစည်းအဝေးကြီး ကစတင်ပေါ်လာတာ။ အဲဒီမှာ ဆုံးဖြတ်ချက် ပါလာတာ။ ရွှေကျင်ဂိုဏ်းကြီး တည်ထောင် စတင်ပေါ်ပေါက်လာတဲ့နေ့က စပြီးတော့ အခု နှစ် (၁၅၀) ပြည့်နေပြီ။ နဂိုက ရွှေကျင်ဆရာတော် ကြီးတစ်ပါးတည်းရယ်။ နောက် ရွှေကျင်(၅)တိုက်၊ သံဃာတွေတစ်ထောင် ဒါပဲရှိတာ။ နောက် မန္တလေးမြို့ အနီးအပါးမှာ နှစ်ထောင်၊ ပေါင်း သုံးထောင်။

ယခု သံဃာ (၅) သောင်းလောက်ရှိတယ်။ ဂိုဏ်းကြီးဟာ အနယ်နယ် အရပ်ရပ် တိုင်းကြီး (၇) တိုင်းနဲ့ ပြည်နယ် (၇) ခု၊ ပေါင်း (၁၄) ခုမှာ ချင်းပြည် နယ်နဲ့ တနင်္သာရီတိုင်းကြီးမှာတော့ အခုမရှိဘူး။ ဒီပြင် တိုင်းကြီး (၆) ခုနဲ့ ပြည်နယ် (၆) ခု၊ ပေါင်း (၁၂) ခုမှာတော့ ရွှေကျင်ဂိုဏ်းသံဃာတွေရှိတယ်။ တစ်ခုရှိသေး တယ်။ ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးက လျှောက်တယ်။ ချင်းပြည်နယ်ကို ဆရာတော်ကြွပါဦးတဲ့။ တနင်္သာရီတိုင်းကြီးကိုလည်း ကြွပါဦးတဲ့။ ရွှေကျင်ဂိုဏ်း မရှိလို့မဖြစ်ဘူးတဲ့။ ရှိမှဖြစ်မှာ၊ ကောင်းမှာပါတဲ့။ တပည့်တော် အကြံဉာဏ် ပေးပါ တယ်။ ကြွကြွပါဘုရားတဲ့။ ဆရာတော်တို့ ဂိုဏ်းထုံးစံ ဘယ်လိုရှိပါသလဲဟု လျှောက်ထားတယ်။

ဘုန်းကြီးတို့က မရှိတဲ့နယ်ကိုသွားပြီးတော့ ချိုချဉ်တွေပေး၊ လက်ကိုင်ပဝါ တွေပေး၊ လက်သုတ်ပဝါတွေပေး၊ ဆေးဝါးတွေပေးပြီး အဲဒီလိုသာသနာပြုတာ မဟုတ်ဘူး။ အဲဒီလို အင်ပါယာချဲ့တာမဟုတ်ဘူး။ ရွှေကျင်ဂိုဏ်းက ရွှေကျင်ဂိုဏ်း အကျင့်အတိုင်းနေမယ်ဆိုရင် ရွှေကျင်ဂိုဏ်း ကျင့်ထုံးကြီးအတိုင်း လိုက်နာနေ မယ်ဆိုရင် လာပြီးလျှောက်ပါ။ လက်ခံသင့်၊ လက်ခံမယ်။ ဒီလိုနေတဲ့ဂိုဏ်းပါ။ အဲဒီတော့ ချင်းပြည်နယ်ကိုဘုန်းကြီးတို့ သွားဖို့ရာအစီအစဉ် မရှိပါဘူး။ ဒုတိယ

www.dhammaransi.com



ဗိုလ်ချုပ်ကြီးမောင်အေးက "မရှိဘူးလား" ဘုရားဟု မေးလျှောက်တယ်။ မရှိပါဘူးလို့။ အဲဒီလိုလိုက်လံပြီး သာသနာပြုတဲ့ဂိုဏ်း၊ အင်ပါယာချဲ့ပြီးတော့ ကြီးပွားနေတဲ့ဂိုဏ်း မဟုတ်ပါဘူး။

အကျင့်ကို၊ စည်းကမ်းကို၊ ပရိယတ်၊ ပဋိပတ် အခြေအနေကိုကြည့်ပြီး တော့ တိုးတိုးလာလို့ရွှေကျင်ဂိုဏ်းက၊ ရွှေကျင်ကျောင်းတွေအများကြီးဖြစ်နေတာ။ ဝိနည်းစာပြန်ဌာနကို (၁၀၀) လောက်ရှိတာ။ နောက်ဆုံး သံဃာ (၅) သောင်း လောက်ရှိတယ်။ အလျှော့၊ အတင်းလဲ ရှိပါတယ်။ (၄) သောင်းကျော် (၅) သောင်းလောက်အမြဲရှိတယ်။ အဲဒီလိုဖြစ်လာတဲ့ဂိုဏ်းပါ။ တိုတိုပြောရရင်တော့ အဲဒီလိုဖြစ်လာတဲ့ဂိုဏ်းကြီးက နှစ် (၁၅၀) ပြည့်လာတာ။ အဲဒီ နှစ်(၁၅၀)ကြီးကို ပြန်ပြီးသတိရသင့်၊ အောက်မေ့သင့်၊ ကောင်းတာလေးတွေကို စမြုံ့ပြန်သင့် တယ်။

ရွှေကျင်ဂိုဏ်းသံဃာတော်အများစုဆန္ဒက ရွှေကျင်နိကာယ နှစ် (၁၅၀) ပြည့်ပွဲကြီးကို မန္တလေးမြို့ နှစ် (၁၅၀) ပြည့်ပွဲတော်ကြီးထက် ပို၍ကြီးကြီး ကျယ်ကျယ်၊ သပ်သပ်ရပ်ရပ်၊ ကျစ်ကျစ်လစ်လစ် ဖြစ်စေချင်ကြတာ။ အဲဒါ ပွဲကြီးကို ပြာသိုလဆန်း (၁၃၊ ၁၄) ရက်၊ (၂) ရက်ကျင်းပမယ်။ (၁၄) ရက်နေ့ မနက် (၈) နာရီမှာ ပိဋကတိုက်ကြီးကိုဖွင့်မယ်။ နဂိုက ပိဋကတိုက်ကြီးကို ဘုမ္မာသကဆောက်လုပ်ဖို့ပဲ။ အခုတော့ နယူးစတားရွှေဆိုင် ဇနီးမောင်နှံက တစ်ဦးတည်းတာဝန်ယူပြီးတော့ ဦးကျော်ဝေတို့ အောင်ကောင်းကျော် ကုမ္ပဏီက သားသားနားနား၊ ခမ်းခမ်းနားနား ဆောက်လုပ်နေတယ်။ အဲဒါ နှစ် (၁၅၀) ပြည့်အထိမ်းအမှတ်ကြီးပေါ့။ ထီးထီးမားမား ပြနိုင်အောင်ပေါ့။

နှစ် (၁၅၀) ပြည့် အထိမ်းအမှတ်ဆိုတာ ဒါကြီးပါဆိုပြီး ပြနိုင်အောင်။ ရွှေကျင်ဂိုဏ်းက နှစ် (၁၅၀) တောင်ပြည့်သွားပြီဆိုတာကိုသိအောင် အဲဒီ အဆောက်အဦးကြီးဆောက်တာ။ အဲဒီအဆောက်အဦးကြီးထဲမှာ ဥက္ကဋ္ဌ၊ ဥပဥက္ကဋ္ဌတွေရေးတဲ့ စာအုပ်တွေ၊ စာတမ်းတွေ အမြဲထားဖို့။ စာအုပ်တွေမကျန် အောင် အဲဒီစာအုပ်တွေဘယ်လိုစုဆောင်းမလဲ။ ဘယ်လိုခေါ် မလဲ။ ဘယ်လို ထုတ်မလဲ။ မဟာဂန္ဓာရုံက စာအုပ်တွေလိုချင်ရင် ဘယ်သူ့တာဝန်ပေးမလဲ။ ဘယ်လိုရအောင်လုပ်မလဲ။

အခမ်းအနားကို ပြာသိုလဆန်း (၁၄) ရက်နေ့ နံနက် (၈) နာရီမှာဖွင့်မယ်။

www.dhammaransi.com



ဖွင့်တော့ ဒကာ၊ ဒကာမတွေ၊ ပင့်သံဃာတွေကို ပင့်တဲ့အခါကျတော့ ဆွမ်းကပ်ရမှာ။ တချို့သံဃာတွေက (၁၃) ရက်မနက်ရောက်မှာ။ ဒီတော့ (၁၃) ရက်၊ (၁၄) ရက်၊ အရုဏ်၊ နေ့ဆွမ်းစီစဉ်ထားရမယ်။ ညအိပ်ဖို့နေရာပြင်ထားရမယ်။ (၈) နာရီမှာ အခမ်းအနားဖွင့်ပြီး နေ့ဆွမ်းကပ်ရမယ်။ အဲဒီမှာ လူတွေဘယ်လောက်ဖိတ်မလဲ။ ဘယ်လောက်ကျွေးမလဲ။ အဲဒါကို အဖွင့်မိန့်ခွန်းထဲမှာ ထည့်ပြောရဦးမယ်။ တို့သဘောကျတာကတော့ (၁၄) ရက်နံနက်ထမင်းကို အနီးအနားက ရွှေကျင်၊ ဘုန်းတော်ကြီး၊ အောင်ချမ်းသာ စသည် အကုန်ဖိတ်ကျွေး၊ လူတွေများများလာ။ ဒါဘာလုပ်တာလဲ။

နှစ် (၁၅၀) ပြည့်ပွဲကိုလူတွေသိအောင်၊ တို့က ပတ်မတီးပြီးတော့ လူတွေသိအောင်မလုပ်ဘူး။ အသံချဲ့စက်နဲ့သိအောင်မလုပ်ဘူး။ ဗိုင်းနဲ့လည်းမကြော်ငြာဘူး။ အဲဒီလို ထမင်းကျွေးပြီး စည်စည်ကားကားလုပ်ချင်တာ။ ဖြစ်အောင်ကတော့ ဒကာတွေစီစဉ်ကြပေါ့။ ဒီနားပတ်လည် ရွာတွေအကုန်ဖိတ်ပြီး စတုဒိသာကျွေး၊ လူပေါင်းလေးထောင်ဖြစ်ဖြစ်၊ ငါးထောင်ဖြစ်ဖြစ်၊ တစ်သောင်းဖြစ်ဖြစ် အဲဒီလို ကျွေးချင်တာ။ အဲဒါထည့်ပြီး စဉ်းစားရမှာ။ လူတွေသိအောင်လုပ်ချင်တာ။ လူတွေသိအောင် အသံချဲ့စက်နဲ့ ရွှေမန်းတင်မောင်၊ စိန်အောင်မင်းငှားပြီးလုပ်တာမဟုတ်ဘူး။ ရန်ကုန်က ရုပ်ရှင်မင်းသား၊ မင်းသမီးတွေငှားပြီး လုပ်တာမဟုတ်ဘူး။ ထမင်းကျွေးပြီး လုပ်ချင်တာ။ ဖြစ်ကတက်ဆန်းတော့မကောင်းဘူး။ စတင်ပြီး အကြံညာဏ်ပေးတဲ့ဘုန်းကြီးကလည်း ဖြစ်ကတက်ဆန်းလုပ်မှာကို စိုးရိမ်နေတာ။

သတ္တရသမအကြိမ် အစည်းအဝေးကြီးမှာ ဆုံးဖြတ်ချက်ချဖို့ရာ အကုန်လုံးသဘောတူတယ်။ လုပ်မယ်လို့ဆုံးဖြတ်ချက်ချတယ်။ ဒကာ မောင်မျိုးသန့်တို့က လူတွေဘက်က အကျိုးဆောင်နော်။ ဉးကျော်ဝေတို့ ဒကာကြီးတွေအကုန်ပဲ။ ဒကာကြီးတွေနဲ့ ဒီဘုန်းကြီးတွေ အကုန်လုံးလုပ်ကြတာ။ ဘယ်သူမှမသေသေးဘူး။ အကုန်လုံးအသက်ရှင်လျက်ပဲ။ လူတွေသိ အောင်ဘယ်လိုလုပ်မလဲ။ စည်ကားအောင်ဘယ်လိုလုပ်မလဲ။ အထိမ်းအမှတ် အဆောက်အအုံကြီးကတော့ ပြီးနေပြီ။ ဒါတွင်မဟုတ်ပဲ အုတ်အော်သောင်းနင်းနဲ့ ထမင်းကျွေးပြီးတော့ လုပ်ချင်တဲ့အစီအစဉ်လေးအဖွင့် မိန့်ခွန်းထဲထည့်ပေးတာပါ။ နောက်ပိုင်း သံဃာတွေ ဘယ်လိုပင့်မယ်၊ ဘယ်လိုလုပ်မယ်၊ ဒီတိုက်ကဘုန်းကြီးတွေ ဘယ်လိုတာဝန်ယူမလဲ။ ဘယ်သူ့ကို အကူအညီတောင်းမလဲ။ အဲဒါလေး ပီပီသသ၊

www.dhammaransi.com



ပွင့်ပွင့်လင်းလင်း အကြံဉာဏ်ပေးကြပါ။ အေးတိ အေးစက်လုပ်နေလို့မရပါဘူး။

၁၂၂၁ ခုနှစ်ကတည်ထောင်ပြီး လာခဲ့တဲ့မန္တလေးမြို့ နှစ် (၁၅၀) ပြည့်ပွဲကြီးထက် ၁၂၂၂ ခုနှစ် နောက်တစ်နှစ်မှာပေါ်ပေါက်လာတဲ့ ရွှေကျင်ဂိုဏ်းကြီးကို အကြောင်းပြုပြီးတော့ ရွှေကျင်နိကာယ နှစ် (၁၅၀) ပြည့်ပွဲကြီးကို ဘယ်လိုသားသားနားနားနဲ့ ဘယ်လိုစည်းကမ်းတကျနဲ့ ဘယ်လိုလုပ်မလဲဆိုတာ စည်းဝေးရမည့်ပွဲပါ။ စဉ်းစားပြီးတော့က အေးအေးဆေးဆေးနဲ့ အစည်းအဝေးမြန်မြန်ပြီး အိမ်မြန်မြန်ပြန်မယ်ဟု စိတ်မကူးဘဲ၊ သံဃာတော်တွေကလည်း ထို့အတူပဲ ကျောင်းမြန်မြန်ပြန်မယ်စိတ်မကူးဘဲ၊ စဉ်းစားပြီးတော့ပြောကြပါ၊ ဆွေးနွေးကြပါ၊ ဆရာဒကာညှိနှိုင်းကြပါလို့ မိန့်ကြားရင်းနဲ့ ဒီသဘာပတိဩဝါဒကို နိဂုံးချုပ်ပါတယ်။

သာဓု ၊ သာဓု ၊ သာဓု။

☸ ☸ ☸ ☸ ☸

www.dhammaransi.com



## ဗဟိုသံဃာ့ဝန်ဆောင်အစည်းအဝေး
## ပထမနေ့ဩဝါဒ

ဆရာတော် သံဃာတော်အရှင်မြတ်တို့ဘုရား -

တပည့်တော် ယမန်နှစ် (၁၃၆၆ ခုနှစ်) ကသံယုတ်ပါဠိတော် စန္ဒိမသုရိယသုတ်လာ **"ဗုဒ္ဓါလောကာနုကမ္ပကာ"** ပါရှိသောဂါထာနှစ်ပုဒ်ဖြင့် သတိပေးတရားစကားရေးသား ပြောကြားဖူးပါသည်။

အဓိပ္ပာယ်မှာ = ငါဘုရားတို့သည် လောကလူသားတို့ကို သနားစောင့်ရှောက်တတ်ကုန်၏ -ဟူသောစကားတော်အရ ဘုရားသားတော်တပည့်တော်တို့သည်လည်း လောကလူသားတို့ကို သနားစောင့်ရှောက်ရမည် - ဟုရေးသားခဲ့ဖူးပါသည်။ ထိုသံယုတ်ပါဠိတော်နှင့် စပ်နွယ်၍ သုတ်ပါထေယျပါဠိတော်လာ သိင်္ဂါလောဝါဒသုတ်၌ ဟောကြားအပ်သော ရဟန်းကျင့်ဝတ် (၆) ပါးကိုလည်း ထည့်သွင်းရေးသားခဲ့ဖူးပါသည်။

၁။ မကောင်းတာကို တားမြစ်ရခြင်း။
၂။ ကောင်းတာကို လမ်းညွှန်ပြရခြင်း။
၃။ တရားအသစ် ဟောကြားရခြင်း။
၄။ တရားအဟောင်း ထပ်မံဟောကြားရခြင်း။
၅။ လူသားတို့ကို နတ်ရွာသုဂတိသို့ ရောက်စေရခြင်း။
၆။ လူသားတို့အပေါ် အတန်းအလွှာမခွဲခြားဘဲ မေတ္တာဘာဝနာပို့လွှတ် ပွားများရခြင်း

ဟူသော ရဟန်းတို့အတွက် ရဟန်းကျင့်ဝတ် (၆) ပါးကို မြတ်ဗုဒ္ဓမိန့်ကြားတော်မူခဲ့သည်မှာ မြန်မာနိုင်ငံဝယ်ကလေးသူငယ်ကစ၍ သိရှိနားလည်ပြီးဖြစ်ကြပါသည်။

လိုရင်းမှာ မြတ်ဗုဒ္ဓသည် ရဟန်းတော်တို့အား

**"ချစ်သားရဟန်းတို့ - တရားကျက်မှတ်ကြ - တရားဟောကြ"** ဟု ဆုံးမတော်မူခဲ့ပါသည်။

မေတ္တာဘာဝနာပွားများကြဟု မှာကြားတော်မူလိုသော ကရုဏာစိတ်ဖြင့် ရဟန်းတို့အတွက် ရဟန်းကျင့်ဝတ် (၆) ပါးထားတော်မူခဲ့ပါသည်။

လျှောက်ထားလိုသည်မှာ သူရောငါပါ ရဟန်းတော်များအားလုံး ရဟန်းတော်များ ကျင့်ဆောင်ရေးအတွက် ဤကျင့်ဝတ် (၆) ပါး တကယ်ကျင့်ဆောင်

www.dhammaransi.com



သည် မဆောင်သည်ကိုစဉ်းစားဖို့အချိန်ရောက်နေသည်မှာကြာမြင့်ပြီဟုထင်မြင်ယူဆပါကြောင်း၊ ဗုဒ္ဓမိန့်ကြားတော်မူသည်နှင့်အညီ ရဟန်းတော်တိုင်း ဤကျင့်ဝတ် (၆) ပါးကို လိုက်နာကျင့်ဆောင်ကြစေလိုပါ ကြောင်းတိုက်တွန်းစကားပြောကြားအပ်ပါသတည်း -----

၁၃၆၇ ခုနှစ်၊ တပေါင်းလဆန်း (၁၁) ရက်၊ မဟာပါသာနလိုဏ်ဂူ

☸ ☸ ☸ ☸ ☸

www.dhammaransi.com



၁၃၇၁ ခုနှစ်၊ ဝါကျွတ် ဓမ္မလက်ဆောင်
ဩဝါဒ မိန့်ခွန်း

**- ပရိမဏ္ဍလံ နိဝါသေဿာမီတိ သိက္ခာ ကရဏီယာ။**
**- ပရိမဏ္ဍလံ ပါရုပိဿာမီတိ သိက္ခာ ကရဏီယာ။**

ဤသိက္ခာပုဒ်နှစ်ပုဒ်သည် ရဟန်းတော်များ သာမဏေများ၏ဥစ္စာ ဖြစ်သော သေခိယ သိက္ခာပုဒ် (၇၅) ပုဒ်တွင် အစဦးဆုံး (၁) (၂) သိက္ခာပုဒ်နှစ်ပုဒ် ဖြစ်ပါသည်။

နှစ်ဆယ့်ခြောက်သွယ် တင့်တယ်သာရုပ္ပဟုခေါ် ဆိုအပ်သော မြတ်ဗုဒ္ဓ ဟောအပ်သော သာရုပ္ပသိက္ခာပုဒ် (၂) ပုဒ်ဖြစ်ပါသည်။

တစ်ခြား (၂၄) ပုဒ်ကိုကဲ့သို့ အန္တရာယရေဟူသော သတ်မှတ်ချက်ထည့်ပြီး မဟောပါ။ ဝိနည်းဒေသနာအရ ချုပ်လုပ်ထားသော သင်းပိုင်၊ ကေသီများဖြင့်သာ ဒူးမပေါ် ချက်မဖော်ပဲ ကျောင်းတွင်း၊ မြို့တွင်းနေရာအရပ်တိုင်းမှာပင် သပ္ပာယ်စွာ ဝတ်ရုံရပါမည်။ သို့အတွက် -

(က) ကွင်း သင်းပိုင်လုံးဝမဝတ်ရ။

(ခ) ကိုယ် တစ်ခြမ်းပဲ့အင်္ကျီလုံးဝမဝတ်ရ။

(ဂ) မီးနေခန်းအသုံးပြုသော အနီးအထည်စနှင့်တူသော သက်န်းရောင် လိုလိုအသုံးပြုသော (၂) တောင်စ (၃) တောင်စအထည်တို့ကို အပြစ်မကင်း၍ လုံးဝမဝတ်ရ ဟူသော ယနေ့ဩဝါဒအနေဖြင့် တားမြစ်မေတ္တာရပ်ခံ အပ်သည်။

(လဆန်း ၁၄ ရက် အဖိတ်ဩဝါဒပွဲ၌ အကျယ်တဝင့်ပြောဖူးပါသည်။ နောက်ပွဲများ မှာလည်းထပ်မံပြောပါမည်)

နောက်တစ်ခုသတိထားဖွယ် ဝစီဘေဒနှုတ်ယဉ်ကျေးမှုနှင့်စပ်၍ လက်ဆောင်ပြုပါအုံးမည်။

တစ်ပါးနှင့်တစ်ပါး စကားဆိုလျှင် ----

ကိုရင် ဘုရား

ဦးဇင်း ဘုရား

အရှင် ဘုရား

တပည့်တော်များ

www.dhammaransi.com



ဤစကားသာပြောကြားခေါ်ခွင့်သုံးစွဲသင့်၏။
ဟော့ အင့် ဟိုကောင်
ဒီကောင် ငါကွ
မင်းက စသား ရိုင်း စကား
ရှောင်ရှား ပြောသင့်၏။
(ရှောင်ရှား ပြောရမည်)

၁၃၇၁ ခုနှစ်၊ သီတင်းကျွတ်လပြည့်နေ့။

☸ ☸ ☸ ☸ ☸

www.dhammaransi.com



## သတ္တရသမ ဂိုဏ်းလုံးကျွတ် အစည်းအဝေး
## သြဝါဒကထာ (ကောက်နုတ်ချက်)

အစည်းအဝေးသို့ သံဃာရာခိုင်နှုန်း တော်တော်များများ ကြွလာလို့ ဝမ်းသာပါတယ်။ နှုတ်ထွက်စကားအမှတ်တမဲ့ပါ။ "သဗ္ဗေဓမ္မာ အနတ္တာ" မီးရအောင်လုပ်ဖို့ စီမံပြီးသားပါ။ အစိုးရ မီးဌာနကိုပြောထားတယ်။ မေတ္တာ ရပ်ခံထားတယ်။ ရရင်ကောင်းတယ်။ မရရင် ဒေါသဖြစ်တတ်တယ်။

ဒေါသသိပ်ကြောက်စရာကောင်းတယ်။ ဒေါသက အပူဓာတ် ခြောက်ခန်းစေတယ်။ ကောင်းကျိုးမပေးဘူး။ အကျိုး၊ အကြောင်းမသိတတ်ဘူး။

**ဒေါသော အတ္ထံ န ဇာနာတိ၊ ဒေါသော ဓမ္မံ န ပဿတိ။**

သံဃာသြဝါဒပေးတဲ့အခါ အသံမာမာထွက်တတ်တယ်။ ဒေါသသံ မအောက်မေ့ပါနဲ့။ အသင်္ခါရိကပါ။ အင်္ဂါသုံးချက်ရှိတယ်။

(၁) သောမနဿသဟဂုတ် = ဝမ်းမြောက်ဝမ်းသာရှိရတယ်။

(၂) ဉာဏသမ္ပယုတ် = ဉာဏ်ယှဉ်ပြီးလုပ်ရတယ်။ လောဘ ဒေါသမရှိဘူး။ အလောဘ အဒေါသပဲရှိတယ်။ လောဘမဖြစ်ဘဲ အလောဘပဲဖြစ်တယ်။

(၃) အသင်္ခါရိက = အားတက်သရော ရှိရတယ်။ စိတ်ပါလက်ပါရှိရတယ်။ ကုသိုလ်ရအောင်လာကြတာ၊ သဗ္ဗေ ဓမ္မာ အနတ္တာနဲ့ဖြေကြပါ။ ဒေါသဖြစ်နေရင် အလုပ်မဖြစ်ဘူး။ ဒေါမနဿမဖြစ်ဖို့ စိတ်မညစ်ဖို့ စိတ်ဖြူဖွေးတောက်ပြောင် အောင်ကြိုးစားကြပါ။

ဉာဏသမ္ပယုတ် = ဉာဏ်ယှဉ်တယ်။ အသင်္ခါရိက = စိတ်ပါလက်ပါ အားတက်သရော ရှိရတယ်။ သသင်္ခါရိက ကုသိုလ်အကျိုးပေးနည်းတယ်။ အသင်္ခါရိကကုသိုလ်ကမှ အကျိုးပေး ထက်သန်တာ။

အသောကာရုံဆရာတော်အကြောင်း ပြောဦးမယ်။ အသောကာရုံဆရာတော်ရဲ့ တပည့်တွေများတယ်။ ဆရာတော်က တပည့်တွေကိုပြောထားတာ ရှိတယ်။ "ငါ ဒေါသသိပ်ကြီးတယ်၊ ငါ့လည်း လျှောက်ကြ၊ ငါ့လည်းထိန်းကြ" တဲ့။

တစ်ခါက အလယ်တိုက်ဆွမ်းစားကျောင်းမှာ ဓားနဲ့ဝါးခြမ်းကို ချောအောင် သတ်နေတဲ့ အချိန် ခွေးကခြောက်မရတော့ လက်ထဲကဓားချွန်နဲ့ ခွေးကိုပေါက် လိုက်တာ ခွေးထွက်ပြေးရော။ ဓားချွန်ကကြမ်းပြင်အကာကို သွားစိုက်တယ်။

www.dhammaransi.com



ဓားချွန်နှုတ်လိုက်မှ သတိရတယ်၊ ခွေးကို ဓားစိုက်သွားရင် အရှက်ကွဲမှာ၊ သူ့ကိုယ်သူ ကံကောင်းသတဲ့။ ဆရာတော်က ဒေါသတွေဖြေနေတာ၊ စာတွေချပေး၊ ဉာဏ်ကောက်တွေသင်ပေးနဲ့။

၁၃၂၅ ခု ဒသမအစည်းအဝေးမှာ အသောကာရုံဆရာတော် (၆၁) နှစ်ပဲရှိသေးတယ်။ ပြဿနာပေါ်တဲ့အစည်းအဝေး။ စံကင်းဆရာတော် မေတ္တာစိတ်ကြီးလို့ ပြေချောသွားတာ။ တောင်မြို့ဆရာတော် ဉာဏရေးတဲ့စာနဲ့ ပတ်သက်တယ်၊ တောင်မြို့ဆရာတော်ရဲ့စာက ကောင်းပေမယ့် အချိန်ကာလအခြေအနေအရ မဝေသင့်ဘူးလို့ ဆရာတော်တစ်ချို့က ကန့်ကွက်ကြတယ်။ ဒါနဲ့ပတ်သက်ပြီး စံကင်းဆရာတော်ကြီးက ဦးဇနကကို နှစ်သိမ့်တယ်။ အဲဒီအခါ ဦးဇနကက "ဒီကိစ္စ တပည့်တော်ကိုမထိပါ" လို့လျှောက်တော့ "ထိတော့ထိပါတယ်လေ၊ တောင်မြို့ဘုန်းကြီးက မနာတတ်လို့ပါ" တဲ့၊ စံကင်းဆရာတော်က မိန့်တော်မူတယ်။

စံကင်းဆရာတော်ကလည်း ပြောတတ်တယ်၊ ဦးဇနကကလည်း လျှောက်တတ်တယ်။ အစည်းအဝေးငြိမ်းအေးသွားတယ်။

ညီနိုင်းအစည်းအဝေးမှာ အောင်မြေဘုံစံဆရာတော် ဦးဉာဏုတ္တရ။ သူက ရွှေကျင် ဂိုဏ်းစိတ်ရှိတယ်။ အနီးစခန်း၊ ဝိဇ္ဇာလင်္ကာရ၊ ဦးဇောတိကတို့နဲ့အတူလုပ်ကြတာ။

အောင်မြေဘုံစံက ညီနိုင်းအစည်းအဝေးမှာလျှောက်တယ်။ "နယ်လှည့်သာသနာပြု မိဂဒါဝုန်ဆရာတော်နဲ့ တောင်ငူဆရာတော်ကိုခန့်ထားပါတယ်။ ဘယ်နယ်တွေကို လှည့်ပါသလဲ" လို့လျှောက်တာ။

ဒီလိုမေးတာကို အသောကာရုံဆရာတော်က မကြိုက်ဘူး။ လွှတ်တော်မေးပုံ အတုယူမေးတာ။

အဲဒီအချိန်မှာ ဈေးတွေဘာတွေမှာ လှည့်အလှူခံတာမျိုးရှိတယ်။ နောက်က ပစ်တောင်းကြီးကိုထမ်းလို့။ "ဂရုဟာနဲ့မပြောပါနဲ့" လို့ အောင်မြေဘုံစံက ဝင်ပြောတယ်။ အဲဒီမှာ စံကင်းဆရာတော်ကြီးက "ဘာလဲတိတ်ကြ၊ အသံမထွက်နဲ့" မိန့်တယ်။ "ကုသိုလ်ရအောင် လုပ်ကြတာ၊ အစည်းအဝေးမှာ ဒေါသနဲ့မလုပ်ကြနဲ့၊ ချက်ခြင်းအပြစ်ကိုဝန်ခံပါ၊ ကန်တော့ပါ" လို့ စံကင်းဆရာတော်ကမိန့်တော့ အောင်မြေဘုံစံက သံဃာအားလုံးကို တောင်းပန်

www.dhammaransi.com



လျှောက်ထားတယ်၊ "တပည့်တော်ပြစ်မှားမိ၊ ပြုမှားမိပါတယ်၊ သံဃာအားလုံးကို ဝန်ချတောင်းပန်ပါတယ်"တဲ့။ အသောကာရုံကလည်း အောင်မြေဘုံစံအနားကပ် လျှောက်တယ်။ လက်ကန်တော့ ထိုးပြီးတော့လျှောက်တာ။ "ဘယ်သံဃာကိုမှ မပြစ်မှားမိပါ အရှင်ဘုရားတစ်ပါးကိုသာ ပြစ်မှားမိပါတယ်၊ ဒါကြောင့် ဆရာတော့အပေါ်မှာ ဝန်ချတောင်းပန်ပါတယ်" တဲ့။

ဒေါသဖြစ်တာမကောင်းဘူး၊ ဒေါသကိန်းရင် အာဃာတဖြစ်တတ်တယ်၊ ငရဲရောက် တတ်တယ်။

နောက်တစ်ရက် ဒီအလယ်တိုက်ကြီး မြောက်ဘက် အရှေ့ဘက်လှေကား မှာ ဓာတ်ပုံဆရာခေါ်ပြီး အောင်မြေဘုံစံက အသောကာရုံနဲ့အတူ ဓာတ်ပုံ ရိုက်ခဲ့တယ်။ သူတို့နှစ်ပါး ချစ်ချစ်ခင်ခင်ရှိနေတာကို အများသိရအောင်လို့တဲ့။

ဧကာဒသမ အစည်းအဝေးရောက်တော့ အသောကာရုံဆရာတော် (၇၃) နှစ်လောက်ရှိပြီ။ အသောကာရုံရှိတဲ့ ပဲခူးဆံတော်တွင်းကျောင်းမှာ စည်းဝေး ကြတာ၊ ဦးသီလာနန္ဒ၊ ပတ္တမြား ဦးဝေပုလ္လတို့ပါတယ်။ ရဲတွေခေါ်ထားတယ်။ တံခါးပိတ်အစည်းအဝေးလုပ်ကြတာ။ ညောင်တုန်းနဲ့ မုံရွာ အသောကာရုံတို့ စဖြစ်တာ။ ပထမည၊ ဒုတိယနေ့။ (၂) ရက်တိတိ ဩဝါဒတွေလုပ်ကြတာ၊ တစ်နိုင်ငံလုံးက စိုးရိမ်နေကြတယ်။ အစည်းအဝေးပျက်မှာစိုးလို့၊ ဗာရာဏသီ၊ ပိုက်ကျိုးတို့ မလိုက်ကြပါနဲ့လို့လျှောက်လို့ ဆံတော်တွင်းကျောင်းကို ဆရာတော် နှစ်ပါးမလိုက်ကြဘူး။

အဲဒီအစည်းအဝေးမှာ အသောကာရုံက အလယ်ကထိုင်ပြီးပြောတယ်။ "အထက်ရွှေကျင် အောက်ရွှေကျင် ခွဲတာလား" ဆိုပြီး ယပ်တောင်ကိုခုတ်ချ လိုက်တာ၊ ဒေါသဖြစ်သွား တယ်။

ချက်ချင်းသတိရပြီး တောင်းပန်လျှောက်ထားတယ်။ လေးဘက်လေးတန် သံဃာ အားလုံးကိုလက်အုပ်ချီလို့ လျှောက်ထားတောင်းပန်တယ်။

အသောကာရုံ ဒေါသငြိမ်းသွားလို့ ဆက်လုပ်ကြတယ်။ တပည့်တော်က လျှောက်တယ်။ "ဗဟိုဌာနကသွင်းတဲ့ အစီရင်ခံစာကို ဘာ့ကြောင့်လက်မခံရ တာလဲ၊ သာသနာပိုင် လစ်လပ်တာ မှန်တယ်၊ သာသနာပိုင်တင်ပွဲမဟုတ်ဘူး၊ ရွှေကျင်ဂိုဏ်းဖွဲ့စည်းပုံဇယားကို မဖြစ်၊ ဖြစ်အောင် လုပ်မယ်၊ ခဏဖြစ်ဖြစ် ယာယီဖြစ်ဖြစ် လက်ခံပေးကြပါ။"

www.dhammaransi.com



ရေကျော် ဦးပညာသာမိက လျှောက်လာတယ်။ "ဦးအဂ္ဂိယရေ ဇယား တွေ နဂိုရ်ရထဲက ရောက်ပါတယ်။ လူတွေကကြည့်ပါတယ်။ ကြည့်လို့ပြောကြတာ။ တပည့်တော်တို့ မကြည့်ဖြစ် ပါဘူး။"

အဲဒီမှာပြောလာကြတာ၊ ဘာဖြစ်လို့မကြည့်တာလဲ၊ ချက်ချင်းစည်းဝေးကြ၊ ရွှေကျင် စာပေထိန်းသိမ်းရေးအဖွဲ့ အဲဒီမှာဖွဲ့ကြတာ။ ဒီလိုနဲ့ ထိန်းသိမ်းစောင့် ရှောက်လာကြတာ။

ဒေါသကြောင့် ဆုံးရှုံးတတ်တယ်၊ အခြေအနေပျက်တတ်တယ်၊ ဒေါသကို ပြေအောင် ဖြေမှအေးချမ်းမှာပါ။

လျှောက်ပါဦးမယ်၊ တပည့်တော်အလို အခုရေနံ့သာဆည်မြောင်း ကျောင်းက သံဃာတွေကို ဝါဆိုကျောင်းခေါ်ထားချင်တယ်။ အဲဒီကျောင်း ခြစားရင် စားပါစေ" ဒီကိစ္စက တစ်ဂိုဏ်းနဲ့ တစ်ဂိုဏ်းဖြစ်တဲ့ကိစ္စမဟုတ်ဘူး၊ အဲဒီနယ်က သံဃာနှစ်ပါး သုံးပါးလောက်နဲ့ ဖြစ်တဲ့ကိစ္စပါ။

လူတွေကို သနားပါတယ်၊ ဦးဇင်းတွေကို သနားပါတယ်၊ သာသနာ ဆုတ်ယုတ်မှာ၊ ရွှေကျင်ဂိုဏ်းဆုတ်ယုတ်မှာ၊ နောင် ဆက်လက်မသွားနိုင်မှာ၊ ပိုဆိုးမှာ စိုးရိမ်ပါတယ်။ ကျောင်းမရှိလို့ဆောက်တဲ့ကျောင်းပါ၊ ဒေါသမပါပဲနဲ့ မေတ္တာနဲ့လုပ်ကြပါ အဲဒီလူတွေကို လမ်းတွေ့လဲခေါ်နိုင်ပါတယ်။

တိုင်းသာသနာရေးက ဒီကသတင်းတွေ ဟိုဘက်ကိုပို့ပေးတယ်၊ ဝန်ကြီးရဲ့ ဖုန်းနံပါတ် တောင်းတာကို ဟိုဘက်ကိုပြောသတဲ့။ သူတို့မူက ရွှေကျင်ကို နှိမ်တယ်။ နိုင်ငံတော်မှာ အမြင့်ဆုံးအကြီးဆုံးက တိပိဋကရဲ့ စာမေးပွဲ။ တိပိဋက အောင်တာ (၁၂) ပါးရှိတယ်။ ရွှေကျင်က နံပါတ် (၄၊ ၅၊ ၁၂) သုံးပါး အောင်ပါ တယ်။ သံဃာဦးရေ (၅) သိန်း၊ ရွှေကျင်က (၅) သောင်း၊ ဆယ်ပုံတစ်ပုံ၊ တိပိဋက အောင်တာ ရွှေကျင်က လေးပုံသုံးပုံ။ ပရိယတ် တိုးတက်အောင်လုပ်ကြတယ်။ ညာ၊ နံနက် ဝတ်တက်မှန်အောင်လုက်ကြတယ်။ တီဗွီမထားပါနဲ့ လို့ပြောထား တယ်။

နံပါတ် (၆) ဦးဝါယာမိန္ဒ ညောင်တုန်း ရွှေဟင်္သာအနွယ်၊ (၈) ဦးဝံသပါလနဲ့ (၉) ဦးဂန္ဓမာလာ မုံရွာ ပဋ္ဌာနတာရုံအနွယ်တွေ။ ရွှေကျင်အစစ် (၃) ပါး၊ အနွယ်ဝင် (၃) ပါးဆိုရင် တိပိဋကအောင်တာ ရွှေကျင်တစ်ဝက် ဖြစ်ပါတယ်။

www.dhammaransi.com



ဒေါသဖြစ်အောင်လုပ်တဲ့အစည်းအဝေးမဟုတ်ပါ။ ဘုရားစကား ဦးထိပ်တင်ပြီး လုပ်ကြတာပါ။ ဘာပဲလုပ်လုပ် သောမနဿ၊ ဉာဏသမ္ပယုတ်၊ အသင်္ခါရိက ဖြစ်အောင်လုပ် ကြပါ။

ဧရာဝတီတိုင်းက ဥက္ကဋ္ဌ၊ အကျိုးဆောင်၊ တစ်ပါးမှပါမလာတာ ဝမ်းနည်းစရာကောင်းတယ်။ တစ်ပါးတော့ပါသင့်ပါတယ်။

အများဆန္ဒမဟုတ်၊ တစ်ပါးဆန္ဒက "များတာကို ဂုဏ်မယူချင်ဘူး၊ နည်းနည်းနဲ့ ငြိမ်ငြိမ်သက်သက်နေချင်တယ်" ဆူဆူပူပူဖြစ်တဲ့အထဲ ဒေါသဖြစ်ရင် ပိုဆိုးတယ်။

ရေနံ့သာကျောင်းသံဃာ ဝါဆိုကျောင်းခေါ်ထားချင်တယ်။ ဆရာတော်ကြီး အာဘော်ပါ။

ဥက္ကဋ္ဌကြီးပေမယ့် လူငယ်တွေပြောတာကိုခံရတယ်။ ခံပါတယ်။ ကိုယ့်ကိုအားမရလို့ ပြန်အော်ကြတယ်။ မြှောက်တင်ထားလည်းရတယ်။ အောက်ချထားလည်းရတယ်။ မသေခင် ခံရတာပါ။

လိုရင်းက -

အသောကာရုံဆရာတော်ကိုအတုခိုးပါ။

ဒေါသဖြစ်ရင်သိပါ၊ ချက်ချင်းဝန်ချပါ။

ဒေါသဖြစ်ရင် သံဃာစော်ကားတာ၊ ဘုရားတရားသံဃာရှိသေကြပါ၊ တပည့်ကို တောင်လေးစားရတယ်။

* ဆေးဆရာသည် သူနာနှင့်ပြိုင်၍ အသက်မထွက်ကောင်း။

* သူတော်ကောင်းသည် သူယုတ်မာနှင့်ပြိုင်၍ အမျက်မထွက်ကောင်း။

* လူကောင်းသည် အရူးနှင့်ပြိုင်၍ အဝတ်မလစ်စကောင်း။ ဟူသော ရွှေကျင်ဆရာတော်ကြီး၏ သြဝါဒစကားနှင့် လောဘ ဒေါသ မောဟတွေ ငြိမ်းအေးအောင် ရှေ့ဆက်လက်ကုသိုလ်တရားတိုးပွားအောင် ကြိုးစားနိုင်ကြပါစေကုန်သတည်း။

❁ ❁ ❁ ❁ ❁

www.dhammaransi.com



# သတ္တရသမ ဂိုဏ်းလုံးကျွတ် အစည်းအဝေး
## နိဂုံးချုပ်
## ဩဝါဒကထာ (ကောက်နုတ်ချက်)

မနေ့က ပါဒကအစည်းအဝေးမှာရော ယနေ့ သရီရသန္နိပါတအစည်းအဝေးမှာပါ စိတ်ပါဝင်စားစွာတက်ရောက်ပြီး ဆွေးနွေးကြ တိုင်ပင်ညှိနှိုင်းကြ အကြံကောင်းဉာဏ်ကောင်း တွေပေးကြလို့ အလွန်ဝမ်းသာပါတယ်။

ဗဟိုဌာနအနေနဲ့ ဗဟိုဦးစီးစနစ်ကိုကျင့်သုံးခဲ့သော အစဉ်အလာရှိခဲ့ပေမယ့် ခေတ်ကာလအခြေအနေအလျောက် နယ်သံဃာများရဲ့သဘောဆန္ဒတွေကိုလည်း အလေးထားပြီးဆောင်ရွက်ခဲ့တာတွေ အများကြီးရှိပါတယ်။

နယ်ဌာနတွေမှာ မရှင်းနိုင်လို့ ဗဟိုဌာနကဝင်ပြီး ဗဟိုဦးစီးစနစ်နဲ့ ဆောင်ရွက်ခဲ့တဲ့ အတွက်အောင်မြင်တာတွေ အများကြီးရှိသလို နယ်ဌာနအခြေခံဒေသတွေရဲ့ သဘောဆန္ဒ ယူပြီးဆောင်ရွက်လို့အောင်မြင်ခဲ့တာတွေ၊ ဗဟိုဌာနနဲ့ တိုင်းသံဃာနာယကအဖွဲ့၊ မြို့နယ်သံဃနာယကအဖွဲ့တို့ပူးပေါင်းပြီး ဆောင်ရွက်လို့ အောင်မြင်ခဲ့တာတွေလည်း ရှိပါတယ်။

ရန်ကုန် ရွှေဥမင် ဓမ္မသုခတောရရိပ်သာကိစ္စလို ကိစ္စမျိုးတွေကျတော့ ဗဟိုဦးစီးစနစ်နဲ့ ပြတ်ပြတ်သားသားလုပ်ခဲ့လို့ အောက်ခြေမှာမရှင်းနိုင်တဲ့ကိစ္စကို ပြီးပြတ်အောင်ရှင်းနိုင်ခဲ့ပါတယ်။ ထို့အတူပဲ ဗဟိုဌာနနဲ့ တိုင်းသံဃနာယက၊ မြို့နယ်သံဃနာယကတွေ ပူးပေါင်းဆောင်ရွက်လို့ အောင်မြင်တာတွေရှိသလို တိုင်းသံဃနာယကနဲ့ မြို့နယ်သံဃနာယကတွေ လက်တွဲ ဆောင်ရွက်လို့ ပြီးပြတ်သွားတာတွေလည်းရှိပါတယ်။

ဗဟိုကိုရောက်လာလို့ ဗဟိုကလက်လှမ်းမီသမျှ စုံစမ်းမေးမြန်းပြီး နှစ်ဦးနှစ်ဖက် အဆင်ပြေနိုင်တဲ့နည်းလမ်းတွေ၊ ဒါမှမဟုတ် သင့်လျော်မယ့် နည်းလမ်းတွေနဲ့ ညွှန်ကြားဆောင်ရွက်စေတဲ့အခါမှာ သက်ဆိုင်ရာသံဃာတော်များ၊ တိုင်းသံဃနာယက၊ ပြည်နယ် သံဃနာယကနဲ့ မြို့နယ်သံဃနာယကများကလည်း စိတ်ပါလက်ပါ အဂတိကင်းကင်းနဲ့ဆောင်ရွက်ပေးကြဖို့လည်း မေတ္တာရပ်ခံပါတယ်။

လိုရင်းပြောရရင် တပည့်တော်တို့ ဂိုဏ်းဝင်သံဃာများဟာ အညမညသ ဂါရဝ သပ္ပတိဿစိတ်ထားတွေနဲ့ဆောင်ရွက်ကြဖို့ အထူးလိုအပ်ပါတယ်။

www.dhammaransi.com



ငါမေးလာတာ ရွှေကျောင်းကိုက်အတွက်မေးလာတာ၊ ဘုရားသာသနာအတွက် မေးလာတာလို့ နှလုံးသွင်းပြီး အချင်းချင်း သဂါရဝ သပ္ပတိဿစိတ်ထားနဲ့ ညီညီ ညွတ်ညွတ် ဆောင်ရွက်အားထုတ်တော်မူကြပါ။

❁ ❁ ❁ ❁ ❁

www.dhammaransi.com



## ရေနံ့သာ ဆည်မြောင်းမှတ်တမ်း
## (ဒိုင်ယာရီ)

၁။ စက်တင်ဘာလ (၇) ရက်၊ ဝါခေါင်လပြည့်ကျော် (၁၃) ရက်၊ နေ့လည် ကျောင်းနေကိုယ်တော်များ ထွက်ပြေးခဲ့ရ။

၂။ စက်တင်ဘာလ (၁၄) ရက်၊ တော်သလင်းလဆန်း (၆) ရက်၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ဘဒ္ဒန္တဝိဇ္ဇောဒယ၏ (မဟန) လက်မှတ်ရေးထိုး၍ ဝါဆိုသံဃာများကိုနေထိုင်ခွင့်ပြုရန် ညွှန်ကြား။

၃။ အောက်တိုဘာလ (၇) ရက်၊ တော်သလင်းလပြည့်ကျော် (၁၄) ရက်၊ ညွှန်ကြားရေးမှူးချုပ်ကိုယ်စား ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြတ်သူ၏ အမြန်ဆောင်ရွက်ပေးရန် တိုင်းသာသနာရေးမှူးထံပေးစာ၊ အောက်တို ဘာလ (၁၂) ရက် သီတင်းကျွတ်လဆန်း (၄) ရက်နေ့ ဒုတိယဝန်ကြီး ကိုယ်စား ဦးမြင့်ဦးရှိုးအဖွဲ့မှူး၏အမြန်ဆောင်ရွက်ပေးရန် တိုင်း သာ သနာရေးမှူးထံပေးစာ။

၄။ အောက်တိုဘာ (၂၆) ရက်၊ သီတင်းကျွတ်လပြည့်ကျော် (၃) ရက် အရေးပေါ်အစည်းအဝေး၌ ရွှေကျင်ကိုယ်စားလှယ် (၃) ပါး တန်ဆောင် မုန်းလ (၄၇) ပါးစုံညီအစည်းအဝေးသို့ မတက်ရောက်စေရန်ဆုံးဖြတ်။

၅။ တန်ဆောင်မုန်းလ (၄၇) ပါးအစည်းအဝေးမကျင်းပမီ (၃) ရက်ကြိုနေ့၌ (ရက်မမှတ်မိ) ကိုယ်စားလှယ် (၃) ပါးအစည်းအဝေးတက်ရန် လွှတ်ဖို့ ညွှန်မှူးချုပ် ဦးမျိုးကျော်၊ ညွှန်မှူး ဦးခင်မောင်ဝင်းတို့ လာရောက်လျှောက် ထားရာ (က) (ခ) ဆုံးဖြတ်ချက် (၂) ခုကိုပြန်ရှုပါ- အာဏာပိုင်နှင့် သာသနာရေးဌာန၏လုပ်ဆောင်မှု ဘာမျှမထူးခြားသေးခင်စေလွှတ်လို့ မဖြစ်နိုင်ဟု ပြန်ကြားလိုက်၏။

၆။ ဒီဇင်ဘာ (၁၃) ရက်၊ နတ်တော်လဆန်း (၇) ရက်၊ ဂိုဏ်းလုံးဝန်ဆောင် သံဃာ (၁၅၀) အစည်းအဝေး၌ တန်ဆောင်မုန်းလက (၄၇)ပါး စုံညီ အစည်းအဝေးသို့ (မဟန) (၃)ပါး မတက်ရောက်စေခြင်းမှတစ်ပါး အခြားတစ်ပါးကိစ္စများတွင် ပါဝင်ဆောင်ရွက်မှုအားလုံး ထုံးမူမပျက် ဆောင်ရွက်စေရန် ဆုံးဖြတ်။

www.dhammaransi.com



၇။ တိုင်းမန္တလေး ရွှေကျင်သံဃနာယကအဖွဲ့က ဖေဖော်ဝါရီလ (၁၅) ရက်နေ့ သာသနာပိုင်နှင့်အကျိုးဆောင်များစသည် မန္တလေးဂဏပါလက ရွှေကျင်ဆရာတော်များပိတ်ဆို့ထားသည့်အခင်းဖြစ်သော ရေနံ့သာရွာ ဦးကျောင်းသို့သွားရောက်နေထိုင်မည်၊ လုံခြုံရေးပေးပါဟု အာဏာပိုင်များထံ တောင်းဆိုထား၏။

၈။ တိုင်းမှူးကြီး၊ ရဲမှူးကြီးတို့ ဦးဆောင်၍ ကျောင်းမြေသီးခြားရှာကြံပြီး ကျောင်းသစ်စီစဉ်နေကြောင်းသိရ၏။

၁၃၇၂ ခုနှစ်၊ ပြာသိုလကွယ်နေ့ (၃-၂-၂၀၁၁)

☸ ☸ ☸ ☸ ☸

www.dhammaransi.com



# ရွှေကျင်နိကာယဂိုဏ်းလုံးဝန်ဆောင်နာယက
# အလုပ်အမှုဆောင်အဖွဲ့
# အရေးပေါ်အစည်းအဝေးမှတ်တမ်း

ဌာန။ ထေရာသနတိုက်ကျောင်း၊ ရွှေကျင်နိကာယဗဟိုဌာန မဟာဝိသုဒ္ဓါရုံ တိုက်သစ်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။

နေ့ရက်။ ၁၃၇၂ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် (၃) ရက်၊ (၂၆-၁၀-၂၀၁၀) အင်္ဂါနေ့၊ မွန်းလွဲ (၁) နာရီ။

အစည်းအဝေးသို့ ရွှေကျင်သာသနာပိုင် ဝါဆိုဆရာတော်ဘုရားကြီးနှင့် ရွှေကျင် နိကာယဂိုဏ်းလုံးဝန်ဆောင်နာယက အလုပ်အမှုဆောင်ဆရာတော်များ၊ ရွှေကျင်နိကာယ ဗဟိုဌာန မဟာဝိသုဒ္ဓါရုံတိုက်သစ်နာယကဆရာတော်များ တက်ရောက်ကြသည်။

၁။ အစည်းအဝေးကို နမောတဿ မဟာပဏ္ဏာမကြီး သုံးခေါက်ရွတ်ဆို၍ ဖွင့်လှစ်ပြီး သဘာပတိရွှေကျင်သာသနာပိုင် ဝါဆိုဆရာတော်ဘုရားကြီး၏ အဖွင့်သြဝါဒကို နာယူကြသည်။

၂။ မန္တလေးတိုင်းဒေသကြီး သာသနာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးကျော်စိန်ဝင်းက မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင်၊ မတ္တရာမြို့နယ်၊ ရေနံ့သာကျေးရွာအုပ်စု ဆည်မြောင်းရွာ ရွှေကျင်နိကာယ ဇယမေဒနီ ရွာဦးကျောင်းနှင့်စပ်လျဉ်း ၍ဆောင်ရွက်ချက်ကို လျှောက်ထားသည်။

၃။ မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင်၊ ရေနံ့သာကျေးရွာအုပ်စု ဆည်မြောင်းရွာ ရွှေကျင်နိကာယဇယမေဒနီရွာဦးကျောင်းကို သုခမ္မာသီးခြားသံဃဝိနိစ္ဆယအဖွဲ့ ဆုံးဖြတ်ချက်ဖြင့် သံဃာများကိုနှင်ထုတ်ပြီး ကျောင်းတိုက်နှင့်ကျောင်းများကို ပိတ်ဆို့ထားခြင်းကိစ္စကိုဆွေးနွေးကြသည်။

၄။ ထို့နောက် ဖော်ပြပါလတ္တံ့ပါအတိုင်း ဆုံးဖြတ်တော်မူကြသည်။

www.dhammaransi.com



## ဆုံးဖြတ်ချက်

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ မတ္တရာမြို့နယ်၊ ရေနံ့သာ ကျေးရွာအုပ်စု၊ ဆည်မြောင်းရွာ ရွှေကျင်ဂိုဏ်းပိုင် ရွှေကျင်နိကာယ ဇယမေဒနီ ရွာဦးကျောင်းကို ဂိုဏ်းပေါင်းစုံလည်းမဟုတ်၊ ရွှေကျင်သံဃာများလည်းမပါသော သုဓမ္မာမြို့နယ်သီးခြားသံဃဝိနိစ္ဆယဖြင့် အရေးယူဆောင်ရွက်ထားခြင်းနှင့် စပ်လျဉ်း၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ ၁၃၇၂ ခုနှစ်၊ တော်သလင်း လဆန်း (၆) ရက် (၁၄-၉-၂၀၁၀) နေ့စွဲပါစာအမှတ် ၁၉၂ (ဝိ-ထွေ) ၉/၂/ဝိ-မဟန ၏အကြောင်းကြားစာကို မလိုက်နာဘဲ ယင်းဇယမေဒနီရွာဦးကျောင်းကို ယနေ့ထက်တိုင်ဖွင့်လှစ်မပေးသေးသည့်အတွက် -

(၁) ကျင်းပလတ္တံ့ဖြစ်သော ၁၃၇၂ ခုနှစ်၊ တန်ဆောင်မုန်းလ (၄၇) ပါးစုံညီ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့အစည်းအဝေးသို့ ရွှေကျင်ဂိုဏ်းဝင် နိုင်ငံတော် သံဃမဟာနာယကဆရာတော်သုံးပါးတို့ကို မတက်ရောက် စေရန်။

(၂) ယင်းဇယမေဒနီရွာဦးကျောင်းကိစ္စကို ရွှေကျင်ဂိုဏ်းကလက်ခံနိုင်သည့် အရေးယူဆောင်ရွက်မှုကိုအချိန်မီဆောင်ရွက်ပေးခဲ့ပါလျှင် (၄၇) ပါးစုံညီ နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့အစည်းအဝေးသို့ ရွှေကျင်ဂိုဏ်းဝင် နိုင်ငံတော်သံဃမဟာနာယကသုံးပါးတို့ကို တက်ရောက်စေရန်။

သဘာပတိဆရာတော်ကြီး၏ နိဂုံးချုပ်သြဝါဒကိုနာယူပြီး သာသနဿ စ လောကဿ ဂါထာကိုသုံးခေါက်ရွတ်ဆိုကာ အစည်းအဝေးကိုရုတ်သိမ်းသည်။

| သဘာပတိ | အကျိုးဆောင် |
|---|---|
| ဘဒ္ဒန္တအဂ္ဂိယ | ဘဒ္ဒန္တသြဒါတသိရီဘိဝံသ |
| အဘိဓဇမဟာရဋ္ဌဂုရု | (အဂ္ဂမဟာပဏ္ဍိတ) |
| အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက | ရွှေကျင်ဂိုဏ်းအကျိုးဆောင် |
| စုဒ္ဒသမရွှေကျင်သာသနာပိုင် | အဝေရာရာမရန်ကင်းကျောင်းတိုက် |
| မဟာဝိသုဒ္ဓါရုံတိုက်သစ် | မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။ |
| မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။ | |

❁ ❁ ❁ ❁ ❁

www.dhammaransi.com



# ပြည်ထောင်စုမြန်မာနိုင်ငံတော်
## နိုင်ငံတော် သံဃမဟာနာယကအဖွဲ့
## မဟာနာယကကျောင်းတော်ကြီး၊ ကမ္ဘာအေးကုန်းမြေ၊ ရန်ကုန်မြို့


| | | |
|---|---|---|
| တယ်လီဖုန်း | ဥက္ကဋ္ဌဆရာတော် | - ၆၅၁၀၀၇ |
| | ဒုတိယဥက္ကဋ္ဌ | - ၆၆၁၀၀၆၊ ၆၆၁၇၄၆ |
| | အကျိုးတောင်ဆောင်ဆရာတော် | - ၆၅၁၀၀၀ |
| | တွဲဖက်အကျိုးတော်ဆောင်ဆရာတော် | - ၆၆၁၀၀၄၊ ၆၆၄၁၅၇ |
| | ဝိနိစ္ဆယအဖွဲ့ဝင် | - ၆၆၁၀၀၅ |
| | သာသနာရေးရာအဖွဲ့ဝင် | - ၆၆၀၇၇၉ |
| | ပညာရေးရာအဖွဲ့ဝင် | - ၆၆၀၇၆၆၊ ၆၆၄၄၆၅ |


စာအမှတ်၊ ၁၉၂ /(ဝိ-ထွေ) - ၉ / ၂ /ဝိ - မဟာန
ရက်စွဲ၊ ၁၃၇၂ ခုနှစ်၊ တော်သလင်းလဆန်း (၆) ရက်
၂၀၁၀ ပြည့်နှစ်၊ စက်တင်ဘာလ ( ၁၄ ) ရက်

ဆက်ကပ်ပါရန်

ဥက္ကဋ္ဌဆရာတော်
တိုင်းသံဃနာယကအဖွဲ့
မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့

အကြောင်းအရာ။ ။မန္တလေးတိုင်း၊ ပြင်ဦးလွင်ခရိုင်၊ မတ္တရာမြို့နယ်၊ ရေနံ့သာကျေးရွာအုပ်စု၊ ဆည်မြောင်းရွာ ဇယမေဒနီကျောင်း သံဃာများအား မြို့နယ် သီးခြားသံဃဝိနိစ္ဆယအဖွဲ့ဖြင့် အရေးယူဆောင်ရွက်ခြင်းကိစ္စ

၁။ အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ ၁၃-၉-၂၀၁၀ နေ့တွင်ကျင်းပသော ဆဋ္ဌမအကြိမ် နိုင်ငံတော်သံဃနာယကအဖွဲ့ (ပထမအဖွဲ့ခွဲ) ၏ စတုတ္ထအကြိမ် ပထမအထူးအစည်းအဝေးက ဖော်ပြလတ္တံ့ပါအတိုင်း ဆုံးဖြတ်ခဲ့ပါသည်ဘုရား -

www.dhammaransi.com



## ဆုံးဖြတ်ချက်

မန္တလေးတိုင်း ပြင်ဦးလွင်ခရိုင်၊ မတ္တရာမြို့နယ်၊ ရေနံ့သာကျေးရွာအုပ်စု၊ ဆည်မြောင်းရွာ၊ ဇယမေဒနီရွာဦးကျောင်းသံဃာများအား မြို့နယ်သီးခြားသံဃဝိနိစ္ဆယအဖွဲ့ဖြင့် အရေးယူဆောင်ရွက်ခြင်းကိုစိစစ်နှင့်စပ်လျဉ်း၍ -

(က) မြို့နယ်သီးခြားသံဃဝိနိစ္ဆယအဖွဲ့၏ဆောင်ရွက်ချက်အမှုတွဲအပြည့်အစုံကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့သို့တင်ပြရန်နှင့် နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့၏ညွှန်ကြားချက်ရရှိမှသာ အကောင်အထည်ဖော်ဆောင်ရွက်ရန်။

(ခ) ဝါတွင်းကာလဖြစ်၍ အကောင်အထည်ဖော်ဆောင်ရွက်မှုကို ရပ်ဆိုင်းထားရန်နှင့် ချိပ်ပိတ်ထားသောဇယမေဒနီ ရွာဦးကျောင်းကို ချိပ်ပြန်လည်ဖွင့်လှစ်ပြီး ဝါဆိုသံဃာများကို ကျောင်းတိုက်အတွင်း ပြန်လည်သီတင်းသုံးနေထိုင်ခွင့်ပြုရန်၊

၂။ သို့ဖြစ်ပါ၍ အထက်ပါပိုဒ် (၁) ပါ အစည်းအဝေးဆုံးဖြတ်ချက်နှင့်အညီ လိုက်နာဆောင်ရွက်သွားပါရန် အကြောင်းကြားလျှောက်ထားပါသည်ဘုရား။

(ဘဒ္ဒန္တဝိဇ္ဇောဒယ)
အဂ္ဂမဟာပဏ္ဍိတ
တွဲဖက်အကျိုးတော်ဆောင်ဆရာတော်

❁ ❁ ❁ ❁ ❁

www.dhammaransi.com



သို့/

ဝန်ကြီး

သာသနာရေးဝန်ကြီးဌာန

နေပြည်တော်

အကြောင်းအရာ။ ။ မတ္တရာမြို့နယ်၊ ရေနံ့သာကျေးရွာအုပ်စု၊ ဆည်မြောင်းကျေးရွာ၊ ရွှေကျင်ရွာဦးကျောင်းကိစ္စ - ရိုးသားစွာ တင်ပြပြောကြားခြင်း။

ဖော်ပြပါကျောင်းကိစ္စအတွက် အကြောင်းမလုံလောက်လျှင် အေးဆေးနေရန်နှင့်ဖယ်ရှားပေးရန်စိတ်ကူးဖြင့် ဆုံးမဖို့ခေါ်ယူစစ်ဆေးမေးမြန်း၏။ ၃ - ၄ ကြိမ် တိုင်မေးမြန်းစိစစ်ပြီးသော် မိမိစိတ်၌ "ဤကျောင်းလုပ်ကြံခံရသောနေ့သည် ငါအသက်ထွက်သောနေ့ဖြစ်မည်" ဟုထင်သွား၏။

- ဆောင်ရွက်သော ဤကိစ္စသည် . . .

"ဓမ္မဝိဓိ" တရားသော စီမံကိန်းဖြစ်ခြင်း။

"အဓမ္မဝိဓိ" မဟုတ်ခြင်း။

"အနဝဇ္ဇကမ္မ" အပြစ်ကင်းသန့်ရှင်းသောလုပ်ငန်းဖြစ်ခြင်း။

"သာဝဇ္ဇကမ္မ" မဟုတ်ခြင်း။

"အနန္တရာယိကကမ္မ" အညနိကာယနှင့် တစ်ဖက်ပုဂ္ဂိုလ်များအပေါ် ဘာမျှ အန္တရာယ်မရှိနိုင်ခြင်း၊ မပြုနိုင်ခြင်း။

"အန္တရာယိကကမ္မ"မဟုတ်ခြင်း - စသည်

ချမ်းမြေ့အေးမြသောအမှုကိစ္စများတွေ့ကြုံလျက် သောမနဿဝေဒနာ အပြင်းအထန် ခံယူခဲ့၏။ ဝမ်းသာခြင်းခံစားချက်ရခဲ့၏။

ဤသို့ဆရာတော်သည် အလွန်စိတ်ချမ်းသာစွာ ပီတိသောမနဿဖြစ်ရာမှ ဒုက္ခ ဒေါမနဿဖြစ်ပွားသွားရခြင်းသည် မန္တလေးတိုင်း သာသနာရေးဦးစီးဌာနမှူး မြခိုင်နှင့် ရေနံ့သာကျေးရွာ အခြေခံသံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဦးသုန္ဒရ ယင်း-ပုဂ္ဂိုလ် (၂) ဦး နှီးနှောတွေ့ဆုံရာကစ၍ အမှုကြီးထွား ရှုပ်ပွေလာခဲ့ရသည်ဟု ဆရာတော်ဉာဏ်မှာ သိနေ၏။ ထင်နေ၏။

www.dhammaransi.com



လူတွေဟာ သိပ်ခက်၏။ လူဆိုရင် ဘုန်းကြီးရဟန်းဖြစ်စေ၊ ဝတ်ကြောင်လူဖြစ်စေ သံဝေဂဖြစ်စရာကောင်း၏၊ ရှင်းနေသည့်အမှု ရှုပ်ပွေအောင်လုပ်ခြင်းသည်လည်း လူတို့သာ ဖြစ်၏။

ရှုပ်နေသောအမှု ရှင်းအောင်လုပ်ခြင်းသည်လည်း လူတို့သာဖြစ်၏။ ပြီးနေသော အမှုမပြီးအောင် ဖြစ်နေခြင်းသည်လည်း လူတို့ကြောင့်ဖြစ်၏။ မပြီးသေးသောအမှု ပြီးစီး သွားခြင်းသည်လည်း လူတို့ကြောင့်ဖြစ်၏။

ဖော်ပြပါကျောင်းသစ်ကိစ္စအများပြည်သူတော်တော်များများ ဒုက္ခဒေါမနဿ ဖြစ်နေရခြင်းသည် ဖော်ပြပါ မနုဿ (၂) ဦး နှီးနှောတွေ့ဆုံရာမှစ၍ မလိုလားအပ်သော အမှုကြီးတစ်ခုဖြစ်ကြောင်း စဉ်းစားသိရှိကြစေလို၏။

နိုင်ငံတော်သံဃမဟာနာယက၏ရုံးတော်သို့ရောက်ရှိကာ လုပ်ငန်းတွေကြီးထွား ရှုပ်ပွေခဲ့သည်မှာ ယနေ့တိုင်ဖြစ်၏။

၁၉-၆-၂၀၀၈ နေ့တွင်ကျင်းပသော ဆဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ (တတိယအဖွဲ့ခွဲ)၏ ပထမအကြိမ် သတ္တမအစည်းအဝေးက ဂိုဏ်းပေါင်းစုံ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်(၃)ပါးနှင့် ဥပဏ္ဍာမှူက တိုင်းသာသနာရေးမှူး ဒကာ (၁) ယောက်ကို စုံစမ်းရေးအဖွဲ့ ဖွဲ့စည်းပေးခဲ့ပါသည်။

- နားလည်အောင် မြန်မာစကားဖြင့်ပြောပါရစေ -

၁။ မြန်မာနိုင်ငံ၌ သံဃာ (၅) သိန်းရှိ၏။

၂။ ဂိုဏ်းပေါင်းစုံ သံဃသမ္မုတိရ သံဃာ့ကိုယ်စားလှယ် (၁၈၁၂) ပါးရှိ၏။

၃။ ထိုတွင် နိုင်ငံတော်သံဃာ့ဗဟိုဝန်ဆောင် (၃၀၀) ပါး အများသဘောတူခန့်အပ်ပြီးဖြစ်၏။

၄။ ယင်း (၃၀၀) ပါးထဲမှ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇) ပါး တင်မြှောက်ထားကြ၏။

ပြောကြားလိုသည်မှာ (၄၇) ပါးသည် (၃၀၀) ပါးအတွင်းမှ ထုတ်နုတ်ခန့်ထားသည်ဟုဆိုရာ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်သည် နိုင်ငံတော်သံဃမဟာနာယကပင် ဖြစ်၏။ ခန့်အပ်သောစုံစမ်းရေးအဖွဲ့ အဖွဲ့ဝင်ဆရာတော် (၃) ပါးသည် သံဃာတော်ဝန်ဆောင်အပါး (၃၀၀) ၏ ကိုယ်စားပြုဆောင်ရွက်ခြင်းဖြစ်၏။ ယင်းကျောင်းသစ် အတွက် စုံစမ်းပေးသော စုံစမ်းရေးအဖွဲ့ဝင်တို့သည်

www.dhammaransi.com



(က) ဘဒ္ဒန္တသုမန ဥက္ကဋ္ဌ
(အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)
ခေမာသီဝံကျောင်း
နတ္တလင်းမြို့၊ ပဲခူးမြို့ (အနောက်ပိုင်း)။

(ခ) ဘဒ္ဒန္တကုန္ဒကာဘိဝံသ အကျိုးဆောင်
(အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ)
ကန်ဦးကျောင်း
ပြည်မြို့၊ ပဲခူးတိုင်း (အနောက်ပိုင်း)။

(ဂ) ဘဒ္ဒန္တခေမိန္ဒာစာရ အဖွဲ့ဝင်
(မဟာဂန္ထဝါစကပဏ္ဍိတ)
စတုဘုမ္မိက မဟာသတိပဋ္ဌာန်စာသင်တိုက်
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်း။

(ဃ) တိုင်းသာသနာရေးမှူး ဥပတ္ထမ္ဘက
ပဲခူးတိုင်း၊ (အနောက်ပိုင်း) ပြည်မြို့။

သာသနာရေးအတွက် အလွန်အားထားယုံကြည်အပ်သော (၄၇) ပါး၏ လွှဲအပ်ခြင်းခံရသော ယင်းစုံစမ်းရေးအဖွဲ့သည် ဤကျောင်းသစ်ကိစ္စအတွက် သာမည စုံစမ်းရုံမျှမဟုတ်ပဲ နှိုက်နှိုက်ချွတ်ချွတ်စုံစမ်း၍ စိတ်ပါလက်ပါတင်ပြထားသော အစီရင်ခံစာကို ဆရာတော် ဖတ်ရှုရပေသည်။ ၃-၉-၂၀၀၈ ရက်စွဲဖြင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော်ထံ တင်ပြလျှောက်ထားသည်ကို ဖတ်ရှုရပေသည်။

<u>တင်ပြလျှောက်ထားခြင်းများ</u>

အပိုဒ် ၁၊ အပိုဒ် ၂၊ (က) (ခ) (ဂ) (ဃ) (င) (စ) (ဆ) (ဈ) (ည) (ဋ) တို့ကို လည်းကောင်း။

အပိုဒ် ၃။ (က) (ခ) (ဂ) (ဃ) (င) တို့ကိုလည်းကောင်း၊ အပိုဒ် ၄။ သုံးသပ် ချက်တို့ကိုလည်းကောင်း ကျော်မြုပ်၍ လိုရင်းကိုထုတ်နှုတ်ဖော်ပြပါမည်။

www.dhammaransi.com



၅။ စုံစမ်းရေးအဖွဲ့၏ သဘောထားမှတ်ချက် -

ကိုယ်တိုင်တွေ့ရှိရချက်များနှင့် အခြေအနေအရပ်ရပ်တို့ကို သုံးသပ်ဆင်ခြင်ရပါသော် အခြေခံကျေးရွာဒေသ ကျေးရွာသံဃနာယကအဖွဲ့ ရေနံ့သာအုပ်စု မတ္တရာမြို့နယ်သည် အခင်းမဖြစ်ပွားမီ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်သို့ စတင်လျှောက်ပြထားရာ၌ မတ္တရာမြို့နယ် ရေနံ့သာကျေးရွာအုပ်စု ရေနံ့သာကျေးရွာတွင် တိုက်အိမ်ငယ်ကိုအလျှုခံ၍ ကျောင်းသစ်တိုးချဲ့ ဆောက်လုပ်ရန် ဆောင်ရွက်နေခြင်း စသည်ဖြင့် တင်ပြလျှောက်ထားသည်ကိုတွေ့ရပေသည်။

အမှန်မှာ ကျောင်းသစ်တိုးချဲ့ဆောက်လုပ်သည့်နေရာသည် "ရေနံ့သာကျေးရွာ" မဟုတ်ပါ။ ရေနံ့သာကျေးရွာအုပ်စု ကင်းကျေးရွာ ကွင်းအမှတ် (၁၄-က) မြေအမှတ် (၁၀၆) ဧရိယာ (၁.၂၄) ဧကရှိ မြေနေရာဖြစ်နေပါသည်။ နေရာကိစ္စနှင့်ပတ်သက်လာလျှင် သက်ဆိုင်ရာမြေစာရင်းဦးစီးဌာန၏ မြေရာဇဝင် မြေစာရင်းပုံစံ (၁၀၅) တို့အရ တည်နေရာပြ မြေပုံကျမ်းသည်သာ ခိုင်မာမှန်ကန်သော အထောက်အထားများတွေ့ရှိခြင်းကြောင့် ကျောင်းအဖြစ် အသိအမှတ်ပြုသင့်ခြင်း။

ရေနံ့သာကျေးရွာသည် အုပ်စုကျေးရွာဖြစ်၍ "ရေနံ့သာကျေးရွာ" အုပ်စုအတွင်း အခြားအခြားသောကျေးရွာများ၌ ကျောင်းပေါင်း (၁၁) ကျောင်းရှိပြီး ယခုကျောင်းသစ် တိုးချဲ့ဆောက်လုပ်ထားသော "ရေနံ့သာကျေးရွာ" အုပ်စု၊ ဆည်မြောင်းဌာန၊ ကင်းကျေးရွာစသော (၈) ရွာတို့၌ ဘုန်းတော်ကြီးကျောင်း (၁) ကျောင်းမျှမရှိသေးခြင်း၊ ရွာဦးကျောင်းသည် အဆောက်အဦးများ ဆောက်လုပ်ထားသည်မှာ အခိုင်အမာဆောက်လုပ်ထားခြင်း၊ ကျောင်းရှိသင့်သောနေရာဌာနလည်းဖြစ်ခြင်းတို့ကြောင့် ကျောင်းအဖြစ် အသိအမှတ်ပြုသင့်ခြင်း။

"ရေနံ့သာကျေးရွာ" သံဃနာယကအဖွဲ့၏ မှားယွင်းတင်ပြထားသော အမှားပေါ်အခြေခံ၍ အထက်သံဃာ့အဖွဲ့အစည်းအသီးသီးတို့မှ မိမိတို့လိုရာဆွဲပြီး ပရိကပ္ပ အားဖြင့်လုပ်ထုံးလုပ်နည်း၊ ဝိလက်စွဲ၊ ညွှန်ကြားလွှာ၊ အထောက်အထား ညှိနှိုင်းပွဲ စသည်တို့သည်လည်း အမှန်အကန်ဖြစ်လိမ့်မည်ဟု မျှော်လင့်နိုင်စရာအကြောင်းမရှိပါ။ အမှားပေါ်အခြေခံ၍ မမှန်မကန်သုံးသပ်ဝေဖန်ပြီး ပဒုဋ္ဌစေတနာဖြင့်အခြားသော ဂိုဏ်းတစ်ပါး၏လုပ်ပိုင်ခွင့်များအား တားမြစ်ခြင်း၊

www.dhammaransi.com



ပိတ်ပင်ခြင်း၊ သင်္ဘောဂမပြုခြင်း၊ အာဏာပိုင် အဖွဲ့အစည်းများ၏ အကူအညီကို ရယူခြင်းတို့သည်လည်း မပြုသင့် မပြု ထိုက်သောကိစ္စရပ်များ ဖြစ်ပြီး လန/၃၉ ကျနိုင်အောင် သက်ဆိုင်ရာ (ရွှေကျင်ဂိုဏ်း)မှ ပံ့ပိုးကူညီစေ၍ ကျောင်းအဖြစ် အသိအမှတ်ပြုသင့်ခြင်း။

သက်ဆိုင်ရာသီခြားဂိုဏ်းမှလည်း သာသနာ့မြေအဖြစ် လွှဲပြောင်းသုံးနိုင်ရန်အတွက် လန/၃၉ ခွင့်ပြုမိန့်ကို မဖြစ်မနေအမြန်ဆုံးရအောင်ကြိုးစားပြီး သံဃာ့အဖွဲ့ အစည်းအခြေခံစည်းမျဉ်းနှင့် လုပ်ထုံးလုပ်နည်းများ အခန်း (၂) အပိုဒ် (၁၀) အရ ဂိုဏ်းအသီးသီးသည် မိမိတို့ဂိုဏ်းစည်းမျဉ်း စည်းကမ်းအတိုင်း လိုက်နာကျင့်သုံးခွင့်ရှိသည်ဟု ဆိုသောကြောင့် လုပ်ထုံးလုပ်နည်းအခြေခံ စည်းမျဉ်းများနှင့် မဆန့်ကျင်သော ဂိုဏ်းစည်းကမ်းများကို ကျင့်သုံးသောအားဖြင့် သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေးအတွက် မိမိတို့အလုပ်များကို ဆက်လက်ပြီးမြောက်အောင်မြင်အောင်ဆောင်ရွက်၍ ကျောင်းအဖြစ် အသိအမှတ်ပြုသင့်ပါသည်။

၆။ သို့ပါ၍စုံစမ်းရေးအနေဖြင့် လေ့လာသုံးသပ်တွေ့မြင်သိရှိရခြင်းများနှင့် သဘော ထားမှတ်ချက်များကို အစီအရင်တင်ပြလျှောက်ထားရပါသည်။ ဥက္ကဋ္ဌ ဆရာတော်ဘုရား ကြီးနှင့်တကွ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်အရှင်သူမြတ်တို့ဘုရား။

(ပူးတွဲ-ဓါတ်ပုံ (၃၉) ပုံ၊ တိတ်ခွေ၊ စီဒီ (၂) ချပ်၊ ဖိုင် (၁) (၇၃) ရွက်၊ ဖိုင် (၂) (၂၃) ရွက်)

ဘဒ္ဒန္တသုမန
ဥက္ကဋ္ဌဆရာတော်(မဟာဒွါရ)
(အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊
အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)

ဘဒ္ဒန္တကုန္ဒကာဘိဝံသ
အကျိုးဆောင် (ဝေဠုဝန်)
(အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ)
စုံစမ်းရေးအဖွဲ့

ဘဒ္ဒန္တခေမိန္ဒာစာရ
အဖွဲ့ဝင်(ငှက်တွင်း)
(မဟာဂန္ထဝါစကပဏ္ဍိတ)
စုံစမ်းရေးအဖွဲ့

ဦးဝင်းသိန်း
လက်ထောက်ညွှန်ကြားရေးမှူး
ဥပတ္ထမ္ဘက

www.dhammaransi.com



<u>ဝန်ကြီးဒကာကြီး</u>

ပြောစရာစကားတွေများစွာရှိသော်လည်း ဖော်ပြခဲ့သောအချက်အလက်တို့ဖြင့်သာ မေတ္တာရပ်ခံတောင်းပန်လိုသည်မှာ ပုထုဇဉ်တို့ဓလေ့ ပြုပြင်ထိန်းသိမ်းဖျောင်းဖျနိုင်စွမ်းရှိသော နိုင်ငံတော်သည် -

(၉၄) နှစ်ရှိ ဤစာရေးသူ ဆရာတော်ကြီးကို အထူးငဲ့ညှာစာနာထောက်ထားလျက် မူလစုံစမ်းရေးအဖွဲ့၏ မူလသုံးသပ်ချက်ဆုံးဖြတ်ချက်တို့ကိုသာ လက်ခံဆောင်ရွက် ပေးလိမ့်မည်ဟု ယုံကြည်ကြောင်းစာရေးသိစေအပ်သည်။

ဘဒ္ဒန္တအဂ္ဂိယ
ဝါဆိုဆရာတော်

မိတ္တူကို -

၁။ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
ပြည်ထောင်စုမြန်မာနိုင်ငံတော် နေပြည်တော်။

၂။ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး
ပြည်ထောင်စုမြန်မာနိုင်ငံတော်နေပြည်တော်။

၃။ ဗိုလ်ချုပ်ကြီးသူရရွှေမန်း
ပြည်ထောင်စု မြန်မာနိုင်ငံတော် နေပြည်တော်။

၄။ နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်
ပြည်ထောင်စုမြန်မာနိုင်ငံတော် နေပြည်တော် -
တို့ထံ သာသနာရေး အဆင်ပြေဆောင်ရွက်မှု ပါဝင်ကုသိုလ်ယူရန် ပေးပို့အပ်သည်။

❁ ❁ ❁ ❁ ❁

www.dhammaransi.com



ရက်စွဲ။ ၁၃၇၂ ခုနှစ်၊ တပို့တွဲလဆန်း
၁၂ ရက်နေ့ (၁၅-၂-၂၀၁၁)

**အဆွေတော်ဘဒ္ဒန္တဂုဏောသန**
**ဒုတိယဥက္ကဋ္ဌ**
**နိုင်ငံတော်သံဃမဟာနာယကအဖွဲ့**
**မဟာနာယကကျောင်းတော်ကြီး**
**ကမ္ဘာအေးကုန်းမြေ၊ ရန်ကုန်မြို့**

အဆွေတော်ကြီးထံ သီးခြားစာပေးပို့ခြင်းသည် အကျိုးဆောင်၏စာကို ဖတ်ရှု၍ လုပ်သင့်လုပ်ထိုက်သောကိစ္စ လုပ်ဆောင်ဖို့နှင့် ပြောသင့်ပြောထိုက်သည်တို့ကို အမှန်အကန်ပြောဆိုပြီး အမှန်အကန်အကျိုးကို ရရှိရန်ဖြစ်ပါသည်။

"ရွှေကျင်ဂိုဏ်းပိုင်ကျောင်းကို အသိအမှတ်မပြုဘူး" ဆိုပြီး (၄၇) ပါးက ဤကျောင်းကို သုဓမ္မာအားပေးမှာလား ? ဂိုဏ်းပေါင်းစုံကျောင်းလုပ်မှာလား? မီးရှို့ပစ်မှာလား ? ဘယ်သို့သောအကျိုးကို မျှော်ကိုးလုပ်ကြမှာနည်း။

"ဒို့ရေနံ့သာမြေပေါ် ရွှေကျင်သံဃာခြေမချရဘူး" ဆိုသောစကား ပြောကောင်းပါသလား ? ဒီမြေက မည်သူပိုင်ဆိုင်ပါသနည်း၊ "ရွှေနံ့သာဒကာတွေ ရွှေကျင်ဘုန်းကြီးကို ဝပ်မချ ရ၊ မကိုးကွယ်ရ" ဆိုသော စကားလည်းပြောသင့်ပါသလား ? ပိတ်ပင်တားမြစ်ခြင်းပြုသင့်ပါသလား ? လူတစ်ယောက်၏ ကိုးကွယ်မှုကို ဟန့်တားနေခြင်းဖြစ်မနေပေဘူးလား--?

ဂိုဏ်းသီးခြား (၈) ဂိုဏ်းသံဃာများသည် "ရွှေကျင်ဂိုဏ်းကိစ္စသည်တို့နှင့်မဆိုင်" ဟု ဥပေက္ခာမပြုသင့်ပေ။ ဂိုဏ်း (၈) ဂိုဏ်းနင်းပြားဘဝမှလွတ်ချင်လျှင် (၈) ဂိုဏ်းတို့ သည် "ပြောစရာရှိက ဝိုင်းပြီးပြောဖို့" အချိန်တန်ပေပြီ။

- မတ္တရာရေနံ့သာဆည်မြောင်းရွာဦးကျောင်းကို မြေနှင့်တကွဂရုဘဏ်၊ လဟုဘဏ် အားလုံး ရွှေကျင်ဂိုဏ်းအား လှူပြီးဖြစ်ခြင်း။
- ရွှေကျင်ဂိုဏ်းက လိုက်လံရှာကြံပြီး အလှူခံထားသောကျောင်းမဟုတ်ခြင်း။
- အလိုအလျောက် လာရောက်ပေးအပ်လှူဒါန်း၍သာ ဝေါပကအဖြစ် စောင့်ရှောက် ထားသောကျောင်းဖြစ်သည်တို့ကိုလည်း စဉ်းစားပေးတော်မူကြပါ။

- ရွှေကျင်ဂိုဏ်းဝင် ဤကျောင်းအရေးနိမ့်သွားရင် ဂိုဏ်းသီးခြား (၈) ဂိုဏ်းကိုစွ နောင် ဘာမှလုပ်ရတော့မည်မဟုတ်ပေ၊ အရိမေတ္တေယျဘုရားလက်ထက် တိုင် နင်းပြားဘဝ မှလွတ်မည်မထင်ပေ။
- အမြင်ကျဉ်း၍ မနာလိုဝန်တိုသောပုဂ္ဂိုလ်အချို့၏ “အလိုလိုက်ကာ အဓမ္မ ပြုမည်” ဆိုလျှင်ဂိုဏ်းပေါင်းစုံညီညွတ်ရေး လမ်းစပျောက်မည်စိုးရပါသည်။ သနားငဲ့ညှာသာသနာ စောင့်ရှောက်တော်မူကြပါ။

ဘဒ္ဒန္တအဂ္ဂိယ

☸ ☸ ☸ ☸ ☸

www.dhammaransi.com



၁၃၇၃ ခုနှစ်၊ ကဆုန်လဆန်း
(၃)ရက်နေ့ (၅-၅-၂၀၁၀)

## ရွှေကျင်သာသနာပိုင် ဝါဒီဆရာတော်ကြီး၏
## သက်ဆိုင်ရာသို့ တောင်းပန်ခြင်း

လွန်ခဲ့သော ၁၃၇၂ ခုနှစ်၊ တပေါင်းလပြည့်ကျော် (၁၁) ရက် (၃၀-၃-၂၀၁၁) နေ့က မတ္တရာမြို့နယ်၊ ရေနံ့သာကျေးရွာအုပ်စု၊ ဆည်မြောင်းရွာ၊ ဇယမေဒနီရွာဦးကျောင်းကို အမွှပိတ်ဆို့ထားသည်မှာ (၇) လကျော်ကြာနေပြီ ဖြစ်၍လည်းကောင်း၊ ရွာသူရွာသားတို့ သကြံန်တွင်း သီလယူကုသိုလ်ဘာဝနာ တိုးပွားစေချင်၍လည်းကောင်း၊ ရွှေကျင်ဂိုဏ်းပိုင် ဖြစ်သဖြင့် မိမိတာဝန်ရောက် နေ၍လည်းကောင်း သန့်ရှင်းရေးစသည်ပြုလိုခြင်း ဆန္ဒပြင်းပြစွာဖြင့် -

(က) ရွှေကျင် တိုင်းသံဃနာယကအဖွဲ့

(ခ) ရွှေကျင်ဂိုဏ်း မတ္တရာမြို့နယ် သံဃနာယကအဖွဲ့တို့အား -

"ချိပ်မဟုတ်သောအစိုးရတံဆိပ်ကင်းမဲ့သောအသားများ သံများဖယ်ရှား လှစ်ခွာပေးရန်" အမိန့်ချမှတ်လိုက်သည်။

ဒုမင်္ဂလ သုမင်္ဂလ ကိစ္စကြီးငယ်များကို သံဃာတော်များက စောင့် ရှောက်၍ အေးဆေးစွာနေထိုင်ကြသည်။ ယခင် နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ တွဲဖက်အကျိုး တော်ဆောင်ဘဒ္ဒန္တမာနိတသိရီဘိဝံသ နာယကအဖြစ်ဖြင့် စောင့်ရှောက်နေထိုင်ပေးသည်။

မကြာမီ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ရန်ကုန်ကမ္ဘာအေးမှ မန္တလေးတိုင်း သံဃနာယကဥက္ကဋ္ဌ အကျိုးဆောင်(၂)ပါး၊ မတ္တရာမြို့နယ် မြို့နယ် သံဃနာယကဥက္ကဋ္ဌ အကျိုးဆောင် (၂) ပါး၊ ပေါင်း ရွှေကျင်သံဃာ (၄) ပါး လာခဲ့ရမည်ဟု ဆင့်ဆိုသည်။

၁၃၇၂ ခုနှစ်၊ နှောင်းတန်ခူးလဆန်း (၇) ရက်နေ့ (၁၀-၄-၂၀၁၁) မွန်းလွဲ (၁) နာရီအချိန်တွင် ဂိုဏ်းပေါင်းစုံကတင်မြှောက်ထားသော စတုတ္ထမြောက် နိုင်ငံတော်သံဃ မဟာနာယကဥက္ကဋ္ဌ ဗန်းမော်ဆရာတော်က ၎င်း၏ရှေ့မှောက်၌ ဩဝါဒပေးသည်။

www.dhammaransi.com



ဩဝါဒ၏လိုရင်းအတိုချုပ်မှာ --

"ရွှေကျင်ဂိုဏ်းပိုင်ကျောင်းပေါ်နေထိုင်ကြသော ရွှေကျင်ဂိုဏ်းသံဃာတော်များ အားလုံး ရုပ်သိမ်းပေးရမည်" ဟူသော ဩဝါဒပေးလိုက်ပါသည်။

ဘုရားဟောပါဠိ၌ မိမိပိုင်ကျောင်းပေါ်တွင်နေထိုင်ကာ တရားပြ၊ တရားဟော၊ ပရိယတ်၊ ပဋိပတ်တရား ဆောင်ရွက်နေသောသံဃာများ ရုပ်သိမ်းပေးရမည်ဆိုသော ဩဝါဒ ဤသာသနာတော်၌ မရှိခဲ့ဘူးပါ၊ ရှိလည်းမရှိသင့်ပါ။ သို့ရာတွင် -

ဓမ္မစက်ဖြစ်ဖြစ် အဓမ္မစက်ဖြစ်ဖြစ်ဆိုင်ရာက ဩဝါဒဆိုပြီး အမိန့်ချမှတ်လိုက်လျှင် အာဏာပိုင်အဖွဲ့ဆိုသော လက်မရွံ့အာဏာသားများ အာဏာပြတတ်ပါသည်။

ယင်း အာဏာသားများကို ကြောက်ရွံ့ရသောကြောင့် ၁၃၇၃ ခုနှစ်၊ ဦးတန်ခူး လပြည့်ကျော် (၃) ရက်နေ့ ဩဝါဒဟူသည့် ရက်စက်လွန်းသော အမိန့်ကို နာခံသောအားဖြင့် သံဃာများရုပ်သိမ်းထားပါသည်။

ဝါဆိုဆရာတော်အနေဖြင့် သာသနာနှစ်ပေါင်း နှစ်ထောင့်ငါးရာကျော် ၂၅၅၄ ခုနှစ်အတွင်း ဤလိုရက်စက်ကြမ်းတမ်းသော ဩဝါဒမျိုး ဤပထမအကြိမ် ကြားဖူးခြင်းဖြစ်ပါသည်။

(၁) ဂိုဏ်းပေါင်းစုံ ပထမမဟာနာယကဥက္ကဋ္ဌ ပဲခူးမြို့မဆရာတော်၊ (၂) ဒုတိယ မဟာနာယကဥက္ကဋ္ဌ မြင်းခြံဆရာတော်၊ (၃) တတိယမဟာနာယကဥက္ကဋ္ဌ မကွေးဆရာတော်တို့ ဤလိုဩဝါဒမျိုးပေးခဲ့ဘူးသည် မသိခဲ့စဖူးပါ။ (မကြားခဲ့ဘူးပါ)

ကျောင်းမှထွက်ပြေးရသော ယခုလိုဩဝါဒမျိုးကို ဤစတုတ္ထဥက္ကဋ္ဌ ဆရာတော်ကြီး လက်ထက်တော်ရောက်မှ ကြားဖူးရုံမျှမက ကိုယ်တိုင်ခံစားရသော လောကဓံ လေမုန်တိုင်းကြောင့် မင်္ဂလာမှ အမင်္ဂလာမဖြစ်အောင် ကြိုးစားထိန်းချုပ်နေရပါသည်။

စိတ္တံ န ကမ္ပတိ၊ အသောကံ၊ ဝိရဇံ၊ ခေမံ -ဆိုတဲ့ မင်္ဂလာလေးပါးလုံး ပြုတ်ပြုတ် ပြန်းမဖြစ်အောင် အထူးကြိုးစားသတိထားနေရပါသည်။

အမင်္ဂလာဆိုတာ အကုသလဓမ္မသာဝဇ္ဇဖြစ်၍ ဘုန်းကြီးရဟန်းတို့ မဖြစ်ကောင်းသည်ကိုလည်း သိနေတာကိုး . . . . . !

www.dhammaransi.com



မမြင်ကောင်းသောရှေးအတိတ်အကုသိုလ်ကံ တော်တော်ကြီးသလားမသိ၊ စိတ်တုန်လှုပ်မှုမရှိရေး စိတ်အေးအေးထားပြီးကြိုးစားသည့် ကြားကာလမှာပေါ်လာသည့် ကောလာဟလ သတင်းများက ပို၍ကြောက်စရာကောင်းနေပါသည်။

ဤကိစ္စဟာ ပထမဆုံးနံပါတ် (၁) ဖြစ်သည်။ နောင်ဆက်ကာဆက်ကာ ဩဝါဒပေးအုံးမှာက "ရွှေကျင်ဂိုဏ်းကျောင်းတွေကို ကျောင်းပေါ်သံဃာမနေရ ရုပ်သိမ်းပေးရမည်ဆိုသောဩဝါဒ" လာအုံးမှာ စသည်ရက်စက်ကြမ်းတမ်းသော ကောလာဟလများ ကြားနေရပါသည်။

သို့အတွက် တောင်းပန်မေတ္တာရပ်ခံချက်ကို အများသိအောင် (၉၅) နှစ်၊ (၇၅) ဝါ ဘုန်းကြီးအိုကြီးက ဗုဒ္ဓသားတော်ချင်းချင်း မပြင်းထန်ကြပါနှင့်၊ မရက်စက်ကြပါနှင့်၊ အာဃာသားများကို အာဃာစက်မတောင်းကြပါနှင့်၊ မလုပ်ကောင်းတာတွေ မလုပ်ကြပါနှင့်ဟူ၍လည်းကောင်း -

အောက်အဆင့်မြို့နယ်သံဃနာယက က နိုင်ငံတော်သံဃမဟာနာယက ထံသို့ ပေးသောစာတွင် ဤကိစ္စမျိုး မဟန - ကလက်ခံလျှင် သွေးချောင်းစီးသွားမည် အဓိကရုဏ်းကြီးဖြစ်လိမ့်မည် ဆိုသော အနိဋ္ဌလျှောက်ထားစာများအရ ကာယကံရှင် အဓိကရုဏ်းဖန်တီးသူ စာပေးသူအား မဆုံးမပဲ မြေနိမ့်ရာလှံစိုက်နေမှုဖြင့် ဝိုင်းဖိနှိပ်ခြင်းများကိုရှောင်ကြဉ်ကြပါဟူ၍လည်းကောင်း၊ လူမိုက်များနှင့် အလိုတူအလိုပါမပြုပါနှင့်ဟူ၍လည်းကောင်း သံဝေဂယူလျက် တောင်းပန်စကားပြောကြားအပ်ပါသတည်း။

နှုတ်မြွက်ပြောပြသူ
ယခင် - နိုင်ငံတော်သံဃမဟာနာယက
ယခု - နိုင်ငံတော်ဩဝါဒါစရိယ
ဘဒ္ဒန္တအဂ္ဂိယ

ဤတောင်းပန်စာလွှာကို
၁။ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်တချို့ -
မဟာဝိသုဒ္ဓါရုံတိုက်သစ်
၂။ နိုင်ငံတော်သမ္မတကြီးများ
၃။ မန္တလေးတိုင်းဒေသကြီး
အစိုးရအဖွဲ့ဝင်များထံ ဖြန့်ဝေပါသည်။

❁ ❁ ❁ ❁ ❁

www.dhammaransi.com



# ရေနံ့သာရွာဦးကျောင်းပေါ်ပေါက်လာပုံ

အာရာမသမုဒ္ဒါပက ဘုန်းတော်ကြီးကား ဦးဝဏ္ဏိတ (ဓမ္မာစရိယ) ဖြစ်ပြီး တံတားဦးမြို့ နယ်၊ မြေငူရွာ၊ ဇာတိသားဖြစ်ပါသည်။ ငယ်စဉ်က ပဲခူးကြခတ်ဝိုင်း ကျောင်းတိုက်၌ ပညာရည် နို့သောက်စို့ခဲ့ပြီး ဓမ္မာစရိယဘွဲ့ရကာ (၂) နှစ်ခန့် စာချဘုန်းကြီးလုပ်ခဲ့ဖူးသူဖြစ်ပါသည်။

မတ္တရာမြို့နယ်၊ ရေနံ့သာရွာတွင် တရားစခန်းဖွင့်လှစ် သာသနာပြုနေသည်မှာ ဆယ်နှစ်ကျော်ခန့်ရှိပြီးနောက် တိုက်၊ ခြံ၊ မြေလှူဒါန်းသည့် ဒကာပေါ်သည့်အတွက် ရွာဦးကျောင်းအမည်ဖြင့် ကျောင်းသစ်တည်ထောင်လိုကြောင်း မတ္တရာမြို့နယ် သံဃနာယက အဖွဲ့ (ရွှေကျင်) သို့ လျှောက်ထားတင်ပြတောင်းခံခဲ့ပါသည်။

၎င်းရေနံ့သာ ရွာဦးကျောင်းနေရာသည် -

၁။ မြောက်ဖက်တွင်လမ်းမကြီးနှင့် ဆည်မြောင်းရေနံ့သာတူးမြောင်း၊ အရှေ့ဘက်၊ တောင်ဘက်တို့တွင် ယာမြေ၊ အနောက်ဘက်နှင့် မြောက်ဘက်ဒေါင့်တို့တွင် လူနေအိမ်များရှိ၍ အိမ်ကြိုအိမ်ကြားမဟုတ်သောကြောင့်လည်းကောင်း။

၂။ ရေနံ့သာကျေးရွာ၌ ဘုန်းကြီးကျောင်း (၄) ကျောင်းရှိပြီး ၎င်းကျောင်းများနှင့် မိုင်ချီ၍ ဝေးသောနေရာဖြစ်ခြင်း။

၃။ ရေနံ့သာကျေးရွာသည် ရွာကြီး (နိဂုံး) ဖြစ်ပြီး ဂေါစရဂါမ်ကျယ်ဝန်းသောနေရာ ဖြစ်ခြင်း။

၄။ ရေနံ့သာကျေးရွာအုပ်စု "ကင်းရွာ" စသောတိုးချဲ့ကွက်သစ် (ရှစ်ကွက်) တို့၏ အနီးအပါးဖြစ်လျက် ၎င်းဝန်းကျင်၌ ဘုန်းကြီးကျောင်းတစ်ကျောင်းမျှ မရှိခြင်းတို့ကြောင့် မတ္တရာမြို့နယ် သံဃနာယကအဖွဲ့ (ရွှေကျင်)သည် စာအမှတ် ၁/၀၇၊ မသန (ရွှေ) ရက်စွဲ ၁၃၆၉ ခု၊ ပဌမဝါဆိုလပြည့်ကျော် (၁၀) ရက် (၂၀၀၇၊ ဇူလိုင်လ ၉ ရက်) တနင်္လာနေ့ဖြင့် ဘုန်းတော်ကြီးကျောင်းအဖြစ် အသိအမှတ်ပြုသည့်စာကို ထုတ်ပြန်ပေးလိုက်ပါသည်။

မှတ်ချက်။ အာရာမသမုဒ္ဒါပကဖြစ်သည့် ဘုန်းကြီး ဦးဝဏ္ဏိတသည် လွန်ခဲ့သော (၃) နှစ်ခန့်က လွန်တော်မူသွားပြီး ယခုအခါ သူ၏တပည့် ဦးပညာသီဟ (ဓမ္မာစရိယ တစ်ကျမ်းစွဲ)က ကျောင်းဘုန်းကြီးအဖြစ် သီတင်းသုံးပါသည်။

www.dhammaransi.com



## ကန့်ကွက်စာများရောက်လာခြင်း

မတ္တရာမြို့နယ် သံဃနာယကအဖွဲ့ (ရွှေကျင်) သည် ဘုန်းတော်ကြီး ကျောင်းအဖြစ် အသိအမှတ်ပြုလွှာပေးလိုက်စဉ်က "တပည့်တော်များက အသိအမှတ်ပြုစာထုတ်ပေးရသည်မှာ တာဝန်မကြီးပါကြောင်း၊ ကန့်ကွက်စာ တွေကတော့ တက်လာကြလိမ့်မည်ဖြစ်ကြောင်း၊ ကြိုတင် ပြင်ဆင်ထားရန် လိုအပ်ကြောင်း ပြောကြားလိုက်ပါသည်။ "စကားမှမဆုံးသေး" ဟုဆိုရမည်ကဲ့သို့ ဖြစ်နေသည်။ နောက်နှစ်ရက်အကြာတွင် ရေနံ့သာကျေးရွာ သံဃနာယက အဖွဲ့ဥက္ကဋ္ဌ (ဦးသုန္ဒရ) ထံမှလည်းကောင်း၊ မတ္တရာမြို့နယ် သံဃနာယကအဖွဲ့ (သုဓမ္မာ) ဥက္ကဋ္ဌ (ဦးကောဝိဒ) ထံမှလည်းကောင်း နှစ်ကြိမ် သုံးကြိမ်မက ကန့်ကွက်စာများရောက်ရှိလာခဲ့ပါသည်။

ထို့ပြင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးထံသို့လည်း ဤရွာဦး ကျောင်းသည် ကျူးကျော်ကျောင်းဖြစ်ပုံ၊ သံဃာနှင့် ဒကာ၊ ဒကာမများ ပဋိပက္ခ ဖြစ်ပွားကြတော့မည့်အခြေ အနေရှိပုံတို့ကိုတင်ပြကာ ရှင်းလင်းဖယ်ရှားပေးဖို့ တောင်းဆိုတင်ပြကြပါသည်။

## မ.ဟ.န သို့ ရောက်ရှိခြင်း

မတ္တရာမြို့နယ် သံဃနာယကအဖွဲ့ (သုဓမ္မာ) သည် အထက်ပါအတိုင်း ဆောင်ရွက်၍ မရသောအခါ မ. ဟ. နထံ ဦးတိုက်၍ ကျူးကျော်ကျောင်းအဖြစ် သတ်မှတ်ဖယ်ရှားပေးရန် တင်ပြလျှောက်ထားကြပါသည်။ အနောက်ပိုင်း သာသနာရေးမှူးအပါအဝင် စုံစမ်းစစ်ဆေးအဖွဲ့ ကိုဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ ပါသည်။

ထိုပထမအကြိမ် စုံစမ်းစစ်ဆေးရေးအဖွဲ့က "ဘုန်းတော်ကြီးကျောင်း အဖြစ် အသိအမှတ်ပြုသင့်ကြောင်း" မ. ဟ. နအဖွဲ့သို့ တင်သွင်းခဲ့ကြပါသည်။

မ. ဟ. နအဖွဲ့တွင် ထိုကိစ္စကို အငြင်းပွားကြပြီးနောက် ဒုတိယအကြိမ် မ. ဟ. န (ရွှေကျင်) (၃) ပါးကိုစုံစမ်းရေးအဖွဲ့အဖြစ် တာဝန်ပေးအပ်ပြန်ပါသည်။ အဆိုပါ ဒုတိယအကြိမ် စုံစမ်းရေးအဖွဲ့က "ဘုန်းတော်ကြီးကျောင်းအဖြစ် အသိအမှတ်ပြုသင့်ကြောင်း" မ. ဟ. န အဖွဲ့သို့တင်သွင်းကြပါသည်။ မ. ဟ. နတွင် ထိုကိစ္စကို အငြင်းပွားကြပြီးနောက် သောင်မတင် ရေမကျ

www.dhammaransi.com



အနေမျိုး ရောက်လျက်ရှိနေရာမှ မန္တလေးတိုင်းသံဃနာယကအဖွဲ့ (ရွှေ/သု) မတ္တရာ မြို့နယ်သံဃနာယကအဖွဲ့ (ရွှေ/သု) ဥက္ကဋ္ဌနှင့်အကျိုးတောင်ဆောင် ဆရာတော်များ ညှိနှိုင်း ဆောင်ရွက်ရန် မ. ဟ. နမှ တာဝန်ပေးအပ်ပြန်ပါသည်။ ထိုတာဝန်ပေးအပ်ချက်အရ ၁၃၇၂ ခု၊ ကဆုန်လပြည့်ကျော် (၆) ရက်၊ (၃-၅-၂၀၁၀) တနင်္လာနေ့တွင် မန္တလေးမြို့မြတောင်ကျောင်း တိုက်၌ဆွေးနွေးညှိနှိုင်း ကြရာမှာ ညှိနှိုင်းမရဖြစ်ခဲ့ပြန်ပါသည်။ မ. ဟ. နသို့ မည်သို့မည်ပုံ စာရေးသား အစီအရင်ခံသည်ကိုကား ရွှေကျင်သံဃနာယကအဖွဲ့များ လေ့လာမိခဲ့ကြဟန်မရှိပေ။

## မ.ဟ.န အဖွဲ့၏ နောက်ဆုံးထုတ်ပြန်ချက်

နိုင်ငံတော်သံဃနာယကအဖွဲ့မှ တွဲဖက်အကျိုးတော်ဆောင် ဘဒ္ဒန္တ ဝိဇ္ဇောဒယ (အဂ္ဂမဟာပဏ္ဍိတ) ၏လက်မှတ်ဖြင့် -

စာအမှတ် ၀၂၅/၄၇ - ၉/၃/သာ - မဟန၊

ရက်စွဲ။ ၁၃၇၂ ခုနှစ်၊ ဝါခေါင်လဆန်း (၁) ရက်၊ (၂၀၁၀ ပြည့်နှစ်၊ ဩဂုတ်လ ၁၁) ပါရှိသောစာကို အောက်ပါအတိုင်း ထုတ်ပြန်ခဲ့ပါသည်။ ---

ဆက်ကပ်ပါရန်

ဥက္ကဋ္ဌဆရာတော်
တိုင်းသံဃနာယကအဖွဲ့
မန္တလေးတိုင်း၊ မန္တလေးမြို့

အကြောင်းအရာ။ မန္တလေးတိုင်း၊ မတ္တရာမြို့နယ်၊ ရေနံ့သာကျေးရွာ တွင် ရွှေကျင်ကျောင်းသစ်ဆောက်လုပ်မှုကိစ္စ။

၁။ အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ (၁၅-၇-၂၀၁၀) နေ့တွင်ကျင်းပ သော ဆဋ္ဌ အကြိမ်နိုင်ငံတော်သံဃနာယကအဖွဲ့ (၄၇) ပါးစုံညီ ဇကာဒသမ အစည်းအဝေးက ဖော်ပြလတ္တံ့ပါအတိုင်း ဆုံးဖြတ်ခဲ့ကြပါသည်ဘုရား --

## ဆုံးဖြတ်ချက်

မန္တလေးတိုင်း၊ မတ္တရာမြို့နယ်၊ ရေနံ့သာကျေးရွာတွင် ရွှေကျင်ကျောင်း သစ် ဆောက်လုပ်မှုကိစ္စအပေါ် တိုင်းသံဃနာယကအဖွဲ့မှ တင်ပြခြင်းနှင့်

www.dhammaransi.com



စပ်လျဉ်း၍ (၇-၁၁-၂၀၀၉) နေ့တွင်ကျင်းပသော ဆဋ္ဌအကြိမ် နိုင်ငံတော်သံဃ နာယကအဖွဲ့ (၄၇) ပါးစုံညီ နဝမအစည်း အဝေးကဆုံးဖြတ်ခဲ့သော "ဘုန်း တော်ကြီးကျောင်းအဖြစ် အသိအမှတ်မပြုရန်" ဟူသော ဆုံးဖြတ်ချက်ကို ထပ်မံ အတည်ပြုရန်။

၂။ သို့ပါ၍ အထက်အပိုဒ် (၁) ပါဆုံးဖြတ်ချက်ကို သိရှိနိုင်ပါရန်နှင့် လိုက်နာ ဆောင်ရွက်ရေးဆက်လက်ညွှန်ကြားသွားပါရန် အကြောင်းကြားလျှောက်ထား ပါသည်ဘုရား။

## အဓိကကျသောအချက်

ရွှေကျင်ကျောင်းဖျက်ဆီးရေးအတွက် အဆိုပါ မ. ဟ. န၏ ထုတ်ပြန် ချက်သည် အဓိကကျသောအချက်ဖြစ်ပါသည်။ အဘယ့်ကြောင့်ဆိုသော် ထို ထုတ်ပြန်ချက်သာရခဲ့ပါလျှင်

**ဝိနိစ္ဆယလက်စွဲ** ၂၃/၂၄/၂၉၀/၂၉၂/၂၉၃။

**ဝိ -လုပ်ထုံး** ၄၇ (ခ၊ ဂ၊ ဃ)

**ညွှန်ကြားလွှာ**၇၅ ၊ (ဂ) ၁၊ ၂၊ ၃ တို့အရ တိုင်းသာသနာရေးမှူးက စာဒကပြုလုပ်ကာ မြို့နယ်သီးခြားသံဃဝိနိစ္ဆယအဖွဲ့ ဖွဲ့စည်းဆောင်ရွက်နိုင်မှာ ဖြစ်သောကြောင့်ပေတည်း။

(ဝါခေါင်လဆန်း ၁ ရက် နေ့စွဲဖြင့်ထုတ်ပြန်လိုက်သော မ. ဟ. န၏ ထုတ်ပြန်ချက် သည်ရွှေကျင် မ. ဟ. န ဆရာတော်များမပါဝင်သောအလှည့်တွင် တိုင်ပင်ကိုက်ရွေးချယ် ထုတ်ပြန်ထားသည်ကိုသတိပြုရမည်)။

## မြို့နယ်သီးခြားသံဃဝိနိစ္ဆယအဖွဲ့ ဖွဲ့စည်းဆောင်ရွက်ချက်

တိုင်း/မြို့နယ် သံဃနာယကအဖွဲ့ (သုဓမ္မာ) သည် သူတို့အသေအလဲ မျှော်လင့်စောင့်စားနေသော မ. ဟ. နထံမှ ဘုန်းတော်ကြီးကျောင်း အသိ အမှတ်မပြုသည့် ထုတ်ပြန်လွှာ ရသောအခါ ရွှေကျင်ကျောင်းဖျက်ရေးအတွက် သွက်လက်စွာလှုပ်ရှားဆောင်ရွက်ကြတော့ သည်။

တိုင်းသာသနာရေးမှူးကိုခေါ်မည်၊ စာဒကလုပ်ခိုင်းမည်၊ အထွေထွေ ဖိအားလည်း ပေးလိုက်ဦးမည်၊ ထို့ကြောင့် တိုင်းသာသနာရေးမှူးသည် မတ္တရာ

www.dhammaransi.com



မြို့နယ် သံဃနာယကအဖွဲ့ (သုဓမ္မာ) သို့ စောဒနာလွှာတင်လိုက်သည်။ မတ္တရာ မ. သ. န သည် မြို့နယ်သီးခြားသံဃ ဝိနိစ္ဆယဖွဲ့စည်းရန် အစည်းအဝေးသို့ (မတက်ရောက်မည်မှန်းသိလျက်) (လုပ်ထုံးလုပ်နည်းအရ) မြို့နယ် ရွှေကျင် မ. သ. နဥက္ကဋ္ဌ/အကျိုးဆောင်တို့အားပင့်၏။

မြို့နယ် မ. သ. န (ရွှေကျင်) သည် ထိုအစည်းအဝေးသို့မတက်ရောက်ဘဲ ကန့်ကွက်လွှာတင်သွင်းသည်။ သို့သော် ဘာမျှဂရုပြုခြင်းမရှိ၊ ဇွတ်အတင်းပင် ဝိနိစ္ဆယဖွဲ့ပေး လိုက်ကြသည်။

သဘာပတိထံမှ ရွာဦးကျောင်းဘုန်းကြီးထံ ဝိနိစ္ဆယရုံးသို့ ပင့်ခေါ်၏။ ရွာဦးကျောင်း ဘုန်းကြီးသည်လည်း ဝိနိစ္ဆယရုံးသို့ မကြွရောက်နိုင်ကြောင်း တင်ပြကာ မတက်ရောက်ဘဲ နေခဲ့သည်။

မြို့နယ်သီးခြားသံဃဝိနိစ္ဆယအဖွဲ့ဟူသည် (၃) ရက်အတွင်း အကျဉ်းနည်းဖြင့် စစ်ဆေးဆုံးဖြတ်ကြရမည်ဖြစ်သည့်အတိုင်း အမြန်ဆုံးဖြတ်လိုက်ကြပါ၏။ သူတို့အဆုံးအဖြတ်ကား မေးနေ တွေးနေစရာမရှိပါ။ "ရေနံ့သာရွာဦးကျောင်းကို ဖယ်ရှားပစ်လိုက်တော့" ဟူသော အဆုံးအဖြတ်ပင် မဟုတ်လော။

## ရွှေကျင်ကျောင်း ဖျက်ဆီးရေး နောက်ဆုံးအစီအစဉ်

ဝိနိစ္ဆယအဖွဲ့ကို ဝါခေါင်လပြည့်ကျော် (၈) ရက်နေ့တွင်ဖွဲ့စည်း၏။ ဝိနိစ္ဆယ အဆုံးအဖြတ်ကို ဝါခေါင်လပြည့်ကျော် (၁၃) ရက်နေ့ (၇-၉-၂၀၁၀) တွင် အကောင်အထည် ဖော်ကြသည်။ ထိုနေ့က ရွာဦးကျောင်းဘုန်းကြီးသည် မန္တလေး မဟာဝိသုဒ္ဓါရုံသို့ အစည်းအဝေးကြွရ၏။ ဒါကိုပင် "ပြန်လည်တုန့်ပြန်ရန်အတွက် မန္တလေးသံဃာထုကို သွားရောက်ခေါ် နေသည်" ဟုသူတို့က သတင်းလွှင့်ထားသေး၏။ ထိုသတင်းလွှင့်ခြင်းနှင့်အတူ ပြန်လည် တုန့်ပြန်ရန်ရည်ရွယ်ချက်ဖြင့် သူတို့က ရဲတပ်ဖွဲ့အင်အားကိုလည်း စည်းရုံးဖြည့်စွက်ထား၏။ ထို့ပြင် မီးသတ်တပ်ဖွဲ့ဝင်များ၊ မသိနားမလည်သော လူဒါယကာ၊ ဒါယိကာမများ၊ မိုက်ရူးရဲ သံဃာအချို့နှင့် (ကိုယ်တိုင်စည်းကမ်းမထိန်းသိမ်းသည့်) စည်းကမ်းထိန်းသိမ်းရေးအဖွဲ့သံဃာ များကိုစည်းရုံးခေါ်ယူထားသည်။

**ခေါင်းဆောင်လုပ်သူကား ကုန်သွယ်ရေးပစ္စည်းများကို မတရားလုယူသုံးစွဲဖူး၍ ထောင်နန်းစံခဲ့ဖူးသည့် ရေနံ့သာကျေးရွာ၊ သံဃနာယကအဖွဲ့**

www.dhammaransi.com



**ဉက္ကဋ္ဌ ဦးသုန္ဒရပင်** ဖြစ်တော့သည်။ ထိုအင်အားစုများဖြင့် ဇယမေဒနီ ရွာဦး (ရွှေကျင်) ကျောင်းကို ဝိုင်းကြသည်။ ထို့နောက် ကျောင်းကိုချိတ်ပိတ်လိုက်ကြသည်။ "ဖျက်ဟေ့၊ ရွှေကျင်ကျောင်းကို အမြစ်ကစ တူးပစ်ကြဟေ့"၊ မည်သူက ညာသံပေးလိုက်သည်မသိ၊ ကျောင်းတိုက်မုခ်ဦးကို ဝိုင်းဝန်းဖျက်ဆီးကြတော့သည်။ "ဟေ့ ရပ်ကြ၊ ရပ်ကြ၊ တိုင်းမှူးရောက်လာပြီ" မည်သူက ပြောလိုက် အချက်ပြလိုက်သည် မသိ၊ လာသမျှ လူ/ရှင် ရမ်းကားတွေ စဲသွားကြကာ ထိုနေ့က ဇယမေဒနီရွာဦးကျောင်းသစ် ဖျက်ဆီးရေးအစီအစဉ် ရပ်နားသွားကြလေသည်။

## အကာအကွယ်မဲ့နေပြီလား ?

ရေနံ့သာရွာဦးကျောင်းဖျက်ဆီးရေးအစီအစဉ်ကား တစ်ပြည်လုံးအတွက် "ဒီလိုလုပ်ကြရတယ်" လို့နည်းညွှန်လမ်းပြလိုက်သည့် နယူပဒေသပင်ဖြစ်ပေသည်။ အတုယူဆောင်ရွက် ကြရန်ပြယုဂ်ပုံစံထုတ်ပြလိုက်ခြင်းလည်းဖြစ်သည်။ ရွှေကျင်ဂိုဏ်းသို့ ကူးပြောင်းချင်သူများ ရွှေကျင်ကျောင်းသစ် တည်ထောင်ချင်သူများ "ဘာလဲ ဘယ်လဲဟေ့" ဟု ရာဇသံပေးလိုက်ခြင်းပင်ဖြစ်သည်။

ဒီလိုဆိုလျှင် မိမိတို့ရွှေကျင်ဂိုဏ်းအတွက် အားကိုးစရာမရှိတော့ပြီလော? ဟု မေးစရာ ဖြစ်လာသည်။ မေးလည်းမေးထိုက်ပါသည်။ ယနေ့ အာဏာစက်ဖြင့် ကူစွက်ပေးကြရမည့် အာဏာပိုင်အဖွဲ့အစည်းတို့သည် ဂိုဏ်းကြီးကိုးဂိုဏ်းရှိသည်ကို နားမလည်ကြ၊ သီးခြားဂိုဏ်းများသည်လည်း အဆင့်တူ သံဃနာယကရှိသည်ဆိုတာကိုလည်း သတိမမူကြ၊ တချို့ဆိုလျှင် သီးခြားဂိုဏ်းတို့ အဆင့်ဆင့်သော သံဃနာယကအဖွဲ့များကို ဖုတ်လေသည့်ငပိရှိတယ်လို့ပင် မအောက်မေ့ကြ။

ဒါဖြင့် အခြေခံဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ လက်စွဲများ၊ ညွှန်ကြားချက်များကို ရောအားကိုးလို့မရနိုင်တော့ပေဘူးလား။ ရှာကြည့်ပါ၊ လေ့လာကြည့်ပါ၊ သူတို့ပြုသမျှ နုရမည့် အချက်တွေသာ ယေဘုယျမြင်တွေ့ကြရပေမည်။ အထူးသဖြင့် ကျောင်းသစ်တည်ခြင်း၊ ဂိုဏ်းကူးပြောင်းခြင်းကိစ္စများကိုဆိုလို၏။

ယခုရေနံ့သာ ရွာဦးကျောင်းကိစ္စကိုကြည့်ပါ၊ ရွှေကျင်သံဃနာယကက အဆင့်ဆင့်သာမက သာသနာပိုင်အမှူးပြုသော ရွှေကျင်ဗဟိုဌာနကပါ အသိ

www.dhammaransi.com



အမှတ်ပြုပေးထားသောကျောင်း၊ ဝိုင်းဝန်းကာကွယ်ပေးကြသောကျောင်း ဖြစ်ပါလျက် "ခြံသမျှမလုံ၊ ကာသမျှမကွယ်နိုင် ပဲ" ဖြစ်ခဲ့ရသည် မဟုတ်ပါလော။

သူတို့တတွေ ကျောင်းသစ်တည်ထောင်လိုပါလျှင် "ဘုရားဝင်းသော ဘာဝင်းသော နားမလည်" အသိအမှတ်ပြု၊ ခွင့်ပြုပေးလိုက်ကြ၏။ (မတ္တရာမြို့ပေါ်မှာ လွန်ခဲ့သောနှစ်က ထိုကဲ့သို့သောကျောင်းများကို အသိအမှတ်ပြုထားသည်) ရွှေကျင်ကျောင်းဆိုလျှင်တော့ကား "သံဃာသင်းခွဲသူ၊ စိတ်ဝမ်းကွဲပြားအောင်ပြုသူ၊ ဘာမှညာမှု ကျူးလွန်ခဲ့သူဆိုရတာနှင့် အိမ်ကြိုအိမ်ကြား၊ ဘုရားကြိုဘုရားကြားစသည် ပြောရတာနှင့်၊ လန ၃၉ မကျရသေးတာနှင့်၊ လုပ်ထုံး၊ လမ်းညွှန်၊ လက်စွဲ ဘယ်အချက်တွေနှင့် ကွဲလွဲရတာနှင့်" **အမျိုးမျိုးအကြောင်းပြကာ** ဖျက်ဆီးရေးလမ်းကြောင်းကို အသေအလဲလျှောက်ကြပေတော့သည်။

သူတို့သည် ဒီလိုကိစ္စနှင့်စပ်လာလျှင် အငယ်မှအကြီးတိုင်အောင် ညှိစရာမလိုဘဲညီကြ၏။ နှိုးစရာမလိုဘဲ နိုးထနေကြ၏။ ဖျက်ဆီးရေးအတွက် လက်ယားနေကြပေသည်။

မိမိတို့အတွက် အားကိုးစရာဆိုလို့ သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်းနှင့် လုပ်ထုံးလုပ်နည်းလာအခန်း (၂) အပိုဒ် (၁၀)၊ အခန်း (၁၂) အပိုဒ် (၉၂) တစ်ခုသာရှိတော့၏။ဤသည်ကိုပင်လျှင် (မှု၊ တပါးတို့ဖြင့်) ကန့်သတ်ပေးဖို့ကြိုးစားနေကြပြန်ပါသည်။

ဤသို့ဆိုလျှင် မိမိတို့ရွှေကျင်ဂိုဏ်းအတွက် အကာအကွယ်ကား အဘယ်နည်း ?၊ အကာအကွယ်မဲ့နေရော့သလား? ဟု မေးခွန်းထုတ်စရာအခြေအနေဆိုက်ရောက်နေပေတော့ သည်။

## ရွှေကျင်ဂိုဏ်း၏အနာဂတ်

ဘာသာဋီကာကျမ်းပြုဆရာတော် ဗရားကြီးက သူ၏ ကျမ်းနိဂုံး၌ "ဤကျမ်းဂန်ထက် သာလွန်ကောင်းမွန်သော ကျမ်းစာပေါ်ပေါက်သောအခါ ဤကျမ်းစာသည် ကွယ်ပပါစေ" ဟုဆုတောင်းထား၏။ ထိုနည်းတူ မိမိတို့ရွှေကျင်ဂိုဏ်းထက် စည်းစနစ်ကောင်းမွန်သော ဂိုဏ်းတစ်ခုပေါ်ပေါက်လာပါက "ဤရွှေကျင်ဂိုဏ်းသည် အလိုအလျောက်ကွယ်ပျောက်ပါစေ" ဟု ဆုတောင်းလိုပါသည်။

www.dhammaransi.com



သို့သော် ယနေ့အထိကား မပေါ်ပေါက်သေးပါ။ နောင်တွင်လည်း ပေါ်ပေါက်လိမ့်မည်မဟုတ်ပါ။ ထို့ကြောင့် သိဿာနုသိဿလက်ဆင့်ကမ်းကာ မပျောက်ပျက်ရအောင် သယ်ဆောင်သွားရမည်မှာ သမိုင်းပေးတာဝန်တစ်ရပ် ဖြစ်ပေသည်။ ထို့ကြောင့် ရွှေကျင်သာသနာစည်ပင်ပြန့်ပွားရေးအတွက် ရွှေကျင်ကျောင်းတိုက်များအနှံ့အပြား တည်ထောင်ကြဖို့လိုပေသည်။ ယင်းသို့တည်ထောင်ကြသောအခါတွင် ဆရာစဉ် သမားဆက်ကျင့်သုံးကြသည့် မူအရ ကွဲပြားခြားနားသော်လည်း မဟာကရုဏာတော်ရှင်ဘုရားသခင်၏ တပည့်သံဃာတွေချည်းပါတကားဟု မမြင်နိုင်ကြပဲ မိမိတို့အမြင်မကြည်လင်သော သူတို့သည် လူအင်အား၊ မူအင်အားဖြင့်တားဖို့ ဖျက်ဖို့ အားထုတ်တော်မူရက်ကြပါလိမ့်ဦးမည်။ တကယ်ပင် ဝမ်းနည်းဖွယ်ရာဖြစ်၏။

ဒီလိုဆိုလျှင် သမိုင်းဝေလျှင် ဂိုဏ်းရွှေကျင်၏အနာဂတ်ကို မည်သို့ဖန်တီးကြပေမည်နည်း ? လက်ရှိသံဃာ့အဖွဲ့အစည်းမှနုတ်ထွက်ပြီး သီးခြားရပ်တည်ကြမည်။ ဤအဖြေကား ရွှေကျင်ဂိုဏ်း၏အနာဂတ်အတွက် အကျိုးအမြတ်ရှိမည့်အဖြေ ဟုတ်၊ မဟုတ်စဉ်းစားနိုင်းချိန် ကြရမည်ဖြစ်၏။

ယနေ့မျက်မှောက်ရေးရာသာသနာ၌ အဖြာဖြာသော ဝိနိစ္ဆယကိစ္စ၊ ပညာရေးကိစ္စ၊ သာသနာရေးကိစ္စတို့သည် မ. ဟ. နအဖွဲ့ကြီး၏ အစီအမံအောက်မှာရောက်ရှိနေကြသည်။ ထို့ကြောင့် မ.ဟ.န၏အရိပ်လွတ်အောင် ရှောင်ရှားရန်မှာ အပြောလွယ်သလောက် ဆောင်ရွက်ဖို့ခက်ပါလိမ့်မည်။ နိုင်ငံတော်အစိုးရဆိုသည်မှာလည်း တသမတ်တည်းမဟုတ်၊ အစဉ်ပြောင်းလဲနေ၏။ သီးသန့်ခြားနားစွာရပ်တည်လိုက်ခြင်းကြောင့်ကော အဆိုပါလူအင်အား မူအင်အားတွေဖြင့် အနိုင်ကျင့်ခြင်းမှလွတ်မြောက်မည်ဟု ဧကန်မျှော်လင့်၍မဖြစ်နိုင်။ အတူတကွ ယှဉ်တွဲနေပြန်လျှင်လည်း ထိုနည်းမခြားခံနေကြရဦးမည်သာ ဖြစ်ပါသည်။

မ. ဟ. န အဖွဲ့အစည်းကိုကြည့်ပါ။ (၄၇) ပါးရှိသည့်အနက် ရွှေကျင်ဂိုဏ်း (၃) ပါးသာ ပါဝင်ခွင့်ရ၏။ ဆယ်ပုံတစ်ပုံပင်မရှိပါ။ ပါဝင်သည့် (၃) ပါးကလည်း ဟန်ချက်ညီညီ သွက်လက်စွာလှုပ်ရှားဆောင်ရွက်ပေဦးမှ ယခုကြည့်ပါ။ ရေနံ့သာရွာဦးရွှေကျင်ကျောင်းသစ်ကို ဘုန်းတော်ကြီးကျောင်းအဖြစ် အသိအမှတ်မပြုသည့်အမိန့်ကို ထုတ်ပြန်ရာတွင် မိမိတို့ ရွှေကျင် ဂိုဏ်း မ. ဟ. န

www.dhammaransi.com



ဆရာတော်များသိရှိတော်မူလိုက်ကြပါ၏လော?။ မိမိတို့ကား ဓမ္မဝိနယ၌ ရပ်တည်ဖို့ကြိုးစားကြပါ၏။ တစ်ဖက်ကား ဤသို့မဟုတ်၊ တခါတရံ သူတို့ရပ်တည်ကြသည့် အဓမ္မ၊ အဝိနယကိုပင် လုပ်ထုံး၊ လက်စွဲစည်းမျဉ်းတွေဖြင့် ဓမ္မ၊ ဝိနယအဖြစ် မြင်အောင် အားထုတ်တတ်ကြပေသေးသည်။

တစ်ခုတော့ပြောရန်ရှိပါသည်။ အတူတကွယှဉ်တွဲနေခြင်းဖြင့် အားလုံးမဟုတ်တောင် တင်ပြချင်သည်များတင်ပြနိုင်ခွင့်၊ ပြောနိုင်ခွင့်ရှိ၏။ ထို့ပြင် ယူတတ်ပါလျှင် ရနိုင်သည့် အခွင့်အလမ်းများတချို့တလေရနိုင်ခွင့်ရှိပေသည်။ သို့ဖြစ်လျှင် ခွဲမလား? ပေါင်းမြဲပေါင်းမလား? ဆိုသည့်အမေး၏အဖြေကား ရှေ့ကျင်ဂိုဏ်း၏အနာဂတ်အဖြေတစ်ရပ်ဖြစ်ခြင်းကြောင့် ဒီဃဒဿီ - အရှည်မျှော်လျက်၊ နိသမ္မကာရီ - စဉ်းစားနှိုင်းချိန်လျက် ဆောင်ရွက်ရမည့်ကိစ္စဖြစ်ကြောင်း အလေးအနက်ထား ရှုမြင်မိပါသည်။

ဘဒ္ဒန္တဝိသုဒ္ဓါစာရာဘိဝံသ
နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်
အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ
(သ-စ-အ- ဓမ္မာစရိယ)
နာယကဆရာတော်
သာသနဇောတာရုံကျောင်းတိုက်
အမှတ် (၅) နေချင်စရာရပ်၊ မတ္တရာမြို့။

❁ ❁ ❁ ❁ ❁

www.dhammaransi.com



**၁၃၇၄-ခုနှစ်၊
ကဆုန်လဆန်း ၃-ရက်နေ့
(၂၃-၄-၂၀၁၂)**

ပြဟ္မစိုရ်ဒကာကြီးများနှင့် ပြဟ္မစိုရ်ဒကာမကြီးများ ---

ပြဟ္မစိုရ်ဟူသော နာမည်သည် မည်မျှအထိ မြင့်တက်သည်ဆိုသည်ကို ဗုဒ္ဓမှတပါး မည်သူမျှ ပိုင်းခြားသတ်မှတ်ခြင်း မပြုနိုင်ရာဟူသောပညာရှိတို့၏ စကားကို ကြားယောင်နေမိသည်။ အလွန် အဖိုးတန်သော ဤနာမည်ကို မန္တလေး၌ အစဦးဆုံး သုံးစွဲသူသည် ဆရာတော်ဉးတိက္ခဖြစ်၍ ယင်းဆရာတော်သည် ဘုရားသာသနာတော်၌ အလွန်တင့်တယ်သော ပုဂ္ဂိုလ်တစ်ပါးဖြစ်ကြောင်း ထင်ရှားလှပေသည်။ **"ပြဟ္မစိုရ်လူမှုကူညီရေးအသင်းမန္တလေး"**ဟူသော ဤကမ္ပည်းစာတမ်း (ဆိုင်းဘုတ်)ပိုင်ရှင်သည် ဆရာတော်ဉးတိက္ခသာဖြစ်သည်။

ပြဟ္မစိုရ်ဒကာကြီးတစ်ယောက်၊ပြဟ္မစိုရ်ဒကာမကြီးတစ်ယောက်သည် ဉးတိက္ခနှင့်ပါရမီဖြည့်ဘက် ပုဂ္ဂိုလ်သာဖြစ်သည်။ မူလပိုင်ရှင်မဟုတ်ကြောင်း ထင်ရှားလှပါသည်။

ယခုခေတ် ပုထုဇဉ်တို့သဘာဝ အခိုက်အတန့် မညီမညွတ်ဖြစ်နေခြင်းသည် ပုထုဇဉ်တို့၏ ဓမ္မတာသာ ဖြစ်ပါသည်။ပုထုဇဉ်တို့ ဘဝတစ်သက်တာ ပြဟ္မစိုရ်သူတော်ကောင်းအဖြစ် နေလိုပါလျှင် မေတ္တာကြီးကြီးထား၍ ခန္တီကို လက်လွတ်လို့မဖြစ်နိုင်ပါ။ဉးတိက္ခအပေါ် ခန္တီထားသည်းခံရပါမည်။

သြဝါဒအတိုကောက်ပေးလိုသည်မှာ ပြဟ္မစိုရ်သမားများအား ပြဟ္မစိုရ်တရားကိုပင် ထပ်တလဲလဲ ပြောလိုပါသည်။ **ဉးတိက္ခအပေါ် မေတ္တာကြီးကြီးထားပါ။ မေတ္တာကြီးကြီး မထားနိုင်လျှင် ဉပေက္ခာတော့ မပြုပါနှင့်၊ ကရုဏာထားကြပါ၊ သနားကြပါ**. . . . . ဟု အတိုကောက်ပြောလိုပါသည်။

ပြဟ္မစိုရ်လုပ်ငန်းစဉ်မှန်သမျှ ဆရာတော်ဉးတိက္ခ၏အရာသာ ဖြစ်ပါသည်။ သူတော်ကောင်း အမည်ဖြစ်သော ပြဟ္မစိုရ်အမည်ဖြင့်နေလိုပါလျှင် ဆရာတော်ဉးတိက္ခနှင့်သာ **"သပြဟ္မစာရီ"** ဖြစ်နေရပါမည်။

ဤအသင်းကြီး တိမ်းကပါး ယိမ်းကပါး မဖြစ်နိုင်ဟု တချို့က ပြောကြ၏။ အကြောင်းမှာ ဉးတိက္ခ၏ ဉဇုပ္ပဋိပန္န၊ဉဇုမဂ္ဂဖြစ်သော ဘုရားလောင်းတို့၏

ကျင့်စဉ်မူဝါဒ စွဲကိုင်ထားသောကြောင့်ဟု ဆိုလိုပါသည်။ ပြဟ္မစိုရ်နာမည်ရရှိပြီး ဒကာကြီး/ဒကာမကြီးတို့သည် ပြဟ္မစိုရ်နာမည် မပျောက်ပျက်ရေး မသိမ်ငယ်ရေး၊ မချွတ်ယွင်းရေးကို အထူးအလေးပေး၍ မိမိကျက်သရေ ၊ အမျိုးကျက်သရေ မန္တလေးကျက်သရေ၊ နိုင်ငံကျက်သရေ အထွေထွေ စောင့်ရှောက်သောအားဖြင့် အစည်းအဝေးတက်ကြပါ၊ ပြောဆိုကြပါ၊ ပုံမပျက်ပန်းမပျက်၊ မူမပျက် နေထိုင်ကြပါဟု မေတ္တာရပ်ခံတောင်းပန်စကား ပြောကြားလိုက်ရပါကြောင်း . . . . . . . . . .

**မှတ်ချက်** ။ ။ မန္တလေးမြို့နှင့် ပြဟ္မစိုရ်အကြောင်းကို အတွေ့အကြုံများပြီး အတွင်းသိအစဉ်းသိ၊ ခေတ်သိဖြစ်နေသဖြင့် အများကြီးရေးချင်၏။စာရေးတတ်သူတို့ ရေးလျှင် အကောင်းဆုံးမှတ်တမ်း ဖြစ်နိုင်၏။ စာမရေးတတ်သော ဉာဏ်ဘုန်းကြီး ပြဟ္မစိုရ်သတင်းစုံတို့ကို သိသလောက် မရေးတတ်ဖြစ်နေ၏။ **မည်သူမျှ မငြင်းဆန်နိုင်သော ဉူးတိက္ခနှင့်ဗြဟ္မစိုရ် -ဗြဟ္မစိုရ်နှင့်ဉူးတိက္ခ** ဟုသာ မှတ်ချက်ပြု၍ နိဂုံးအုပ်လိုက်ပါသတည်း ။

**ဝါဆိုဆရာတော်ကြီး**
**(မန္တလေး)**

❁ ❁ ❁ ❁ ❁

www.dhammaransi.com



# ဗြဟ္မစိုရ်

ရေးသူ - မန္တလေးဘုန်းကြီး

မန္တလေးဘုန်းကြီးဆိုသည့်အတိုင်း စစ်ကိုင်းမြို့နယ် ကျေးရွာမှ မန္တလေးသို့ ဘုန်းကြီးကျောင်းသားကလေး ၆-နှစ်သားကစ၍ နေလာသူဖြစ်၏။ ရွှေကျင်ဂိုဏ်း ဆရာတော် အဆက်ဆက် ဝိသုဒ္ဓါရုံဆရာတော်အထက်ထက် အဆက်ဆက် တို့၏ တပည့်ဖြစ်ရုံမက ညောင်ရမ်းဆရာတော်ကြီးနှင့် မစိုးရိမ်ဆရာတော်ကြီး၊ ဟံသာဝတီဆရာတော်စသော အဘိဇ မဟာရဋ္ဌဂုရု အဂ္ဂမဟာပဏ္ဍိတ ဆရာတော်တို့၏ တပည့်ဖြစ်ခဲ့၏။

မန္တလေးအကြောင်း အကုန်အစင်တော့ ဘယ်မှာသိပ့်မလဲ၊ ဘာသာရေး အသင်း၊ သာသနာရေးအသင်း၊ လူမှုရေးအသင်း၊ နိုင်ငံရေးအသင်း၊ ဈေးအသင်း စသည်တို့၏ အကြောင်းအရာ နည်းနည်းပါးပါးတော့ မသိမနေနိုင်၍ သိတန် သမျှ သိပ်သိခဲ့သူ ဘုန်းကြီးတစ်ပါးဖြစ်၏။

မိမိသိက္ခာ ဝါတော်တော်ကြီးကြီးရမှ ပေါ်ထွန်းခဲ့သော မန္တလေးဗြဟ္မစိုရ် အသင်း၏ အစ၏ ကောင်းခြင်း၊ အလယ်၏ကောင်းခြင်း၊ အဆုံး၏ကောင်းခြင်း ဟု ဆိုအပ်သော အာဒိကလျာဏ မဇ္ဈေကလျာဏ ပရိယောသာနကလျာဏ တို့ကို သိခဲ့၏။

မိမိနှစ်သက်သော အသင်းကြီးဖြစ်၏၊ ဤအသင်းကြီးကို ဘယ်ကစပေါ် လာသည်၊ မည်သူ့ကြောင့်ပေါ်လာသည်၊ မည်သူတွေ ဝန်းကျင်ပတ်လည် ဝိုင်းဝန်းပြောကြ ဆိုကြ တီးတိုး ပြောင်တင်းပြောကြ၏။ စာနယ်ဇင်း အစောင် စောင် ရေးကြ၏။ ဝါဒဖြန့်ကြ၏။ အကုန်အစင် သတင်းရ၏။ ဖတ်ရှုရ၏။ တောင်စလင်း ဥးတိက္ခ ထိုအချိန်ကစပြီး ကျော်ကြားလာ၏။

ဥးတိက္ခ ဆရာတော်အနီးအနား ပရိတ်သတ်များပြား၏၊ ဝင်ထွက် နေကြ၏။ အရှေ့ပြင်က သတင်း၊ အနောက်ပြင် အကုန်ရောက်၏ ကြားရ၏။ သိ၏။

သို့အတွက် ဖေါ်ပြလတ္တံ့ပါ မူလတန်းဖတ်စာ,စာအပိုဒ်တို့ကို စိတ် အတွင်း၌ ရေးသားမိခြင်းဖြစ်၏။

www.dhammaransi.com



* ပြဟ္မစိုရ်သည် ပြဟ္မစိုရ်သာ ဖြစ်ရမည်။
* ပြဟ္မစိုရ်သည် အပြဟ္မစိုရ် မဖြစ်ရပေ။
  (အပြဟ္မစိုရ်ဟူသည် မေတ္တာ,ကရုဏာ,မုဒိတာ,ဥပေက္ခာ တရားလေးပါး ကင်းမဲ့သူဖြစ်၏)
* ပြဟ္မစိုရ်သမားသည် ငါ့သန္တာန် ပြဟ္မစိုရ်လေးပါးလုံး ရှိသေးရဲ့လား၊ စသည် တရစပ် အမြဲဆင်ခြင်နေပါ၊
* မန္တလေး ပြဟ္မစိုရ်သည် မန္တလေးဘုန်းကြီးများ,မန္တလေးလူများ၏ အသင်း ဖြစ်၏။
* ယင်း ပြဟ္မစိုရ်သည် ဉးတိက္ခ၏ မူလနာမည် ဖြစ်သည်ဟု အများလည်း သိ၏။
* တစ်ပါးသော ရှင်,လူတို့သည် မကြိုက်သေးက အသာငြိမ်နေဖို့ပင်ဖြစ်၏။ ပြဟ္မစိုရ်သည် မိမိ၏ လတ်တလော အကျိုးသက်ရောက်မှု ဘာမျှ မရှိ ဖြစ်၏။
* ဘဝသံသရာ၌ မိမိချမ်းသာရေးကိုသာငဲ့ပြီး ပစ္စုပ္ပန် အခွင့်အရေး မယူပဲ ပါဝင်နေကြ၏။ ကြားရ၏။ တကယ်ယုံကြည်ပါ၏။

ကျက်သရေရှိသော မန္တလေးအသင်းကြီးကို အတွင်းဝင်၍ဖြစ်စေ၊ အပြင်မှာနေ၍ဖြစ်စေ မပျက်စီးအောင်၊ မဆုတ်ယုတ်အောင် စောင့်ရှောက် ထိန်းသိမ်းစေလိုကြောင်း ဆရာတော်တို့ မေတ္တာဆန္ဒ ပြုအပ်ပါသတည်း။

❁ ❁ ❁ ❁ ❁

www.dhammaransi.com



# ပတ္တိဒါန = ဓမ္မလက်ဆောင်

## ဣတိပိ သော ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ ဝိဇ္ဇာစရဏသမ္ပန္နော သုဂတော လောကဝိဒူ အနုတ္တရောပုရိသဒမ္မသာရထိ သတ္ထာဒေဝမနုဿာနံ ဗုဒ္ဓေါ ဘဂဝါ။

**ဧဝံ နဝဟိ ဂုဏေဟိ၊ လောကမှိ ကိတ္တိဗျာပိတံ၊**
**အတုလံ ဓမ္မရာဇာနံ၊ ဝန္ဒာမိ တီဟိ အာဒရံ။**
**ဇယံ ဒေတု ဇယုတ္တမော၊ ဇယံ ဒေတု ဇယုတ္တမော၊**
**ဇယံ ဒေတု ဇယုတ္တမော။**

လယ်အောင်၊ ယာအောင်၊ စပါးအောင်၊ ဂျုံပဲတွေအောင်ချင်လျှင် ဝယ်ပန်းရောင်းပန်း လှူချင်လျှင် ဖော်ပြသော ပါဠိ + ပါဌ်သားများ နှုတ်တက် အရကျက်၍ မပြတ်မလပ်ရွတ်ပါ။

ဘုရား (၁၀) ဆူ ၁၃၁၈ ခုနှစ်၊ စစ်ကိုင်းငလျင်ဒဏ်ခံရာမှ လေမုန်တိုင်းဒဏ်ဖြင့် ပြိုကျပျက်စီးခဲ့ရာ ၁၃၇၁ ခုနှစ်၊ တပေါင်းလရောက်မှ နီးနားရောက်လာကြသော ဉာတိ ပဝါရိတ ဒကာရင်းများ၏ အားပေးကူညီမှုကိုအရယူလျက် ရွာဘုန်းကြီးများနှင့် ရွာဂေါပကတို့ကို ကြီးကြပ်ရေးလုပ်ဖို့ခိုင်းပြီး -

ဖော်ပြပါဣတိပိသော စတဲ့ပါဠိစာတို့ကိုများများရွတ်၍ (၁၀) လ စီမံကိန်းချမှတ်ဆောင်ရွက်သဖြင့် ပတ္တိဒါနအမျှဝေစခန်းဆိုက်ရောက်ခဲ့ပါပြီ။ (၁၀ - လ စီမံကိန်း အောင်မြင်ပါသည်)

လင်းယဉ်မဟာဝိဟာရ ဘုရားကုန်းတော်ဘုရားဝင်းအတွင်းရှိ -

(က) ခါးပြတ်ပြိုပျက်လဲကျနေသော စေတီတော်များ (၁၀) ဆူ ရွှေထီးတင်လှူသည်အထိပူဇော်မည်။
(ခ) အသားကျောင်း သစ်သားကျောင်းကြီး (၃) ကျောင်း ရေနံစိုစေမည်။
(ဂ) အုဌ်တိုက် အုဌ်သားတိုက် (၂) လုံးဆေးသုတ်ခြယ်သမည်။
(ဃ) ဘန်ကောက် သိမ်အသစ်ကိုလည်း သီးခြားဆောက်လုပ်ပြီးစေမည်။

www.dhammaransi.com



(င) ဥပုသ်ဆောင် နားနေဆောင်များဆောက်လုပ်ထားမည်။

(စ) သမ်တလင်း ပရိဂုဏ်ဘုရားရင်ပြင် သန့်ရှင်းစေလျက် ဘိလပ်မြေကျောက်သေး တာရစိုတို့ဖြင့် ခင်းကျင်းသပ်ရပ်စေမည်။

(ဘုရားရင်ပြင် တောင် × မြောက်အရှည်ပေပေါင်း ၂၃၀ ကျော်နှင့် အရှေ့ × အနောက် ပေ ၉၀ ရှိ၏)

ဤသို့သော အစီအစဉ်ဖြင့် စနစ်တကျ စီမံဆောင်ရွက်တော်မူသော ဆရာတော်ကြီး၏ လှုပ်ရှားမှုတို့ကို နေ့စဉ်တွေ့နေရပါသည်။

မန္တလေးမှကုန်မာပစ္စည်းများ ဘိလပ်မြေအစ ဦးဝိစက္ခဏ စီမံ၍ ဦးထွန်းကြိုင် အခေါက်ခေါက်သွားပြန်လုပ်ရပါသည်။

ဦးခေမာစာရ စာရင်းကိုင်ဘဏ္ဍာငွေစာရင်း ထုတ်/သွင်း ကျောင်းသားများနှင့် အမြဲတမ်းအလုပ်များနေသည်ကိုတွေ့ရပါသည်။

အောင်ပွဲအလီလီရရှိ၍ ဆရာတော်ကြီးစိတ်ချမ်းသာသကဲ့သို့ ပွဲတော်လာရှင်/လူအားလုံး ဘုရားဂုဏ်တော် ထုံမွှမ်း၍ တစ်သက်ပတ်လုံး ရွှင်ပြုံးချမ်းသာဝမ်းသာအေးမြကြပါစေသော် . . .

❁ ❁ ❁ ❁ ❁

www.dhammaransi.com



# ဒဟတ္တော ဆရာတော် ပူဇော်ပွဲ
# သတိပေး ဩဝါဒ တရား

ဒဟတ္တောမြတ်စွာဘုရားဟူသည် ရှေးသမိုင်းဝင် ဘုရားဖြစ်သည်။ ဘုရားဝင်းကြီးကလည်း ကျယ်ဝန်းလှသည်။ အနီးအနားရပ်ကွက် ဗုဒ္ဓဘာသာတို့ စုပေါင်း သီလယူကြသည်။ တရားနာကြသည်။ ဤမျှလောက်သိရ၏။ အမှတ်တမဲ့ နေခဲ့သည်ဖြစ်၍ အင်္ဂလိပ်ခေတ် တစ်ခေတ်လုံး၊ ဂျပန်ခေတ်တစ်ခေတ်လုံး ထီးထီးမားမား ဘုရားစေတီတော်မြတ်ကြီးနှင့် အသားတန်ဆောင်း ဓမ္မာရုံကလေး ရှိ၏။

မြန်မာ့လွတ်လပ်ရေးခေတ်၊ ဖ. ဆ. ပ. လခေတ်၌ ဤစာရေးသူတို့လည်း ရဟန်း ၁၀-ဝါကျော် ဝိသုဒ္ဓါရုံ ဝါဆိုကျောင်းဘုန်းကြီး ဖြစ်လာသည့်အခါ ဓမ္မာရုံတန်ဆောင်းကို အုပ်ချုပ်သော ဂေါပကဒကာကြီးများက ဓမ္မာရုံ ညနေ တရားပွဲဟောရန် လာရောက်ပင့်လျှောက်သဖြင့် ဒဟတ္တောဘုရားဝင်းအတွင်း ဥပုသ်နေ့တိုင်းလိုလို ရောက်ခဲ့ရ၏။

အနောက်ပိုင်း အနောက်ဘက်တန်း တောထွက်ကိုယ်တော်ကြီး ၂-ပါး ကိုယ့်ကျောင်းကလေးနှင့်ကိုယ် နေကြသည်ကို တွေ့ရ၏။ ဆွမ်းခံစားကြသည်ကို သိ၏။ ဂေါပကလူကြီးများ၏ ကိုယ်းစားအဖြစ်ဖြင့် သူတို့ကပင် ဝါဆိုကျောင်းလာ၍ တရားဟောရန် ပင့်ဖိတ်၏။

နှစ်အတန်ကြာသောအခါ ဂေါပကလူကြီး သုံး လေးယောက် ဘုရားဝင်းကြီး သာယာလှပတင့်တယ်အောင် ဝေယျာဝစ္စပြုကြသည်ကို တွေ့ရ၏။ သုံးခန်းပတ်လည် တစ်ထပ်ကျောင်း (အသား-ကျောင်း)ဆောက်လုပ်ပြီးစီးရာမှ မဟာဝိသုဒ္ဓါရုံတိုက်သစ် သရက်တောဝါးတန်ကျောင်း ဆရာတော် ဉးဝဏ္ဏိတာဘိဝံသ (နာယကအဖွဲ့ဝင်)နှင့် ထိုဆရာတော်၏ လက်ထောက် ဉးသုဇာတသာရ (ယခု) အဘိဓဇမဟာရဋ္ဌဂုရု မော်ကွန်းရှင်ထံသို့ လာရောက်၍ ကျောင်းတိုက်တည်ထောင်နိုင်ရန် ညှိနှိုင်းဆွေးနွေးကြ၏။

စာမရှည် မပျော့အောင် အတိုချုပ်ပဲ ရေးရမယ်ဆိုရင် မဟာဝိသုဒ္ဓါရုံတိုက် နာယကဆရာတော်များ လိုက်ပါပို့ဆောင်၍ ယခုမော်ကွန်းရှင် ဉးသုဇာတသာရကို ဒဟတ္တော ဘုရားတန်ဆောင်းအတွင်းသို့ ပို့ဆောင်ခဲ့ကြသည် ဆိုပါတော့။

www.dhammaransi.com



စာချ၊ စာပြ၊ စာအံ၊ စာတက် မပြတ်ရွက်ဆောင်လျက် ည မနက် ဘုရားဝတ်တက် ဆွမ်းခံထွက် တံမြက်လှည်း၊ သန့်ရှင်းရေးလုပ်၊ စာသင်စာချ၊ သံဃာသုံးဆယ်ခန့်က အစပြု၍ ဘုရား အဆုံးအမအတိုင်း ဂိုဏ်းဥပဒေနှင့်အညီ ဥယျာဉ်မှူးကြီးသဖွယ် အုပ်ချုပ်စီမံတတ်သောကြောင့် **ဒဟတ္တောကျောင်းတိုက်အဖြစ်မှ ဒဟတ္တောပရိယတ္တိ စာသင်တိုက်အဖြစ်သို့** အလိုလို ပြောင်းလဲဖြစ်ထွန်းပေါ်ပေါက်လာသည်ဖြစ်၍ စာရေးဆဲအခိုက်မှာပင် ဤဝါဆိုကျောင်းဘုန်းကြီး (၉၆ နှစ်၊ ၇၇ ဝါ) စုပ်သတ် ငေးမော အံ့ဩရပါကြောင်း ကြားညှပ်ဖော်ပြအပ်သည်။

သတိပေးလိုသည်မှာ . . .

**ဘုရားသာသနာ အဆုံးအမ တမျှင် တဆန်မျှ မလျော့ပါးပါစေနှင့်**
**ရွှေကျင်ဂိုဏ်းဥပဒေကို အသက်နှင့်လဲ၍ တစ်ကွက်တလေမျှ မထိခိုက်စေနှင့်**

ဒဟတ္တောပရိယတ္တိစာသင်တိုက်ဟူသည် ရွှေကျင်ဂိုဏ်းဝင် ကျောင်းတိုက်ကြီးဖြစ်သည်ကို မည်သည့်ဆိုင်းဘုတ်ကိုမျှ မထူမထောင်ဘဲ ကိုရင်လေးတစ်ပါး၊ ဦးဇင်းလေးတစ်ပါးကို ကြည့်လိုက်ရင် (ဝါ) ဖူးမြော်လိုက်ရင် ယင်းဒကာ/ဒကာမ၏ စိတ်နှလုံးကို ယူကြုံးဆွဲငင်၍ အလိုလို လက်အုပ်ချီချင်လာအောင် နေကြထိုင်ကြပါဟု ရှေးဦးစွာ သတိပေးလိုက်ပါ၏။

မော်ကွန်းရှင် ဆရာတော်ကြီးသည် စစ်ကိုင်းတိုင်းဒေသကြီး၊ မြင်းမူမြို့နယ်၊ ဝမ်းပြည့်ရွာ ဇာတိဖြစ်၏။ ရွှေကျင်နိကာယ ဥက္ကဋ္ဌ၊ ရွှေကျင်ဂိုဏ်းသာသနာပိုင်၊ ယနေ့အထိ ၁၄ ပါးရှိရာ ဒသမမြောက် ၁၀-ပါးမြောက် ရွှေကျင်သာသနာပိုင်သည် ဝမ်းပြည့်ရွာဇာတိဖြစ်သည်။

မြောင်းမြမြို့နယ် သာသနာပြု ဥယျာဉ်မှူးကြီးအဖြစ် ဝိနည်းကို အသက်ပေး၍ စောင့်ရှောက်ခဲ့သော သာသနာပြုအကျော် မြောင်းမြဆရာတော်ဟူ၍ အလွန်ထင်ရှား ကျော်ကြားခဲ့သည်။

**ပါတိမောက္ခံ ဝိသောဓေန္တော၊ အပ္ပေဝ ဇီဝိတံ ဇဟေ။**
**ပညတ္တံ လောကနာထေန၊ န ဘိန္ဒေ သီလသံဝရံ။**

ဝိသုဒ္ဓိမဂ် ကျမ်းဂန်ပါဠိ လာရှိသည့်အတိုင်း မြောင်းမြဆရာတော် ဘုရားသည် ပါတိမောက် ဝိနည်းသိက္ခာပုဒ်နှင့်စပ်၍ . . . . .

အသက်ကို စွန့်သော်လည်း စွန့်တန်ရာ၏။ ဘုရား ပညတ်သော ပါတိ

www.dhammaransi.com



မောက် ဝိနည်းဒေသနာကို သီလသံဝရဟု စွဲမြဲကာ ဖျက်ဆီးခြင်းမပြုခဲ့ပါလေ

ရွှေကျောင်ဂိုဏ်းဝင် ဒဟတ္တောပရိယတ္တိစာသင်တိုက် သံဃာများသည် မိမိတို့၏ ကျေးဇူးရှင် ကျေးဇူးရှင်ဖြစ်သော သာသနာပိုင် မြောင်းမြဆရာတော်ကြီးကို ငဲ့ညှာထောက်ထား၍လည်းကောင်း၊ မော်ကွန်းရှင်ဆရာတော်ကြီးကို ကူညီလေးစားထောက်ထားသောအားဖြင့်လည်းကောင်း၊

**စိတ္တံ ဒမေထ မေဓာဝီ၊ စိတ္တံ ဒန္တံ သုခါဝဟံ။**

ကျမ်းဂန်ဒေသနာအရ စိတ်ကိုဆုံးမ၍ နေထိုင်ပြီးကာ၊ ဆုံးမအပ်သော စိတ်ကသာ မိမိ၏ ချမ်းသာရေးကို မုချပေးမည်ဟု ယုံကြည်ကြစေလိုကြောင်း၊ သာသနာစိတ် ရှိကြစေလိုကြောင်း နှိုးဆော်တိုက်တွန်းအပ်ပါသတည်း။

www.dhammaransi.com



# တောင်သမန် ကျောက်တော်ကြီးဆရာတော်ကြီး ဘဒ္ဒန္တ အဂ္ဂဝံသ၏ ၈၀ နှစ်ပြည့် မွေးနေ့ပူဇော်ပွဲ ဝမ်းမြောက်သဝဏ်လွှာ

ယနေ့ ၁၃၇၄ ခုနှစ်၊ တပို့တွဲလဆန်း ၁၅ ရက် လပြည့်နေ့တွင် ကျောက်တော်ကြီးဆရာတော် ဦးအဂ္ဂဝံသ သက်တော်(၈၀) ဝါတော်(၆၀) ပြည့်မြောက်လာသည်ကို သဘာဝ တားဆီးမရသောကိစ္စဖြစ်၍ ဝမ်းမြောက်ရပါသည်။

ဤအချိန်အခါ၌ ဤဆရာတော်ကို သက်တော်(၆၀)ကျော်အရွယ်ဖြင့် လှုပ်ရှားနေသည်ကို ရှုမြင်သုံးသပ်လိုသောကြောင့် သက်တော်(၈၀)ရောက်ရှိနေသည်ကို မကြိုက်သလိုလို ဝေ့လည်လည် စိတ်များ ဖြစ်ပေါ်လာသဖြင့် ဤစာကို ရေးရပါသည်။

**ဝန္ဒနေ ပိဏ္ဍပါတေ စ၊ နဝ ကမ္မ စ ဘောဇနေ။**

**သဇ္ဈာယေ ပဋ္ဌဝတ္တေသု၊ သမေ မဟာဂန္ဓာရာမိကော။**

**ဝန္ဒနေ** - ဘုရားရှိခိုးရာ၌လည်းကောင်း၊ **ပိဏ္ဍပါတေ စ** - ဆွမ်းခံကြွရာ၌လည်းကောင်း၊ **နဝ ကမ္မေ စ** - ဝတ်ပြုရာ နဝ ကမ္မ သေနာသနဝတ်၌လည်းကောင်း၊ **ဘောဇနေ** - ဆွမ်းစားကျောင်း၌လည်းကောင်း၊ **သဇ္ဈာယေ** - စာအံ စာတက်ပြုလုပ်ရာ စာအံကျောင်း စာတက်ကျောင်း၌လည်းကောင်း၊ **ပဋ္ဌဝတ္တေသု** - ငါးပါးသော ကျင့်ဝတ်ပဋိပတ်တို့၌၊ **မဟာဂန္ဓာရာမိကော** - မဟာဂန္ဓာရုံတိုက်သား ရဟန်းသာမဏေများသည်၊ **သမေ** - ညီညွတ်ကြရာ၏။

သတ္တမရွှေကျင်သာသနာပိုင် ကျိုက်လတ်ပဋ္ဌိမာရုံဆရာတော်ဘုရားကြီး၏ ဖော်ပြပါကျောင်းတိုက်ကျင့်ဝတ် ကျင့်စရာ ဂါထာလာသည့်အတိုင်း ကျောက်တော်ကြီးဆရာတော်သည် ငယ်ငယ်ကစ၍ ယခုထက်တိုင် သက်ကြီးရွယ်အို အထိ ဤငါးပါးနှင့် ပြည့်စုံသည်ကို တွေ့သိကြည်ညိုရ၏။

နံပတ် ၂ - ပိဏ္ဍပါတေ အရ ဆွမ်းခံအရေးကိစ္စညီညွတ်ရေးရအောင် ဦးဇင်းငယ် ကိုရင်ငယ်များကို ဟောပြောတိုက်တွန်းရုံမျှမက ကိုယ်တိုင်ကိုယ်ကျ ပင့်ဖိတ်သော မြို့ရွာဒေသသို့ ဆွမ်းဆန်အလှူခံကိစ္စ နေပူမရှောင် မိုးရွာမရှောင် **'သံဃ ဖာသု'** ဖြစ်စေရန် **သံဃကိစ္စ** သံဃာချမ်းသာရေး လိုက်လံဆောင်ရွက်

www.dhammaransi.com



သည်ကို တွေ့မြင်နေရ၏။

နံပတ် ၅- စာအံကျောင်း စာတက်ကျောင်း ပရိယတ္တိပညာရေးကိစ္စ မဟာဂန္ဓာရုံမှ ထူးချွန်သူ ပထမကျော်စသည်တို့ ထွက်ပေါ် ဝင့်ကြွားနိုင်စေရန် ပင့်မြှောက်ပေးတတ်သူ အားပေးတိုက်တွန်းတတ်သူ ဘုန်းကြီးတစ်ပါးဖြစ်ကြောင်းလည်း သိရ၏။

များစွာသော ဘုန်းကြီးတို့တွင် **ပုညကိရိယဝတ္ထု-၌** ပါဝင်သော ဝေယျာဝစ္စကုသိုလ်ကို မပျင်းမရိ ဆောင်ရွက်တတ်သူဖြစ်ကြောင်း ကျော်ကြားသော ဘုန်းကြီးတစ်ပါးလည်းဖြစ်၏။

**ဝေယျာဝစ္စ** - ဟူသည် **ဗျာဝဋဿ ဘာဝေါ ဝေယျာဝစ္စံ၊ ဗျာဝဋဿ** - လုံ့လစိုက်သောသူ၏ (ဝါ) မပျင်းမရိသောသူ၏ **ဘာဝေါ** - ဖြစ်ကြောင်းဖြစ်ရာတည်း။ ကျောက်တော်ကြီးဆရာတော်သည် ပျင်းရိတတ်သူမဟုတ်ကြောင်း **ကောသဇ္ဇတရား**ကို တွန်းလှန်ပယ်ရှားနိုင်သူဖြစ်ကြောင်း အသိဉာဏ်ကို ရှေးဦးတင်၍ ပြုလုပ်တတ်ကြောင်း ဤဘုန်းကြီး၏စိတ်ဓာတ်သည် ကျမ်းပြုအကျော် မဟာဂန္ဓာရုံဆရာတော်၏ အမိန့်ဩဝါဒဖြင့် ကျောက်တော်ကြီး၌ နေရသော်လည်း မဟာဂန္ဓာရုံကိစ္စကို ဝါ-မဟာဂန္ဓာရုံ၏ဝေယျာဝစ္စကို လွှဲဖယ်ရှောင်ကြဉ်မှုမပြုဘဲ ဆောင်ရွက်နေသောကြောင့် တစ်ဂိုဏ်းလုံးက ကြည်ညိုအားကိုးနေရသူဖြစ်ကြောင်း ဤစာတမ်းငယ်၌ ဤသို့နှယ် ထည့်သွင်းဖော်ပြလိုက်ရပေ၏။

မဟာဂန္ဓာရုံမဟာနာယကချုပ်နှင့် **နာယက အနုနာယက** စုဝေးရာ၌ ကျောက်တော်ကြီးဆရာတော်သည် မျှမျှတတ ရှေ့ထောက်/နောက်ထောက် ပြောတတ်ဆိုတတ်သူ ပုဂ္ဂိုလ်တစ်ယောက်ဟူ၍လည်း ဤစာတမ်းရေးသူအနေဖြင့် မှတ်တမ်းတင်ထား၏။

ကျောက်တော်ကြီးမှာ နေ၍ မဟာဂန္ဓာရုံတိုက်မကြီးကို ပစ်ပယ်မထား ဥပေက္ခာမရှုဘဲ နေခြင်းဖြင့် ဤဘုန်းကြီး၌ ကုသိုလ်စိတ္တုပ္ပါဒ်တို့ ဖြစ်ပွားနေမည်ကို တွေးထင်မိပါ၏။

မဟာဂန္ဓာရုံမိခင်တိုက်ကြီး အရှည်ခန့်၍ တည်တံ့ပါစေရန် ဖော်ပြပါ **နာယက အနုနာယက** တို့ တာဝန်ဖြစ်ကြောင်း ဤစာလွှာဖြင့် ဩဝါဒစကားပြောကြားလိုက်ရပါသည်။

ဝေယျာဝစ္စကုသိုလ်သည် **ဒါန သီလ ဘာဝနာ** ကုသိုလ်တရား သုံးပါး

www.dhammaransi.com



တို့တွင် ဘာဝနာလည်းမဟုတ်ပါ၊ ဒါနမှုလည်း မဟုတ်ပါ၊ သီလဖြစ်၍ **စာရိတ္တသီလ** ဖြစ်ပါသည်။ **စာရိတ္တသီလ** ကြောင့် နတ်ပြည် မုချရောက်နိုင်ပါသည်။

**"သီလံ ရက္ခေထ မေဓာဝီ"** ဆိုသည့်အတိုင်း ပညာရှိတို့မည်သည် သီလကို စောင့်ရှောက်ရာ၏။ သီလဖြင့် သုဂတိ ဘုံဘဝ သို့ ခိုနားနိုင်ရာ၏ ဟူသော ဩဝါဒသဝဏ်လွှာ ရေးသားအပ်ပါသတည်း။

www.dhammaransi.com



# ၁၃၇၄ ခုနှစ်၊ တပေါင်းလ ဗဟိုသံဃဝန်ဆောင် အစည်းအဝေးသို့ ပေးပို့သော ဩဝါဒ

၁။ **ဝိဝါဒံ ဘယတော ဒိသွာ . . .**

ငြင်းခုံမှု၊ စကားများမှု၊ ရန်ဖြစ်မှု၊ တရားဖြစ်မှု ဟူသမျှသည် ဘေးတွေ့တတ်သည်။ ဘေးဒုက္ခခေါ်သော အလွန်ဆင်းရဲခြင်းဖြစ်သည်။

၂။ **အဝိဝါဒဉ္စ ခေမတော . . .**

မငြင်းခုံခြင်း၊ ဖက်ပြိုင်စကားမပြောခြင်း၊ သည်းခံခြင်း၊ မေတ္တာစိတ်ဖြင့်နေခြင်း၊ တောင်ကျောင်း+မြောက်ကျောင်း+အရှေ့ကျောင်း+အနောက်ကျောင်း+အဝေးကျောင်း+အနီးကျောင်း စသည် ဂိုဏ်းတစ်ပါးနှင့်ဂိုဏ်းတစ်ပါး ပဋိပက္ခမဖြစ်ခြင်းသည် ငြိမ်းချမ်းရေးရ၏။ သမထ ဝိပဿနာအားထုတ်နိုင်၏။ ဘုရားသားတော်ပီပီ အေးချမ်းစွာနေနိုင်၏။ ချမ်းသာ၏။

၃။ **သမဂ္ဂါ သခိလာ ဟောထ . . .**

ချစ်သားတို့ ညီညီညွတ်ညွတ်နေကြ၊ တစ်ပါးနှင့်တစ်ပါး၊ တစ်ကျောင်းနှင့်တစ်ကျောင်း၊ တစ်ဂိုဏ်းနှင့်တစ်ဂိုဏ်း သည်းခံကြ၊ အချင်းချင်း ဒေါသမဖြစ်ကြနှင့်၊ ကောက်ကျစ်မှုမရှိစေနှင့်၊ မထီမဲ့မြင် မပြုကြနှင့်၊ ကြည်ကြည်လင်လင် ရွှင်ရွှင်ပျပျ ကျန်းကျန်းမာမာ ချမ်းချမ်းသာသာ ပြေပြေပြစ်ပြစ် ပြောဆိုကြ 'နှုတ်ချိုလျှိုတစ်ပါး'ဆိုသည့်အတိုင်း အစစ ကာယကံ ဝစီကံ ကောင်းကောင်း သတိထားနေကြ။

၄။ **ဧသာ ဗုဒ္ဓါနုသာသနီ . . .**

ဖော်ပြပါ ၁, ၂, ၃ ဆုံးမစကား ဩဝါဒတရားတို့သည် အဆူဆူသော မြတ်စွာဗုဒ္ဓတို့၏ အဆုံးအမ ဩဝါဒတော်ပါပေတည်း။

မြန်မာနိုင်ငံအတွင်းရှိ ထေရဝါဒ သံဃာတော် ၆ သိန်းမျှသော အရှင်မြတ်တို့ဘုရား၊ (ဤခုဒ္ဒကနိကာယ် ထေရမပါဒါန် ဗုဒ္ဓဝဂ်လာ အပဒါန်ပါဠိတော်လာ ဒေသနာကို ပါဠိအရကျက်၍ နှုတ်ငုံဆောင်ထားရန် တိုက်တွန်းပါသည်ဘုရား)

တပည့်တော်တို့ သေပြီးနောက် မပါယ်မရောက်အောင် ငရဲမကျအောင် အထူးဂရုစိုက်၍ နေရမည့် ယခုလို အချိန်အခါတွင် ဖော်ပြပြီး အချက်အလက်တို့ကို သတိပြုနေထိုင်နိုင်မှသာ ဒေဝဂတိ, မနုဿဂတိသို့ ဆိုက်ရောက်ပါလိမ့်

www.dhammaransi.com



မည်။ ဖော်ပြပါ ၁, ၂, ၃ နှင့် မညီလျှင် အလွန်ဝမ်းနည်း ပက်လက်ဖြစ်ရပါလိမ့်မည်။ ဤဘဝ လူလည်းဖြစ်၊ ရဟန်းလည်းဖြစ်၊ သာသာနာနှင့်လည်း တွေ့ကြုံပါလျက် ဂတိလွဲလျှင် မဖြစ်ကောင်းသော ဆုံးရှုံးခြင်းတစ်ရပ် မတွေ့ကြပါစေနှင့် မကြုံကြပါစေနှင့်ဟု ဆုတောင်းမေတ္တာပို့၍ လျှောက်ထားအပ်ပါသည်ဘုရား . . .

"ဒေဝ, မနုဿ, နိရယနှင့် ပေတ, တိရစ္ဆာန် လားရန်အရှိ ငါးတန်သော ဂတိ" ဟူသော လင်္ကာအရ မလွဲမသွေ သွားရမည့် ဂတိငါးမျိုးရှိသည်တွင် အထက်တန်း ဂတိနှစ်ပါး ရအောင်ယူ၍ အောက်တန်းဂတိ ၃ မျိုး ပယ်ချိုးတွန်းလှန်နိုင်ကြစေရန် ဤအတိုချုပ် သတိပေးစကားဖြင့် ရင်းနှီးစွာ ရေးသားအပ်ပါသတည်း။

www.dhammaransi.com



# ၇၄ နှစ်မြောက် မန္တလေး အာဇာနည် ၁၇ ဦးတို့၏ ဂုဏ်ပြုပွဲ၌ နှုတ်မြွက်ဟောပြောသော သြဝါဒကထာ

၁၃၀၀ ပြည့်နှစ်၊ တပို့တွဲလပြည့်ကျော် ၇ ရက်နေ့၊ အဲဒီနေ့က ဒီဘုန်းကြီး ဉူးပဉ္ဇင်းဘဝဖြင့် ၃ ဝါသာ ရသေးတယ်။ ထိုနေ့တွင် မိမိနေထိုင်ရာ အနောက်ပြင်မှာ မရှိ၊ မင်းကွန်းတောင် ရန်ကင်းချောင်တွင် ခေတ္တ နေထိုင်ဆဲဖြစ်တယ်။

ရန်ကင်းချောင်အတူနေ ဦးပဉ္ဇင်းများကပင် အရှင်ဘုရား မန္တလေးမှာ ရှိနေရင် အာဇာနည်ထဲ ပါမှာ ဟု ပြောကြ၏။ နောက် မန္တလေးဆေးရုံကြီး အရောက်သွား၏။ တပေါင်းလဆန်း ၁ ရက်နေ့၌ အိမ်တော်ရာဘုရားဝင်းမှ ယခု အာဇာနည်ကုန်းမြေသို့ ရှင်၊ လူ ပရိသတ် သိန်းချီပါတယ်။ (နှစ်သိန်းခန့်) လိုက်ပါပို့ဆောင်ကာ အာဇာနည်ဗိမာန်အဖြစ် မြို့လူထုနှင့် ပြည်သူတို့က သတ်မှတ်လျက် ဂုဏ်ပြုထားကြတယ် ဆိုပါတော့ . . .

ထိုအချိန် မြန်မာရှင်ဘုရင် ထီးရှင် နန်းရှင် သီပေါမင်း အင်္ဂလိပ်ဖမ်းဆီးသွားရာမှစပြီး ကျွန်သပေါက်အဖြစ် နေကြရသော မြန်မာတို့ အသက်နှင့်လဲ၍ သွေးမြေကျ လွတ်လပ်ရေးတိုက်ပွဲသည် အပြင်းထန်ဆုံး အခြေအနေသို့ ရောက်ရှိခဲ့လေသည်။ ရဟန်းတော် ၇ ပါး၊ လူပုဂ္ဂိုလ် ၁၀ ဦးတို့ မရှုမလှ ကျဆုံးခဲ့ကြရသည်။ သီပေါမင်း ပါတော်မူနေ့မှ တွက်ကြည့်လျှင် ၅၃ နှစ် ရှိနေပေပြီ။ "ဤနေ့သည် အင်္ဂလိပ်နယ်ချဲ့တို့၏ လွတ်လပ်ရေးမပေးက မဖြစ်တော့ဘူး" ဆိုသော ဆုံးဖြတ်ချက် စတင်ဖြစ်ပေါ်သောနေ့ဟု ပြောက မှားမည်မဟုတ်ပေ။

လွတ်လပ်ရေးဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် ခေါင်းဆောင်တို့ကလည်း ဤ ၁၇ ဦး၏ နောက်ဆက်တွဲအဖြစ် လွတ်လပ်ရေး အသေခံ တိုက်ပွဲဝင်ဖို့ ဂျပန်သို့သွားကာ ရဲဘော်သုံးကျိပ် စစ်ပညာသင်ခဲ့ရာမှ . . .

၁၃၀၉ ခုနှစ်၊ ၉ နှစ်အကြာတွင် အချုပ်အခြာအာဏာပိုင် လွတ်လပ်ရေး တိုက်ပွဲ အောင်ပွဲခံနိုင်ခဲ့လေပြီ။ ကျွန်အဖြစ် ၆၂ နှစ်ကြာ ခံခဲ့ကြရတယ်။ ဒီ ၆၂ နှစ်အတွင်း ထောင်တွင်းအကျဉ်းခံရင်း ၁၆၆ ရက်ကြာ အစာမစားဘဲ ဆန္ဒပြ ပျံလွန်ခဲ့တဲ့ ဆရာတော် ဦးဝိစာရ အစပြု၍ (ဦးဝိစာရ အထိမ်းအမှတ် ကျောက်တိုင် ရန်ကုန်မှာရှိ၍ ထိုလမ်းမကြီးကို ဦးဝိစာရလမ်းဟု ခေါ်ကြ၏) ထို့နောက်

www.dhammaransi.com



မန္တလေး အာဇာနည် ၁၇ ဦး၊ ဗိုလ်ချုပ်အောင်ဆန်းကြီးမှူးသော မရှုမလှ ကျဆုံးခဲ့သော အာဇာနည်များ၊ ဗိုလ်အောင်ကျော် စသော ကျောင်းသားခေါင်းဆောင်များကို မြန်မာမှန်သမျှ မမေ့ထိုက်၊ မမေ့အပ်သော အာဇာနည်ပုဂ္ဂိုလ်ထူးများအဖြစ် နေ့စဉ် သတိရနေဖို့ကောင်းပါတယ်။

ဘုန်းကြီးပြောချင်တာက ၆၂ နှစ်အတွင်း ဒီအာဇာနည်တို့သာမက မျက်စိဖွင့်ပေးသော ရှေးဆရာတော်ကြီးများ၊ ကျောင်းဒကာကြီးများ၊ ပွဲစားကြီးများကိုလည်း ကျေးဇူးတင်ရမှာပါ။

မန္တလေး ဆီးပန်းနီ ဆရာတော်ကြီးက -

ထီးသုံး နန်းသုံး၊ ကြငှန်းသုံးနှင့်၊

မြို့သုံးသုညာ၊ သုံး သုံးဝဖြင့်၊

ဖြစ်ရပလေ တို့တတွေသည်

သေသော်မှတည့် အော် ကောင်း၏။

သေတာမှ ကောင်းသေးတယ်၊ ဒီလိုနေလို့တော့ မဖြစ်ဘူး . . . ဆိုသောညည်းချင်းတစ်ပုဒ် ရေးထုတ်လိုက်သော သြဝါဒကို ငါတို့ ကျေးဇူးတင်ရမှာပါ။

နောက် ပြောစရာရှိသေးတယ်။

၁၂၄၇ ခုနှစ်၊ နယ်ချဲ့တို့က ကြက်ကလေးတစ်ကောင် ဖမ်းသွားသလို သီပေါမင်း ဖမ်းသွားတဲ့နှစ်ကစပြီး သာသနာ ကျောင်းတိုက်ကြီးတွေလည်း စာချစာအံ တိတ်ဆိတ်ငြိမ်နေကြ၏။ တစ်ပြ တစ်လမ်းတွင် သီလတရား စုပေါင်းခံယူကြရန် ဓမ္မာရုံတစ်ခုစီ စီမံထားမှုတို့လည်း ဆိုင်းတွကုန်ကြ၏။ ထိုအခါ ၁၂၅၇ ခုနှစ်၊ ၁၀ နှစ်ကြာလာတော့ မလွန်ပွဲစားများ ဆိုင်းတန်းကလည်းပါ၊ ရှမ်းပွဲကလည်း ပါတယ် ကြားရဖူး၏။ မလွန်ဆန်လှူအသင်းကြီး တည်ထောင်၍ နိုင်ငံကို မျက်စိဖွင့်ပေး သတိပေးလိုက်ခြင်းဖြစ်ကြောင်း သိရ၏။

ရေးသူ မသိ၊ ရေးသူ မပေါ်သော စာ ၁ စောင် . . . ရှိသေး၏။

ကမ္ဘာသကာ၊ လူဗိုလ်ပါတို့၊ ငါနှင့်မဆိုင်၊ မတတ်နိုင်ဟု၊

မပြိုင်ခင်ရှုံး၊ စိတ်နှလုံးကို၊ ဗုံးဗုံးကြီးချ၊ ဖြစ်ချေကမူ၊

ဘုရားသာသနာ၊ ကွယ်ပျောက်ရာ၏။

နိုင်ငံအနှံ့ လူသိများလာလျက် ကမ္ဘာသကာ ကံကိုချည့် ချနေလို့ မဖြစ်ဘူး။ တက်တက်ကြွကြွ စည်းရုံးမှုဖြစ်မယ် ဆိုသော အသိဉာဏ်တစ်ခု ပေါ်လာကြတယ် တဲ့။

www.dhammaransi.com



မော်လမြိုင် သူဌေး ဦးသာညွှန်းဆိုသော ကျောင်းဒကာကြီး တစ်ယောက်က မန္တလေးလာပြီး ဓမ္မမိတ်ဆွေ စုပေါင်း၍ အသင်းတည်ထောင်ဖို့ အလှူငွေတစ်ထောင် (ငွေဒင်္ဂါးတစ်ထောင်ကျပ်) လှူဒါန်းလှူဆော်ရာမှ မန္တလေးပရိယတ္တိသာသနဟိတအသင်းကြီး ၁၂၆၀ ခုနှစ် ပေါ်ပေါက်လာရာက စ၍ စာအံသံ စာတက်သံတွေ ကြားလာရ၏။

မန္တလေး ပရိယတ္တိအသင်းကြီး တည်ထောင်၍ ၁၂၆၅ ခုနှစ်က စတင်ပြီး စာမေးပွဲတွေ ကျင်းပလာခဲ့ရာ မန္တလေးမြို့၌ ယခုထက်တိုင် ပရိယတ္တိသာသနာ အရှိန်တိုးတက်နေသည်ကို တွေ့ကြရပါလိမ့်မည်။

အင်္ဂလိပ်အစိုးရကလည်း ပညာရေးဌာနဖွင့်လှစ်၍ ပထမပြန် ငယ်, လတ်, ကြီး စာမေးပွဲတွေ ကျင်းပပေး၏။ သို့အတွက် ထိုအချိန်ထိုအခါ ထိုပုဂ္ဂိုလ်များကိုလည်း ကျေးဇူးတင်မဆုံး ဖြစ်ကြရ၍ မမေ့ထိုက်သော ကိစ္စဖြစ်သည်ကို ယနေ့ထုတ်ဖော်ပြောလိုက်ရပါတယ်။ ၁၃၀၀ ပြည့်နှစ်က ကျဆုံးခဲ့သော အာဇာနည် ၁၇ ဦးတို့၏ အထိမ်းအမှတ် ဂုဏ်ပြုပွဲကို ၇၄ နှစ်မြောက် ဒီအချိန်အခါရောက်မှ ပေါ်ပေါက်လာသည်ကိုလည်း အံ့ဩ ချီးကျူးရပါ၏။ ကျွန်အဖြစ်ဖြင့် နေခဲ့ရသော မြန်မာနိုင်ငံတော်ကြီးကို ၆၂ နှစ်မျှဖြင့် အရှင်သခင်နိုင်ငံ ပြန်လည်ထွန်းသစ်လာခြင်းသည် မြန်မာပြည်သူပြည်သားတို့၏ ညီညွတ်ခြင်းကြောင့်သာ ဖြစ်သည်ကို နားလည်စေလိုပါတယ်။

လွတ်လပ်ရေးဗိသုကာ ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ မူတစ်ခု ချမှတ်၍ တိုက်ပွဲဝင်ခဲ့သည်ကို ငါတို့ အသက်အရွယ် ကြီးရင့်သော ဘုန်းကြီးများက ကြားသိဖူး၍ ပြည်သူတို့အား ပြောချင်ပါသေးတယ်။ ဗိုလ်ချုပ်အောင်ဆန်းသည် တက္ကသိုလ်ကျောင်းသားများ သူငယ်ချင်းများအား အင်္ဂလိပ်စာနှင့် အင်္ဂလိပ်စကားကို အင်္ဂလိပ်လူမျိုးထက်ကို ပို၍တတ်အောင် သင်ကြားကြပါ။ အားထုတ်ကြပါဟု အမြဲတိုက်တွန်း၏။ ကြားရဖူး၏။ ဘာပြုလို့လဲဆိုတော့ အင်္ဂလိပ်ကို မောင်းထုတ်ရမှာ မိမိတို့ရဲ့ နစ်နာချက်ကို ပြောပြရမှာဖြစ်လို့ သူတို့စကားကို သူတို့မီးဖိုချောင်ပြောတဲ့စကားကအစ တတ်အောင်လုပ်ကြကွ . . . ဟု ကဏ္ဍတစ်ခုအနေနဲ့ လိုက်လံပြောဆိုပြီး တိုက်ပွဲဝင်ခဲ့ကြသည်ကို ဒီဘုန်းကြီး အတွင်းကျကျ သိခဲ့ရ၏။

နယ်ချဲ့ဆိုရင် တိုက်ထုတ်
ဖက်ဆစ်ဆိုရင် တော်လှန်

www.dhammaransi.com



ဤစကား ဝါကျနှစ်ခုကို မြန်မာပြည်သူတို့ တညီတညွတ် ကြွေးကြော်လာကြလျက် အင်္ဂလိပ်စကား တတ်အောင်သင်၍ အင်္ဂလိပ်နယ်ချဲ့ကို တိုက်ထုတ်ခဲ့ကြသည် မဟုတ်လော။ ဖက်ဆစ်ဂျပန်ကို တော်လှန်ခဲ့ကြသည် မဟုတ်လော။ ယနေ့ လွတ်လပ်ရေးရပြီးလို့ ၆၆ နှစ်မြောက်ရောက်ချိန် အခုအချိန်မှာ အေးဆေးပြီး အိပ်နေရုံပဲ ဇိမ်ခံရုံပဲ ထင်မြင်နေကြသလား ဟု မေးချင်၏။ မည်သည့် ဘာသာစကားကို တတ်အောင်သင်၍ မည်သူ့ကို တိုက်ထုတ်ရမည်၊ မည်သူမည်ဝါကို တော်လှန်ရမည်ဆိုသော သြဝါဒစကားပေးရအံ့ ဟူ၍ မသိပါ။ ဘုန်းကြီးတစ်ပါး အဖြစ်ဖြင့် ဒကာ/ဒကာမတို့ကို အားကိုးကာ ကိုယ့်ကျောင်းကိုယ် ထိုင်နေခြင်းဖြစ်၏။

ဒကာ/ဒကာမတို့သည်သာ မည်သူ နယ်ချဲ့နေသနည်း မည်သူမည်ဝါ ဒို့နိုင်ငံတော်မှာ လာပြီး လူပါးဝနေသည် စသည် သိအောင်မြင်အောင် သုံးသပ်ဆုံးဖြတ်ကြပါ . . . ဟု သတိပေးသြဝါဒစကား ပြောကြားလိုက်ရပါသတည်း။

(၉၆ နှစ်၊ ၇၇ ဝါ)
ရွှေကျင်သာသနာပိုင် ဝါဆိုဆရာတော်
နိုင်ငံတော်သြဝါဒါစရိယ
မန္တလေးမြို့
၁၃၇၄ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၇ ရက်
(၄-၃-၂၀၁၃)

www.dhammaransi.com



## ရွှေကျင်သာသနာပိုင်

# ဝါဆိုဆရာတော်ကြီးနှင့် တိဗက်ရဟန်းမင်းကြီး ဒလိုင်းလားမား

### မင်းယုဝေနှင့်ဒေါက်တာခင်မောင်ဆွေ

"လောကဓံတရား ရှစ်ပါးကို ကြံ့ကြံ့ခံနိုင်အောင် ကြိုးစားပါ။"

"လူ့ဘဝဟာ အလွန်ရခဲပါတယ်။ ရခဲတဲ့ လူ့ဘဝမှာ နေရခိုက် တန်ဖိုးရှိတဲ့ လူသားတစ်ဦးဖြစ်အောင် ကြိုးစားကျင့်ကြံအားထုတ်ပါ။"

"တိဗက်နဲ့ မြန်မာတို့ဟာ ရှေးနှစ်ပေါင်းများစွာကပဲ ချစ်ကြည်မှု ရှိခဲ့ကြတယ်။ အဲဒီ ချစ်ကြည်မှုကို တိုးတက်တည်တံ့ခိုင်မြဲအောင် ကြိုးပမ်းအားထုတ်ပါ"

ဤစကားသုံးရပ်ကို မိန့်မြွက်တော်မူသူမှာ အခြားသူမဟုတ်။ မြန်မာနိုင်ငံ ရွှေကျင်နိကာယ သာသနာပိုင် ဝါဆိုဆရာတော်ဘုရားကြီး အရှင် အဂ္ဂိယပင် ဖြစ်သည်။ ထိုစကားသုံးရပ်ကို အလေးအနက်ထား နာယူသူကား ကမ္ဘာကျော် ကမ္ဘာ့ငြိမ်းချမ်းရေးနိုဗယ်ဆုရှင် တိဗက်ရဟန်းမင်းကြီး ဒလိုင်းလားမားပင် ဖြစ်သည်။

ကမ္ဘာလုံးဆိုင်ရာ ဗုဒ္ဓဘာသာဝင်တို့၏ အစည်းအဝေးပွဲကြီးကို ၂၀၁၁ ခုနှစ်၊ နိုဝင်ဘာလ ၂၇/၂၈/၂၉ ရက်နေ့များတွင် အိန္ဒိယနိုင်ငံ၊ နယူးဒေလီမြို့၌ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။ ကြီးမှူးကျင်းပသောအဖွဲ့မှ နယူးဒေလီ မြို့တွင် အခြေစိုက်သော မဟာယာန၊ ဝဇီရယာန၊ ထေရဝါဒတို့ ပူးပေါင်း ပါဝင်သည့် အသောကမစ်ရှင် (အသောကဗုဒ္ဓသာသနာပြုအဖွဲ့)ပင် ဖြစ်သည်။

ထိုအဖွဲ့၏ ဖိတ်ကြားချက်အရ မြန်မာနိုင်ငံမှ ရွှေကျင်နိကာယသာသာနပိုင် ဝါဆိုဆရာတော်ဘုရားကြီး အဘိဓဇမဟာရဋ္ဌဂုရု အရှင်အဂ္ဂိယနှင့် သီတဂူ ဆရာတော်ကြီး ဒေါက်တာအရှင်ဉာဏိဿရတို့ ဦးဆောင်သော သံဃာတော် ၇ ပါးနှင့် လူပုဂ္ဂိုလ် ၉ ဦးတို့ တက်ရောက်ခဲ့ကြသည်။

ထိုအဖွဲ့တွင် ဤဆောင်းပါးရေးသူ ကျွန်တော်တို့ နှစ်ဦး ပါဝင်ခဲ့ပါသည်။ ဝါဆိုဆရာတော်ကြီးမှာ သက်တော် ၉၆ နှစ်ရှိပြီ။ ဝေးဝေးလံလံ လမ်းမလျှောက် နိုင်။ အသက်အရွယ်အရသော်လည်းကောင်း၊ နှလုံးနှင့်အဆုတ်တို့၏ အခြေ

www.dhammaransi.com



အနေများကြောင့်သော်လည်းကောင်း၊ လမ်းမလျှောက်နိုင်သော်လည်း ဘီးတပ်ကုလားထိုင်ဖြင့်ပင် ပို့ပြီးခရီးတွင်ရန် သွားလာလှုပ်ရှားရသည်။ သို့ရာတွင် ဆရာတော်ကြီးသည် သတိ၊ သမာဓိ၊ သီလ၊ ပညာထက်မြက်သလို စကားပြောဆိုရာမှု ရှင်းလင်းပြတ်သားကြည်လင်လှသည်။

ထိုကမ္ဘာလုံးဆိုင်ရာ ဗုဒ္ဓဘာသာအစည်းအဝေးကြီးသို့ နိုင်ငံပေါင်း ၄၇ နိုင်ငံမှ ကိုယ်စားလှယ်တော်များနှင့် လေ့လာသူပေါင်း ၅၀၀ ခန့် တက်ရောက်ခဲ့ကြသည်။ ဖိတ်ကြားထားသော ဧည့်သည်တော်များ၏ အသွားအပြန်ခရီးစရိတ်နှင့် ၅ ရက်စာ ဟိုတယ်ခများကို အသောကမစ်ရှင်အဖွဲ့က လှူဒါန်းခဲ့သည်။

ဗုဒ္ဓဘာသာအစည်းအဝေးကြီးသည် ထေရဝါဒ၊ မဟာယာန၊ ဝဇိရာယာန ဗုဒ္ဓဘာသာဝင်ဂိုဏ်းအဖွဲ့အစည်းပေါင်းစုံပါဝင်သည့် ကျယ်ပြန့်ခိုင်မာသော အဖွဲ့အစည်းတစ်ခု ဖွဲ့စည်းတည်ထောင်ရန် ရည်ရွယ်သည်။ ထိုဗုဒ္ဓဘာသာအဖွဲ့အစည်းအရုံးကြီးကို [International Buddhist Confederation (IBC)] ဟုခေါ်သည်။ ဤအဖွဲ့အစည်းကြီးသည် ဗုဒ္ဓဘာသာဂိုဏ်းအချင်းချင်း၊ မကြာခဏတွေ့ဆုံဆွေးနွေး၍ အသိဉာဏ်များ ဖလှယ်ကြရန်၊ ချစ်ခင်ရင်းနှီးမှုများကို တည်ဆောက်ကြရန်၊ ဗုဒ္ဓဘာသာထိန်းသိမ်းရေး၊ ပြန့်ပွားရေး၊ တိုးတက်ရေး၊ ကာကွယ်စောင့်ရှောက်ရေးတို့ကို ဗုဒ္ဓဘာသာဝင်အားလုံးလို့အတူလက်တွဲဆောင်ရွက်ကြရန်လည်း ရည်ရွယ်သည်။

ထိုသို့ဆောင်ရွက်နိုင်ရန် ကိုယ်စားလှယ်တော်များက ၃ ရက်တိုင် မိမိတို့၏ လေ့လာတွေ့ရှိမှတ်သားချက်များကို တင်ပြဆွေးနွေးခဲ့ကြသည်။ ဆွေးနွေးပွဲများနားချိန် နိုဝင်ဘာ ၂၉ ရက်နေ့၊ ညနေ ၃ နာရီတွင် တိဗက်ရဟန်းမင်းကြီး ဒလိုင်းလားမားသည် ခွင့်ပြုချက်တောင်းခံပြီးလျှင် ရွှေကျင်သာသနာပိုင်ဆရာတော်ကြီးနှင့် လာအိုသာသနာပိုင် ဆရာတော်ကြီးနှစ်ပါးတို့ကို တွေ့ဆုံဂါရဝပြုရန် ကြွရောက်သည်။

မြန်မာကိုယ်စားလှယ်တော်အဖွဲ့နှင့် ရွှေကျင်သာသနာပိုင်ဆရာတော်ကြီးတို့သည် Lalit Hotel တွင် တည်းခိုကြသည်။ ထိုဟိုတယ်သို့ တိဗက်ရဟန်းမင်းကြီး ဒလိုင်းလားမားသည် ညနေ ၃ နာရီတွင် ရောက်ရှိလာသည်။ ဆရာတော်ကြီးနှစ်ပါးအနီးတွင် သီတဂူဆရာတော်ကြီးနှင့် ဒေါက်တာမျိုးမြင့်တို့ ရှိကြသည်။ အင်္ဂလိပ်စကားပြန်များအဖြစ် ဆောင်ရွက်ကြသည်။ တိဗက်ရဟန်းမင်းကြီး ဒလိုင်းလားမားသည် အင်္ဂလိပ်စကားပြော အလွန်ကျွမ်းကျင်သည်။

www.dhammaransi.com



ဒလိုင်းလားမားသည် ရှေးဦးစွာ လာအိုသာသနာပိုင်ဆရာတော်ကြီးကို လက်ဆွဲနှုတ်ဆက်ကာ လက်အုပ်ချီ၍ နဖူးဖြင့်ဒူးကိုဦးတိုက် ရှိခိုးနှုတ်ဆက်သည်။ အလားတူပင် ရွှေကျင်သာသနာပိုင် ဝါဆိုဆရာတော်ကြီးကိုလည်း နဖူးဖြင့် ဒူးကို ဦးတိုက်ရှိခိုးသည်။ ထို့နောက်စကားပြောကြသည်။

ရဟန်းမင်းကြီး ဒလိုင်းလားမားက သီတဂူဆရာတော်ကြီးအား "ဝါဆို ဆရာတော်ကြီး သက်တော်ဘယ်လောက်ရှိပါပြီလဲ။ အသက်အရွယ် ဘယ် လောက်တုန်းက ရဟန်းဝတ်ပါသလဲ။ မိမိကတော့ အသက် ၈၅ နှစ် ရှိပါပြီ။ အသက် ၂၀ ထဲက ရဟန်းဝတ်တာ ၆၅ ဝါ ရခဲ့ပါပြီ"ဟု မိန့်ဆိုမေးမြန်းသည်။

ဝါဆိုဆရာတော်ကြီးကိုယ်စား သီတဂူဆရာတော်ကြီးက "ဝါဆိုဆရာတော် ကြီးဟာ သက်တော် ၉၆ နှစ် ရှိပါပြီ"ဟု အင်္ဂလိပ်ဘာသာဖြင့် ဝင်ရောက်ဖြေ ကြားသည်။ ထိုအခါ ရဟန်းမင်းကြီး ဒလိုင်းလားမားက ဆရာတော်ကြီးကို ထပ်မံ၍ ဒူးကိုနဖူးဖြင့် ဦးတိုက်ရှိခိုးပြန်သည်။

ထို့နောက် ဝါဆိုဆရာတော်ကြီးနှင့် ရဟန်းမင်းကြီး ဒလိုင်းလားမားတို့ ရဟန်းတော်တို့၏ ဝိနည်းနှင့်သိက္ခာပုဒ်များအကြောင်း အပြန်အလှန် ဆွေးနွေး ပြောဆိုကြသည်။ မှတ်သားနာယူဖွယ်ကောင်းလှပါသည်။ ကျင့်သုံးလိုက်နာ ဖွယ်ရာလည်း ကောင်းလှပါသည်။ ကျင့်သုံးလိုက်နာဖွယ်ရာလည်း ကောင်းလှ ပါသည်။ "သုတ္တန်ဒေသနာကတော့ အများကြီးရှိသည်။ သို့သော် ကျင့်ရမှာက တော့ မဂ္ဂင်ရှစ်ပါး၊ အဘိဓမ္မာဆိုသည်မှာ သစ္စာတရား။ သစ္စာသိလျှင် နိရောဓ (ရာဂချုပ်ငြိမ်းခြင်း)ပင် ဖြစ်သည်"ဟု ဆွေးနွေးပြောဆိုကြသည်။

ထို့ပြင်"သီလ၊ သမာဓိ၊ ပညာ"သည် ဗုဒ္ဓဘာသာဝင်အားလုံးတို့၏ အနှစ် သာရဖြစ်သည်။ သစ္စာတရားသည် ငြိမ်းချမ်းရေးတရားပင်ဖြစ်သည်ဟု အားပါး တရ ပွင့်ပွင့်လင်းလင်း ပြောဆိုဆွေးနွေးကြသည်။ သဘောတူလက်ခံကြသည်။ ဝါဆိုဆရာတော်ကြီး၏ မိန့်ဆိုချက်များကို သီတဂူဆရာတော်ကြီးနှင့် ဒေါက်တာ မျိုးမြင့်တို့က ဘာသာပြန်ဆိုပေးကြသည်။

ဤသို့ ပြောဆိုဆွေးနွေးပြီး နိဂုံး၌ ဝါဆိုဆရာတော်ကြီးက ဆောင်းပါးအစ တွင် ဖော်ပြပါအတိုင်း မိန့်ကြားခြင်းဖြစ်သည်။ ရဟန်းမင်းကြီး ဒလိုင်းလားမား ကလည်း ကောင်းစွာလက်ခံသည်။ ဒလိုင်းလားမားသည် ပြန်ခါနီးတွင် ဝါဆို ဆရာတော်ကြီးအား ဦးခိုက်လျက်"ထေရဝါဒ မြန်မာ ရဟန်းသံဃာတော်များ မှာ ဝိနည်းစည်းကမ်းကောင်းကြပါသည်။ ပိဋကတ်စာပေ တတ်ကျွမ်းကြပါ

www.dhammaransi.com



သည်။ ထို့ကြောင့် အလွန်လေးစားချစ်ခင်ပါသည်။ မြန်မာသံဃာတော်များကို လည်း နောက်ထပ် ဖူးတွေ့ချင်ပါသေးသည်။ အလွန်ကျော်ကြားသည့် ကမ္ဘာကျော် ရွှေတိဂုံစေတီတော်ကြီးကိုလည်း ဖူးမြော်ချင်ပါသည်”ဟု ပြောဆိုသည်။

ဝါဆိုဆရာတော်ကြီးကလည်း “အခွင့်ရသည့်အခါ ဖိတ်ကြားလိုပါသည်” ဟု ဝမ်းမြောက်ဝမ်းသာ မိန့်တော်မူခဲ့ပေသည်။

## မင်းယုဝေနှင့်ဒေါက်တာခင်မောင်ဆွေ

www.dhammaransi.com



# ကန်တော့ပါ၏ဘုရား

သာသနာတော်လုံးဆိုင်ရာ ရွှေကျင်ဂိုဏ်းလုံးကျွတ် မဟာနာယက။

စစ်ကိုင်းတောင် မဟာဂန္ဓာရုံ ဝိနည်းပြန်ဌာန မဟာနာယကချုပ်။

သမ္ဗုဒ္ဓါရာမ သက်တော်ရှည်ရာကျော် မွေးနေ့ပူဇော်ပွဲ၌ လက်အုပ်ပန်းဖြင့် ဓမ္မဒါန အလှူတော် လှူဒါန်းခြင်း။

**ယေ ဝုဍ္ဎ မပစာယန္တိ၊ နရာ ဓမ္မဿ ကောဝိဒါ။**

**ဒိဋ္ဌေ ဓမ္မေစ ပါသံသာ၊ သမ္ပရာယေစ သုဂ္ဂတိ။**

**ဇာတ်အဋ္ဌကထာတိတ္တိရဇာတ်**

**အဘိဝါဒနသီလိဿ၊ နိစ္စံ ဝုဍ္ဎာ ပစာယိနော။**

**စတ္တာရော ဓမ္မာ ဝဍ္ဎန္တိ၊ အာယု ဝဏ္ဏော သုခံ ဗလံ။**

**ဓမ္မပဒဂါထာ**

ဤဂါထာနှစ်ပုဒ်၌ ပါရှိသော ဝုဍ္ဎ ဟူသည် . . .

(၁) ဇာတိဝုဍ္ဎ = အမျိုးဇာတ်အားဖြင့် ကြီးမြင့်သူ။

(၂) ဝယောဝုဍ္ဎ = အသက်အရွယ်အားဖြင့် ကြီးရင့်သူ။

(၃) ဂုဏဝုဍ္ဎ = သီလ စသော ဂုဏ်အားဖြင့် ကြီးမြတ်သူ။ ၃ မျိုးကို ဝုဍ္ဎဟု ခေါ်ပါသည်။

ယင်းဝုဍ္ဎ ၃ မျိုးပိုင်ရှင် ၁၀၃ နှစ်ရောက် ရာကျော်ဆရာတော်ကြီးအား တပည့်များ စုပေါင်းလာရောက် ကန်တော့ခြင်း ဖြစ်ပါသည်ဘုရား။

တပည့်တော် ဝါဆိုဘုန်းကြီးက တစ်ဖန် ဆရာတော်ကြီးကို ကိုယ်စားပြု၍ ဆရာတော်ကြီး အမိန့်အရ ဦးဇင်းများအား ကိုရင်များအား သီလရှင်ပရိသတ် လူပရိသတ်တို့အား ဓမ္မကထာ ဟောကြားရသဖြင့် သက်တော်ရှည်ဆရာတော်ကြီးကစ၍ ဓမ္မပရိသတ်အားလုံး ထူးမြတ်သော ကုသိုလ်တို့ ရရှိကြသည်မှာ အံ့ဩစရာကောင်းလှပါသည်ဘုရား။

ဆရာတော်ကြီး အသက်ရှည်ကျိုး နပ်ပါပေစွတကား။

တပည့်များအားလုံး လူဖြစ်ကျိုး နပ်ပါပေစွတကား။

**စုဒ္ဓသမရွှေကျင်သာသနာပိုင်**

ဝါဆိုဘုန်းကြီး(အဋ္ဌိယထေရ်)၊ (၉၆)နှစ်(၇၇)ဝါ

၁၃၇၄ ခုနှစ်၊ ဝါခေါင်လဆန်း(၇)ရက်နေ့ (၂၄-၈-၂၀၁၂)

www.dhammaransi.com



# ငရဲလွတ် ဂါထာ

'မိဘ ဗြဟ္မာ'ဟူသော သြဝါဒတရား
လောကလူသားတို့ လူ့ဘုံလူဖြစ် သာသနာစစ်နှင့်တွေ့ပါလျက်
အပါယ်ငရဲရောက်ရမည်ဆိုလျှင် ဘဝကြီးဆုံးရှုံးပြီး
ဘဝကြီး အလွန်နစ်နာမည်ကို မရှုချင်သောကြောင့် ငရဲလွတ်ဂါထာကို
အရကျက်ပါ။
တစ်နေ့(၃)ကြိမ်၊ (၄)ကြိမ် တတ်နိုင်သမျှ ရွက်ကြပါဟု
သတိပေးတိုက်တွန်းပါသည်။

**ဗြဟ္မာတိ မာတာပိတရော၊**
**ပုဗ္ဗာစရိယာတိ ဝုစ္စရေ။**
**အာဟုနေယျာ စ ပုတ္တာနံ၊**
**ပဇာယ အနုကမ္ပကာ။**
**(အင်္ဂုတ္တိုရ်ပါဠိတော်)**

မိမိ သိမီသော မိဘ ဘိုးဘွား (၂-စုံ) (၃-စုံ)တို့မှဆက်၍
အထက်အထက် မရေတွက်နိုင်သော
မိကြီး ဘကြီး၊ ဘိုးကြီး ဘွားကြီး ဆွေကြီး မျိုးကြီးတို့ကို မမေ့ပျောက်မပစ်ဘဲ
သတိရအောက်မေ့လျက်
ကိုယ့်အပေါ် စောင့်ရှောက်ထားမှုများ သိနေဖို့ အရေးကြီးသည်။

မိဘ ဘိုးဘွား စသည် ဗြဟ္မာကြီးများဖြစ်၏။
ပုဗ္ဗာစရိယ ပထမဆုံးဆရာဖြစ်၏။
သား, သမီးက ပေးသမျှ အဆမတန် သုံးစွဲနိုင်၏။
သား, သမီးများအပေါ် တကယ် သနားသူတို့ဖြစ်၏။

မိုးသောက်ရွာကြီး၊ မိုးသောက်ကျောင်းကြီး၊ ဘုရားသာသနာတော်မြတ်ကြီး၏
ကျက်သရေဆောင်
သာသနာလင်္ကာရ သာမဏေကျော် 'ရှင်ပညာသာမိ'အား
ဂုဏ်ပြုချီးကျူးလိုသောအားဖြင့် ဓမ္မဒါနဝေငှသည်။

www.dhammaransi.com



# မြန်မာပြည်ငြိမ်းချမ်းရေးသြဝါဒ
# (၂၀၁၃ မတ်လ ၂၆ ရက် ဒီဗွီဘီမှ အသံလွှင့်မိန့်ကြားချက်)

ဆရာကြီး ဦးရာဇတ်နဲ့ ဗိုလ်ချုပ်အောင်ဆန်းတို့ကို ငဲ့ပါ။ သူတို့နှစ်ယောက်ရဲ့ ဝါဒ အတူတူ။ သဘောထားချင်းတူတာတွေ ပြောပြမယ်။

၁။ ငါတို့ဟာ မြန်မာပြည်မှာ မွေးဖွားတယ်။

၂။ ငါတို့ဟာ မြန်မာထမင်း အာဟာရ စားသုံးတယ်။

၃။ ငါတို့ဟာ မြန်မာပြည်မှာ ကျောင်းနေတယ်။

၄။ ငါတို့ဟာ မြန်မာပြည်မှာ စာသင်တယ်။

၅။ ငါတို့ဟာ မြန်မာပြည် လွတ်လပ်ရေးရဖို့က တို့တာဝန်ဆိုပြီး သဘောတူပြီး လုပ်လာခဲ့ကြတယ်။

ဆရာကြီး ဦးရာဇတ်က မိတ္ထီလာမှာ မွေးတယ်။ ဗိုလ်ချုပ်အောင်ဆန်းက နတ်မောက်မှာ မွေးတယ်။ မင်းက ဘယ်ဘာသာ - ငါဘယ်ဘာသာဆိုပြီး နှိုးနှော့ပြောဆိုတာမရှိဘူး။ မြန်မာပြည် ချမ်းသာဖို့၊ လွတ်လပ်ရေးရဖို့ သူတို့လုပ်ခဲ့ကြတယ်။ ဒါကြောင့်လွတ်လပ်ရေးရတာ။

သူတို့နှစ်ယောက်မှာ ဦးရာဇတ်က မွတ်စလင်မ်၊ ဗိုလ်ချုပ်အောင်ဆန်းက ဗုဒ္ဓဘာသာ။ ဘာသာနဲ့ပတ်သက်ပြီး ပြောရိုးထုံးစံမရှိဘူး။ ကိုယ့်အလုပ် ကိုယ်လုပ်ကြတယ်။

ခုလည်း လွတ်လပ်ရေးရကြပြီ။ ဒီအတိုင်းသာတစ်ယောက်နဲ့တစ်ယောက် မခန့်လေးစားဖြစ်ပြီးတော့ သတ်ဖြတ် ပုတ်ခတ်နေကြရင် လွတ်လပ်ရေးက ပြန်ဆုံးရှုံးသွားလိမ့်မယ်။ ဆရာတော့်အနေနဲ့ စိုးရိမ်တယ်။

လွတ်လပ်ရေး မဆုံးရှုံးအောင်၊ လွတ်လပ်ရေး တည်တံ့ခိုင်မြဲအောင် နေကြထိုင်ကြပါ။ လွတ်လပ်ရေး ဗိသုကာ မွတ်စလင်မ် ဆရာကြီး ဦးရာဇတ်နဲ့ လွတ်လပ်ရေး ဗိသုကာ ဗုဒ္ဓဘာသာ ဗိုလ်ချုပ်အောင်ဆန်းကို ငဲ့ပြီး ရပ်တန်းက ရပ်ကြပါ။ ဒေါသတွေ ဖြေကြပါ။ ရှေ့ရေးအတွက် တိုင်းပြည်အတွက် စိုးရိမ်ပြီး ပြောတာပါ။